www.burmeseclassic.com

ရွှေပဒေသာစာပေ

# မမသဒ္ဒါမောင်

## သူမို့ ... အသည်းကိုခွဲရက်တယ်



အချစ်လုံးချင်းဝတ္ထုသစ်

www.burmeseclassic.com

www.burmeseclassic.com

## ပုံနှိပ်မှတ်တမ်း

ပုံနှိပ်ထုတ်ဝေခြင်း – ပထမအကြိမ်၊
၂၀၁၅၊ စက်တင်ဘာလ။
ထုတ်ဝေသူ – ဦးအေးလွင် (၀၀၄၀၅)
ရွှေပဒေသာစာပေတိုက်
အမှတ် (၃၃)၊ ကျိုက်တော်လမ်း၊
မင်္ဂလာတောင်ညွန့်မြို့နယ်၊
ရန်ကုန်မြို့။
မျက်နှာဖုံးနှင့် အတွင်းပုံနှိပ်သူ – ဦးအေးလွင် (၀၀၂၄၀)
ရွှေပဒေသာအော့ဖ်ဆက်
အမှတ် ၃၃၊ ကျိုက်တော်လမ်း၊
မင်္ဂလာတောင်ညွန့်မြို့နယ်၊
ရန်ကုန်မြို့။
ဖြန့်ဈေး – ၁၆၀၀ ကျပ်
အုပ်ရေ – ၅၀၀ အုပ်

၈၉၅.၈၃
မမသဒ္ဒါမောင်
သူမို့...အသည်းကို ခွဲရက်တယ်/ မမသဒ္ဒါမောင် – ရန်ကုန်၊
ရွှေပဒေသာစာပေ ၊ ၂၀၁၅ ။
၂၈၀ – စာ ၊ ၁၂.၃ x ၁၈ စင်တီ။
(၁) သူမို့...အသည်းကို ခွဲရက်တယ်

# မမသဒ္ဒါမောင်

# သူမို့...အသည်းကို ခွဲရက်တယ်

www.burmeseclassic.com

www.burmeseclassic.com

## “ပထမအရွယ်၏အဦးဆုံးဝေဒနာ”

နာ…
ကိုင်းဖျားထက် နားနေတဲ့
ငှက်ကလေးတစ်ကောင်ရဲ့
ခပ်စိစိ တောင်ပံလေးလို
ရှုရှုနာကျင်ရင်း နာ…

နာ…
ကန်ရေထက် ကူးနေတဲ့
ဘဲကလေးတစ်ကောင်ရဲ့
အရိုက်ခံ ခြေထောက်လေးလို
ထောနဲ့ အော်မြည်ရင်း နာ…

နာ …
လေပြင်းဒဏ်ခံရတဲ့
ပန်းကလေးတစ်ပွင့်ရဲ့
အခိုင်ကျိုးတစ်ခက်လေးလို
ကြေကွဲ ငိုကြွေးရင်း နာ…

www.burmeseclassic.com

www.burmeseclassic.com

နှာ...
ဆေးကုသခံနေရတဲ့
အရေးကြီး လူနာလေးရဲ့
အသက်ရှူရ ခက်ခဲသလို
ခံစားနေရရင်း နှာ...

နှာ...
နှာကျင်မှုမျိုးစုံထက်
မမျှတတဲ့ ဝေဒနာမျိုးနဲ့
ခံစားမှုတို့ နင့်သည်း
ရစ်ဝဲတွယ်ပတ်စွဲနေရင်း
နတ္ထိ ခန္ဓာကိုယ်နဲ့
ဝိညာဉ်ရုပ်တစ်ကောင်ရဲ့
နိဂုံးချုပ် တရားမျိုးနဲ့
ဝေမျှ ကြားနာနေရင်း နှာ...

ပထမအရွယ်၏
မမျှတသည့် ခံစားမှုတွေနဲ့
အဦးဆုံး ဝေဒနာပါ...

## အခန်း (၁)

ခြံတံခါးသေးလေးကိုဖွင့်ကာ စက်ဘီးကိုတွန်းပြီး ခြံထဲမှ ထွက်လိုက်ပါ၏။ မြေနီလမ်းကြားလေးထဲမှာ စက်ဘီးပေါ်တက်မစီး သေးဘဲ လမ်းလျှောက်ရင်း တွန်းလာခဲ့ပါသည်။ တမာပင်တွေ၊ ကုက္ကို ပင်၊ စိန်ပန်းပင်တွေ စီတန်းနေပါသည့် လမ်းက နေ့သိပ်မပူပါဘဲ အရိပ်ခပ်အုပ်အုပ်လေး ဖြစ်နေပါ၏။

ကတ္တရာခင်းလမ်းထက် ရောက်မှသာ စက်ဘီးခြေနင်းကို တက်နင်းလျက် စီးလိုက်ပါသည်။ လတ်ဆတ်ပါသည့် လေနုအေးတို့က မျက်နှာဆီသို့ အလုအယက် တိုးဝင်လာလေ၏။ အဆုတ်ထွင်းသို့



www.burmeseclassic.com

www.burmeseclassic.com



တစ်ဝကြီး ရှူလိုက်မှ လူက လန်းဆန်းပေါ့ပါးသွားရသည့်နှယ်ပါ။

"ကလင် ... ကလင်"

မနက် (၇) နာရီကျောင်းချိန်အမီ သွားနေကြပါသည့် ကလေး တစ်အုပ်ကို Bell သံပြုလိုက်ပါ၏။ သစ်လွင်သည့် အဖြူအစိမ်းဝတ်စုံတို့ဖြင့် ပန်းကလေးတို့က ကျက်သရေရှိလွန်းသည့် နံနက်ခင်းကို ပံ့ပိုးစေသည့်နှယ်ပါ။ လမ်းမထက် ရောက်နေပါသည့် ကလေး တစ်အုပ်က လမ်းဘေးကပ်လျှောက်ရင်း လှည့်ကြည့်လိုက်လေ၏။

"မမငြိမ်း ... မင်္ဂလာပါ"

"မင်္ဂလာပါရှင် ...၊ ကောင်းကောင်းသွားကြနော်၊ ကားတွေနဲ့ လမ်းပေါ်တက်မလျှောက်ကြနဲ့"

"ဟုတ်ကဲ့"

စက်ဘီးနှင့်မို့ ကလေးတွေကို ခပ်မြန်မြန်သာ ပြုံး၍ နှုတ်ဆက်လိုက်ပါ၏။ ကုန်းအဆင်းကို အရှိန်ထိန်းကာဆင်းပြီး ကွေ့လိုက်စဉ် ရုတ်တရက် မြင်လိုက်ရပါသည့်ကားက မျက်စိရှေ့မှာ ပြာခနဲ ဖြစ်သွားရလေသည်။ နှုတ်မှ ဘုရားတလိုက်ပြီး သတိဖြင့် ဘေးသို့ ကွေ့ချလိုက်စဉ် လူရော စက်ဘီးပါ လဲကျလေတော့၏။

"ဝုန်း!"





"အား! ကျွတ် ကျွတ်!"

ဘယ်ဘက်ခြေထောက်က မျက်သွားပြီး နာကျင်သည့် ခံစားချက်က ချက်ချင်းရလေ၏။ သွားပါပြီ ... မိန်းကလေးက ဘယ်ဘက် အနာတရဖြစ်လျှင် တော်ရုံနဲ့ အမြန်မပျောက်တတ်တာ မဟုတ်လား။ အချိန်နဲ့ အလုပ်လုပ်တတ်ပါတယ်ဆိုမှ အချိန်ကုန်တော့မှာပါပဲ။

"ဘာဖြစ်သွားလဲ"

ကားတံခါးဖွင့်ကာ ဆင်းလာသည့်လူထံမှ စကားသံထွက်လာလေ၏။ မော့မကြည့်ဖြစ်သေးသည့်အကြည့်က ကတ္တီပါအနက်စီးထားပါသည့် ခြေဖမိုးဖြူဖြူထံ ရောက်သွားရပါသည်။ အမျိုးသားပေါ့၊ ယောက်ျားလေးဖြစ်ပြီး ခြေထောက်တောင်မှ သန့်ရှင်းကြည့်ကောင်းနေတာ မနာလိုစရာကြီးပါပဲ။

"မတိုက်မိပါဘူးနော် ... ထရပ်လို့ရရဲ့လား"

"ရပါတယ်၊ လန့်ပြီး လဲသွားတာ"

မာဆတ်ဆတ် ပြန်ဖြေသံကြောင့် သူ အံ့ဩသွားရပါ၏။ မြင်နေရပါသည့် ကိုယ်နေဟန်ထားနှင့်လေသံက ဆန့်ကျင်ဘက် ဖြစ်နေတာကို။ ကူညီပေးရန် ဆင်းခဲ့တာ ဖြစ်ပေမယ့် လမ်းစည်းကမ်း



www.burmeseclassic.com

www.burmeseclassic.com



မဖောက်တာ သူ့ကိုယ်သူ အသိဆုံးပါ။ ဒါဖြင့် စိတ်ဆိုးသွားတာများ လား။

"ကိုယ် ကားဟွန်းတီးလိုက်ပါတယ်၊ အချက်ပြမီးပါ ဖွင့်ထား တာပါ"

"သိတယ်၊ စက်ဘီးပေါ်က မဆင်းမိတာ ကျွန်မ မှားတာ"

ဗျော်! ... ပြေရာပြေကြောင်းပြောနေပေမယ့် ခပ်ဆတ်ဆတ် ပြန်ဖြေသံသာ ထွက်လာတာပါလား။ ဘာလဲ သူမပုံစံက ဤသို့ပင် လူကို ပြောဆိုဆက်ဆံတတ်တာ ထင်ပါရဲ့။ မိဘအဆုံးအမနှင့်ရော သူကိုယ်တိုင်ကပါ တာဝန်ယူတတ်သည့် စိတ်အခံကြောင့် တစ်ခါတစ်ရံ လူတွေကြားထဲ နေရခက်တတ်တာ အမှန်ပါ။

"အဲ! ... ကျစ်!"

"ရပ်လို့ရရဲ့လား။ ထူပေးမယ်လေ"

"နေပါစေ ... ရတယ်"

"ကူပေးမလို့ပါ"

"ဩော် ... ရတယ်ဆိုနေမှပဲ၊ ရှင့်လမ်း ရှင်သွားပါတော့ လား"

အလို! ... လူကို မော့မကြည့်ဘဲ ပြန်တောင်မှ ဟောက်နေ





ပြန်ပါလား။ ငုံ့ထားသည့် ခေါင်းက တစ်ချက်မှ မော့မလာပါဘဲ လူကို နည်းနည်းမှ မကြည့်ပါချေ။ သူကလည်း စကားပြောရင် မျက်လုံးချင်း ဆုံမှ ပြောတတ်တာမို့ ခက်ပါရဲ့။ ထရပ်ရန်ပြင်လိုက်သည့် မိန်းကလေး ၏ကျစ်ဆံမြီးကျစ်ထားပါသည့် ဆံနွယ်တို့က ဘေးသို့ရောက်သွားလေ သည်။ ကြည့်စမ်း ... ဆံပင်အရှည်ကြီးထားတာပါလား။

"မသွားသေးဘူးလား"

ဆတ်ခနဲ မော့ကြည့်လိုက်သည့် မျက်ဝန်းတို့နှင့် ဆုံသွားစဉ် သူ အံ့ဩသွားရပါသည်။ နှလုံးသားဆီမှ ဒိတ်ခနဲ ဆောင့်မြည်သံက လည်း အကျယ်ကြီးပါပဲ။ အလိုလေး ... တောက်ပသက်ဝင်လွန်းလှပါ သည့် မျက်ဝန်းတွေပါလားနော်။ ငယ်နုလွန်းလှသည့် ကောင်မလေး၏ မျက်နှာက အသက်အရွယ်ကို ခန့်မှန်းရလွယ်ကူစေပါသည်။

"ကူပေးပြီးမှ သွားပါ့မယ်"

"ရှုပ်လိုက်တာ"

တီးတိုးရေရွတ်ကာ ကြိုးစားရပ်လိုက်မိသည့် သူမက ယိုင် ခနဲဖြစ်သွားပြီး စက်ဘီးက သူ့ကားဘေးကို ထပ်လဲလေ၏။ ကောင်း ကောင်းမထောက်နိုင်သည့်အတွက် ဤသို့ ဖြစ်သွားမှန်းသိလိုက်ပါ သည်။ သေချာပါတယ် ... ကောင်မလေး ခြေထောက်တစ်ခုခုဖြစ်



www.burmeseclassic.com

www.burmeseclassic.com



သွားခြင်းပါပဲ။

"ဟယ်! . . . သွားပါပြီ သွားပါပြီ။ အစင်းကြီးထင်သွားပြီ"

စက်ဘီးလက်ကိုင်က သူ့ကားဘေးမှာ ဒေါင်လိုက်အစင်းကြောင်းကြီး ဖြစ်သွားစေပါ၏။ နစ်နာသည့်လူက ဘာမှ မဖြစ်ပါဘဲ သူမက ရင်ဘတ်ဖိကာ တအံ့တသြ ဖြစ်သွားပုံပါ။ ခြေတစ်ဖက်ကို ကောင်းကောင်း မထောက်နိုင်သည့် ကိုယ့်အဖြစ်ကို မေ့နေရတယ်လို့ ထူးဆန်းပါပေ့။

"ဘာမှမဖြစ်ပါဘူး။ ဆေးပြန်မှုတ်လိုက်ရင် ရပါတယ်"

"အလျော်ပေးရမလားဟင်"

သူ ပြုံးလိုက်မိ၏။ တကယ့်ကို ကလေးမျက်နှာနှင့် မိန်းကလေးပါပဲ။ စောစောကဖြင့် မာနကြီးသည့်ဟန် လေသံမာဆတ်ဆတ်ဖြင့် ပြောခဲ့တာ သူမ မဟုတ်သည့်နှယ်ပါ။ မျက်ဝန်းတောက်တောက်လေးက ကျယ်ပြီး အံ့သြနေတာမို့ ကြည့်ကောင်းသလို သူ ငေးကြည့်နေမိပါ၏။

ပေါ့ပေါ့ပါးပါး blouse အကျီနှင့် လုံချည်အပျော့သားကို ခပ်ရိုးရိုးသာ ဝတ်ထားသည့် မိန်းကလေး။ အပေါ်က အဝါခပ်ဖျော့ဖျော့နှင့် အောက်မှာက အညိုထက် အဝါကဲ့ထားပါသည့် သစ်ရွက်ပုံစံ





လုံချည်က ခပ်မှိန်မှိန် ဖြစ်သော်ငြား နံနက်ခင်း နေရောင်အောက်မှာ ဝင်းပနေတာအမှန်ပါ။ မင်း ဘယ်နေရာကကျလာတဲ့ နတ်သမီးလေး ပါလဲ။

"မလိုပါဘူး"

"အားနာလိုက်တာ"

"ဘာမှ သိပ်မဖြစ်ဘူး မဟုတ်လား"

"ဟုတ်ကဲ့ . . . နည်းနည်းနာသွားရုံပါ"

"စက်ဘီးပြန်စီးလို့ရရဲ့လား"

"ရမှာပါ"

"ဆေးခန်းပြဖို့လိုမလား"

"ဟင့်အင်း . . . နေပါစေ"

"လိုလိုမယ်မယ် ယူထားလိုက်ပါ"

သူကမ်းပေးလိုက်ပါသည့် ကတ်ကို လှမ်းမယူဘဲ စက်ဘီးကိုသာ ပြန်ထောင်လိုက်လေ၏။ အားနာပါသည်ဆိုသည့် မျက်နှာထက် ပန်းရောင်အနည်းငယ်သန်းနေသော်ငြား အပြုံးယှဲ့ယှဲ့သော်မျှ မမြင်ရပါချေ။ အတော်မာနကြီးမည့် မိန်းကလေးပါပဲလား။

"သွားတော့မယ်"



www.burmeseclassic.com

www.burmeseclassic.com



သူ မတားမိစဉ်မှာပင် ခြေထောက်နှင်း၍ စက်ဘီးတွန်းလျက် သူမ ဆက်လျှောက်သွားလေတော့၏။ ခပ်ကျစ်ကျစ် ခန္ဓာကိုယ်နောက်ကျောကို သူငေးလျက် ကျန်ရစ်ခဲ့ပါသည်။ တကယ့်ကို အထူးအဆန်းပါပဲ။ ဘဝတစ်လျှောက် ဒီလို မိန်းကလေးမျိုးကို တစ်ကြိမ်တစ်ခါမှ မတွေ့ခဲ့ဖူးသလို ဤသို့သော စိတ်လှုပ်ရှားခြင်းမျိုးနဲ့ ခံစားချက်ကို တစ်ခါမှ မဖြစ်ဖူးတာ အမှန်ပါ။

"ဘာဖြစ်လာတာလဲ ငြိမ်း"

"ကုန်းဆင်းမှာ စက်ဘီးလဲကျသွားလို့ပါ မစန်းရယ်"

"ဖြစ်ရမယ်၊ နင့်အစ်ကို သိရင်တော့ အဆူခံရဦးမယ်"

"တိုင်ပြောမယ့်သူရှိမှ သိမှာပါနော်"

မစန်းက နှင်းဆီပန်းခက်လှလှလေးတွေ စုစည်းရင်း ရယ်လေ၏။ မိုးလင်းတာနှင့် အလုပ်သွားဆင်းရသည့်အစ်ကို့ကို သူမအတွက် စိတ်မပူစေချင်ပါ။ မိဘတွေမရှိတော့သည့်နောက်ပိုင်း သူမအပေါ် မိဘသဖွယ် အရိပ်ပေးပြီး ပြုစုစောင့်ရှောက်ပေးခဲ့သည့် အစ်ကို့ကျေးဇူးတွေက ကြီးလွန်းတာပါလေ။

"ဈေးဝယ်မှာ မဟုတ်လား။ သွားဝယ်နှင့်လေ။ အစ်မ ပန်းဖယ်ထားပေးပါ့မယ်"





"စက်ဘီးထားခဲ့မယ်နော် အစ်မ"

"အေးပါ"

ခုံဖြင့်ရောင်းသည့် ပန်းသည်၏ နောက်နားမှာ စက်ဘီးကိုထားကာ သော့ခတ်လိုက်ပါ၏။ နှစ်ရက်တစ်ခါ သုံးရက်တစ်ခါလောက်သာ ဈေးဝယ်ဖြစ်တာမို့ မောင်နှမနှစ်ယောက် စားလောက်ရုံသာ ဝယ်ဖြစ်ပါသည်။ သူမရော အစ်ကိုပါ အသီးအရွက်ကို ခုံမင်စွာ စားလေ့ရှိပေမယ့် အသားငါးကို မျှတစွာစားရမှာ မဟုတ်လား။

"ရွှေငါး ဘယ်ဈေးလဲဟင်"

"ဩော် . . . ငြိမ်းပါလား။ ခါတိုင်းလိုပဲ ယူလေ။ ၁၂၀၀ ကျတယ်။ တစ်ထောင်ပဲပေး။ ပင်လယ်ငါးမို့ ငါးနယ်ရင် ဆားမထည့်ရဘူးနော်"

"ဟုတ်ကဲ့၊ ဒီပုစွန်ကျော့လေးတွေကရော"

"အကုန်ယူလိုက်လေ ၁၅၀၀ ပဲပေး"

"များတယ် မပြုံးရဲ့။ ငြိမ်းတို့မှာ ရေခဲသေတ္တာရှိတာ မဟုတ်ဘူး"

"ဆားလေးနဲ့လှော်ထားလိုက်ပေါ့ ညှီမရယ်။ နောက်နေ့မှ ငံပြာရည်ကြော်လုပ်ပေါ့"



www.burmeseclassic.com

www.burmeseclassic.com



"အချိန်မရှိဘူး အစ်မရဲ့။ သင်တန်းသွားရဦးမှာ။ တစ်ခါချက်စာပဲ ချိန်ပေးပါ"

"အေး အေး ... နင်တို့မောင်နှမ ကြည့်လိုက်ရင် အမြဲအလောသုံးဆယ်နဲ့ချည်းပဲ။ တကတဲမှ ငိုစားရယ်စားလည်း မရှိဘဲနဲ့။ ဒီလောက် ကြိုးစားနေရလား"

"အစ်ကိုမိန်းမယူဖို့ ဝိုင်းစုပေးနေရတာရှင့်"

"အေးပါ ... ကိုမင်းထက်လည်း ဒီလိုပဲ ပြောပါ့။ လိုက်လည်းလိုက်တဲ့ မောင်နှမ"

သင့်ငွေရှင်းပေးပြီး တစ်ဖက်ဟင်းရွက်တန်းကို ဆက်လျှောက်ခဲ့၏။ အစ်ကိုက ကန်စွန်းရွက်တို့၊ အချဉ်တို့ သိပ်ကြိုက်သဖြင့် သံပုရာသီးတို့ ချဉ်ပေါင်တို့ အမြဲဝယ်ဖြစ်လေသည်။ ကန်စွန်း (၂) စည်း၊ ချဉ်ပေါင် (၃) စည်း၊ မှျစ်၊ မုန်ညင်းဖြူ၊ ရေပ်သီးစိမ်း၊ သံပုရာသီး (၃) လုံး၊ ခရမ်းချဉ်သီးနှင့် နံနံပင်ဝယ်ကာ ငါးပိရည်နှင့်စားရန် တို့စရာတို့ကို ရွေးဝယ်ရပြန်၏။

"ရောက်သီးပေးပါဦးကွယ်"

"ဒါလေး အခွံပါးပါတယ် အန်တီ"

သခွားသီးသေးသေးလေးတွေ ရွေးနေစဉ် ဘေးမှာ အန်တီ





ကြီးတစ်ယောက် လာဝယ်နေလေ၏။ ပူစီနံ၊ ရောက်ရွက်၊ ခရမ်းပြုတ်သီး၊ ခရမ်းကျွတ်သီး၊ ရုံးပဒေသီးတို့ကို နည်းနည်းစီ ဝယ်လျက်ဈေးထဲမှထွက်ခဲ့ပါသည်။ စက်ဘီးရှေ့ခြင်းထဲမှာ သေချာစီထည့်ကာ မစန်းဆီမှ ပန်းစည်းကို ယူ၍ အပေါ်မှ ဖွဖွတင်လျက် ကြိုးဖြင့်ပြုတ်မကျစေရန် ထိန်းစည်းထားလိုက်၏။

"ငြိမ်းတဲ့ ... မပြုံး လှမ်းခေါ်နေတယ်"

"ရှင် ... ဪ ... ဟုတ်ကဲ့"

မစန်းပြောလိုက်တာမို့ တစ်ဖက်ဈေးတန်းထဲ ပြန်ဝင်ခဲ့ရပါ၏။ မပြုံးက ငါးထုပ်ကို ကိုင်ပြီး ကမ်းပေးနေလေသည်။ သူမ ဝယ်ပြီးတာကို ဘာဖြစ်လို့ ထပ်ပေးနေတာပါလိမ့်။ အနားရောက်လေမှ ဈေးထိုင်ဘက်သို့ လက်ညှိုးညွှန်လျက် ပြောလိုက်လေ၏။

"ဟိုအန်တီကြီး ငါးခုတ်ခိုင်းပြီး မေ့ခဲ့လို့ လိုက်ပေးပေးပါငြိမ်းရယ်"

"ဘယ်က အန်တီကြီးလဲ"

"စောစောက ငြိမ်းနဲ့ ရှေ့ဆင့်နောက်ဆင့် ဈေးဝယ်သွားတဲ့ အန်တီကြီးလေ။ ပါတိတ်ဝမ်းဆက်အညိုရောင်နဲ့"

"ဪ ... သိပြီ"



www.burmeseclassic.com

www.burmeseclassic.com



ခြေထောက်နာပါသည်ဆိုမှ ပိုလျှောက်နေရပါရောလား။ ဈေးတန်းထဲ ကဲကြည့်ပေမယ့် မတွေ့တော့သဖြင့် ဈေးထိပ်ကို အမြန်လျှောက်လိုက်ရပါသည်။ တက္ကစီပေါ်တက်နေပြီဖြစ်သည့် အန်တီကြီးကို တွေ့လိုက်ရသဖြင့် ကားတံခါးကို ဆွဲထားလိုက်မိ၏။

"ငါးထုပ်ကျန်ခဲ့လို့ လိုက်ပေးတာပါ"

"အော် . . . ကျေးဇူးပဲ သမီးရယ်"

အန်တီကြီး၏ဈေးခြင်းထဲသို့ပါ ထည့်ပေးလိုက်ပါ၏။ တက္ကစီထွက်သွားတော့မှ သူမ စက်ဘီးရှိရာဆီ လျှောက်ကာ အိမ်ပြန်ခဲ့ရလေသည်။ စက်ဘီးနင်းတိုင်း နာကျင်နေသည့်ဒဏ်ကြောင့် မျက်နှာလေး ရှုံ့သွားရပါ၏။ ဒီနေ့ ကံမကောင်းပါလား ငြိမ်းဆုပန်။

❑❑❑



## အခန်း (၂)

ကားကို ခြံဝင်းထဲရပ်လိုက်စဉ် မမက အလုပ်သွားရန် အိမ်ပေါ်မှ ဆင်းလာလေ၏။ ဖေဖေ့ကုမ္ပဏီမှာ ဝင်လုပ်နေပြီဖြစ်သည့် မမက လူကြီးဆန်ဆန် ရွှေးဝတ်ပေမယ့် သိပ်အသက်မကြီးသေးသည့် အပျိုကြီးမမပါပဲ။ House စဆင်းရင်း Night Duty ဝင်လာရသည့်အတွက် သူ ရေချိုးဖို့သာ စိတ်ကစောနေလေ၏။

"ဘယ်လိုလဲ ဒေါက်တာပေါက်စရေ၊ Night စဆင်းတာနဲ့ ပန်ဒါမျက်လုံးဖြစ်လာပြီလား"

"မဖြစ်ပါဘူးဗျာ"



www.burmeseclassic.com

www.burmeseclassic.com



"အံမယ် ... လူက လန်းဆန်းသားပဲ။ ဘာသဘောကျလို့ ငါးသလောက်ပြုံး ပြုံးနေရတာလဲ"

"မမကတော့လုပ်ပြီ"

"ငါပြောတာ မဟုတ်လို့လား။ ဟော ... ပြုံးပြန်ပြီ"

"မသိဘူးဗျာ၊ ရှေ့ချီးတော့မယ်"

မမက လေးလေးလို ပျော်ပျော်နေတတ်သူပါ။ သူက လေးလေးလို ဆရာဝန်ဖြစ်ခွင့်ရခဲ့ပေမယ့် စကားနည်းသည့် လူအေးလေးပါပဲ။ လောလောဆယ် အစိုးရဆေးရုံတစ်ခုမှာ House ဆင်းနေပြီး တကယ်အလုပ်ဝင်ဖြစ်တာက လေးလေး၏ပုဂ္ဂလိကဆေးရုံမှာပင် ဝင်လုပ်ဖြစ်မှာပါ။ သာမာန်ဆရာဝန်လေးက ကျွမ်းကျင်သည့် ပါရဂူတွေကြားမှာ ဝင်ဆံ့ပါ့မလား။

တစ်ညလုံး ပင်ပန်းလိုက်တာ မပြောပါနှင့်၊ ရောက်လာသည့် Patient တွေက အရေးတကြီး အသည်းအသန် Emergency တွေချည်းပါပဲ။ ခွဲရစိတ်ရမှာက ပြဿနာမဟုတ်ပါ။ သွေးသံရဲရဲဖြင့် ရောက်လာကြတိုင်း သူတို့အုပ်စု မျက်ဖြူစိုက်ရတာပါလေ။

Accident ဖြစ်၍ ခြေထောက်တို့ လက်တို့ထိကာ ရောက်လာတာမျိုး။ မူးရူးသောင်းကျန်း၍ အရိုက်ခံရတာ ခေါင်းကွဲ၍ လာပို့





ကြတာက တစ်ဖုံ၊ အဆိုးဆုံးက ကိုယ့်ကိုယ်ကိုယ် သတ်သေသည့် Suicide မျိုးရောက်လာလျှင် ရဲတွေရော နယ်ထိန်းပါမက လူကြီးတွေပါ တစ်ပြုံကြီးရောက်လာသဖြင့် ခေါင်းအခဲရဆုံးပါ။

အိမ်က သဘောမတူလို့ဆိုပြီး ကိုယ့်လည်ပင်းကိုယ် ဓားဖြင့်လှီးဝံ့သည့် မိန်းကလေးက အံ့ဩစရာကြီးပါပဲ၊ မကြိုက်စည်သင့်တာမျိုး ကြုံရတယ်လို့ သွေးတွေ တပွက်ပွက်စီးကျနေတာကို မြင်ရသဖြင့် ဘာလုပ်ရ ဘာကိုင်ရမယ်မှန်းမသိတော့ဘဲ ရွှေနှံ့သာတစ်ယောက် သတိပင်လစ်သွားရတာမဟုတ်လား။

မေ့လိုက် ဘုန်းမြတ်သန့်စင်၊ အလုပ်ကို အလုပ်မှာပဲ ထားခဲ့တာ ကောင်းပေမည်။ သက်ပြင်းကိုမှုတ်ထုတ်လျက် ရေပန်းကို ဖွင့်ချလိုက်ပါ၏။ Shampoo အနည်းငယ်ဖြင့် ခေါင်းလျှော်မိစဉ် အာရုံက ဖျတ်ခနဲ သတိရမိသွားရပါသည်။ ဆံနွယ်ရှည်တွေကို မည်သည့် Shampoo ဖြင့် သူမ လျှော်ပါသနည်း။

တစ်ခုခုစားပြီးမှ အိပ်ရမှာမို့ အောက်ထပ်ကိုဆင်းခဲ့ပါ၏။ ဖေဖေပင် breakfast ဝိုင်းမှာ ရောက်နေလေပြီ၊ ထမင်းစားခန်းထဲသူ ဝင်လိုက်စဉ်မှာ မမက သူ့အကြောင်းကို ကောင်းကောင်းကြီး အတင်းတုပ်နေလေ၏။ အငယ်ဖြစ်သည့် သူ့အပေါ် အလိုမလိုက်သည့်



www.burmeseclassic.com

www.burmeseclassic.com



အပြင် မိုလ်ကျတတ်သည့်အစ်မပါပဲ။

"မေမေ့သားတော့ ဒီပုံစံနဲ့ ရည်းစားတစ်ယောက်မှ ရမယ် မထင်ဘူး။ မတုန့်မလှုပ်နဲ့"

"အဲဒါ ... မမကို ပြောရမှာ"

"အံမာ"

"သမီးအသက် (၃၀) ပြည့်နေပြီနော်။ အိမ်ထောင်ပြုသင့်ပြီ။ ဒီထက်ပိုကြီးသွားရင်း မကောင်းတော့ဘူး"

လင်းလက်သန့်စင် နှာခေါင်းရှုံ့သွားပေမယ့် မောင်ဖြစ်သူက ထုံးစံအတိုင်း ပြုံးစိစိလုပ်နေသဖြင့် စိတ်တိုမိပါ၏။ မောင်နှမဆိုပြီး မေမေ မှားမွေးသလားဟုထင်စရာပါ။ လင်းလက်တို့က နာမည်နှင့် လိုက်ဖက်အောင်ကို လျှက်စီးလက်သလို သွက်လွန်းတာပါ။ မောင်ဖြစ်သူက ဣန္ဒြေအပြည့်ဖြင့် ငြိမ်းလွန်းတတ်တာကို။

"အိမ်ထောင်သားမွေးအလုပ်တော့ မလုပ်ချင်ပါဘူး မေမေရာ၊ စိတ်ရှုပ်စရာကြီး"

"အိမ်ထောင်မပြုလို့တော့မဖြစ်ဘူး သမီးရေ။ မျိုးဆက်ထားဖို့က သမီးတို့မောင်နှမပဲ တာဝန်ရှိတယ်။ ခေါင်းမရှောင်ချင်နဲ့"

"မောင် ရှိသားပဲ"





"သားက အခုမှ ဟောက်စ်စဆင်းရသေးတာ၊ ယှဉ်စရာလား"

"မောင် ကလေးရလည်း မြေးပဲလေ ဖေဖေရာ"

"တူမလား။ ချွေးမမွေးတာထက် သမီးကမွေးမှ မြေးစစ်စစ်ရတာကွဲ။ ဒီကလေးမနဲ့ ပြောရတာ လက်ပေါက်ကပ်ပ့ါ"

"မောင် မျက်နှာနီနေပြီ မေမေ"

"မမနော်"

"ဆရာဝန်ဖြစ်ပြီး ဒါလေးတောင် နားရှက်နေလား။ နှံ့သာနဲ့ရော အခြေအနေ ဘယ်လိုလဲ"

"ဘယ်လိုမှ မလဲဘူး"

"အဲဒါကြောင့် ငါ ဆရာဝန်မလုပ်တာ။ ဘယ့်နှယ် ... တစ်နေ့တစ်နေ့ လူမမာတွေချည်း မြင်နေရမှတော့ စိတ်ချမ်းသာပါ့မလား"

"မမ နေ့တိုင်းကြည့်နေတဲ့ အုတ်တွေ၊ သဲတွေ၊ သံတိုင်တွေကရော မြင်လို့ကောင်းတာကို။ အား"

စားပွဲအောက်မှ သူညီသကြီးကို ဖျတ်ခနဲ အကန်ခံရလေ၏။ အစ်မဖြစ်သူက ဤသို့ ယောက်ျားဆန်ပြီး ကိုယ်လုံးပညာလည်း တတ်မြောက်ထားသူပါ။ သူများတကာ မိန်းကလေးတွေ ရန်ဖြစ်တိုင်း ဝေသဲ



www.burmeseclassic.com

www.burmeseclassic.com



ကျယ်ဖြင့် စကားလုံးတွေ အမြောက်ဖောက်လေ့ရှိသော်ငြား လင်းလက်သန့်စင်တို့က လက်ရုံးအားကိုးဖြင့်သာ ရန်ပွဲကို ဖြေရှင်းတတ်ကျွမ်းသူ ဖြစ်လေ၏။

"ငရဲကြီးမယ်"

"ငရဲလေးနိုင်မှာပေါ့"

"အငယ်ကိုနိုင်တိုင်း အနိုင်မကျင့်နဲ့စမ်း။ လမ်းသွားရင် မျက်စိဖွင့် နားစွင့်မှပေါ့။ အဖေ ရှာပေးတော့လည်း သိက္ခာကျသလေး ဘာလေးနဲ့ ချေးကများသေး"

"အဲဒါကြောင့် အပျိုကြီးဖြစ်နေတာပေါ့ မမေရဲ့"

"မောင်"

ဒီတစ်ခါတော့ ခြေထောက်ကို နောက်ဆုတ်၍ သူ ရှောင်လိုက်မိ၏။ ငါးနှစ်ကျော် အသက်ကွာသည့် မမပေါ် ကုန်းပိုးစီးခဲ့ရသည့် သူက လူကောင်သာပိုထွားပေမယ့် ခုထိ မနိုင်ပါချေ။ စာတော်သော၊ ဉာဏ်ထက်သော၊ သွက်လက်ဖျတ်လတ်ရှုရှိသော၊ ဖြတ်ထိုးဉာဏ်ကောင်းလွန်းပါသည့် လင်းလက်သန့်စင်က အမည်နှင့်လိုက်ဖက်အောင်ပင် နာမည်ကြီးသည့် အမျိုးသမီးလေးပါပဲ။

"ရှင်းသန့်ပြောတဲ့ ဟိုဆရာဝန်လေးရော သဘောမကျ





ဘူးလား"

"အာ . . . မောင်လည်း ဆရာဝန်ယူ၊ လင်းလည်း ဆရာဝန်ယူဆို တစ်ခွေမျိုးလုံး ဆေးထိုးအပ်အမျိုး ဖြစ်ကုန်မှာပေါ့ ဖေဖေရဲ့။ အိမ်ပြန်လာတိုင်း ဆေးနံ့တွေ စွဲလာတဲ့ ယောကျ်ားနဲ့ တစ်သက်လုံးသာ နေရရင် သေဖို့ပဲရှိမယ်၊ မမိုက်ပါဘူး"

"ကြည် . . . အကောင်းမြင်မယ်မရှိဘူး။ အဖျက်ကို အရင်တွေးတယ်။ ဘယ်လိုသမီးလဲ"

"နှင် နဲ့သာနဲ့ယူမှာလား"

"ဘာဆိုင်လို့လဲ"

"အေး . . . ငါလည်း မယူစေချင်ဘူး"

"သားအတွက် မပူပေးနေနဲ့။ ယောကျ်ားလေးက ရှာကျွေးနိုင်ရင် အသက်ဘယ်လောက်ကြီးကြီးယူမယ့် မိန်းမရှိတယ်။ သမီးမိန်းကလေးက မတူဘူး"

"လင်းကရော ရှာမကျွေးနိုင်လို့လား"

"ဟဲ့"

"အားကိုးရှာတဲ့ ကန့်ကလျအလုပ်မျိုး မလုပ်ချင်ပါဘူး ဖေဖေရာ။ အေးအေးနေပါရစေ"



www.burmeseclassic.com

www.burmeseclassic.com



"ခက်တာပဲ ...သမီးက သိပ်ထက်လွန်းတာကိုး"

မှန်ပါ၏။ မိန်းမတွေ သိပ်ပြီးထက်မြက်လွန်းပါက တော်ရုံယောကျ်ားလေးမျိုးကို အထင်မကြီးတတ်တာ အမှန်ပင်။ အထူးသဖြင့် မိဘအရှိန်အဝါကြောင့် မဟုတ်ဘဲ ကိုယ့်ခြေပေါ်ကိုယ်ရပ်နိုင်သည့် လင်းလက်သန့်စင်အတွက် အဆန်းမှ မဟုတ်တာကိုး။ ဒီလို မိန်းကလေးကို အိမ်ထောင်ရေးကိစ္စ ပြောတာထက် မြေနေရာ၊ မြေဈေး အနေအထား၊ မည်သည့်ပုံစံမျိုးမှာ တိုက်ဆောက်ဖို့သာ ဆွေးနွေးမှ ပိုသင့်မှာလေ။

"မိန်းမဆိုတာ ယောကျ်ားတွေရဲ့ရှေ့က ဦးဆောင်ပြီး သွားရတာမျိုး မဟုတ်ဘူး သမီး။ ဘေးက ယှဉ်သင့်ရင် ယှဉ်လျှောက်နိုင်ပေမယ့် ခြေတစ်လှမ်းနောက်ချန်ပြီး လိုက်သင့်တဲ့အမျိုးကွယ့်"

"အဲဒါတွေ ကျန်ခဲ့ပါပြီ မေမေရယ်"

"ဒီတိုင်းဆက်နေသွားဖို့များ စိတ်ကူးထားလား"

"အဲဒီလိုလည်း မဟုတ်ပါဘူး"

"ခလုတ်မတိုက်မိသေးလို့ပါဗျာ"

"ဘာကိုလဲ"

"ခလုတ်တိုက်မိမှ မျက်စိမှောက်ပြီး ဖူးစာရှင်ကိုမြင်မှာပေါ့ဗျ"





"နင်နော် ...နင်သာ ရှည်းစားရှာစမ်းပါ"

"များလွန်းလို့ ခါချနေရတာ မတွေ့ဘူးလား"

"ကြွားနေပြန်ပြီ။ လျှာအရသာခံပြီး"

"ကဲ ကဲ ...စကားများမနေကြနဲ့။ သမီးတို့သားအဖက အလုပ်သွားရဦးမယ်။ သားလည်း နားတော့"

မေမေက စကားဝိုင်းကို ရပ်စေလေ၏။ (၉) နာရီလည်း ထိုးနေပြီမို့ ခုံမှထရန် ပြင်လိုက်ပါသည်။ အမှန်က မမမှာ ချစ်ဦးသူရှိခဲ့ပါ၏။ အသက်လည်း အတော်ကွာကာ လေးလေး၏သူငယ်ချင်းဖြစ်သူ ဒေါက်တာကြည်လင်ရွှန်းဆိုသူပါ။ ထိုစဉ်ကတော့ ဆေးကျောင်းတက်နေသည့် ကျောင်းသားပင်။ မမက အထက်တန်းကျောင်းသူ အပျိုသင်စ ငယ်ငယ်လေးပါပဲ။

လေးလေးနှင့်အတူ မကြာခဏ ပါလာတတ်ပါသည့် ဦးဟူသည့်အခေါ်အဝေါ်က လင်းလက်သန့်စင်၏အိပ်မက်ထဲမှာ ပျော်ဝင်ခဲ့တာအမှန်ပါ။ နောက်ဆုံးတော့လည်း ဒေါက်တာကြည်လင်ရွှန်း တစ်ယောက် အိမ်ထောင်ကျသွားပြီး အသည်းကွဲဝေဒနာကို မမ တစ်ယောက် ကြိတ်ခံစားခဲ့ရတာ မဟုတ်ပါလား။

ဒီတော့ လင်းလက်သန့်စင်တစ်ယောက် ယောကျ်ားတွေ



www.burmeseclassic.com

www.burmeseclassic.com



အပေါ် ဤသို့ဆက်ဆံတာ ဆန်းပါတော့မလား။ မျက်ရည်တစ်စက်ကို အသက်ထက်ပိုတန်ဖိုးထားပါသည့် ခံယူချက်က အရိုးစွဲခဲ့တာပါ။ သူက တော့ မေ့မေ့ပျောက်ပျောက်ဖြင့် မမကို ပျော်စေချင်တာပါပဲ။

"မေမေ"

"ဘာလဲ"

ကုမ္ပဏီသွားကာနီး ဘာ့များပြောဦးမှာပါလိမ့်။ ထမင်းစားခန်း ဝမှာ ခေါင်းပြူလျက် သူ့ကိုပါ တစ်ချက်ကြည့်လိုက်လေ၏။ နေပါဦး ကြည့်ရတာ သူ့ကိုချွန်တော့မည့်ပုံစံပါပဲ။ ဘာမဆို မမြို့တတ် မမျိုသိပ် တတ်သည့် ပွင့်လင်းလွန်းသည့် မမအကြောင်းကို သူအသိဆုံးဖြစ်ပါ သည်။

"မောင့်ကို မေးကြည့်ဦး"

"ဘာကိုလဲ"

"မေမေ့သား ဒီနေ့ မူမမှန်ဘူး"

"ဟာ"

"သားက ဘာဖြစ်လာလို့လဲ"

"တစ်ယောက်တည်း ဘာကိုသဘောကျလာမှန်းမသိ ပြုံးနေ တယ်။ လင်းတို့သွားပြီနော်"





မမက နှုတ်ခမ်းတွန့်ရုံမျှ ပြုံးပြ၍ လစ်သွားတော့၏။ မေမေက ကော်ဖီခွက်တွေ ဆေးရန် ပြင်ဆင်နေရင်း သူ့ကိုကြည့်လိုက်လေသည်။ ကောင်းရော။ အိမ်မှာကျန်ရစ်မယ့်လူကို အနေခက်အောင် အစခွဲထုတ် ခဲ့ရတယ်လို့။ မမတို့ကတော့ စံပါပဲ။

"ဟုတ်လား သား"

"ဘာကိုလဲ မေမေ"

"နို့သာ အဖြေပြန်ပေးလိုက်လို့များလား"

"မဟုတ်ပါဘူးဗျာ"

"ဒါဖြင့် တခြားတစ်ယောက်ပေါ့လေ"

သေစမ်း။ မရမက စစ်တော့မှာပါလား။ သူကဖြင့် မိန်း ကလေးကို နာမည်မသိ ဘာမသိဖြင့် တွေ့ခဲ့ရုံပါ။ အုပ်စုထဲမှာလည်း မိန်းကလေး သူငယ်ချင်းရှိပြီးသားမို့ မိန်းကလေးတွေနှင့် မစိမ်းသည့် သူ့အတွက် ထိုမိန်းကလေးက ခြွင်းချက်ပါပဲ။ ရင်ဘတ်ထဲ ဒုတ်ခနဲ မြည်သံက ပထမဦးဆုံးအကြိမ်ပင် မဟုတ်လား။ အကြည့်ချင်းဆုံစဉ်က မျက်ဝန်းနက်တစ်စုံကို ယခုတိုင် မြင်ယောင်နေဆဲပါလေ။

"ဘုန်းမြတ်သန့်စင်"

"ဗျာ"



www.burmeseclassic.com

www.burmeseclassic.com



"ဒီလောက်တောင်မှ စဉ်းစားနေရလား။ ဘယ်သူတဲ့လဲ"

"မသိဘူး"

"အလိုတော်"

"မမ အလကားပြောသွားတာပါ မေမေရယ် ဘာမှမဟုတ်ပါဘူး"

"ဒါပေမဲ့ . . . ပြုံးခဲ့တဲ့ မေမေ့သားကို ပြုံးအောင်လုပ်နိုင်စွမ်းတဲ့ တစ်စုံတစ်ယောက်တော့ရှိပြီ မဟုတ်လား"

သူ ရယ်ချလိုက်မိတော့၏။ စုံထောက်ကားတွေကိုမှ သဘောကျတတ်သည့် သူတို့အိမ်၏ အကျင့်စရိုက်နှင့် ကိစ္စတွေက ဆက်စပ်မှု ရှိမှာမှ မဟုတ်တာ။ သို့သော် ဤသို့ ဤနှယ် စကားနိုက်ကျွမ်းကျင်သည့် မေမေ့ကို သူ မည်သို့ ရှောင်နိုင်ပါ့မည်နည်း။ စဉ်းစားပေတော့ ဘုန်းမြတ်သန့်စင်။

"ဘယ်သူမှန်းတောင် သိတာမဟုတ်ဘူး။ ဒီလိုပဲ လမ်းမှာ မတော်တဆ ဆုံမိရုံပါ"

"Heart ထိသွားတယ်လို့တော့ ဝန်ခံတယ်ပေါ့လေ"

"ကျွန်တော့်နှလုံးက အကောင်းကြီးပါ မေမေရယ်"

"ဟုတ်ပါတယ်လေ၊ မမလို ဒဏ်ရာနဲ့နှလုံးသားမျိုး သားမှာ





မရှိလို့ ကျေးဇူးတင်ပါရဲ့။ သွားနားတော့လေ"

"ဟုတ်ကဲ့"

ထမင်းစားခန်းထဲမှထွက်ကာ သူ အပေါ်ထပ်သို့ တက်ခဲ့ပါ၏။ အခန်းထဲဝင်ကာ ခုတင်ထက် လှဲချလိုက်ပါသည်။ နာမည်ဘယ်သူလဲတဲ့။ အချစ်ကို တစ်ကြိမ်တစ်ခါမှ မတွေ့ဖူးပေမယ့် ငယ်နသည့် အရွယ်မှာ ဒဏ်ရာရခဲ့သည့် မမလိုတော့ သူ မခံစားချင်တာ အမှန်ပါ။ ဒီကိုပြောင်းလာတာ တစ်နှစ်ကျော်ကြာနေပြီဖြစ်ပေမယ့် ထို မိန်းကလေးနှင့်သူ တစ်ခါမှ မတွေ့ဖူးပါလေ။

မင်း ဘယ်သူပါလဲ ဆံရှည်မလေးရယ်။

❑❑❑



www.burmeseclassic.com

www.burmeseclassic.com

## အခန်း (၃)

ကုမ္ပဏီမှာ နေ့တစ်ပိုင်းအလုပ်ဆင်းပြီး နေ့လယ် (၂) နာရီကျော်မှာ သူမ ထွက်လာခဲ့ပါ၏။ ရုံးအလုပ်တွေကို နားလည်အောင် လုပ်ရတာ တစ်မျိုး Construction လုပ်ငန်းကိုလည်း တစ်ဖက်က လုပ်နေပါသည့် သူမအတွက် ရင်ခုန်ဖက်ရာဖို့ အချိန်က ရှိပါတော့မလား။

ကားကို ဆောက်လက်စကွန်ဒိုအနီးမှာ ရပ်လိုက်ပါ၏။ (၆) လွှာမို့ တော်တော်မြင့်လေသည်။ ဟိုတစ်လောက ဒီလိုပင် ဟိုတယ် ဆောက်ရင်း အဆောက်အအုံ ပြိုကျသည့်သတင်း ထွက်လာတာမို့





ထိုသို့ အမှားမျိုး မမှားမိစေရန် အထူးသတိထားနေရပါသည်။ Contractor တွေ Engineer တွေချည်း မျက်နှာလွှဲထားလို့မရပါချေ။

သံပြားများကာရံထားသည့် နေရာမှာ 'အန္တရာယ်ရှိသည်' ဟူသော စာတမ်းကို မြင်ရပါ၏။ ပိုက်အစိမ်းကာထားသည့် အဆောက်အဦထဲ ဝင်ရန် ခြေတို့လှမ်းလိုက်ပါသည်။ ဖုန်း ကြိုမဆက်ထားတာမို့ သူမ ရောက်လာမည်ကို ဘယ်သူမှသိမည် မထင်ပါ။

"သတိထား"

"အမယ်လေး"

ရုတ်တရက် လှမ်းဆွဲလိုက်ပါသည့် လက်တစ်စုံက အားအတော်ပါလေ၏။ ခန္ဓာကိုယ်ချင်း အနီးကပ်ဆုံး ဖြစ်သွားခြင်းကသာ သူမအတွက် ရင်ထိတ်သွားရခြင်းပါပဲ။ မျက်စိကို စုံမှိတ်လိုက်စဉ် နောက်ကျောဘက်မှ ဖရောခနဲပြည်သံနှင့် အပေါ်မှ အမှုန်တွေကျလာသံကို ကြားလိုက်ရပါသည်။

"ဘာကိစ္စနဲ့လာတာလဲ၊ ဒီလောက်အန္တရာယ်ရှိတဲ့နေရာကို"

"ဟင်"

သူမ အူကြောင်ကြောင်ဖြစ်သွားရပါ၏။ တစ်သက်နဲ့ ဝကိုယ် လင်းလက်သန့်စင်ကို လေသံမာဖြင့် ပြောသည်



www.burmeseclassic.com

www.burmeseclassic.com



တစ်ယောက်မှ မရှိခဲ့ပါချေ။ အခုတော့ စွပ်ကျယ်လက်တိုဝတ်ထားပါသည့် လူငယ်လေးက အော်သတဲ့။ ချွေးတို့ စို့ရွှဲနေပါသည့် စွပ်ကျယ်ဖြူဖြူက ခပ်ညစ်ညစ်ပါ။ အလုပ်ကြမ်းလုပ်ရန် ဝတ်ထားသည့် ကာကီရောင်ဘောင်းဘီကလည်း ထုံးတို့၊ ဘိလပ်မြေမှုန့်တို့ ပေကျံနေသဖြင့် ဆောက်လုပ်ရေးဝန်ထမ်းမှန်း သိလိုက်ပါသည်။

"မေးနေတာ မကြားဘူးလား"

ဘာပြန်ပြောရမှန်းမသိခင် သူမခေါင်းထက်မှာ ဆောက်လုပ်ရေးကာကွယ်သည့် ဦးထုပ်က အလိုလို ရောက်လာလေ၏။ ကြည့်စမ်းဒါကို အရင်ဆောင်းပြီးမှ အထဲဝင်ဖို့ သူမ ဘာကြောင့် သတိမေ့သွားရပါသနည်း။ မျက်မှောင်ကျုံ့လျက် စိုက်ကြည့်နေပါသည့် လူရွယ်က နေလောင်ထားသည့် အသားရောင်ဖြစ်နေသော်ငြား အတော် ကြည့်ကောင်းနေတာအမှန်ပါ။

မျက်ခုံးက အတော်လေးထူပြီး နက်မှောင်နေသလို မျက်လုံးအစုံကအစ စူးလက်နေလေ၏။ ယောက်ျားပီသလွန်းပါသည့် နှာတံမထူမပါးနှုတ်ခမ်းတို့နှင့် လိုက်ဖက်လွန်းသည့် မေးရိုးက သူ့မျက်နှာကို ပိုကြည့်ကောင်းစေလေသည်။ အထူးသဖြင့် အများပြောလေ့ရှိသည့် 'မြာပွေသူ' အစွပ်စွဲခံရပါသည့် မေးချိုင့်လေးကို သူမ နှစ်သက်သွား





ရတာ အမှန်ပင်။

ဘုရားရေ! . . . မောင်ပြောလိုက်သလို လင်းလက်သန့်စင်တစ်ယောက် ခလုတ်တိုက်မိလေပြီလား။

"ဟာ . . . ခင်ဗျား စကားမပြောတတ်ဘူးလား"

"ဘာပြောတယ်"

"မလင်းလက်"

နောက်ဘက်မှခေါ်သံကြောင့် သူမ လှည့်ကြည့်လိုက်မိ၏။ တော်ပါသေးရဲ့၊ အလုပ်အပ်ထားပါသည့် အင်ဂျင်နီယာဆင်းလာလို့ အသက်ရှူရလွယ်သွားရပါ၏။ သွက်လက်လွန်းပါသည်ဆိုသည့် သူမက အခုမှ ဘယ်လိုဖြစ်ပြီး ဆွံ့အတိတ်ဆိတ်နေမိပါသလဲ။ ကိုနေလင်းက သူမကို အန္တရာယ်ကင်းသည့်နေရာထံ ရွှေ့ရပ်စေလေသည်။

"မင်းထက် . . . လုပ်စရာရှိတာလုပ်ပါ"

"ဟုတ်ကဲ့ ဆရာ"

မင်းထက်တဲ့။ အောက်ခြေဝန်ထမ်းတွေအဆင့်ထိ သူမမှ မသိတာကိုး။ ယာယီတဲအမိုး၏အောက်ရှိ ခုံမှာဝင်ထိုင်လိုက်ပါ၏။ ဆောင်းထားသည့် ဦးထုပ်ကိုပါ ချွတ်လိုက်ရပါသည်။ စောစောက လူရွယ်က မဆလာစပ်သည့်နေရာ ညွှန်ကြားနေသလို ကိုယ်တိုင်ပင်



www.burmeseclassic.com

www.burmeseclassic.com



ချိန်တွယ်ရောစပ်ပေးနေပါ၏။ စက်ဖြင့်မွေတာမို့ လူသက်သာပေမယ့် အရောအနှောက ပိုပြီးအရေးကြီးပါသည်။

"အစက မမြင်ဖူးပါဘူး"

"ဘယ်သူလဲ"

"စာစာကကောင်လေးကို ပြောတာ"

"ကောင်လေး ဩော် . . . မင်းထက်ကိုပြောတာလား။ သိပ်မငယ်ပါဘူး မလင်းလက်ရဲ့၊ သုံးနှစ်လောက်ပဲ ကွာမှာပါ။ မင်းထက်သာက (၂၆) ကျော်ပြီ"

"မင်းထက်သာ"

"ဟုတ်တယ်၊ အမှန်က အပြင်မှာပဲ လုံးချင်းတိုက်လိုက်ဆောက်နေတဲ့ GTC ဆင်းလူငယ်ပါ။ အရမ်းတော်တယ်။ ဦးဆောင်ပြီးလည်း လုပ်နိုင်သလို မခိုမကပ်နဲ့ ကြိုးစားလို့ ရှာခေါ်လာတာပါ"

ဒါဖြင့် အငယ်တန်းအင်ဂျင်နီယာပေါ့။ သုံးနှစ်ငယ်သည့် လူရွယ်၏ အအော်အငေါက်မှာ သူမ ဆွံ့အခဲ့မိရတယ်လို့၊ ရှက်စရာပါပဲ။ တကယ်ဆို သူမက ရာထူးလည်းပိုကြီးပြီး ဒီလုပ်ငန်းကို ဦးဆောင်ထားသူပါ။ နောက်မှအလုပ်ဝင်သည့် လူငယ်လေး၏ ဘုမသိဘမသိအပြောမှာ အူကြောင်ကြောင်ဖြစ်ခဲ့တာ ရှက်ဖွယ်ပါပဲ။





"ဘယ်တုန်းက ဝင်လာတာလဲ"

"နှစ်ပတ်လောက်ပဲ ရှိမယ်ထင်တယ်။ ဘာဖြစ်လို့လဲ မကြိုက်လို့လား"

"မဟုတ်ပါဘူး"

ကိုယ့်စိတ်နဲ့ မတွေ့တာနဲ့ပဲ အလုပ်သမားကို အလုပ်ဖြုတ်တတ်သည့် စိတ်သဘောထားနှသည့် အလုပ်ရှင်မှမဟုတ်တာပဲ၊ စီးပွားရေးနှင့် လူမှုရေးကို သူမ ခွဲခြားတတ်ပါ၏။ သို့သော် စတွေ့တာနှင့် လူကို အငယ်လို့ (မိန်းမဖြစ်၍ပဲလားမသိ) အကြည့်ရဲရဲဖြင့် အော်ဟာကိုတော့ မကျေနပ်လှပါ။

"ကျွန်တော် ခေါ်လိုက်မယ်လေ"

"နေပါစေ"

စိတ်မြန်သည့်မိန်းမမှန်းသိထားသဖြင့် ကိုနေလင်းက ထိုလူရှိရာဆီ ထွက်သွားလေ၏။ ဒုက္ခပါပဲ၊ ကျောင်းသားကို ခေါ်ဆူသည့် ဆရာမနှယ် တူတော့မှာပါလား။ ဘာပြောရမှန်းမှမသိတာ။ ကိုနေလင်းပြောတာကို အာရုံစိုက်နားထောင်လျက် သူမရှိရာဆီ ဖျတ်ခနဲ လှမ်းကြည့်လိုက်လေ၏။ ပြီးနောက် နှစ်ယောက်အတူ ရောက်လာတော့သည်။ စိတ်တင်းထားပါ လင်းလက်သန့်စင်။



www.burmeseclassic.com

www.burmeseclassic.com



"ဒါ . . . ကိုယ်တို့ construction ရဲ့ GM ပါ။ အင်ဂျင်နီယာ ဒေါ်လင်းလက်သန့်စင်တဲ့"

"ဟုတ်ကဲ့"

နာမည်ကို ဒေါ် တပ်ခံလိုက်ရတာမို့ အောင့်သက်သက်ဖြစ်သွားရပါ၏။ ကိစ္စမရှိပါ။ အဓိကက သူမ မည်သူမည်ဝါဆိုတာကို ဤလူရွယ် သိထားဖို့ပါပဲ။ ဒီ (၃၀) နှင့် (၃၅) ကြားကာလက ဆန်းကောဆန်းကပါလေ။ 'မ' ခေါ်ရအောင်လည်း အသက်ကကြီးပြီး 'ဒေါ်' ခေါ်ရအောင်လည်း ငယ်သေးတာကိုး။ လူရွယ်လေးပုံစံက အံ့ဩမှုမရှိပါဘဲ တည်တည်ငြိမ်ငြိမ် ဖြစ်နေလေ၏။

"ကျွန်တော့်ကို ဘာများ သဘောမကျတာရှိပါသလဲ။ ပြောပါ"

"အဲ"

"အလုပ်နဲ့ပတ်သက်ပြီး အခုထိ ကျွန်တော် အမှားမလုပ်သေးပါဘူး"

"စောစောက"

"စောစောက ပြောခဲ့မိတာလည်း အမှားမပါပါဘူး"

ကြည့်စမ်း . . . ဘယ်လောက်ရင့်သီးခက်ထန်လိုက်ပါသနည်း။





ကျေးဇူးတင်စကားပြောဖို့ ပြင်ထားတာတောင် ဘယ်ပျောက်သွားသည်မသိပါ။ ကိုယ့်ကိုယ်ကိုယ် ခေါင်းမာလှပြီဟု ထင်ထားသမျှ ဤလူနှင့်ကြုံမှ လက်လျှော့ရတော့မှာပါလား။

"မင်းထက်"

"ကျွန်တော့်အပေါ် မကျေနပ်တာရှိရင် ပွင့်ပွင့်လင်းလင်းသာပြောပါ။ အလုပ်ထုတ်ရလောက်အောင်အဲထိတော့ ကျွန်တော် ပြစ်မှုမကျူးလွန်သေးဘူးလို့ ထင်ပါတယ်"

တောက်! . . . ငါနော်။ စိတ်ရှိလက်ရှိ ကိုင်ပေါက်မိတော့မယ်။ ဘယ်လိုကောင်လေးပါလိမ့်။ ပြစ်မှုမကျူးလွန်သေးဘူးတဲ့။ လွန်တယ်လို့ ပြောရမှာလား။ လက်ကိုဆွဲတယ်၊ အသားထိတယ်၊ ခေါင်းကိုထိပါတယ်ဆိုပြီး တန်းစီပြောလိုက်ရ။ ပြောမကောင်းလို့ ငြိမ်နေရတာရှင့်သိပါရဲ့လား။

"ဟုတ်ပါပြီ"

"ဒါဖြင့် သွားလို့ရပြီလား"

"ရပြီ"

ခပ်တည်တည်ပင် လှည့်ထွက်သွားပါသည်။ လူရွယ်၏ကျောပြင်ကိုကြည့်ရင်း သူမရင်ထဲ တနုံ့နုံ့ဖြစ်လာလေသည်။ မတွေ့တာန်



www.burmeseclassic.com

www.burmeseclassic.com



သလိုပဲ၊၊ ဟုတ်တယ်၊ မတူမတန်သလို အမှုအရာမျိုးဖြင့် အဆက်ဆံခံရတာလေ။ ကောင်းပြီ မင်းထက်သာ။ ကျွန်မ ဘယ်လိုမိန်းမလဲဆိုတာ ရှင် ကောင်းကောင်းသိစေရမယ် မှတ်ပါ။

"ကိုနေလင်း"

"ခင်ဗျာ"

"မင်းထက်သာကို ကျွန်မ သဘောကျတယ်"

"ဗျာ!"

သူ့ခြေလှမ်းတို့ တုံ့ခနဲရပ်သွားလေ၏၊ ဒီလိုပဲဖြစ်ရမယ်လေ။ ပြောသားပဲ၊ သူမက သာမန်မိန်းမ မဟုတ်ပါဘူးလို့၊ အလုပ်သမားတွေရော အင်ဂျင်နီယာပါ သူမကို ပါးစပ်အဟောင်းသားဖြင့် ကြည့်နေကြလေ၏။ သဘောကျတယ်ပြောတာ ဘာဖြစ်လဲ၊ အဓိပ္ပာယ်အများကြီးပါနေလို့လား။

အလုပ်မဖြုတ်တော့ဘူး၊ ဆက်လုပ်ပါစေဆိုပြီး စကားလုံးလှလှ ရွေးချယ်စရာမလိုပါ။ ကျွန်မ သဘောကျတယ်ဟူသည့် စကားလုံးက ပိုပြီးလေးနက်စေတာ မဟုတ်ပါလား။ တဲအမိုးအောက်မှ ထွက်လာခဲ့ပြီး သူရပ်နေသည့်အနီးမှဖြစ်စဉ် သူ့မျက်နှာကို ခပ်စူးစူးဖြင့် တစ်ချက်ကြည့်ခဲ့၏။ နားမလည်နိုင်သည့် အဓိပ္ပာယ်တို့ဖြင့် မျက်လုံးတို့ကို





ကျောခိုင်းထားခဲ့လေသည်။

ကျွန်မနာမည် လင်းလက်သန့်စင်ပါ မင်းထက်သာ၊ တစ်ဖက်သားအပေါ် မာကျောကျော ဆက်ဆံတယ်ဆိုတာ ကျွန်မပဲဖြစ်ရမယ်။ ပြီးတော့ အရင်ဆုံး ကျောပေးထားပြီး စွန့်ခွာတာလည်း ကျွန်မသာဘဲဖြစ်စေရမယ်၊ အဲဒါ ကျွန်မရဲ့ ခံယူချက်ပါပဲ၊ ဘာကြောင့်လဲလို့ မမေးချင်ပါနဲ့၊

ကားပေါ်တက် ကားမောင်းထွက်စဉ် မိုးက ဖြုန်းစားကြီးရွာချလိုက်လေ၏၊ စနေမိုးပါလား။ စနေနေ့မိုးရွာပါက တစ်ပတ်လုံးလုံး မိုးဆက်တိုက်ရွာတတ်လေ့ရှိပါသည်၊ မိုးရွာတာကို သူမ မနှစ်သက်ပါ။ မှုန်းတီးမိပါ၏။ သို့သော် သဘာဝရာသီမိုးကို မုန်းလို့ရပ့်မလား၊ ရှုးသည်ဟုသာ ဝိုင်းပြောကြမှာ အမှန်ပါ။

"တီ! ...တီ!"

ကားဟွန်းသံကြောင့် လမ်းအလယ်မှာ မောင်းနေရာမှ လမ်းဘေးဘက် ရွှေ့မောင်းလိုက်ရပါသည်၊ ကြာပြီမို့ မေ့သင့်ပြီထင်ပါ၏။ ရှုးနှမ်းနှမ်းအရွယ်၏ ရူးရူးမိုက်မိုက်ချစ်ခြင်းကို အလေးအနက်ထားဖို့ဦး မသိခဲ့ဘူးထင်ပါရဲ့။ သို့တည်းမဟုတ် သူငယ်ချင်းရဲ့တူမလေးမို့ မို့သားခဲ့သည်ဟု ယူဆခဲ့တာများလား။



www.burmeseclassic.com

www.burmeseclassic.com



မထင်မိပါ။ ဦးရဲ့အကြည့်၊ ဦးရဲ့အပြုံး၊ ဦးရဲ့လေသံတိုးတိုးတို့က သူမနှလုံးသားအစုံကို သိမ်းပိုက်တွေးယူသွားခဲ့တာလေ။ ဆံပင်တွေကို သပ်တင်ပေးရင်း ရယ်မောခဲ့တာ။ လက်ဖျားလေးတွေကို ဆုပ်ကိုင်နှေးထွေးစေခဲ့တာ။ 'ကလေး' ဟု ခပ်ဖွဖွခေါ်သံအောက်မှာ သူမအရည်ပျော်ခဲ့ရတာ ဘယ်သူများသိပါ့မလဲ။

စာမေးတာကို ရှင်းပြရင်း ဘောပင်ကိုင်ထားသည့် လက်ချောင်းတွေကို သူမ ငေးကြည့်မဝခဲ့။ ခေါင်းငုံ့ထားတိုင်း နဖူးထက် ဖုံးကာသည့်နှယ် ကျလာသည့် ဆံနွယ်တိုတို့ကို အသည်းယားခဲ့မိတာပါ။ မေမေ တစ်ခုခု ချက်ကျွေးတာကို လာစားကြတိုင်း ပန်းကန်သီးသန့်မစားဘဲ ဦးကိုကျွေးဆိုပြီး သူမခွဲ့အကျွေးကို စားခဲ့တာကရော ဘာသဘောလဲ။

မချစ်ခဲ့ဘူးလား။ အချစ်စစ်မဟုတ်ခဲ့လို့ပဲလားကွယ်။ ဒါဆိုရင် သူမကို လိုအပ်သည့်ပစ္စည်းတွေ တစ်ခုပြီးတစ်ခု ဝယ်လာပေးတာကရော ဘာကြောင့်ပါလဲ။ 'ဦးလို ဆရာဝန်ဖြစ်ရမယ်နော်' လို့ မကြာခဏ ပြောခဲ့တာတွေအတွက် အဘယ်မျှ ခွန်အားဖြစ်ခဲ့ရပါသလဲ။

သူမအခန်းထဲမှာရှိနေသည့် စားပွဲတင်နာရီ၊ အံဆွဲထဲမှာ ထည့်ထားပါသည့် Diary၊ ဗီရိုထဲမှာထားသည့် Dictionary ၊ စာကြည့်





စားပွဲထက်မှ Pen Stand နှင့် ဘောပင်လှလှလေးတွေ။ ခုတင်ဘေးရှိ ခုံပုလေးပေါ်မှ အလှပန်းအိုးလေး။ အခန်းနံရံထက်မှာ ချိတ်ထားပါသည့် ကိန္နရီ ကိန္နရာ ကျောက်စီပန်းချီကားလေး။ ဒါတွေက ဘာအဓိပ္ပာယ်တွေပါလဲ။

မွေးနေ့တိုင်းမှာ သူမ သဘောကျလွန်းပါသည့် အကျီတို့ ဖိနပ်တို့ကို ဒီဇိုင်းရွေးပြီး ဝယ်ပေးတာကရော၊ keychain လေးပဲဖြစ်ဖြစ် အများနှင့်မတူအောင် ရှားပါးသည့်ပုံစံမျိုးကိုသာ ရှာပြီး လက်ဆောင်ပေးခဲ့တာအမှန်ပါ။

အဘယ်မျှကြာခဲ့ပါသနည်း။ နှစ်နှစ်လောက်ရှိမည်ထင်ပါ၏။ Results ထွက်ပြီး ကျောင်းတက်ရန်စောင့်မျှော်နေစဉ်မှာပင် မတုန်မလှုပ် အမူအယာဖြင့် သူမလက်ထဲသို့ Wedding Ceremony Invitaton (မင်္ဂလာဖိတ်စာ) ကို ပေးခဲ့တာလေ။ မည်ကဲ့သို့သော ရက်စက်ခြင်းမျိုးပါလဲ။

ချစ်ခဲ့ဖူးပါတယ်။

ပျော်ခဲ့ဖူးပါတယ်။

အိပ်မက်တွေ မက်ခဲ့ဖူးပါတယ်။

ရူးသွပ်ခြင်းတွေ ဖြစ်ခဲ့ဖူးပါတယ်။



www.burmeseclassic.com

www.burmeseclassic.com



ထိုနည်းအတူ ...

နာကျင်ခဲ့ဖူးပါတယ်။

ငိုကြွေးခဲ့ဖူးပါတယ်။

အိပ်မက်တွေပျက်သုဉ်းခဲ့ရပါတယ်။

နှလုံးသားတွေ သေဆုံးခဲ့ရပါတယ်။

ထိုသို့သော ဒဏ်ရာအသည်းနှလုံးနှင့် မိန်းကလေး တစ်ယောက်ရှိခဲ့တာ အမှန်ပါပဲ။

❑❑❑



## အခန်း (၄)

ဘတ်စ်ကားရပ်လိုက်တာမှ လွယ်အိတ်ကြိုးစလွယ်သိုင်းသည့်သူက ကားအပေါက်လက်ကိုင်ကို ကိုင်၍ လေှကားနှစ်ထစ်တက်ကာ ကားပေါ်ရောက်လေ၏။ ဆိုက်ထဲမှာပဲ ရေချိုးခဲ့တာမို့ တစ်နေကုန်အလုပ်လုပ်ခဲ့သည့် ချွေးနံ့ကမရှိတော့ပါ။ ပြီးတော့ သူက အခုခေတ်နာမည်ကြီးသည့်ဆပ်ပြာတွေကိုမသုံးဘဲ "ကာဘောလစ်" ဆပ်ပြာတုံးအနီကိုသာ အမြဲသုံးပါ၏။

ညီမလေး "ငြိမ်းဆုပန်" ကဖြင့် Lux ဆပ်ပြာမွှေးမွှေးလေးကိုသာ သုံးပါသည်။ ဒီနေ့ တွေ့ရသည့် "လင်းလက်သန့်စင်" က



www.burmeseclassic.com

www.burmeseclassic.com



ဘယ်လိုဖြစ်ပြီး သူ့ကို ''သဘောကျတယ်'' လို့ ပြောရတာပါလိမ့်။ နောက်တဲ့ပုံစံမျိုးလည်းမဟုတ်ပါ။ အဆင့်အတန်းမတူ၊ ဘဝလည်းမတူ၊ ဂုဏ်ရည်မတူ၊ ရာထူးလည်းမတူသည့် မမက သူ့ကို နောက်စရာလား။

''အစ်ကို . . . ကားခလေး''

''ရော့''

(၂၀၀) ကျပ်တန် ငွေစက္ကူကိုပေးလိုက်ရင်း တံခါးပေါက်နားမှာပင် ကပ်၍ရပ်နေမိပါ၏။ သုံးမှတ်တိုင်သာစီးရမှာမို့ပါပဲ။ ည (၆) နာရီကျော်မို့ ကားထဲမှာ ခရီးသည်က အပြည့်ရှိနေလေ၏။ ကိုယ်ပိုင်ကားစီးနိုင်သည့် လူတွေကဖြင့် သက်သောင့်သက်သာနှင့် အသက်ရှူချောင်မှာ အမှန်ပါ။

မောင်နှမနှစ်ယောက်သာရှိတော့တာမို့ ညီမလေးကို ငဲ့ပေမယ့် ငယ်တဲ့ညီမက အစ်ကိုဖြစ်သူကိုပါ ပြန်ပြီး ငဲ့ကွက်တတ်တဲ့သူပါပဲ။ အကြီးဖြစ်သည့်သူက ယခုအရွယ်ထိ ချစ်သူမထားဖြစ်ခဲ့ပါ။ ဘဝသမားမို့ သူများသားသမီးကို အိမ်တစ်ဆောင် မီးတစ်ပြောင်နှင့် မထားနိုင်သရွေ့ အပျော်ရည်းစားအဖြစ် မထားချင်လို့ပါပဲ။

ညီမဖြစ်သည့် ငြိမ်းက ငယ်သူငယ်ချင်းဖြစ်သည့်ကောင်လေးနဲ့ အနေနီးရင်း နှလုံးသားချင်း ရင်ခုန်သံတူခဲ့သည့် ''ထက်မြက်ဗိုလ်''





နှင့် (အထက်တန်းအောင်သည့်နှစ်မှာ) ချစ်သူဖြစ်ခဲ့ပါသည်။ သို့သော် ငယ်ရွယ်ပြီး စိတ်ကစားတတ်သည့်အရွယ်မို့ ကောင်လေးက မျက်နှာများကာ ငြိမ်းကိုထားခဲ့တာပါလေ။

ပထမဆုံးအရွယ်၊ ပထမဆုံးနှလုံးသား၊ ပထမဦးဆုံး ရင်ခုန်သံဖြင့် အချစ်စစ် ထင်မှတ်ခဲ့ရသည့် ညီမလေးက ''ဗိုလ်'' အပေါ်မှာ စိတ်နှစ်ပြီး ချစ်သည့်သံယောဇဉ်ကြောင့် အိပ်ရာထက် ဘုန်းဘုန်းလဲခဲ့ရတာအမှန်ပါ။ မလိမ္မာတစ်ခါမိုက်မို့ ညီမဖြစ်သူကို မဆူရက် မရိုက်ရက်နဲ့ နှစ်ယောက်သား ငိုခဲ့ရတာ မဟုတ်ပါလား။

အဲဒီနေ့ကစပြီး မျက်ရည်ဆိုတာ ဒီဘဝမှာ ထပ်မကျဖို့ အတူတူ ဆုတောင်းခဲ့တာပါ။ အဲဒီနောက်ပိုင်းမှာတော့ သူတို့မောင်နှမ နှစ်ယောက်၏မျက်နှာမှာ အပြုံးက တစ်ချက်မှမရှိတော့ပါချေ။ ညီမလေးက အဝေးသင်ဘွဲ့ရပြီး အခု သင်တန်းတွေတက်ရင်း ကလေးတွေကို စာပြသည့် ကျူရှင်ဆရာမအဖြစ် တစ်ဖက်တစ်လမ်းက ငွေရှာနေတာပါ။

''ဆင်းမယ်ဆရာရေ''

စပယ်ယာအော်မှသာ သတိဝင်သွားရင်း ကားပေါ်မှဆင်းလိုက်ရပါ၏။ ကားဂိတ်မှ နောက်သို့ပြန်လျှောက်ရင်း ကုန်းတက်ကို



www.burmeseclassic.com

www.burmeseclassic.com



တက်ခဲ့ပါသည်။ မိုးက ခပ်ဖွဲဖွဲလေးကျသော်ငြား ထီးမဆောင်းဖြစ်ပါ။ အလုပ်ထဲလုပ်ရင်းဆောင်းရသည့် ဦးထုပ်ကို ဆောင်းထားတာမို့ ခေါင်းက မိုးမစိုပေမယ့် ကိုယ်ပေါ်မှာတော့ စိုနေလေ၏။ အိမ်ရှိရာ လမ်းကြားထဲဝင်စဉ် လက်နှိပ်ဓာတ်မီးကို လွယ်အိတ်ထဲမှထုတ်၍ ဖွင့်လိုက်ပါသည်။ လမ်းမီးအလင်းရောင်က မှိန်နေလေ၏။

"အစ်ကိုလား"

"အေး"

ဝရန်တာကို မီးလှမ်းထိုးလိုက်သည်နှင့် သူမ တံခါးကို ထဖွင့်လိုက်ပါသည်။ လက်ထဲကိုင်ထားပါသည့် စိတ်ပုတီးကို ပုတီးပတ်ရှည်ပြည့်ပြီမို့ ဘုရားစင်တိုင်မှာသွားချိတ်ထားလိုက်၏။ အစ်ကိုက ဝရန်တာခြေရင်း လှေကားသုံးထစ်အနီးရှိ စဉ့်အိုးထဲမှရေဖြင့် ခြေထောက်ဆေးပြီးမှ အိမ်လေးပေါ်တက်လာလေသည်။

"အခုလေးတင် ငြိမ်း ဟင်းရည်အိုးနွေးပြီးတယ်"

အစ်ကိုက မနက်ကထည့်သွားပါသည့် သုံးဆင့်စတီးချိုင့်ထမင်းဘူးကို သူမထံ ကမ်းပေးကာ အခန်းဝနံရံမှာ လွယ်အိတ်ကို ချိတ်လိုက်လေသည်။ အလုပ်မှာ အကြမ်းဆေးလာသဖြင့် ချိုင့်က မနံတော့သော်ငြား သန့်ရှင်းစေရန် ဆပ်ပြာဖြင့် ထပ်ဆေးရမှာမို့ ရေဖလုံ





ထဲ ချိုင့်ကိုဖြုတ်ထည့်ထားလိုက်၏။

"မိုးအေးလို့ ရေနွေးတည်ထားပေးတယ် အစ်ကို"

"ငြိမ်း"

"ရှင်"

"ခြေထောက် ဘာဖြစ်တာလဲ"

သတိထားလျှောက်ပါသော်ငြား နာကျင်သည့်ဒဏ်ကြောင့် ဟန်မဆောင်နိုင်ပါ။ စက်ဘီးလဲတာပဲ ရက်ကျော်နေပြီ၊ ဒီခြေထောက်ဒဏ်ရာက မသက်သာသွားဘဲ ပိုဆိုးလာသည့်နှယ်ပါ။ မောမောဖြင့် ပြန်လာသည့်အစ်ကို့ကို သူမကြောင့် ရင်မပူစေချင်ပါလေ။

"ဟိုနေ့က စက်ဘီးလဲထားတာပါ။ နည်းနည်းပါ အစ်ကိုရဲ့"

"နည်းနည်းက ခြေထော့နင်းပုံမလာ။ မှန်း! . . . ပြစမ်း"

"အစ်ကိုကလည်း"

"မောင်နှမပဲဟာ . . . ရက်မနေနဲ့၊ မရှက်သင့်တာကို ရှက်နေရင် အသက်မကယ်နိုင်တာတွေ ဖြစ်တတ်တယ်၊ သိတယ်မဟုတ်လား"

လုံချည်ကို အသာမ,ပြလိုက်ရပါ၏။ နှစ်ပေမီးချောင်းအလင်းက ညိုမည်းနေပါသည့် သူမညိုသကျိုးကို အရှင်းသားမြင်စေလေသည်။ ဒဏ်ကြေလိမ်းဆေးလူးပါလျက်နှင့် မသက်သာတော့



www.burmeseclassic.com

www.burmeseclassic.com



ဘယ်လိုလုပ်ရပါ့မလဲ။ အစ်ကိုကို စိတ်ပူစေပြန်ပါရောလား ငြိမ်းဆုပန်။

"ဒါလား နည်းနည်း။ ဒီလောက်ယောင်ကိုင်းနေတာကို။ အညော်တွေကလည်း လုပ်သေးတော့ ပိုဆိုးမှာပေါ့။ ဆေးခန်းသွားပြမယ် ... လာ"

"အဲဒီလောက် မလိုပါဘူး"

"မရဘူး ... ထထ မြန်မြန်။ ဆေးခန်းက (၈) နာရီပိတ်တော့မှာ"

"ဒီနားမှာရှိလို့လား"

"ကျောင်းဘက်သွားတဲ့ကားမှတ်တိုင်နားမှာ ရှိတယ်လေ။ အနွေးထည်ဝတ်ဦး၊ နေနေ ... ငါပဲ ဝင်ယူလိုက်မယ်"

လိုက်ကာ ကာထားသည့် အိပ်ခန်းလေးထဲသို့ အစ်ကို ဝင်သွားပါ၏။ အနွေးထည်ကို တန်းမှာ ချိတ်ဖြင့် ချိတ်ထားတာမို့ ယူရလွယ်ကူစေပါသည်။ ရောက်လာသည့် အစ်ကိုဖြစ်သူက အဝတ်အစားပင် မလဲဖြစ်ဘဲ ညီမဖြစ်သူကို ပူပန်နေရတယ်လို့။

"ရော့! ... ဝတ်၊ ကိုယ့်ဘာသာ လဲတာလား။ တစ်ခုခုနဲ့ တိုက်တာလား"

"ကားနဲ့ပွတ်မိတာပါ"





"ဘာ! ... ဒီလောက်ဖြစ်တာတောင် အလျော်မတောင်းဘူးလား။ ဆေးခန်းတော့ လိုက်ပြသင့်တာပေါ့။ အဲဒီကောင်တော့ အကျွေးခံရတော့မယ်"

"ငြိမ်းဘာသာ လန့်ပြီး လဲတာပါ အစ်ကိုရယ်။ သူ့ကားကမှ ငြိမ်းစက်ဘီးလက်ကိုင်ကြောင့် အစင်းကြောင်းကြီးဖြစ်သွားတာ။ မလျော်ပေးရတာတောင် ကံကောင်း"

"ကားက အသက်ရှိတာမှ မဟုတ်ဘဲ။ လူက အသက်ရှိတာ၊ ဘယ်ဟာ ပိုအရေးကြီးသလဲ။ တော်ပြီ ... နောက်ကို စက်ဘီးမစီးနဲ့တော့"

"အစ်ကိုကလည်းလေ ... ဒီစက်ဘီးနဲ့ပဲ ငြိမ်းအလုပ်တွေ အမြန်ပြီးတာကို"

"မစီးနဲ့ဆို မစီးနဲ့ပေါ့။ ခေါင်းမမာစမ်းနဲ့"

သူမ ငြိမ်နေလိုက်ရပါ၏။ စက်ဘီးမစီးနဲ့ဆိုပြီး ဝရန်တာမှာ သံကြိုးခတ်ထားပါသည့် စက်ဘီးဖြင့်ပင် ဆေးခန်းသွားရဦးမှာပါလေ။ တည်လွန်းပါသည်ဆိုသည့် အစ်ကို့မျက်နှာက ပိုပြီးမှုန်ကုပ်နေတော့၏။ လမ်းကြားလေးထဲမှ လမ်းလျှောက်ထွက်လာကာ လမ်းမထက် ရောက်လာလေသည်။



www.burmeseclassic.com

www.burmeseclassic.com



အစ်ကိုက သူမကို နောက်ခုံမှာ အရင်တက်စေပြီးမှ စက်ဘီးကို နင်းလိုက်လေ၏။ ထီးတစ်ချောင်းဖြင့် မလုံ့တစ်လုံဆောင်းကာ မိုးဖွဲဖွဲလေးအောက် စက်ဘီးက မြန်လိုက်တာမပြောပါနှင့်။ ဈေးဘက်မဟုတ်ပါဘဲ ကျောင်းရှိရာဘက် ကားဂိတ်နားရောက်စဉ် မီးလင်းနေပါသည့် ဆေးခန်းကို မြင်လိုက်ရလေ၏။ မိုးရွာနေတာမို့ လူနာမရှိသလောက်ဖြစ်ပြီး ဆေးခန်းက တိတ်ဆိတ်နေပါသည်။

"ဒေါက်တာ ရှိပါသလား"

"ဝင်ခဲ့ပါ"

အစ်ကို့လက်မောင်းကိုကိုင်လျက် အတွင်းခန်းလိုက်ကာကို ဖယ်ရင်း ဝင်လိုက်ရပါ၏။ ကျောပေးထားပါသည့် ဆရာဝန်က ဆေးမှတ်တမ်းရေးနေသဖြင့် မျက်နှာကိုမတွေ့ရသေးပါချေ။ ဆေးခန်းက သပ်သပ်ရပ်ရပ်လေးဖြင့် သိပ်ကြီးမကျယ်သလို ဆေးနံ့တွေ မွှန်မနေပါလေ။

"ခုတင်ပေါ် လှဲလိုက်နော်၊ ဘာဖြစ်လို့ပါလဲ"

"ခြေထောက်ယောင်နေလို့ပါ"

"ခြေထောက် . . . ဟောဗျာ!"

နာကျပ်ကိုင်ထားပါသည့် ဆရာဝန်ထံမှ အာမေဍိတ်သံ





ထွက်လာသဖြင့် သူ ကြည့်လိုက်မိပါ၏။ ဆရာဝန်ကလည်း ငယ်ငယ်ချောချောလေးပါလား။ ငြိမ်းနဲ့ရွယ်တူမဟုတ်ရင် နည်းနည်းလေးပဲ အသက်ကွာရုံသာရှိမည်ဟုထင်သဖြင့် သက်ပြင်းကို ကြိတ်ရှိုက်လိုက်မိပါ၏။ အမျိုးသမီးဆရာဝန်ရှိသည့် ဆေးခန်းမှ မဟုတ်တာကို။

"စက်ဘီးလဲတုန်းက ဒဏ်ရာမဟုတ်လား"

"ဟုတ်ကဲ့"

"ကိုယ်ပြောသားပဲ၊ ကတ်ပေးတာကို ယူမှမယူတာကိုး"

"ဒေါက်တာက"

"သူနဲ့ကျွန်တော့်ကား တိုက်မိသလိုဖြစ်သွားတာပါ။ မမှတ်မိဘူးလား"

"ဟင့်အင်း"

တကယ်မမှတ်မိသည့်ပုံပါ။ ငြိမ်း မညာတတ်မှန်း သူအသိဆုံး မဟုတ်ပါလား။ ဆရာဝန်ငယ်ငယ်လေးမို့ စိတ်ပူပါတယ်ဆိုမှ ဒီလိုဒီလို ဖာတ်လမ်းတွေဖြစ်လာရတယ်လို့။ ခဲတစ်ခါမှန်ဖူးတာကို မမေ့လိုက်ပါနဲ့ ငြိမ်း။ နောင်တဆိုတာ တစ်ကြိမ်တစ်ခါရရုံနဲ့ လုံလောက်သင့်တာပါလော။

"ဆေးထည့်ပြီး ပတ်တီးစည်းပေးလိုက်ပါမယ်။ အောက်



www.burmeseclassic.com

www.burmeseclassic.com



ဆေးပါ ယူသွားပါ။ ဒါမှ မသက်သာရင် ဓာတ်မှန်ရိုက်ပြီး POP ကိုင်ရမယ်"

"အရိုးအက်သွားလို့လား"

"ဓာတ်မှန်မရိုက်ရသေးလို့ ပြောထားတာပါ။ သိပ်လည်း မစိုးရိမ်ပါနဲ့။ ကျွန်တော့်တာဝန်မကောင်းလို့ သူ့အတွက် အကုန် တာဝန်ယူမှာပါ။ ထိုင်လိုက်နော်"

တာဝန်ယူမှာတဲ့။ အကုန်တဲ့လား။ ဘာသဘောပါလဲ။ ဆေးကုဖို့တာဝန်ကိုပြောမှန်း သိသော်ငြား ရင်ထဲမှာတစ်မျိုးကြီးဖြစ်သွားရတာပါ။ ခုတင်ထက်ထိုင်စေပြီး ခြေထောက်ကို Plastic ခုံပုလေးထက် တင်စေကာ အနာကို အရက်ပျံခွတ်ရင်း ပိုးသတ်စဉ် ငြိမ်းထံမှ နာကျင်စွာ ညည်းညူသံထွက်လာလေ၏။

မိန်းမပျိုလေး၏ခြေထောက်ကို ဆေးလူး ပတ်တီးစည်းနှောင်ပေးနေသည့်ဆရာဝန်ကို အလိုမကျမိတာအမှန်ပါ။ မကိုင်နဲ့လို့ မည်သို့ပြောရပါ့မည်နည်း။ ငြိမ်းမျက်နှာမှာလည်း ရှက်ရွံ့မှု၊ နာကျင်မှုတို့ဖြင့် အနည်းငယ်မျှ ပန်းရောင်သန်းနေလေ၏။ မှုမမှန်သည့်အရိပ်တို့ ရှိမနေတာမို့ သူ စိတ်အေးရပါသည်။

"လောလောဆယ် စက်ဘီးမစီးနဲ့ဦးနော်။ လမ်းလည်း ဖြစ်





နိုင်ရင် သိပ်မလျှောက်ဘဲ ငြိမ်ငြိမ်လေး နေနိုင်သလောက်နေပါ။ ပြီးတော့ . . . အညှော်လည်း မဝင်စေနဲ့"

"အခုလည်း အညှော်ဝင်လို့ ပိုဆိုးသွားရတာပါ ဒေါက်တာ"

"အညှော်ဝင်လို့ ပိုယောင်လာတာပေါ့၊ ရောင်မှုဖြစ်မှာ"

ဆရာဝန်လေးက ဘေစင်မှာ လက်ကို သေချာဆေးကာ အဝတ်သန့်သန့်ဖြင့် လက်သုတ်လိုက်လေ၏။ သူက ငြိမ်းကိုကူကာ ခုတင်ထက်မှ ဆင်းစေလျက် ခုံမှာ ပြောင်းထိုင်စေပါသည်။ ဆရာဝန်လေးက ဆေး (၄) ခွက်စာကိုပြင်ဆင်လျက် Plastic အိတ်လေးတွေထဲသို့ အသီးသီးထည့်ကာ stapler ဖြင့် ချုပ်လိုက်လေ၏။

"နာမည်နဲ့အသက်ပြောပါ"

"ငြိမ်း။ (၂၁) နှစ်ပါ"

"ငယ်ငယ်လေး ရှိသေးတာပဲ"

သူ မျက်မှောင်ကြုတ်သွားရပါ၏။ ဘယ်လိုဆရာဝန်ပါလဲ။ လူနာကို သက်သာစေဖို့အတွက် အပြုံးတို့နှင့် ပြောဆိုတတ်တာထားပါတော့။ သို့သော် သူ့အမြင်မှာ ငြိမ်းအပေါ် အနည်းငယ်ပိုနေသည်ဟု ထင်နေမိပါသည်။ ညီမဖြစ်သူအပေါ် တွန့်တိုတတ်သည့် အစ်ကိုဖြစ်၍ လို့ပဲလား။



www.burmeseclassic.com

www.burmeseclassic.com



ဆေးပေးတာကို ယူလိုက်ပြီး ငွေ (၅) ထောင်တန်ထုတ်ပေးစဉ် ဆရာဝန်လေးက လက်ကာပြရင်း ခေါင်းကိုပါ ခါပြလေ၏။ တာဝန်ယူမယ်ဆိုတာ ဒါတွေအားလုံးကိုပဲလား။ စိတ်ကျဉ်းကျပ်ရပ့် မင်းထက်သာရယ်။

"နေပါစေ ... ပေးဖို့မလိုပါဘူး။ ဒီတစ်ခါတော့ ကတ်ကို ယူဖြစ်အောင် ယူလိုက်ပါ။ ဆေးခန်းက ညနေမှပဲဖွင့်ပါတယ်။ လောလောဆယ် ကျွန်တော် အင်းစိန်ဆေးရုံမှာရှိမှာပါ။ ငြိမ်း မသက်သာရင် ဂန္ဓမာဆေးရုံကို သွားလိုက်ပါ။ ကျွန်တော့်လေးလေး ရှိပါလိမ့်မယ်။ ဒီဆေးခန်းက လေးလေးရဲ့သူငယ်ချင်း ဒေါက်တာနေဒွန်းဖွင့်ထားတာပါ။ ကျွန်တော်က အကူဆရာဝန်ပါ"

တရှည်တလျားကြီး ရှင်းပြနေသည့် ဆရာဝန်လေး၏ပုံစံက သဘောကောင်းမှန်း သိသာစေပါ၏။ ကျေးဇူးတင်စကားကိုပြောလျက် ဆေးအိတ်ကို ရှပ်အင်္ကျီအိတ်ကပ်ထဲသို့ ထည့်လိုက်ပါသည်။ ဆေးခန်းထဲမှထွက်စဉ် အဝအထိ လိုက်ကြည့်နေပါသည့် ဆရာဝန်လေးကြောင့် ရင်မောနေရပါ၏။ "ဒေါက်တာ ဘုန်းမြတ်သန့်စင်"တဲ့။ သူ့ရင်ထဲ ထိတ်သွားရတာ့အမှန်ပါ။ နာမည်က ဘာကြောင့် ဆင်တူနေရပါသနည်း။

❑ ❑ ❑



# အခန်း (၅)

"ငါ့သမီး ဘယ်လိုဖြစ်ရတာလဲ။ ကွန်ဒိုဆောက်လုပ်ရေးကို မကြာခဏ သွားနေတယ်ဆို"

Breakfast စားရန် ထမင်းစားခန်းထဲဝင်လာစဉ် ဖေဖေ့စကားကြောင့် လူက တွန့်ခနဲဖြစ်သွားရပါ၏။ သူမကို မာဆတ်ဆတ်ပြောခဲ့သည့် "မင်းထက်သာ" ကြောင့် စိတ်တိုနေပြီး နေရထိုင်ရတာ မသက်သာသလို မကြာခဏ တက်ခေါက်ပြီးပြောဆိုနေတတ်သည့် စိတ်ကြောင့် အိပ်ရေးပျက်တာလည်း ကြာနေချေပြီ။

ဒါကို မေမေက မရိပ်မိဘဲ ဖေဖေက ဘယ်လိုများ ရိပ်မိ

www.burmeseclassic.com



သွားရတာပါလိမ့်။ မောင်ဖြစ်သူကို စနောက်တတ်ပြီး ပျော်ပျော်နေတတ်သည့်အကျင့်က ဟိုတစ်လောကတည်းကပဲ ပျောက်ဆုံးနေမှန်း ကိုယ့်ကိုယ်ကိုယ် အသိဆုံးဖြစ်ပါ၏။ စိတ်က မလန်းဆန်းတာနဲ့ လူက ဘယ်လိုလုပ်ပြီး ပျော်နိုင်ပါ့မလဲ "လင်းလက်သန့်စင်"

"Check သွားလုပ်တာပါ ဖေဖေ။ ဘာဖြစ်လို့လဲ"

"မောင်နေလင်းဦးနဲ့ အလုပ်တွဲလုပ်လာတာပဲ ကြာလှပြီ။ အခုမှ ဘာကို စိတ်မချဖြစ်နေရတာလဲ၊ သမီးကို အဲဒီလို ပင်ပင်ပန်းပန်း လုပ်နေတာ မမြင်ချင်လို့ ရုံးမှာထိုင်ခိုင်းထားတာလေ"

မျက်နှာမရှုံ့မိအောင် မနည်းထိန်းထားရပါ၏။ မောင်ဖြစ်သူနဲ့က ပြဿနာမရှိပါ။ မိဘတွေကိုတော့ ဂါရဝတရားရှိရမည်ကို၊ မေမေက ပေါင်မုန့်ကြော်ပြီးသားကို ပေးလေသည်။ ဒီလို အချက်အပြုတ်တွေလည်း ဘာဆိုဘာမှ မတတ်သည့် မိန်းမတစ်ယောက်ပါပဲလား "လင်းလက်သန့်စင်"။

"တစ်နေကုန် ဒီလိုချည်း ထိုင်မနေချင်လို့ပါ ဖေဖေ"

"Reason က သိပ်ပြီး မခိုင်လုံသလိုပဲ"

"ဆာပြီ မေမေ"

"အဆင်သင့်ဖြစ်နေပါပြီရှင်၊ ထိုင်ပါ"





"ဒီနေ့ Duty စောတယ်ပေါ့လေ"

"ဟုတ်"

ခုံမှာဝင်ထိုင်လိုက်သည့် သူက အစ်မဖြစ်သူကို အကဲခတ်လိုက်မိပါ၏။ ခါတိုင်း တစ်အိမ်လုံး ဆူညံနေအောင် လိုက်ပြီး စနောက်နေတတ်သည့် မမက အခုတော့ ငြိမ်ချက်သားကောင်းနေသလိုမို့ တစ်အိမ်လုံး တိတ်ဆိတ်နေရတာ မဟုတ်လား။ အကြည့်ချင်း ဖျတ်ခနဲ ဆုံစဉ် မမက သူ့ကို မျက်စောင်းခဲလိုက်လေ၏။

"ဘာလဲ . . . နေရင်းထိုင်ရင်း"

"နင့်ပုံစံက စိတ်ချမ်းသာနေတာကိုး"

"ဟော . . . ဒါဖြင့် သမီးက စိတ်ဆင်းရဲနေရတယ်ပေါ့လေ။ ဘာကြောင့်လဲ"

"ဘာမှမဟုတ်ပါဘူး"

"ဒါဆိုရင် သားကို ဘာလို့ ပြဿနာရှာရသလဲ၊ အဆင်မပြေတာရှိရင် မိသားစုတွင်း ပြေပြေလည်လည်ပြောမှပေါ့"

"ဟုတ်သားပဲ၊ ဖေဖေ့ကို မပြောချင်လည်း မေမေ့ကိုပြောမှပေါ့"

မောင်က နှုတ်ခမ်းတွန့်ရုံလေး ပြုံးလိုက်လေ၏။ အပြုံးယောင်



www.burmeseclassic.com

www.burmeseclassic.com



ယောင်လေးမျှတောင် မမြင်ရသည့် မျက်နှာတစ်ခုကို ကွက်ခနဲ မြင်ယောင်လိုက်မိပါ၏။ လူပုံစံက ညှိုးငယ်နေသယောင်ထင်ရပေမယ့် မျက်လုံးအစုံကဖြင့် စူးရှတောက်ပလွန်းပြီး မာနအရိပ်တို့ အပြည့်ပင် မဟုတ်ပါလား။ ရှင့်ကြောင့် ကျွန်မစိတ်တွေ ထွေပြားနေတာအမှန်ပါ "မင်းထက်သာ"။

မိသားစုနဲ့တိုင်ပင်ပါတဲ့။ နေရာတကာ ပွင့်လင်းရိုးသားခဲ့သည့် "လင်းလက်သန့်စင်" ရဲ့ အတိတ်ဆိုးက အရိပ်ထိုးပြခဲ့တာ မဟုတ်လား။ အဲဒီကတည်းက ဘာမဆို မျိုသိပ်ပြီး ခံစားချက်ကို ကြိတ်မှိတ်သိမ်းဆည်းတတ်ခဲ့တာပါ။ မျက်နှာဖုံးစွပ်နေတဲ့လူ မဟုတ်ပေမယ့် အတိတ်ကိုမေ့ဖို့အတွက် စိတ်ကိုပျော်အောင်ထားခဲ့ရတာ ဘယ်လောက်ကြာခဲ့ပါသလဲ။

"ဦး" ထားခဲ့တဲ့နှစ်မှာ "လင်းလက်သန့်စင်" ရဲ့နှလုံးသား ကြေမွခဲ့ရတာအမှန်ပါ။

"သမီး"

"ရှင်"

"ဘာတွေ ဒီလောက်တောင် စဉ်းစားနေရတာလဲ"

ခေါင်းကိုသာခါပြလိုက်မိ၏။ ရှေ့ကိုသာ ဆက်လျှောက်ခဲ့တဲ့





ခြေလှမ်းတွေက ခွန်အားအပြည့်နှင့် မဟုတ်ပါလား။ နောက်ကို ဘာကြောင့်များ လှည့်ကြည့်ဖို့လိုပါ့မလဲ။ ခြေရာတွေထက်မှာ မျက်ရည်စက်တွေ ရှာလို့ကော တွေ့နိုင်ပါတော့မလား။ ရူးပါ့ "လင်းလက်သန့်စင်"။

"အဲဒီမျက်လုံးတွေကို မေမေ မကြိုက်ဘူးနော်။ ကြံ့သတိပေးထားပါရဲ့"

မျက်ရည်ဝဲသွားရပါ၏။ မေမေ ငယ်သံပါအောင် အော်ဟစ်ငိုကြွေးခဲ့တာကို သူမကာလွဲပြီး အားလုံးသိခဲ့တာပါ။ ခြောက်တန်းကျောင်းသားလေးဖြစ်သည့် မောင်၏ခေါ်သံသဲ့သဲ့ကိုသာ နောက်ဆုံးကြားခဲ့ရသည့်ည။ သူမ၏အနာဂတ်တစ်ခုလုံး ပျက်သုဉ်းခဲ့ရသည့်အတွက် နုငယ်သည့်နှလုံးသားက ခံနိုင်ရည်မှ မရှိခဲ့တာလေ။ ရူးမိုက်သည့်အရွယ်မို့ မိုက်မိုက်မဲမဲ လုပ်ဆောင်ခဲ့မိတာ အမှားတဲ့လား။ ဒီအရွယ်မှာ ပြန်တွေးမိတာက ပြုံးရုံမျှသာအဖြစ်အပျက်ပါပဲ။

"လင်း အသက် (၃၀) ပြည့်တော့မှာပါ မေမေရယ်။ ဒီလောက်တော့ သိနေပါပြီ"

"ငယ်စဉ်က မိုက်တာကို ဘယ်သူမဆို ခွင့်လွှတ်ပေးနိုင်ပါတယ် သမီး။ ကြီးလေချဉ်လေဆိုတဲ့ သံပုရာသီး ရှောက်သီးမျိုးတော့



www.burmeseclassic.com

www.burmeseclassic.com



မဖြစ်စေနဲ့ပေါ့''

ခေါင်းကိုညိတ်ရုံသာညိတ်ပြမိပါ၏။ စိတ်ညစ်တယ်ဆိုတာ အဝတ်လျှော်သလိုမျိုး ဖြူသွား ကြည်သွားအောင် လျှော်ဖွပ်လို့မှ မရတာပဲ။ သူမက လည်ချောင်းယားနေရုံတောင် အာခေါင်ထဲ brush ထိုးထည့်ပြီး ရှင်းချင်စိတ်ရှိသည့် စိတ်ရှုတ်မခံတတ်သည့်လူပါ။ ဒီလိုလူကိုမှ ဖယားလာရှုပ်ရသတဲ့လား ''မင်းထက်သာ''။

''မမ''

''ဘာလဲ''

''ခလုတ်တိုက်မိပြီလား''

''နင်နော်''

''ဟုတ်သားပဲ၊ အစွမ်းအစမရှိရင်လည်း ဝန်ခံမှပေါ့။ ဖေဖေ တို့ပဲ တာဝန်ယူရှာပေးပါ့မယ်''

''ပွဲတာတော့ ပွဲတယ်နော် ဖေဖေ။ ရောင်းမကုန်လို့ ဘာနဲ့ တွဲပြီး ကံစမ်းမဲဖောက်ပေးရမယ်မသိဘူး''

''မောင်''

''Sorry ကျွန်တော်က မမကို ပျော်စေချင်လို့ပါ''

စေတနာနှင့်ပြောမှန်းသိပါ၏။ ပျော်စေချင်လို့တဲ့လား။ ဒါဖြင့်





ရှင်ရော လောကမှာ နေပျော်ရဲ့လား ''မင်းထက်သာ''။ အပျော်မရှိ အပြုံးမရှိနဲ့ ဘောင်ခတ်ကြည့်ချင်တတ်တဲ့ အကြည့်စိမ်းတွေကို မကြာ ခဏ မြင်ယောင်နေမိတာ ဘာကြောင့်များပါလဲ။ ခပ်တည်တည် နေနေတာတောင်မှ ဤမျှကြည့်ကောင်းနေရင် ပြုံးလိုက်ရင် အဘယ်မျှ ပိုကြည့်ကောင်းသွားမှာပါလိမ့်။

အလို! . . . သူ့အကြောင်းတွေးမိပြန်ပါရောလား။ အလုပ်မှာ စိတ်နှစ်၊ အလုပ်ကိုပျော်ပိုက်နေတတ်သည်ဆိုသည့် သူမအဖြစ်က ခု တလော အတော်လေလွင့်နေသည့်နှယ်ပါ။ ရောဂါဆိုတာ တစ်ကြိမ် ပြန်ဖြစ်ရိုးထုံးစံရှိသော်ငြား ဒီအချစ်နာဆိုတဲ့ ရောဂါဆိုးမျိုးကိုဖြင့် ထပ်မံ မရချင်တာအမှန်ပါ။

''လင်းကို chance တော့ပေးပါ ဖေဖေ''

''ဘယ်လောက်ကြာမှာလဲ''

''ဒီနှစ်ထဲ အဖြေပေးနိုင်အောင် ကြိုးစားပါ့မယ်''

''OK! . . . အဲဒီလိုပြတ်သားမှ လင်းလက်သနစ်ဖင်အစစ်ပဲ''

မောင်က မျက်လုံးပင့်ပြရင်း ပြုံးလိုက်လေ၏။ ပုံစံက သိနေ သည်ဟူသည့် သဘောမျိုးနှင့်ပါ။ မိဘတွေရှေ့ စကားမများမိအောင် ထိန်းနေပါလျက် ဒီကောင်လေး ရန်စချင်ပြန်ပြီလား။ ဒီမောင်နဲ့ ဒီအစ်မ



www.burmeseclassic.com

www.burmeseclassic.com



မို့ ချစ်တာလည်း နှစ်ယောက်မရှိခဲ့သလို စနောက်အော်ဟစ် ဆူညံခဲ့တာလည်း နှစ်ပေါင်းကြာခဲ့ချေပြီ။

"ဘာလဲ"

"ဒီနှစ်ထဲဆိုကတည်းက ပေါက်လို့ကိုပြီ"

"ဘာကိုလဲ"

"မမ ရှာတွေ့နေပြီလို့လေ"

"ဘာ ... အံမာ"

"ဟုတ်လား သမီး"

"မဟုတ်ပါဘူး"

"ယောက်ျားကြိုက်တော့ ဆိုက်ဆိုက်လာ၊ မိန်းမကြိုက်တော့ မျှော်လိုက်တာလို့ပဲ စကားပုံရှိတာပါ။ မမက တရှောင်းရှောင်းသွားနေတာ မှုမမှန်လို့ပဲ"

"မောင်!"

အချွန်နှင့်မလေပြီကော။ မိဘနှစ်ပါးစလုံး သူမကို သတိထားကြည့်နေပြီမို့ နေရခက်လာပါ၏။ ချောင်ပိတ်မေးခွန်းတွေကို မဖြေဘဲ ရှောင်ချင်သည့်လူကိုမှ ပစ်မှတ်ဖြစ်စေသလား မောင်။ မျက်နှာထက် အမူအရာမပျက်အောင် ထိန်းလျက် မောင့်ခြေထောက်အဖျားလေးကို





ဖျတ်ခနဲ နာစေအောင် ဆောင့်နင်းလိုက်မိလေ၏။

"အ! ... လုပ်ပြန်ပြီ"

"နင်သာ နင့်ကိစ္စ နိုင်အောင်လုပ်စမ်းပါ။ ငါ့ကို လာကြပ်မနေနဲ့"

"မောင်နေလင်းဦးရော၊ မောင်ထွန်းနိုင်ပါ အိမ်ထောင်သည်တွေပါ။ ငါ့သမီး ဘယ်သူ့ကို မျက်စိကျနေလို့လဲ"

"မဟုတ်ရပါဘူး မေမေရယ်"

"မေမေတော့ ကြိုမှာထားမယ်နော်။ ငွေကြေးဥစ္စာ မပြည့်စုံချင်နေပါစေ၊ အကျင့်စာရိတ္တကောင်းပြီး ဘာသာတူ ပညာတတ်ထဲကပဲ ရွေးပါ သမီး။ မေမေ့သမီးအရွယ်က စိတ်ကိုအလိုလိုက်ရတော့မယ့် အရွယ် မဟုတ်တော့လို့ ဦးနှောက်နဲ့ အဓိကရွေးနိုင်ပါစေ"

ဦးနှောက်နဲ့ရွေးပါတဲ့လား။ စိတ်ကိုအလိုလိုက်ခဲ့ချိန်တုန်းကရော နှလုံးသားအလိုကျ ရွေးချယ်ခွင့်ရခဲ့လို့လား မေမေ။ ပြောကြတာဖြင့် လူဆိုတာ ကိုယ့်စိတ်ကိုကိုယ်ပဲ ပိုင်ကြတာဆို။ လင်းဘဝမှာ ကိုယ့်စိတ်တိုင်းကျ ဘာကိုများ ပိုင်နိုင်ဆုံးဖြတ်နိုင်ခဲ့ပါသလဲ။ ရင်ထဲက နှလုံးသားကိုတောင် ပေးချင်တဲ့လူကို ဆန္ဒအတိုင်း ပေးလို့ရတာမှ မဟုတ်တာလေ။



www.burmeseclassic.com

www.burmeseclassic.com



"သားရော ... ဘယ်တော့လောက် ဟောက်စ်ဆင်းတာပြီး မှာလဲ"

"မကြာတော့ပါဘူး ဖေဖေရဲ့"

"အေး ... ရှင်းသန့်လည်း မေးလှုပြီ"

လေးလေးဆို၍ သူ သတိရမိသွားပြန်လေ၏။ ဆေးခန်းကို လာမပြတော့တာမို့ ဆေးရုံသွားပြဖြစ်တာများလား။ ကတ်လည်း ပေး ထားတာမို့ သွားပြရင် သူ့ထံ ဖုန်းခေါ်စေချင်ပေမယ့် မခေါ်ပါချေ။ လေးလေးလည်း လူနာတစ်ဦးချင်းဆီရဲ့နာမည်ကို ဘယ်မှတ်နိုင်ပါ့မလဲ။ List ထဲမှာသာ နာမည်နဲ့ရောဂါအမည်ကို တွဲမှတ်ထားလေ့ရှိတာပါ။

"ရွှေးရင်လည်း ကျွန်တော့်ထက် အသက်ကြီးတာထဲက ရွှေးဦးနော်။ ငယ်နေရင် ယောက်ဖကို ခေါ်ရခက်တယ်"

"ကြည့်စမ်း ... နင်ပြောပြန်ပြီ။ အတော်အူမြူးနေတယ်ပေါ့ လေ"

"ဆရာဝန်ဆိုတာ မျက်နှာကိုမြင်ရုံနဲ့ လူနာရဲ့ရောဂါတစ်ဝက် သက်သာစေတဲ့ အပြုံးမျိုး ရှိရတယ်တဲ့။ ဒါလေးတောင် မသိဘူးလား"

"ငါ့ကို ဆရာလုပ်ပြန်ပြီ"

မှန်ပါသည်။ ထိုအပြုံးမျိုးရှိသည့် 'ဦး' က လင်းအပေါ်





နွေးထွေးစွာ ပြောဆိုဆက်ဆံပေးခဲ့တာကိုများ စိတ်ယိုင်ခဲ့ပါသလား။ မဖြစ်နိုင်ပါ။ လင်းအပေါ် ကြင်နာတဲ့အကြည့်မျိုးနဲ့ အမြဲတမ်း တစိုက် မတ်မတ် ကြည့်ခဲ့သည့် မျက်ဝန်းအစုံရဲ့ အဓိပ္ပာယ်ကိုတော့ ဘာသာ ကောင်းကောင်း ပြန်နိုင်ခဲ့တာ အမှန်ပါ။ အကြင်နာအကြည့်တွေရဲ့ အကြောင်းက အခုတော့ ရေပေါ်မှာရေးမိတဲ့ အရုပ်တွေနှယ် အရာ မထင်တော့လေပြီ။

"မာနလေး နည်းနည်းလောက် လျှော့လိုက်ပါ မမရဲ့"

"မလျှော့နိုင်ဘူး"

"အဲဒါဆို ဘယ်သူက မမကို လာကြိုက်ရဲမှာလဲ။ လာကြိုက် ရဲကြိုက်ကြည့်၊ မိုက်ရင် ရိုက်ပစ်မယ်ဆိုတဲ့ စူးစူးရဲရဲအကြည့်ကြီး"

"နင်နော် ... ငါ့ကို ဖဲ့ပြန်ပြီ"

"မဟုတ်လို့လား။ ကိုယ့်ကိုယ်ကိုယ် မှန်ထဲလည်း ပြန်ကြည့် ဦး။ မိန်းကလေးဆိုတာ နူးနူးညံ့ညံ့၊ သိမ်သိမ်မွေ့မွေ့၊ ယဉ်ယဉ်ကျေး ကျေးလေးနဲ့ စကားပြောရင် တိုးတိုးသာသာလေးမှ ယောကျ်ားလေး တွေ သဘောကျတော့မှာပေါ့"

"နင်ပြောတဲ့ ဆင်မယဉ်သာ ခြေတစ်လှမ်း ကုဋေတစ်သိန်း ခေတ်က Long Long Ago မှာ ကျန်ခဲ့ပြီ။ အဲဒီလိုသာ လျှောက်နေ



www.burmeseclassic.com

www.burmeseclassic.com



ရင် လမ်းမှာ ကားတိုက်၊ နောက်လိုက်မပါဘဲ အဝီစိကို တန်း ဆင်း ရုံပဲရှိမယ်''

''တွေ့လား ... ပြောလိုက်ရင် တုတ်ထိုးအိုးပေါက်ကြီးနဲ့ မေမေ့သမီး မဂျမ်းတော''

''အောင်မာ ... နင်သာ မတုန်မလှုပ် ကျောက်ဆစ်ရုပ်။ အီစီကလီ ကောင်မလေးတွေပဲ ကြိုက်ပါ။ လင်းလက်သန့်စင်တို့က ဟော့ဟော့ဒိုင်းဒိုင်းသမားပဲ။ ဂျပန်မူလီလို လိုက်ကျစ်မနေနဲ့ မောင်။ နင်သာ အိညှောင်ညှောင်မိန်းကလေးတွေမဲ မျက်စိကျပါ''

မောင်က အစ်မပြောတာကို တဟားဟားဖြင့် သဘောကျနေလေတော့၏။ ဒီကောင်လေး ခုတလော တကယ်ကြည်နူးနေပါလား။ ဘာကြောင့်များပါလဲ။ အချစ်ဆိုတာကို ရှာဖွေတွေ့ရှိနေပြီလား မောင်။ နှမ်းတွေ့ ဒူးတွေ့ ကြုံခဲ့ဖူးတဲ့ မမအတွက် အချစ်ဆိုတာက နှလုံးသားကို လာစိုက်ဝင်တဲ့ မြားတစ်စင်းနဲ့ သဏ္ဍာန်တူနေတာပါလေ။

ဒဏ်ရာသေးသေးလေးနဲ့ပဲ ပါးပါးလေးပြီးသွားတာမျိုး မဟုတ်ရပါဘူး။ တဖြည်းဖြည်းနဲ့ စူးနင့်ဝင်ရောက်စေပြီး အဆိပ်တွေ ပျံ့နှံ့စေခဲ့တဲ့ ဒဏ်ရာမျိုးပါ။ နာကျင်ခြင်းတွေက အဆုံးမဲ့ပါပဲ။ ရင်နင့်ခြင်းတွေအပြည့်နဲ့ ခံစားချက်တွေ ထိန်းမရခဲ့လို့ ကိုယ့်အသက်ကိုတောင်





နှုမြောဘဲ ရန်ရှာတတ်ခဲ့တာ မဟုတ်လား။

မချစ်ရဲတော့ပါ၊ မချစ်ဝံ့တော့ပါ။ ချစ်ဖို့အင်အားတွေ ဆုတ်ယုတ်ပျောက်ကွယ်လုအထိ ဖြစ်နေလို့ပါပဲ။ သို့သော် ချစ်ခြင်းအလျှဉ်း မရှိနိုင်သည့် အိမ်ထောင်တစ်ခုကိုဖြင့် သူမ ဆောက်တည်ရဦးမည်လေ။ ရင်မောရပါ့ ''လင်းလက်သန့်စင်''

❑❑❑



www.burmeseclassic.com

www.burmeseclassic.com

## အခန်း (၆)

Plastic File Bag လေးကိုပိုက်၍ ထီးဆောင်းလျက် အိမ်မှထွက်ခဲ့ပါ၏။ မြေနီလမ်းထက်မှာ မိုးစက်တို့က တဖွဲဖွဲကျနေလေသည်။ မိတ္တူဆိုင်က ဈေးထိပ်များမို့ ဈေးရှိရာဆီ ခပ်သွက်သွက်လေး လျှောက်လာခဲ့၏။ လေရောမိုးပါ အတူရောပြီး တိုက်နေတာမို့ ထီးကို မြဲအောင်ကိုင်ထားရပါသည်။

"ဝေါ!"

အပင်တွေ တစ်ပင်နဲ့တစ်ပင် ရိုက်ခတ်သံက ကြောက်စရာကြီးပါပဲ။ "ကြောက်လား" ဟု ပါးချင်းကပ်ပြောလိုက်သည့်အသံကို





ကြားလိုက်မိစဉ် အံကိုတင်းတင်းကျိတ်လိုက်မိ၏။ စိတ်ကစားတတ်သည့်အရွယ်ကိုမှ ယုံမှတ်ခဲ့မိတာကိုး။ အသည်းကွဲတယ်ဆိုတာ သူများတွေအတွက် ဘာမှမဟုတ်ပေမယ့် ငြိမ်းအတွက်ကဖြင့် စိတ်ဒဏ်ရာ အကြီးကြီးရခဲ့ရတာပါ။

"ငါတို့တွဲနေကြပြီ"

ခနဲ့တဲ့တဲ့အပြုံးဖြင့် သူမကို စူးစိုက်ကြည့်ခဲ့သည့် နိုင့်မျက်နှာကို ယနေ့တိုင် မမေ့ဖျောက်နိုင်ခဲ့၊ အချစ်ဆုံးချစ်သူ "ထက်မြက်ဝိုလ်" က အချစ်ဆုံးသူငယ်ချင်းဖြစ်တဲ့ "နှင်းဆီနိုင်" ကိုမှ သူမအပေါ် သစ္စာဖောက်ပြီး တွဲခဲ့တာတဲ့လေ။ အပျော်လို့ ယူဆပြီး ခေါင်းညိတ်ခဲ့တာမှ မဟုတ်တဲ့။

"ကိုယ်တို့က အရင်းနှီးဆုံးတွေမို့ ငြိမ်း နားလည်မှာပါ"

"နားလည်မှာပါ" တဲ့၊ နားလည်မှုတွေနဲ့ တည်ဆောက်ထားတဲ့ အချစ်အိမ်လေးကို သူမို့ ဖြိုချရက်ရတယ်လို့၊ ရင်ခုန်သံချင်း အမြဲနီးနေချင်တယ်ဆို၊ ငြိမ်းရဲ့ ရှုမဝတဲ့ မျက်နှာလေးကို မျက်တောင်မခတ်မိအောင် စက္ကန့်မလပ် ကြည့်နေချင်ပါသတဲ့၊ ကျောင်းသွားတိုင်း ကားစီးသည့်အခါမျိုး စာသင်ချိန်အခိုက်မျိုးမှာ လက်မောင်းချင်းထိနေမှ နေသာတယ်ဆိုသည့် ကောင်လေးပါ။



www.burmeseclassic.com

www.burmeseclassic.com



ဆံနွယ်ရှည်တွေကို မြတ်နိုးသလို ဒီမျက်ဝန်းနက်လေးက သူ့ရင်ကို တဒိတ်ဒိတ်အခုန်မြန်စေခဲ့ပါသတဲ့။ တခြားကောင်လေးတွေ ကြည့်တာကို သိတိုင်း ပိုင်စိုးပိုင်နင်းဖြင့် လူကြားထဲမှာ ပခုံးကိုဖက်ထားတာကရော။ လူတွေမမြင်အောင်ဆိုပြီး ညာတာပါတေးနဲ့ ဆံပင်ကို နိုးနမ်းတိုင်း ငြိမ်းရင်တွေ အဘယ်မျှ ခုန်ခဲ့ရပါသလဲ။

ယုံအောင်လည်း၊ ပြောတတ်သလို လွမ်းအောင်လည်း ခွဲတတ်မှန်း သိသိကြီးနဲ့ မျက်စိစုံမှိတ် ချစ်မိခဲ့သည့် ငြိမ်းမှာသာ အပြစ်ရှိခဲ့တာအမှန်ပါ။ ရုပ်ရှင်ကြည့်ကြစို့ဆိုလည်း No၊ ပန်းခြံသွားမယ်ဆိုလည်း No၊ ညအိပ်ခရီးသွားရအောင်ဆိုလည်း No ဟူသည့် တူညီသောအဖြေကိုသာ ပေးဖြစ်ခဲ့တာပါ။

မိဘတွေမရှိတော့ပေမယ့် အစ်ကိုကြီးအဖအရာဟူသည့် ထီးရိပ်အောက်မှာ ဗိုင်းကောင်းကျောက်ဖိ နေတတ်မှသာ မိန်းမကောင်း အဖြစ် အများက သတ်မှတ်ကြမှာလေ။ ချစ်ရင် အလိုမလိုက်မိစေနဲ့တဲ့။ အရှက်အကြောက်ကြီးသည့် မိန်းကလေးကိုမှ အပျော်သဘော ချစ်တမ်းကစားခဲ့တာတဲ့လား။

ရင်ခုန်ခြင်းရဲ့အဆုံးသတ်က နောင်တဟု ကြိုမြင်တတ်ခဲ့ပါလျှင် "ဗိုလ့်ကိုချစ်တယ်" ဟူသည့်အဖြေကို ပေးမိခဲ့မှာ မဟုတ်ပါချေ။





လူမှန်လျှင် လူစည်းကိုတော့ စောင့်ထိန်းနိုင်ရမှာအမှန်ပါ။ အခုတော့ အကြောင်းသိခြင်းဖြစ်ခဲ့သည့် သူငယ်ချင်းနဲ့မှ မျက်နှာပြောင်တိုက်ပြီး ဇာတ်လမ်းပြောင်းသွားခဲ့သည့် လူကို လွမ်းနေလည်းအပိုပါပဲ။

မုန်းတီးခဲ့ရိုး မရှိပါ။

နာကျင်နေရတာတော့အမှန်ပါပဲ။

လွမ်းဆွတ်တမ်းတခြင်းမရှိပါ။

ရှက်ရွံ့နာကြည်းခဲ့ရတာ မဟုတ်ပါလား။

"မေ့လိုက်ပါ ညီမလေး"

အိပ်ရာထက်လဲနေသည့် ငြိမ်းဖေါ်လက်ကို တင်းတင်းဆုပ်ကိုင်လျက် အားပေးခဲ့သည့် အစ်ကိုနှင့်အတူ ငိုကြွေးခဲ့ရသည့်နေ့ကို မမေ့နိုင်ခဲ့။ မှတ်မှတ်ရရကြီးကိုဖြစ်ခဲ့တာပါ။ မုန်းရတာက လွယ်ပေမယ့် မေ့ဖို့က မလွယ်တာကို အစ်ကိုလည်းသိမှာပါ။ "ခဏတဖြုတ် ချော်လဲပြီး ဒဏ်ရာရခဲ့တာပါ" တဲ့။ အဲဒီဒဏ်ရာက မြန်မြန်ကုသပြီး ပျောက်နိုင်တဲ့နေရာမှာမဟုတ်တဲ့ နှလုံးသားမှာတဲ့လေ။

ကြာခဲ့ပါပြီ။ တစ်ခါတလေ အမှတ်တမဲ့အနေနဲ့ သတိရမိသွားရုံပါ။ လွမ်းတသသ ဖြစ်နေတာမျိုး မဟုတ်ရပါဘူး။ တစ်ချိန်ချိန်မှာ တိုက်ဆိုင်မှုတစ်ခုခုကြောင့် အဲဒီနှစ်ယောက်နဲ့ ဆုံခဲ့ပါက မှုမပျက်သည့်



www.burmeseclassic.com

www.burmeseclassic.com



အပြုံးမျိုးနဲ့ ပြုံးပြနိုင်ဖို့အတွက် ခွန်အားတွေ စုဆောင်းထားဖြစ်ခဲ့တာပါ။

မိတ္တူဆိုင်ထဲဝင်ကာ ကလေးတွေစာသင်ဖို့အတွက် ကူးတာကို စောင့်ရပါ၏။ ဒီနေ့ ဈေးဝယ်စရာမရှိတာမို့ အေးအေးဆေးဆေး အချိန်ရလေသည်။ ဒီနှစ်ကလေးတွေစာသင်ပြီးရင် နောက်နှစ်မှာ စာသင်ဝိုင်းကိုဖျက်တော့မှာပါ။ သင်တန်းတွေတက်နေတာလည်း ပြီးပြီမို့ ကုမ္ပဏီတွေမှာ အလုပ်ခေါ်လျှင် ဝင်လျှောက်ပြီး ရပါက လုပ်ဖြစ်မှာလေ။

"ရပြီ ငြိမ်းရေ ... (၈) စုံနော်။ စစ်ကြည့်လိုက်ဦး"

"ဟုတ်ကဲ့ အစ်မ"

စာရွက်တွေစစ်တာကိုလုပ်ပြီး ကူးသင့်ငွေရှင်းလိုက်ပါ၏။ ဆိုင်ထဲမှထွက်စဉ် အပြင်ရှိ ရေပုံးထဲမှာထည့်ထားသည့် ထီးကိုယူ၍ ဖွင့်လိုက်ပါသည်။ ခပ်မြင့်မြင့်လေးဆောက်ထားပါသည့် ဆိုင်လှေကားမှ လမ်းပေါ်ဆင်းလိုက်၏။ မိုးက သိပ်မရွာတော့တာမို့ ထီးပိတ်လိုက်ချင်ပေမယ့် ခေါင်းကို မိုးစိုပါက အစ်ကိုဆူမှာစိုး၍ ဆက်ဆောင်းဖြစ်နေပါသည်။

"အမယ်လေး! ... ကျွတ်! ... ကျွတ်!"





"ဟယ်!"

နောက်ဖက်မှ တစ်စုံတစ်ယောက် ချော်လဲသံကြောင့် လှည့်ကြည့်လိုက်မိ၏။ ခပ်ပြည့်ပြည့်အမျိုးသမီးကြီးက ရေအိုင်အနီးမှာ ခြေချော်လဲကျနေချေပြီ။ လက်ထဲမှ ဈေးဝယ်လာသည့် ဈေးခြင်းကလည်း ဘေးမှာ တုံးလုံးလဲနေလေ၏။ အသက်ကြီးသည့်လူကြီးကို မိုးထဲလေထဲ တစ်ယောက်တည်း လွှတ်လိုက်ရပါသလား။ မစိုးရိမ်တတ်ကြပါလားနော်။

"ထလို့ရပါသလား အန်တီ၊ ငြိမ်း ကူပြီးထူပေးပါ့မယ်"

"အေးကွယ် ... နေ့တိုင်းလာနေတဲ့ဈေးကို ဒီနေ့မှ ဘယ်လိုဖြစ်ပြီး ခြေချော်တယ်မသိတော့ပါဘူး။ နာလိုက်တာသမီးရယ်"

"မတ်တတ်ရပ်လို့မရဘူးလား"

"ခြေမထောက်နိုင်ဘူး"

"ခေါက်ကျလို့ ခြေဆစ်ထိသွားတယ်ထင်တယ်။ ကားနဲ့လာတာပါလား အန်တီ"

"မဟုတ်ဘူး သမီးရဲ့၊ Taxi နဲ့ပြန်မှာ"

"ခဏထိန်းပြီး ရပ်ထားနော်။ ငြိမ်း Taxi ခေါ်ပေးပါ့မယ်။ အိမ်မှာ ဘယ်သူရှိလဲ"



www.burmeseclassic.com

www.burmeseclassic.com



"မရှိကြဘူး။ အကုန်လုံး အလုပ်သွားကြတယ်ကွဲ့"

တူလှချည်လား။ ငြိမ်းလည်း အိမ်မှာ တစ်ယောက်တည်း အမြဲနေခဲ့ရတာလေ။ အိမ်အလုပ်တစ်ဖက်၊ သင်တန်းတစ်ဖက်၊ စာသင်ဝိုင်းတွေနဲ့မို့ ပျင်းချိန်သိပ်မရှိပါ။ သို့သော် ဤ (၄၀) ကျော် (၅၀) ဝန်းကျင် အမေအရွယ်အမျိုးသမီးကြီးကိုတော့ အထီးကျန်စွာ နေရတာကိုဖြင့် ကိုယ်ချင်းစာနာမိတာအမှန်ပင်။ အဘယ်မျှ ပင်ပန်းလိုက်ပါမည်နည်း။ Taxi ရပ်ထားရာဆီသွားကာ ခေါ်လိုက်ပါ၏။ အန်တီကြီးကိုတွဲ၍ ကားထဲဝင်စေပါသည်။ ပြီးမှ ဈေးခြင်းတောင်းကိုပါ ယူ၍ Taxi ထဲ ဝင်ထိုင်လိုက်မိတော့လေ၏။

"သမီးက"

"အိမ်မှာ ဘယ်သူမှမရှိဘူးဆိုလို့ ငြိမ်း လိုက်ပို့ပါ့မယ် အန်တီ။ လိုအပ်ရင် ဆေးရုံ ဆေးခန်းသွားလည်း ကူညီရအောင်လို့ပါ"

"အားနာလိုက်တာ ကလေးရယ်"

"ရပါတယ် အန်တီ"

ဒေါ်သော်တာလင်းတစ်ယောက် ခြေထောက်နာနေသည့်ကြားမှ ကျေနပ်စွာပြုံးလိုက်မိလေ၏။ ဒီနေ့ ကံကောင်းတာလား ကံဆိုးတာလားပင် မသိတော့ပါ။ သားနှင့်သမီး ပြောကြသလို ခလုတ်တိုက်ပြီး ဖူးစာရှင်တွေ့တာမဟုတ်တဲ့ မေခလာနတ်သမီးနဲ့ ဆုံရသည့်နယ်ပါ။ အဘယ်မျှ ချစ်စဖွယ်ကောင်းလိုက်သည့် ကလေးမလေးပါလဲ။

ကူညီတတ်သည့် စိတ်က ဖြူစင်သလို မျက်နှာအမူအရာက အစ သိမ်မွေ့တည်ငြိမ်လွန်းတာ မဟုတ်လား။ သားတော်မောင် သဘောကျတာ ဘယ်လိုပုံစံမှန်း မသိသော်ငြား မိမိကဖြင့် ဤကလေးမကို သဘောကျမိနေလေပြီ။ မျက်တောင်ကော့ကော့လေးတွေကို ရော၊ ဆံပင်ရှည်လေးတွေကိုပါမက ဝတ်ပုံစားပုံအကုန်လုံး စိတ်တိုင်းကျမိတာအမှန်ပါ။

"သမီးကို တွေ့ဖူးသလားလို့"

"ငြိမ်းက ခါတိုင်း စက်ဘီးစီးပါတယ် အန်တီ။ ဟိုတလောက စက်ဘီးလဲပြီး ဒဏ်ရာရသွားတာနဲ့ အစ်ကိုက မစီးခိုင်းတော့လို့ပါ"

"အစ်ကို ရှိတယ်ပေါ့"

"ဟုတ်ကဲ့"

"အရင်းလား"

"ဟုတ်ပါတယ် အန်တီ"

"မိဘတွေရော"

ခပ်သွက်သွက်ပြန်ဖြေနေပါသည့် မျက်နှာလေးက ညှိုးငယ်






www.burmeseclassic.com

www.burmeseclassic.com



သွားလေ၏။ ဘာဖြစ်လို့ပါလဲ။ စကားထဲမှာ အမှားပါသွားမှာကို စိုးရိမ်တကြီး ဖြစ်သွားရပါသည်။ မိသားစုအကြောင်းကို စပ်စုတာမျိုး မဟုတ်ရပေမယ့် မိတ်ဖြစ်ဆွေဖြစ် နည်းနည်းတော့ တီးခေါက်ကြည့်မိရုံပါ။

"မေမေက ငြိမ်းကို မွေးပြီး မီးတွင်းထဲမှာပဲ ဆုံးသွားပါတယ် အန်တီ။ ဖေဖေကတော့ ငြိမ်း (၆) တန်းနှစ်မှာ ဆုံးခဲ့တာပါ"

"ဖြစ်ရလေကွယ် . . . အန်တီစိတ်မကောင်းလိုက်တာ။ အစ်ကိုပဲ ရှာကျွေးနေတာပေါ့လေ"

"ဟုတ်ကဲ့"

"သမီးက ကျောင်းနေတုန်းပဲလား"

"မဟုတ်ပါဘူး အန်တီ၊ ဘွဲ့ရပြီးပါပြီ။ အလုပ်ဝင်ဖို့ သင်တန်းတွေ တက်နေတာပါ"

"ဟုတ်လား။ အေးအေး . . . မောင်ရင်၊ ရှေ့ကလမ်းထဲ ကွေ့လိုက်ပါကွယ်။ ထောင့်ဆုံးခြံရောက်ရင် ရပ်လိုက်ပါ"

Taxi က အန်တီကြီးပြောသည့် ခြံရှေ့မှာပင် ရပ်ပေးလိုက်ပါ၏။ ဈေးခြင်းတောင်းနှင့်အတူ ငြိမ်းက အရင်ဆုံး ဆင်းလိုက်ပြီးမှ အန်တီ့ကိုတွဲပြီး ကားပေါ်မှဆင်းစေပါသည်။

အန်တီက ပိုက်ဆံအိတ်ဖွင့်ကာ ကားခရှင်းပေးပြီး သူ့





လက်ထဲသို့ သော့တွဲ လှမ်းပေးလိုက်လေ၏။

ခြံတံခါးသော့ဖွင့်ကာ အိမ်ရှိရာဆီ ဖြည်းဖြည်းတွဲလျှောက်လာခဲ့ရပါသည်။ တိုက်အိမ်သော့ကိုလည်း ငြိမ်းပင် ဖွင့်လိုက်ပါ၏။ အန်တီ့ကို ညေ့ခန်းဆက်တီမှာထိုင်စေပြီး ဈေးဝယ်လာသည့် ပစ္စည်းတွေကို မီးဖိုဆောင်ထဲက စားပွဲထက် တင်ထားလိုက်ပါသည်။

မဖြစ်သေးပါဘူး။ အန်တီက ဒီလောက်ခြေထောက်နာနေတာမို့ ဘယ်လိုများ ချက်ပြုတ်လို့ ရပါတော့မလဲ။ ခက်လိုက်တာနော်။ နေ့လယ် (၁) နာရီသင်တန်းရှိသေးတာမို့ ပြန်ပြန်ပြန်ရမှာပါ။ အခုအန်တီ့ကို တစ်ယောက်တည်း ထားခဲ့ရမှာ စိတ်မချသလိုပါပဲ။ မိခင်ရင်ငွေ့မလှုံခဲ့ရလို့ပဲများလား။ သံယောဇဉ် အတိမ်အနက်သဘောကမှန်းရခက်တာ မှန်နေပြီထင်ပါ၏။

"ဆေးခန်းဖြစ်ဖြစ် သွားမလားအန်တီ"

"နေပါစေ သမီးရယ်၊ ဆေးလူးပြီး ပတ်တီးစည်းထားရင် သက်သာမှာပါ"

"ဒါဖြင့် . . . ငြိမ်း လူးပေးမယ်လေ"

"အန်တီ လုံချည်အရင်လဲရမယ်။ အခန်းထဲ သွားယူပေးပါ သမီးရယ်။ ဗီရိုအညိုက အန်တီ့အဝတ်ဗီရိုပါ။ ဒီမှာသော့"



www.burmeseclassic.com

www.burmeseclassic.com



ယုံကြည်စွာဖြင့် သော့အပ်ပြန်ချေပြီ။ အခုမှစသိတဲ့ သူမအပေါ်မှာ ဒီလောက်ထိ ယုံရတယ်တဲ့လား။ တခြားလူဆို ဘယ်လိုလုပ်မလဲ။ အိမ်ကြီးအကြီးကြီးထဲမှာ တစ်ယောက်တည်း စိတ်ချစွာထားခဲ့သည့် အိမ်သားတွေကို အံ့ဩရပါ၏။ လူလိမ်တွေ ဒါမှမဟုတ် ဒုက္ခပေးမယ့်လူတွေသာ ဝင်လာရင် ဘယ့်နှယ်လုပ်မလဲ။

အခန်းထဲဝင်ကာ အန်တီပြောသည့် ဗီရိုကိုဖွင့်၍ ခပ်လတ်လတ်ပါတိတ်တစ်ထည်ကို ယူလိုက်ပါ၏။ တခြားအထပ်တွေ၊ အခြားနေရာတွေမှာ ဘာအဖိုးတန်ပစ္စည်းတွေ ရှိနေမည်ဆိုသည်ကို မျက်စိမကစားမိပါ။ ဘာသာတရားကို အလေးထားသူမို့ ငါးပါးသီလကို လုံခြုံအောင်ထိန်းကာ မျက်စိနှင့်စိတ်ပါ မပတ်များမိအောင် သတိထားတတ်ပါသည်။

လုံခြည်လဲပြီးသည်နှင့် ဖွက်ပေလာသည့်လုံချည်ကို လျှော်ရန် ရေချိုးခန်းထဲမှာ ရေအရင်စိမ်ထားပေးလိုက်ပါ၏။ ဆေးသေတ္တာထဲမှ ဆေးဘူးနှင့် ပတ်တီးကိုယူကာ အန်တီ့ခြေမျက်စိနှင့် ခြေဖမိုးတို့ကို ဆေးစိမ့်ဝင်အောင်လူးကာ ပတ်တီးကြပ်ကြပ်လေး စည်းနှောင်ပေးလိုက်ပါသည်။ လက်ဆေးရင်းဖြင့် လုံချည်ကိုပါ တစ်ခါတည်း လျှော်ပေးလိုက်ပါ၏။





“အန်တီ ဘာမှမချက်ရသေးဘူးပေါ့”

“အင်း . . . အိမ်မှာက အကုန်လုံးလိုလို အလုပ်သွားကြတော့ ညနေစာပဲ စားဖြစ်ကြတယ်လေ။ မနက်ပိုင်း အန်တီတစ်ယောက်တည်းဆိုတော့ ဖြစ်သလိုပဲ စားလိုက်တာ များတယ်”

“ဒါဖြင့် အန်တီ ခြေမထောက်နိုင်တော့ ငြိမ်း ချက်ပေးခဲ့ရမလား”

“အားနာလိုက်တာ သမီးရယ်၊ ဖြစ်ပါ့မလား”

“ရပါတယ် အန်တီရဲ့။ မြန်မြန်ကျက်မယ့်ဟင်းတွေပဲ ချက်ပေးခဲ့မှာပါ”

နှုတ်မှသာ မြန်မြန်ကျက်မယ့်ဟင်းဟု ပြောပေမယ့် လက်တွေ့မှာဖြင့် လက်ဝင်သည့်ဟင်းတွေချည်းသာ။ သင်တန်းတော့ ဒီနေ့ ချက်ပြီဟု တွေးလိုက်မိပါ၏။ သို့သော် တမင်သက်သက်ကြီး ပျက်ကွက်မှုဟုတ်ဘဲ ကုသိုလ်ရဖို့အတွက် လုပ်ပေးရသည့် မွန်မြတ်သည့် အလုပ်မို့ ဖြေသာနိုင်လေသည်။

မီးဖိုဆောင်မှာ လာထိုင်ရင်း ကြက်သွန်နွှာတာ၊ အရွက်ခြွေတာတို့ကို ကူလုပ်ပေးနေသည့် အန်တီက စကားတပြောပြောနှင့်မို့ အလုပ်က အမြန်ပြီးသွားပါ၏။ အကျူခေါ်ထားသည့်ကောင်မလေးက



www.burmeseclassic.com

www.burmeseclassic.com



အမေ နေမကောင်း၍ ရွာပြန်သွားတာ၊ ခြံရှင်းပေးသည့် ဦးလေးကြီးက တစ်ပတ်တစ်ကြိမ်သာ လာလေ့ရှိကြောင်း သိခွင့်ရခဲ့လေသည်။

အန္တရာယ်ရှိတာမို့ အိမ်တံခါးတွေ လုံခြုံအောင်ပိတ်ပြီးနေရန် သေချာမှာခဲ့ရပါ၏။ ခြံတံခါးကို ဂလန့်ထိုးပေးခဲ့ပြီး အိမ်ပြန်ခဲ့ပါသည်။ ကိုယ့်အရေးမဟုတ်ပေမယ့် ရင်မောရသည့် တစ်နေ့ခင်းပါပဲ။

❑❑❑



## အခန်း (၇)

ကုမ္ပဏီဝင်းထဲသို့ ဝင်ပြီးရပ်လိုက်သည့် Taxi ပေါ်မှဆင်းကာ ကားခရှင်းပေးလိုက်၏။ လက်ထဲမှာပါလာသည့် file ကို ချိုင်းမှာညှပ်ကိုင်လိုက်ပြီး ကားခရှင်းလိုက်ပါသည်။ ပြီးနောက် ကုမ္ပဏီရှိရာဆီသို့ ခြေလှမ်းကို သွက်သွက်လှမ်းလိုက်ပါ၏။ အင်ဂျင်နီယာတွေ မအားကြတာမို့ သူ့ကို ကိုယ်စားလွှတ်လိုက်တာပါ။ လူကြီးတွေနှင့်တွေ့ရမှာ ရင်လေးစရာပင် မဟုတ်ပါလား။

“GM ဒေါ်လင်းလက်သန့်စင်နဲ့တွေ့ဖို့ ပြောထားပါတယ်”

“လေးလွှာကို သွားလိုက်ပါ”



www.burmeseclassic.com

www.burmeseclassic.com



"ဟုတ်ကဲ့"

မြေညီထပ်မှဝန်ထမ်း ညွှန်လိုက်သဖြင့် ဓာတ်လှေကားရှိရာဆီသို့ ဆက်လျှောက်ခဲ့ရပါ၏။ ဆိုက်ထဲမှာလို ပူလောင်မနေဘဲ ကုမ္ပဏီထဲမှာ Aircon က အေးစိမ့်နေလေသည်။ အကျင့်ဖြစ်လို့မရဘူး "မင်းထက်သာ"။ အိုက်ရင် ယပ်တောင်နဲ့ယပ်ခတ်၊ ချမ်းရင် လက်ရှည်တစ်ထည်ထောက်စွပ်ရုံနဲ့ သဘာဝဒဏ်ကို ကြံ့ကြံ့ခံနိုင်ရမှာလေ။

နာရီကိုကြည့်တော့ ညနေ (၄) နာရီရှိနေပြီမို့ ဒီအချိန် ညီမလေးတစ်ယောက် ကလေးတွေကို ကျူရှင်ပြနေတုန်းပါပဲ။ အပြင်ထွက်အလုပ်မလုပ်စေချင်ပေမယ့် ကိုယ့်ခြေထောက်ပေါ် ကိုယ်ရပ်နိုင်ဖို့ သင်ထားပေးသဖြင့် ငြိမ်းကိုတားလို့မရပါချေ။ မျက်စိရှေ့မှာတင် မိဘနှစ်ပါးလုံးက သူတို့မောင်နှမကို မျက်ကွယ်ပြုခဲ့ကြတာ မဟုတ်ပါလား။

လေးလွှာမှာရပ်သွားသည့် ဓာတ်လှေကားထဲမှ ထွက်လိုက်ပါ၏။ Corridor မှာလျှောက်ရင်း ရုံးခန်းနံပါတ်တွေနှင့် ရာထူးတွေကိုပါစစ်ကြည့်ခဲ့ရလေသည်။ ထောင့်ဆုံးမှာရှိနေသည့် ရုံးခန်းရှေ့မှာ ခြေစုံရပ်လိုက်မိ၏။ နာမည်နှင့်ရာထူးအမည်က ခပ်ကြီးကြီးစာလုံးမို့ ထင်သာမြင်သာရှိပါသည်။

"ခေါက်! . . . ခေါက်!"





တံခါးခေါက်လိုက်ပေမယ့် တုံ့ပြန်သံမကြားရပါ။ ဘာလဲအထဲမှာမရှိဘူးလား။ စောင့်ရသည့်အလုပ်ကို မနှစ်မြို့သူမို့ မျက်မှောင်ကျုံ့သွားရလေ၏။ ထားပါတော့၊ သူများလက်အောက်မှာ လုပ်နေရသရွေ့ သည်းခံတတ်ရမှာပါ။

"ခေါက်! . . . ခေါက်!"

"ဘယ်သူလဲ၊ ဘာကိစ္စရှိလို့လဲ"

အသံက အထဲမှမဟုတ်ဘဲ သူ့နောက်မှ ထွက်လာတာမို့ လှည့်ကြည့်လိုက်မိ၏။ အတွင်းရေးမှူးပုံစံအပြည့်ရှိသည့် မိန်းကလေးက သူ့ကို စူးစူးစမ်းစမ်းဟန်ဖြင့် ကြည့်လိုက်လေသည်။ အထဲမှာ သူမ ရှိမနေတာ သေချာနေပြီထင်ပါရဲ့။

"တက်နေဝန်းဆောက်လုပ်ရေးက လွှတ်လိုက်တာပါ"

"သြော် . . . မမနဲ့ လာတွေ့တာလား။ ပြောတော့ပြောထားတယ်။ အထဲမှာ ဝင်ထိုင်ပြီး စောင့်လေ"

"ဒေါ်လင်းလက် မရှိဘူးလား"

ကောင်မလေးက သူ့ခေါ်သံကြောင့် ပြုံးစိစိဖြစ်သွားလေ၏။ ရာထူးကြီးမို့ ဒေါ်တပ်ခေါ်တာ ဘာများဆန်းလို့လဲ။ မမတွေ ဘာတွေ ခေါ်ရအောင်အထိ အောက်ခြေဝန်ထမ်းအဆင့်နှင့် မရင်းနှီးမှသက်ဆိုင်



www.burmeseclassic.com

www.burmeseclassic.com



တာလေ။ ကောင်မလေးက သော့ဖွင့်နေတာမို့ တံခါးဘေးသို့ သူရှေ့ရပ်လိုက်ရပါ၏။

"မမ Meeting room ထဲမှာပါ"

"ကြာမှာလား"

"Meeting က ပြီးပါပြီ။ လူကြီးပိုင်းတွေ ပြောစရာကျန်လို့ ဆိုပြီးနေခဲ့ရတာပါ။ ဝင်ပါရှင့်"

ရုံးခန်းတွင်း လိုက်ဝင်ခဲ့ရပါ၏။ ကောင်မလေးညွှန်ပြသည့် ခုံမှာ တံခါးကိုကျောပေးလျက် သူထိုင်လိုက်ရပါ၏။ အစည်းအဝေးပြီးပြီမို့ စောင့်ရတာ သိပ်မကြာလောက်ဘူးထင်ပါရဲ့။ ရုံးခန်းကို အကြမ်းဖျင်း ဝေ့ဝိုက်ကြည့်လိုက်မိ၏။ စာရွက်စာတမ်းတွေများသော်လည်း သပ်သပ်ရပ်ရပ်ရှိပါသည်။ တစ်ခုထူးဆန်းသည်က စားပွဲထက်မှာ Plastic ပန်းအိုးလေးတောင်မှ မရှိတာပါပဲ။ မျက်စိပသာဒဖြစ်တာမျိုး သူမစိတ်ထဲ မရှိဘူးထင်ပါ၏။

"ဒီတစ်နှစ်စောင့်ပါလို့တော့ ပြောတာပဲ ကိုကြည်လင်းရေ။ သူ့ကို စောင့်တဲ့လူတော့ Emu (ငှက်ကုလားအုတ်) မဟုတ်ရင် Giraffe (သစ်ကုလားအုတ်) ဖြစ်သွားမှာ သေချာတယ်"

လူကြီးတွေ တဟားဟားရယ်ကြလေ၏။ သူ့မျက်နှာ





နီကုပ်ကုပ် ဖြစ်သွားရပါသည်။ ကုမ္ပဏီမှာ အလုပ်အကြောင်းမဆွေးနွေးတဲ့ သူ့ကိုယ်ရေးကိုယ်တာကို ပြောရတယ်လို့၊ ဖေဖေက သူမဘက်က အခြေအနေကို အသိပေးရုံမျှ ပြောတာပဲဖြစ်မှာပါ။ ခက်တာက "ဒေါက်တာနိုင်ဇော်"၏ဖခင်ဖြစ်သူ "ဦးကြည်လင်း" က စကားစဆောက်တာ မဟုတ်လား။

"သမီးကတွေ့နေပြီဆိုတဲ့ သဘောလား"

"မဟုတ်ပါဘူး"

"မဟုတ်ပါဘူးသာ ဆိုတယ်။ ခုတလော ခါတိုင်းထက် ကိုယ့်ကိုယ်ကိုယ် ပိုသပ်ရပ်နေသလားလို့"

"အာ . . . အန်ကယ်ကလည်း"

"သတိထားမိလို့ပါ။ ဘာရယ်မဟုတ်ပါဘူး"

သူ့မျက်နှာ ခပ်အမ်းအမ်း ဖြစ်သွားရပါ၏။ ရက်တာကြောက်တာတွေကို "လင်းလက်သန့်စင်" ဆိုသည့် မိန်းမထံမှာ တွေ့ရလေ့မှ မရှိတာလေ။ အစည်းအဝေးက ပြီးတာကြာပြီဖြစ်ပါလျက် သူ့ကို ပြောစရာရှိလို့ဆိုပြီး ဆွဲထားတာ မဟုတ်လား။ နေရခက်လိုက်တာ။ ရုံးခန်းထဲ ပြန်ချင်လှပါပြီ။

"လင်း သွားလို့ရပြီလား ဖေဖေ"



www.burmeseclassic.com

www.burmeseclassic.com



"အဲဒါပဲ ကိုကြည်လင်းရေ။ သူ့ရင်တွင်းရေးကိစ္စကို ပြောတာ အဲဒီလိုပဲ။ ငယ်တော့တာလည်း မဟုတ်ဘူး။ ပြောရခက်ပါ့"

"စောင့်ဆိုလည်း စောင့်ကြရုံပေါ့ ကိုသန့်စင်ရာ။ ဟိုတ ယောက် ဒီတစ်ယောက်ဆိုပြီး တားထားရင် ဘယ်ဖြစ်ပါ့မလဲ။ နှိ ချိတ်ခြင်း ချိတ်လို့ရအောင် သားနဲ့တွေ့ပေးရုံပေါ့"

"ဟာ . . . မတွေ့ချင်ပါဘူး"

"သူက ဆေးနဲ့လည်း မခံနိုင်ဘူးဆိုပြီး ဂျိုက်ဂျောင်ကျ သေး။ အိမ်မှာလည်း သားနဲ့ တကျက်ကျက်ပဲဗျာ။ ဒါကြောင့် အပျိုကြီးဖြစ်နေတာ"

အဖေဖြစ်သူကအစ ဤသို့မြင်နေမှတော့ သူစိမ်းအမြင် သူမကို အဖြောင့်အတိုင်း ဘယ်မြင်ကြပါတော့မလဲ။ စိတ်တိုလာပြီ အစည်းအဝေးခုံမှ ထရပ်လိုက်ပါ၏။ ဒီထက်လည်း ပိုပြောစရာ မရှိတော့မှန်း သိနေသဖြင့် လူကြီးနှစ်ဦးကို ဦးညွှတ်ပြလိုက် Meeting room ထဲမှ ထွက်ခဲ့ပါသည်။

"စိတ်ရှုပ်လိုက်တာနော် . . . တကယ်ပါပဲ။ တဆိတ်ရှိ ဒီအ ကိုပဲ လာလာဆွနေကြတယ်။ ကိုယ့်ဘာသာကိုယ် အေးအေးနေ တာတောင် အပြစ်ဖြစ်ရတယ်လို့။ တစ်ကိုယ်တည်း အပျိုကြီးဖြစ်





နဲ့ပဲ မျက်စိစပါးမွေးစူးနေကြတယ်။ စိတ်တိုလိုက်တာ တကယ်ပါပဲ။ အမြင်ကတ်ကတ်နဲ့ ယောက်ျားကောက်ယူလိုက်ရ . . . ရ"

"မမ"

"အမယ်လေး!"

နှုတ်မှ ပွစိပွစိ ရေရွတ်ရင်း ရုံးခန်းထဲဝင်လာစဉ် ဝါဝါက သတိပေးသည့်နှယ် ခေါ်လိုက်ပေမယ့် သူမပါးစပ်ကို မပိတ်မိသေးပါ။ စားပွဲဘေးနားရောက်စဉ်မှာ ဘွားခနဲမြင်လိုက်ရသည့် လူကြောင့် အထိတ်တလန့် ဖြစ်သွားရပါ၏။ ပေါက်ကရတွေ ရေရွတ်နေပေမယ့် ကိုရေခဲ၏မျက်နှာကဖြင့် ခပ်တည်တည်ပါလေ။

"ဟယ်! . . . ဘယ်တုန်းကရောက်နေတာလဲ"

"ကြာပြီ . . . နာရီဝက်ကျော်နေပြီ"

"ဟောတော် . . . ဝါဝါက ငါ့ကို ဘာလို့ ဖုန်းဆက်မပြောတာလဲ"

"မမတို့ ဆွေးနွေးတုန်းပဲထင်လို့ပါ"

"Message ပဲဖြစ်ဖြစ်ပို့ပေါ့ . . . ကျစ်!"

မျက်နှာခပ်နွေးနွေး ဖြစ်သွားရပါ၏။ သူမကို မည်သို့ထင်သွားမည်မသိပါ။ သာမန်ယောက်ျားတစ်ယောက်သာဆို ခပ်ရှင်းရှင်းမဟုသာ



www.burmeseclassic.com

www.burmeseclassic.com



အကြမ်းဖျင်း သတ်မှတ်လိုက်မည် ထင်ပါ၏။ သို့သော် သူကဖြင့် ဤသို့ ထင်ပုံမရပါချေ။ အင်မတန် တည်ကြည်လွန်းပြီး သွေးအေးသည့် ယောကျ်ားမဟုတ်ပါလား။

"ကိုနေလင်းတို့ . . . ကိုထွန်းနိုင်တို့ရော"

"မအားကြလို့ ကျွန်တော့်ကို လွှတ်လိုက်တာပါ။ ကိုထွန်းက အခု ကွန်ဒိုကို လက်စသတ်နေပါတယ်။ ကိုနေလင်းက နောက် ဆောက်မယ့် အဆောက်အဦအတွက် ပစ္စည်းမှာထားတာ သွားစစ်နေ လို့ပါ"

ကဲ! . . . ဘယ်လောက်တိကျလိုက်ပါသလဲ။ မေးခွန်းတပ်ပြီး ထွက်မလာအောင် ဒိုးဒိုးဒေါက်ဒေါက်နဲ့ ပြောနိုင်တာလေ။ အဲဒါတွေကို လင်း သဘောကျမိတာ ဆန်းပါသလား။ မျက်နှာထက် အပြုံးမရှိတာ ကလွဲလို့ ပြောဆိုဟန် တည်ကြည်ဟန်တို့က သူ့ကိုအမှတ်ပေးမိနေပါ ၏။

"လက်မှတ်ထိုးဖို့ ပေးလိုက်ပါတယ်"

"ထားခဲ့လေ"

"မဖြစ်ဘူး။ လက်မှတ်ရမှ ဘဏ်မှာငွေထုတ်ပြီး ပစ္စည်းဖိုး ငွေချေနိုင်မှာပါ"





"ဒီအချိန် ဘဏ်ပိတ်နေပြီ ကိုမင်းထက်သာရဲ့။ ဒါလေး တောင် မသိဘူးလား"

"ကျွန်တော် စရောက်တဲ့အချိန်ဆိုရင် ဘဏ်မပိတ်သေးပဲ အဆင်ပြေမှာပါ"

"ဪ! . . . ဒါဖြင့် ကျွန်မ ရှိမနေတာက အပြစ်ပေါ့လေ"

"ကျွန်တော် အဲဒီလိုမဆိုလိုပါဘူး"

"ဒါပေမဲ့ . . . ဒီသဘောမျိုးဖြစ်နေတာပဲဟာ"

နှစ်ယောက်သား အချေအတင်ပြောပုံက ရန်ဖြစ်နေသည့်ပုံ ပေါက်နေပါ၏။ ဝါဝါက လင်းတို့ကို တအံ့တသြဖြင့် ငေးကြည့်နေလေ သည်။ GM အဆင့်ရှိနေသည့် လူကြီးကို မာဆတ်ဆတ်ပြောနေသည့် ဝန်ထမ်းမျိုး ရှိပုံ့မလား။ လင်းက တကယ်ကို ကြုံနေရတာပါလေ။ ဘယ်လိုလူစားမျိုးပါလဲ။ မိန်းမသားဆိုပြီး တစ်ဖက်သားအပေါ် ချိုသာ ညှာတာကောင်းမှန်းလည်း မသိသလိုပါပဲ။ စောစောကပဲ လူကြီးတွေကို စိတ်ခုခဲ့ပြီးထွက်ပေါက်မရှိခဲ့သည့်စိတ်က မွန်းကြပ်နေခဲ့ရတာမို့ ပေါက် ကွဲချင်နေတာ အမှန်ပါ။

"ကျွန်တော်က အလုပ်ကို တစ်ရက်တည်းနဲ့ ပြီးပြတ်စေချင် တဲ့သဘောမျိုးနဲ့"



www.burmeseclassic.com

www.burmeseclassic.com



"ဒီမှာ"

ခုံမှာမထိုင်ဖြစ်တဲ့ မတ်မတ်ရပ်ကာ စားပွဲကိုလက်ထောက်က
လေသံမာမာဖြင့် ပြောလျက် စိုက်ကြည့်လိုက်မိစဉ် သူက ထိုင်ခုံကျော
ကိုထိပြီး မတ်သွားလေ၏။ ပုံစံက အေးအေးဆေးဆေးပါပဲ။ အလုပ်ထ
မှာ တွေ့ခဲ့ရသလို ပေပေတေတေပုံစံမျိုး ဖြစ်မနေပါဘဲ ရေချိုးပြီးကာ
လန်းလန်းဆန်းဆန်း ဖြစ်နေပါ၏။ ဝတ်လာသည့်ပုံဆိုးနှင့် ရှပ်အင်
အစိမ်းနုလေးက သူ့ကို ပို၍သပ်ရပ်စေပြီး ကြည့်ကောင်းနေလေသည်

ဒုက္ခပါပဲ။ ဘယ်လိုဖြစ်ပြီး သူ့ style က ဒီနေ့မှ ခါတိုင်
ထက် ပိုသန့်နေရပါသလဲ။ ဒီလိုအခြေအနေမျိုးမှာ လင်းနဲ့လာတွေ့
လေသံအေးအေးလေးနဲ့ ချိုချိုသာသာ style ခပ်မိမိလေးနဲ့ ပြန်ပြေ
ရမှာလေ။ အခုတော့ ဒေါသတွေနဲ့ နီရဲနေတဲ့မျက်နှာ။ တောင်စဉ်
မရ ရှုတ်ဖတ်နေမိတဲ့လေသံ။ တစ်နေကုန် ဟိုဒီလျှောက် စိတ်ရှုတ်
ချွေးတွေထွက် ညှိုးနွမ်းနေသည့် ခပ်ပွပွဲ style နဲ့မှ လာတိုးရတယ်

"ဒီအလုပ်ကို ရှင့်ထက်အရင်လုပ်လာတဲ့ ကျွန်မက ပိုနားလ
တယ်၊ ပိုသိတယ်ရှင့်။ ရှင့်ထက်ရာထူးကြီးတဲ့ လူကို ဒီလို မခေ
ဆက်ဆံဖို့ ရှင့်မိဘတွေ သွန်သင်ထားတာလား။ တစ်ရက်နဲ့မပြတ်
နောက်ရက်ကူးသွားလည်း ဘာဖြစ်လဲ၊ နှစ်နာရင်တောင်မှ ရှင်





ခန့်ထမ်းတွေက ဘာများထိခိုက်လို့လဲ။ ကုမ္ပဏီပဲ နှစ်နာမှာပါ"

သူ့ မျက်နှာ ကွက်ခနဲပျက်သွားပါ၏။ စိတ်ဖြေရာအဖြစ်
ချလိုက်မိတာ များသွားပြီဟု မထင်ခဲ့ပါ။ မြေနိမ့်ရာလှံစိုက်လေ့ရှိသည့်
အထက်တန်းစား (ရေပေါ်ဆီ) တွေလို အဆင့်မျိုးနဲ့ သဘောထားသေး
ပြီး ပြောတာမဟုတ်ရပါ။ လေသံထပ်တူမျှ ပြောလာသည့်သူကို
ပြန်ဟောက်လိုက်တာပါပဲ။ နှစ်နှစ်နာနာပြောသည့်စကားလုံး မဟုတ်ပေ
မယ့် တစ်ဖက်သားရင်ထဲ မည်သို့ဖြစ်သွားမည်ကို "လင်းလက် သန္တာစင်"
က မမြင်တတ်ခဲ့ပါချေ။

"ဒေါ်လင်းလက်"

"ဘာလဲ"

"အလုပ်လုပ်တာ အသုံးမကျလို့ ပြစ်ဒဏ်ချတာမျိုး၊ ဆဲဆို
တာမျိုး၊ အဆုံးစွန်ထိ ကိုယ်ထိလက်ရောက် ဆုံးမတာမျိုးကို ကျွန်တော်
သည်းခံနိုင်ပါတယ်။ ဒါပေမဲ့ . . . ကျွန်တော့်ကို မွေးပေးခဲ့တဲ့ မိဘတွေ
ကို မစော်ကားပါနဲ့"

"ဘာလဲ! . . . မှန်တာပြောလို့ နာတတ်တယ်ပေါ့လေ။ မကျေ
နပ်ဘူးပေါ့ ဟုတ်လား"

"တောင်းပန်ပါ"



www.burmeseclassic.com

www.burmeseclassic.com



"ဘာ"

"ကျွန်တော့်မိဘတွေကို ထည့်ပြောတဲ့စကားအတွက် ရုပ်သိမ်းဖို့ ပြောတာဗျ"

"အောင်မာ! . . . ဘာလို့တောင်းပန်ရမှာလဲ။ မတောင်းပန်နိုင်ဘူး။ ရာရာစစ ရှင့်လိုလူကိုများ . . . ကိုယ့်အဆင့် ကိုယ်သိမှပေါ့"

"ဟာ! . . . ခင်ဗျား။ ခင်ဗျား အတော်မောက်မာတဲ့မိန်းမပဲ"

"ဘာရှင့်"

"ခင်ဗျားမိဘတွေကို အဲဒီလိုပြောရင်ရော ခင်ဗျားကြိုက်မှာလား . . . ပြော။ လူလိမ္မာသား ယဉ်ပါးလို့ ဆိုရိုးရှိတာ မသိရအောင် . . . တောက်!"

"ကြည့်စမ်း . . . ရှင်ကများ တက်ခေါက်တယ်ပေါ့လေ။ မိုက်ရိုင်းလိုက်တာ . . . ကဲ!"

"မမ!"

စိတ်မြန်လက်မြန်လုပ်တတ်သည့် အကျင့်ကို ဒေါသက တွန်းပို့လိုက်သလိုပါပဲ။ သူယူလာသည့် file ကို ယူကာ ပစ်ပေါက်လိုက်ရင်း ဝါဝါက အနီးသို့အပြေးရောက်လာလေ၏။ ခဏလေးပါပဲ။ မိနစ်ပိုင်းခေးမျှနဲ့ "လင်းလက်သန္တစင်" ရဲ့အမှားတို့က ဆက်တိုက်ကြီး





ဖြစ်သွားရတာပါ။ အရှိန်ဖြင့် ရောက်လာတာမို့ မရှောင်မိသည့် သူ့မျက်နှာကို file က ထိသွားလေ၏။

အံ့သြမှင်တက်စွာဖြင့် ကြည့်နေမိစဉ် သူမကို စူးစူးရဲရဲ ကြည့်နေပါသည့် အေးစက်စက် မျက်ဝန်းတို့နှင့် ဆုံသွားရလေသည်။ အလိုလေး! . . . ဒေါသထွက်တာမဟုတ်ဘဲ အထင်သေးစက်ဆုပ်သည့် အဓိပ္ပာယ်တို့က အပြည့်ပါပဲလား။ မေးစေ့နေရာမှာ ရှရာထင်သွားသောကြောင့် အားနာမှုဖြစ်စဉ် အခန်းထဲမှ ချာခနဲလှည့်ထွက်သွားသူက "မင်းထက်သာ" ရယ်လေ။ မှားပြီကော "လင်းလက်သန္တစင်"။

❑ ❑ ❑



www.burmeseclassic.com

www.burmeseclassic.com

## "ချစ်ခြင်းလက်ဆောင်"

မိုးစက်တွေစိုပြီး
ဒီရင်ခွင်တံခါးကို
မင်းလာခေါက်ခဲ့တဲ့နေ့ . . .
အဲဒီနေ့ကစပြီး
အိပ်မက်တွေဖန်ဆင်း
ငါနန်းနက်ခင်းတွေ လှခဲ့ရတာပါ . . .

အချစ်ဆိုတဲ့အရာ
ဘာသာဗေဒတစ်ခု
ငါ မြှုပ်ရေးသားရင်း
ဒဿနိကတစ်ပုဒ် ဖြစ်ခဲ့ရသလို
အချစ်တွေ
မင်းကိုပေးမယ်ဆိုပြီး
ဒီရင်ထဲ သိမ်းထားပါတယ် . . .

www.burmeseclassic.com

www.burmeseclassic.com

တို့တွေဆုံတွေ့ဖို့
မနက်ဖြန်တွေများစွာမှာ
ကဗျာတွေ ပန်းလိုသီကြရင်း
နှည်းခြင်းသံစဥ်တွေကြား
တူတူမျော ကခုန်ကြတာပေါ့…

တစ်ကြိမ်တစ်ခါမှ
မဖြစ်တည်ခဲ့ဖူးတဲ့
လတ်ဆတ်တဲ့နှလုံးသား
လတ်ဆတ်တဲ့ ရင်ခုန်ခြင်းတွေနဲ့
လတ်ဆတ်တဲ့အနမ်းတွေကို
မင်းရှိရာ ပို့လိုက်ပါ့မယ်…

အချစ်ချင်းတူနေရင်တောင်
ဒီလူက ပိုချစ်တတ်တာကို
နှလုံးသားချင်းနီးနေတဲ့
ကရုဏာရှင်မင်းက
နားလည်မှု လက်တစ်ကမ်းမှ
ဖမ်းဆုပ်သိမ်းဆည်းလှည့်ပါလား…

## အခန်း (၈)

Form တင်ထားသည့်ကုမ္ပဏီမှ Interview ဖြေရန် လူစာရင်းကို ကြေညာထားတာမို့ အိမ်မှ စောစောထွက်ခဲ့ပါ၏။ ဆောင်းဝင်ပြီမို့ မနက် (၇) နာရီကျော်တာတောင် နှင်းတို့ကျနေတုန်းပါပဲ။ ကားဂိတ်မှာ Bus တွေရပ်ပေးမယ့် ရုံးချိန်အမီသွားနေကြသဖြင့် ကြပ်သိပ်နေလေ၏။ ဘယ်တတ်နိုင်ပါ့မလဲ၊ အချိန်မီအောင် ဝီရိယစိုက်ပြီး စောစောထွက်ခဲ့ရတာပါ။

တက်ရလွယ်မည်ထင်သည့် Bus ပေါ် တိုး၍တက်ခဲ့၏။ မြို့ထဲအထိမို့ အချိန်တစ်နာရီကျော်ကားစီးရမှာပါ။ ကလေးတွေ စာပြ



www.burmeseclassic.com

www.burmeseclassic.com



တာကိုရပ်လိုက်ပြီး လခစားဝင်လုပ်ဖို့ အစ်ကိုနှင့်ဆွေးနွေးစဉ် စိတ်မချ ဖြစ်နေသည့် အစ်ကို့အရိပ်အကဲကို မြင်ခဲ့ရပါ၏။ အစ်ကိုဖြစ်သူကို တစ်သက်လုံး အားကိုးနေလို့ ဘယ်ရပါ့မလဲ။ အစ်ကိုသာ အိမ်ထောင် ပြုသွားပါက သူမကိုယ်တိုင် ကိုယ့်ခြေထောက်ပေါ် ကိုယ်ရပ်တည်နိုင် ဖို့ အခုကတည်းက ပြင်ဆင်ထားရမှာလေ။

"မှတ်တိုင်ပါတယ်"

စပယ်ယာကြားသာအောင် လှမ်းပြောလျက် အပေါက်ဝကို ကြိုး၍ ထွက်လာခဲ့ပါ၏။ နေ့တိုင်း လိုင်းကားစီးရသည့်လူတိုင်း လိုင်း ကားအထာကို တတ်ကျွမ်းနေရမှာ အမှန်ပါ။ အရှိန်သပ်၍ရပ်လိုက် သည့် ကားပေါ်မှ ငြိမ်းအပါအဝင် လူလေးငါးယောက်ခန့်သာ ဆင်းဖြစ် လေသည်။ ကုမ္ပဏီကြီးမှ နာမည်တွေကို မော့ကြည့်ကာ ရှာလိုက်ပါ၏။

"ဟော!"

ဝင်းကြီးအဝင်ဝမှာပင် Board ထောင်ထားတာမို့ ခြေလှမ်း ကို သွက်သွက်လှမ်းလိုက်ပါ၏။ ဝင်းထဲသို့ ကားတွေဝင်နေသဖြင့် ရပ် စောင့်လိုက်ရပါသည်။ ကားသုံးစီးဝင်သွားပြီးနောက်မှ အသာလိုက်ဝင်ခဲ့ ပါ၏။

ကိုယ့်လို အလုပ်လျှောက်ပြီး အင်တာဗျူးဖြေမည့်လူယ်





တွေကို တစ်ဦးမှမမြင်ရသဖြင့် စိတ်ထဲ ထင့်သွားရပါသည်။ မှားများ မှားနေပြီလား။

"ဒီမှာရှင့်"

Uniform ဝတ်ထားသည့် ဝန်ထမ်းတစ်ဦးကို လှမ်းတွေ့ လိုက်ရသဖြင့် အသံလှမ်းပြုလိုက်မိ၏။ ကုမ္ပဏီတံခါးစောင့်ဖြစ်မည် ထင်ပါသည်။ အသက် (၄၀) ကျော်ခန့်ရှိမည့်လူကြီးက သူမကို လှည့် ကြည့်လိုက်လေ၏။ ထီးထီးမားမားကြီးရှိနေပါသည့် ကုမ္ပဏီကြီး၏ အရှိန်အဝါက သူမကို သိမ်ငယ်သွားစေသည့်နှယ်ပါ။

"အလုပ် interview ဖြေဖို့ လာခဲ့တာပါ"

"ဪ! . . . အဲဒါ ဘေးပေါက်ကဝင်ရမှာ ကလေးရဲ့။ ဒီဘက်ဘေးကို ဆက်သွားလိုက်ပါ။ အဲဒီမှာအဆောင်လေးရှိတယ်"

"ကျေးဇူးတင်ပါတယ် ဦး"

ဦးလေးကြီးညွှန်လိုက်သည့်အတိုင်း ဆက်လျှောက်ခဲ့ရလေ ၏။ တော်တော်လျှောက်ပြီးမှ လူတွေ ရှုန်းစုနေပါသည့် အဆောင်ပု လေးကို လှမ်းမြင်လိုက်ရလေသည်။ ဟုတ်သားပဲ။ လမ်းမကြီး၏ ဘေးလမ်းသွယ်အပေါက်မှာမှ ဒီအဆောင်က ပိုနီးနေပါ၏။ ဘယ်နှစ် ယောက် ခန့်မည်မသိသည့် ဝန်ထမ်းဦးရေအတွက် စောင့်နေသည့်

www.burmeseclassic.com



လူက (၄၀) (၅၀) ကျော်ရှိနေလေသည်။ ဝင်ပေါက်အဝမှာ စာရွက်တွေ လှန်နေသည့် လူအနီးသို့ တိုးလိုက်ပါ၏။

"ကိုငြိမ်းချမ်းပါခင်ဗျာ"

"နံပါတ် (၂၅) ပါ၊ နောက်တစ်ယောက်"

"လွဲလွဲပါ"

"အင်း . . . နံပါတ် (၃၀) ပါ"

"ငြိမ်းဆုပန်ပါရှင်"

"ငြိမ်းဆုပန်က နံပါတ် (၁၃) ပါ။ (၁၃) က အထဲမှာ ဝင်စောင့်နှင့်ပါ။ Interview စနေပြီ"

"ဟုတ်ကဲ့"

စီတန်းရပ်နေပါသည့်လူတွေကြားမှ တိုးဝင်ခဲ့ပါ၏။ ခုံလွတ်မရှိသဖြင့် ရုံးခန်းအနီးမှာ ဝင်ရပ်စောင့်လိုက်ရလေသည်။ (၆) ယောက်တစ်စုစီ တစ်ပြိုင်တည်းဝင်ရသဖြင့် နောက်တစ်စုခေါ်ပါက သူမ ရှေ့ဆုံးမှဝင်ရမှာဖြစ်လေ၏။ တအောင့်အကြာမှာ မျက်နှာတွေ ရှုံ့တွလျက် (၆) ယောက်ထွက်လာလေတော့သည်။

"ဘာတွေမေးမှန်းကို မသိတော့ပါဘူး"

"နံပါတ် (၁၃) မှ (၁၈) အထိ မြန်မြန်ဝင်ပါ"





တံခါးကို တွန်းဖွင့်၍ ဝင်လိုက်ပါ၏။ စားပွဲတစ်လုံးစီက နေရာခြားပြီးရှိနေသလို ပုဂ္ဂိုလ်အသီးသီးပါ စောင့်နေကြလေသည်။ သူမ form က ဘယ်သူ့ဆီမှာရှိမှန်း မသိသဖြင့် ဇဝေဇဝါဖြင့် ရပ်နေမိစဉ် နောက်မှ လိုက်ဝင်လာပါသည့် လူတွေကို ခုံအသီးသီးမှာ ဝင်ထိုင်လိုက်ကြလေ၏။ ထောင့်စားပွဲမှလူကြီးက သူမနံပါတ်ကို လှမ်းခေါ်လိုက်လေသည်။

"(၁၃)"

"ဟုတ်ကဲ့ . . . ငြိမ်းဆုပန်ပါရှင်"

လူကြီးက ရှေ့မှခုံကို မေးငေါ့ပြလျက် CV form ထဲ ပြန်ကြည့်ကာ အမှတ်တွေခြစ်နေလေတော့ အသက်နှင့်ပညာအရည်အချင်းတို့က form ထဲထည့်ထားတာမို့ ဘာမှ ထွေထွေထူးထူး မေးစရာမလိုပါ။ တစ်ဖက်စားပွဲမှလူတွေက ခပ်တိုးတိုးဖြေနေကြပေမယ့် သူမရှေ့မှလူကြီးကဖြင့် ဘာမှမမေးဘဲ Form ထဲသို့သာ စိုက်ကြည့်နေလေသည်။ ရင်တွေတုန်လိုက်တာနော်။

"ငြိမ်းဆုပန်"

"ဟုတ်ကဲ့"

"ဘယ်နေရာ ဘာရာထူးမျိုး မှန်းထားသလဲ။ သမီး နားထား



www.burmeseclassic.com

www.burmeseclassic.com



တာ ရိုးရိုးဘွဲ့ပဲမို့ နေရာမြင့်မြင့်တော့ ရမှာမဟုတ်ဘူး''

''ဟုတ်ကဲ့ . . . ငြိမ်း နားလည်ပါတယ်။ သင့်တော်မယ့်နေရာ ရရုံနဲ့ ဖြစ်ပါတယ်ရှင်''

''OT ရှိရင် ဆင်းနိုင်ပါ့မလား။ ည (၁၀) နာရီလောက်အထိ ဆိုရင်ကော''

''ဖယ်ရီနဲ့ပို့ပေးပါသလား''

လူကြီးက သဘောကျသည့်နှယ် ပြုံးလိုက်လေ၏။ အခြေအနေကောင်းသလား မကောင်းသလားမသိတော့ပါ။ လက်ဝါးထဲမှာ ချွေးစေးတွေ ပြန်နေပြီး အလိုလို ရင်မောနေတာ အခက်ပါပဲ။ လူကြီးက သူ့မေးခွန်းပြန်ထုတ်တာကို မဖြေဘဲ နောက်ထပ်မေးခွန်းကို ဆက်မေးပြန်လေ၏။

''တကယ်လို့ ခရီးထွက်နိုင်းရင်ကော သွားရဲပါ့မလား''

''ရှင်''

''ရုံးလုပ်ငန်းအတွက် ဝန်ထမ်းတွေနဲ့အတူ သွားရမှာပါသမီးရဲ့''

''ဟုတ်ကဲ့ . . . ဖြစ်ပါတယ်ရှင်''

''Ok! . . . သွားနိုင်ပါပြီ။ နောက်မှ အကြောင်းကြားလိုက်ပါ့မယ်''





''ကျေးဇူးအများကြီးတင်ပါတယ် ဦး''

ဦးလေးကြီးက ပြုံးလျက် ခေါင်းညိတ်ပြလိုက်လေ၏။ ရုံးခန်းထဲမှထွက်စဉ် အသက်ရှူရှိုက်ကာ သက်ပြင်းချလိုက်ရပါသည်။ အစ်ကိုရော သူမပါ အလုပ်လုပ်ကြရင်း ငွေစုလျက် Phone တစ်လုံးစီဝယ်ထားဖြစ်တာမို့ ဆက်သွယ်ရန် အဆင်ပြေမှာပါလေ။ အပြန်က နေ့လယ်ဖြစ်နေပြီမို့ ကားအတော်ချောင်ပါ၏။ ထိုင်ခုံမှထလိုက်သည့် အန်တီကြီးက ငြိမ်းကိုပြုံးပြကာ ထိုင်နိုင်းသဖြင့် ကျေးဇူးတင်ပါသည်ဟု ခပ်တိုးတိုးပြောကာ တစ်ခုံတည်းရှိသည့်ခုံမှာ ထိုင်လိုက်ပါသည်။

ကားပြတင်းပေါက်မှ အပြင်ကိုကြည့်ရင်း ငေးနေမိပါ၏။ ကိုယ်ပိုင်ကားတွေ အများကြီးရှိနေသဖြင့် bus ကားက ဖြည်းဖြည်းသာ မောင်းနေရလေသည်။ ဒီလိုကားမျိုးမှာဖြင့် Aircon ဖြင့် ငြိမ့်ငြိမ့်လေး စီးရမှာမို့ သက်သက်သာသာလေးဖြစ်မှာအမှန်ပါ။ အရင်ဘဝက ကောင်းမှုကုသိုလ်နည်းပါးခဲ့လို့ ဒီဘဝမှာ ဆင်းရဲခဲ့တာထင်ပါရဲ့။

''မှတ်တိုင်ပါတယ်''

ဆင်းရမည့်ဂိတ်ရောက်ပြီမို့ ခုံမှထရပ်ကာ လှမ်းပြောလိုက်ပြီး အပေါက်ဝသို့ အမြန်လျှောက်လိုက်ပါ၏။ ကားပေါ်မှဆင်းလိုက်စဉ် တစ်ယောက်တည်းဆင်းလိုက်တာမို့ bus ကားက အမြန်ထွက်သွား



www.burmeseclassic.com

www.burmeseclassic.com



လေသည်။ ဟိုတက်ကို ကားလမ်းကူးပြီး ကုန်းတက်လမ်းကို လျှောက်ရမှာမို့ ကားရှင်းမှသာ လမ်းကူးလို့ရမှာပါ။

"တီ!"

ကိုယ်ပိုင်ကားတစ်စီးက ဘေးမှာရပ်သွားလေ၏။ လမ်းကူးရန်သာ စိတ်ကရှိနေတာမို့ ကားကိုမကြည့်ဖြစ်ပါ။ ဘယ်ကြည့် ညာကြည့်ဖြင့် ကြည့်နေစဉ် ကားပေါ်မှလူက ဆင်းလာပါ၏။ Platform ပေါ်မှ ကတ္တရာလမ်းပေါ် ဆင်းရန်ပြင်လိုက်စဉ် သူမလက်ကို လှမ်းဆွဲခြင်းခံလိုက်ရလေသည်။ အလို! ဟိုတစ်ခါ ဆေးခန်းပြလိုက်ရသည့် ဒေါက်တာဖြစ်နေပါရောလား။

"ငြိမ်း"

"ရှင်"

"ဘယ်ကပြန်လာတာလဲ"

"မြို့ထဲကပါ"

"ခြေထောက်သက်သာသွားပြီလား"

"ဟုတ်ကဲ့"

"အိမ်ပြန်မယ်ဆို လိုက်ပို့ပေးမယ်လေ"

"နေပါစေ ... ရပါတယ်"





"ဘာဖြစ်လို့လဲ ငြိမ်းရယ်။ စကားလည်း ပြောရင်း ပို့ရင်းနှီးစေချင်လို့ပါ"

ဩော်! ... မပတ်သက်စေချင်လို့ ရှောင်ပါတယ်ဆိုမှ ရှေ့က ပိတ်ထားပြီး ပြောနေတာပါလား။ ခက်လိုက်တာနော်။ Interview ဖြေခဲ့ရလို့ စိတ်မောရတာကို အခုလေးတင် စိတ်ပြေပြီးမှ စိတ်ရှုပ်စရာ ဘ ထပ်ဖြစ်ရတယ်လို့။ ဆေးကုပေးသည့်ဆရာဝန်ကို အားနာမိပေမယ့် ယခုလို သူစိမ်းယောကျ်ားသားတွေနှင့် ရင်းနှီးဖို့အတွက် ငြိမ်းက မရှိချင်တာအမှန်ပါ။

"ခဲမှန်ခဲ့ဖူးတဲ့ စာသူငယ်"ဟု ပြောရမှာလား။ "တစ်ခုသေဖူး နှင့်ဖိုးနားလည်" ဟု သုံးရမှာပဲလား။ တစ်ကြိမ်တစ်ခါ နာကျင်ဖူးခဲ့သည့် နှလုံးသား။ တစ်ခါဆိုမှ တစ်ခါသာ ကွဲခဲ့ဖူးတဲ့ အသည်းဒဏ်ရာ။ တစ်ကြိမ်ဆိုမှတစ်ကြိမ်သာ ပိုက်ခဲ့ရသည့်နှောင်တ တရားတို့က ငြိမ်းတရဲ့ အမာရွတ်အဖြစ် ရှိခဲ့တာအမှန်ပါ။ ထို့ကြောင့်ပင် မျက်နှာထက်အပြုံးက မရှိတော့တဲ့ လူတစ်ဖက်သားအပေါ် ပျော့ပျော့ပျောင်းပျောင်း ဆက်ဆံရဲ့ဝံ့တော့တာ မဟုတ်ပါလား။

"ဒီမှာ ဒေါက်တာ"

"ဗျာ"



www.burmeseclassic.com

www.burmeseclassic.com



"ကျွန်မ ရှင်းရှင်းပဲပြောပါ့မယ်"

"ဘာကိုလဲ"

"ပြဿနာဖြစ်ခဲ့ရတာရော၊ ဆေးကုပေးခဲ့တာအတွက်ကိုပါ တောင်းပန်ရင်း ကျေးဇူးလည်း တင်ပါတယ်"

"အဲဒီလို ပြောဖို့လိုအပ်လို့လား ငြိမ်း"

"လိုအပ်တယ်ယူဆလို့ ပြောရတာပါ"

"ဘာဖြစ်လို့လဲ"

"ကျွန်မနဲ့ မရင်းနှီးချင်ပါနဲ့"

"ဘယ်လို"

တအံ့တသြဖြင့် ငြိမ်းကို သူက ကြည့်နေလေ၏။ အလှာတွေ၊ အဆင့်အတန်းတွေ၊ ဂုဏ်ပကာသနဆိုတာတွေက ငြိမ်းတို့ လူတန်းစားတွေအတွက် တောင်လို၊ တံတိုင်းလို၊ ပင်လယ်သမုဒ္ဒရာလိုနှယ် ပိုင်းခြားထားတာပါ။ ဒါကို သိနေ မြင်နေပါလျက်နဲ့ မရှောင်နိုင်ပါလျှင် ဝိသာလေးဘေးယစ် စကားလုံးတွေနဲ့ အပြောခံရမှာ အသေအချာပါပဲ။ ပိုင်းလုံးဟု အခေါ်မခံနိုင်သလို "အနူလက်နဲ့ ရွှေခွက်နိုက်သည့်" ဟုလည်း အပြောမခံနိုင်ပါချေ။

"ငြိမ်း"





"ရိုင်းပျဖြစ်ရင် ခွင့်လွှတ်ပေးပါ ဒေါက်တာ။ တောင်းပန်ပါတယ်"

လှည့်ထွက်ရန် မျက်နှာလွှဲလိုက်စဥ်မှာပင် ဒေါက်တာက သူမလက်များကို လှမ်းဆွဲထားလိုက်လေ၏။ ပြဿနာပါပဲလား။ နေ့လယ်မှာ လူရှင်းနေသည့် မှတ်တိုင်မှာမှ ဒီလိုဖြစ်နေရတယ်လို့။ နှုတ်ကရင့်သီးတာထက် လက်က ရိုင်းပျတာက ပိုပြီးဆိုးရွားတာအမှန်ပါ။ အရိပ်မျှပင်မက လူလုံးထွက်ပြနေပါလျက် ဤလူ အဘယ့်ကြောင့် မရုပ်တန့်ပါသလဲ။

"ငြိမ်းရယ် . . . ကိုယ်က"

"အဲဒီလို မရဲတင်းပြပါနဲ့လား ဒေါက်တာ။ ဒေါက်တာ့ဂုဏ်ပုဒ်၊ အဆင့်အတန်းမျိုးနဲ့ ဆန့်ကျင်ဘက်အလုပ်မျိုး မလုပ်ပါနဲ့"

"ကိုယ်နဲ့ ရိုးရိုးသားသားလေးတောင်မှ ရင်းနှီးခင်မင်ခွင့် မရှိဘူးလား ငြိမ်း"

"ဟုတ်ကဲ့"

"ဘာကြောင့်များလဲ ကိုယ် သိပါရစေ"

သက်ပြင်းရှိုက်မိပြန်ချေပြီ။ ခက်တာပဲ၊ သူမထက် ပိုပညာတတ်သည့်လူက ဒါလေးကိုတောင်မှ နားမလည်သလိုပါပဲလား။



www.burmeseclassic.com

www.burmeseclassic.com



လက်ကို ဆောင့်ရုန်းလိုက်စဉ် နာကျင်သွားရတာမို့ မျက်နှာရှုံ့လိုက်မိပါ၏။ သူက အားနာစွာဖြင့် သူမလက်ကို ခပ်ဖွဖွ ကိုင်လိုက်ပြန်လေသည်။ ဒီပုံစံနဲ့တော့ ဒီဆရာဝန်ကို ဘယ်လိုများ ရှောင်ရှားလို့ရပါတော့မလဲ။ ခက်ပါ့ ငြိမ်းဆုပန်။

"ငြိမ်းတို့က မောင်နှမနှစ်ယောက်တည်းနေတာပါ ဒေါက်တာ။ မိဘတွေမရှိတော့တာမို့ ကိုယ့်ကိုယ်ကိုယ် ရပ်တည်ပြီး ကိုယ်တိုင်စောင့်ထိန်းနေရလို့ပါ။ ဒီလိုသာ မနေတတ်ရင် ပတ်ဝန်းကျင်အမြင်နဲ့ သဟာဇာတမဖြစ်မှာကို စိုးရိမ်ပါတယ်ရှင်"

"ငြိမ်းရယ် . . . ကိုယ်လွန်သွားရင် တောင်းပန်ပါရစေ။ ငြိမ်းအပေါ် ဖိအားပေးတဲ့စိတ်မျိုး မရှိပါဘူး။ တကယ့်ကို စစ်မှန်တဲ့စိတ်ထားနဲ့ ရင်းနှီးချင်တာကြောင့်ပါ"

"ငြိမ်းကို ခွင့်ပြုပါဦး ဒေါက်တာ"

ကားလမ်းကို ကူးဖြတ်ခဲ့ပါ၏။ ရင်ထဲမှာ နွမ်းလျနေတာ အမှန်ပါပဲ။ ရိုးရိုးသားသားရဲ့နောက်ကွယ်မှာ ဆန်းဆန်းပြားပြားဆိုတာတွေ ဖြစ်လာတတ်ပါတယ် ဒေါက်တာ။ ငြိမ်းက ကြုံဖူးခဲ့သူမို့ ကြိုတင်ကာကွယ်တဲ့အနေနဲ့ အခုလို ပြတ်ပြတ်သားသား ပြောမိတာကို နားလည်တတ်ပါစေရှင်။

❑ ❑ ❑

## အခန်း (၉)

ကားကို ဆိုက်အသစ်လမ်းထဲ ကွေ့လိုက်စဉ် ညနေ (၄)နာရီ ရှိနေလေပြီ။ ဟိုနေ့က လက်မှတ်မထိုးပေးလိုက်သည့်ကိစ္စနှင့် ပြဿနာဖြစ်ခဲ့ရသဖြင့် ရင်ထဲမှာ အခုချိန်ထိ တင်းကြပ်နေတုန်းပါပဲ။ ရင်မောစရာတွေကို မတွေးမိအောင်နေခဲ့ ရှောင်နိုင်ခဲ့ပါလျက် အခုတော့ နှပ်းတွေ ဒူးတွေ ရင်ဆိုင်ရချေပြီ။ ဒေါ်သတွေရှိနေတုန်းပဲလား မင်းထက်သာ။ ✓

"တီ!"

Foundation တူးနေတုန်းပဲမို့ အလုပ်ကြမ်းသမား အတူညီး



www.burmeseclassic.com

www.burmeseclassic.com



အကျဉ်းသာ ရှိနေပါ၏။ ဝင်းထဲမှာပင် ကားရပ်ကာ ဆင်းလိုက်ပါသည်။ Dashboard ပေါ်တင်ထားပါသည့် ငွေထည့်လာသည့် စက္ကူအိတ်ကို လှမ်းယူလိုက်၏။ တာဝန်ခံအင်ဂျင်နီယာနှစ်ဦးစလုံး မရှိသဖြင့် မန်နေဂျာ တော့ရှိမည်ထင်ပါသည်။ ဒါဖြင့် သူရော ရှိပါရဲ့လား။

"မလင်းလက်"

"ကိုစောထွန်းပဲ ရှိတာလား။ ကိုနေလင်းတို့ရော"

"ကိုနေလင်းက စရန်သတ်ထားတဲ့ပစ္စည်းတွေ သွားစစ်နေပါတယ်။ ကိုထွန်းနိုင်က ဒီနှစ်ရက် နားရက်ယူထားတာပါ"

"ငွေအကြေချေဖို့ ကျွန်မ ငွေယူလာတယ်။ ကိုစောထွန်း ယူထားမလား"

"ဒါတော့မဖြစ်ဘူး မလင်းလက်ရဲ့။ ဆရာတွေ မနက်မှလာမှ မို့ ဒီငွေတွေ အိမ်ပြန်သယ်ရမှာ စိတ်မချဘူး။ မထားခဲ့ပါနဲ့"

"ကျစ်! . . . ကျွန်မ ခဏခဏ မလာနိုင်ဘူးရှင့်။ ဒါနဲ့ ဟိုတစ် ယောက်ရော"

"ဗျာ! . . . ဘယ်တစ်ယောက်ကို မေးတာလဲ"

"မင်းထက်သာကို ပြောတာလေ"

"ထွက်သွားပြီ ခင်ဗျ"





"ဘယ်ကိုထွက်သွားတာလဲ"

"ဗျာ!"

ရော်! . . . ဒီမန်နေဂျာကတော့ အူကြောင်ကြောင် လုပ်နေပြန် ပါပြီ။ အကြီးအကဲတွေနှင့်သာ ပြောဆိုလေ့ရှိတာကြောင့် ဒီလို ဝန်ထမ်း မျိုးနှင့် စကားသိပ်မပြောဖြစ်ပါ။ သိချင်စိတ်ပြင်းပြနေကာမှ ချက်ချင်း မသိရင် စိတ်တိုလွယ်တတ်သည့် လင်းလက်သန့်စင်ရဲ့စိတ်ကို နား မလည်ပါလား။

"ဘယ်သွားတာလဲလို့ မေးတာလေ"

"ဟိုလေ . . . ဟိုမှာ အချောသပ်ပြီးကတည်းက တစ်ခါတည်း အလုပ်ထွက်သွားတာပါ ခင်ဗျ"

"ဘာ!"

မန်နေဂျာက သူမ အော်သံကြောင့် လန့်သွားလေ၏။ ကြည့် စမ်း! . . . သူမနှင့် ကတောက်ကဆ စကားများရုံနဲ့ အလုပ်ထွက်သွား ရတယ်လို့။ တကယ်ဆို ပြေလည်တဲ့အထိ စောင့်ပေးပါတော့လား။ လွှန်သွားသည့် လင်းက သူ့ကို တောင်းပန်ဖို့အတွက် မာနတစ်ထစ်ကို ချပြီး အဆင့်သင့်ဖြစ်နေပြီလေ။ ဘာသဘောနဲ့လဲ။ ရင်ထဲမှာ ပဋိပက္ခ ဖြစ်နေတာမို့ စိတ်တိုပြီး ဒေါသဖြစ်နေမှန်း မသိဘူးလား။



www.burmeseclassic.com

www.burmeseclassic.com



ယောက်ျားလေးဖြစ်ပြီး စိတ်ရှည်ပေးမှပေါ့။ ဘယ်လိုဖြစ်ပြီး ကောက်ကာငင်ကာနဲ့ အလုပ်ထွက်ရပါသလဲ။ ကိုနေလင်းတို့ကရော မတားဘူးတဲ့လား။ ဆောက်လုပ်ရေးလုပ်ငန်းမှာက Interview တွေ ဖြေပြီးမှ အလုပ်ခန့်တာမျိုးမဟုတ်ပါ။ ကန်ထရိုက်တာ အင်ဂျင်နီယာ တွေကိုသာ စာချုပ်ချုပ်ပြီး ဝန်ထမ်းအုပ်စု၊ လူကြမ်းအုပ်စုမျိုးကို အပြင်ကသာ ခေါ်ခန့်ခဲ့တာ မဟုတ်လား။ ကောက်ရိုးပုံထဲ အပ်က ကျပျောက်လေပြီကော။

"တောက်!"

"လိပ်စာသိလား"

"မသိဘူး ခင်ဗျ"

ကားပေါ် ချက်ချင်းပြန်တက်ကာ ဖုန်းနားကြပ်ကို ဘယ်ဘက် နားထဲသို့တပ်ပြီး ဖုန်းခေါ်လိုက်ပါ၏။ အလုပ်လုပ်တိုင်း နှစ်ကြိမ်နှစ်ခါ လုပ်ရတာမျိုးကို စိတ်မရှည်သည့် လင်းကိုမှ ဒီလိုဖြစ်စေရတယ်လို့ တော်တော်နှင့် ခေါ်လို့မရပါလား။ ဘယ်ကိုရောက်နေလို့ ဒီဖုန်းက မကိုင်ရပါသလဲ၊ စိတ်တိုလိုက်ပါဘိ။

"ဟယ်လို! ... မလင်းလက်"

"ရှင် အခု ဘယ်မှာလဲ"





"အိမ်ပြန်နေပြီ ခင်ဗျ၊ ဘာများပြောမလို့ပါလဲ"

"လက်ကျန်ငွေလာပေးတာ။ ဒီမှာ ဘယ်သူမှမရှိလို့"

"ဟုတ်လား ... ကျွန်တော် မနက်ဖြန် (၉) နာရီ ကုမ္ပဏီဝင် ယူလိုက်ပါ့မယ်"

"မင်းထက်သာ ဘာလို့ အလုပ်ထွက်သွားတာလဲ"

"ဗျာ! "

"ဘယ်လိုပြောပြီး ထွက်သွားရတာလဲ။ တစ်ယောက်ယောက် နဲ့ ပြဿနာများဖြစ်သေးလား"

"အဲဒါတော့ မပြောတတ်ဘူး ခင်ဗျ။ ထွက်ပါရစေဆိုပြီး အလုပ်လက်စသိမ်းတဲ့နေ့ကပဲ ပြောသွားတာပါ"

"ဖုန်းနံပါတ်ပြော"

"ဗျာ"

"ကြာတယ်ရှင်၊ Address ကို message နဲ့ပို့လိုက်ပါ။ ဒါပဲ! "

မီးပွိုင့်မိနေပြီမို့ ကားကို ဘရိတ်အုပ်လိုက်ရင်း စောင့်ရပြန်ပါ၏။ အဆင်မပြေဘူးဆိုပါက ဆက်တိုက်ကို ဖြစ်တော့တာပါပဲ။ Message ဝင်သံ ကြားရပြီမို့ မီးစိမ်းစဉ် လမ်းကြောကို ပြောင်းယူ



www.burmeseclassic.com

www.burmeseclassic.com



လိုက်ရပါသည်။ ဖုန်းခေါ်လို့မှ မရရင် ရှင်နဲ့ကျွန်မ မျက်နှာချင်းဆိုင် တွေ့ကြရုံပေါ့ "မင်းထက်သာ" ရယ်။

"လူကြီးမင်းခေါ်ဆိုနေသော တယ်လီဖုန်းမှာ ဆက်သွယ်မှု ဧရိယာပြင်ပသို့ ရောက်နေပါသဖြင့် ခေါ်ဆို၍ မရနိုင်ပါရှင်"

"တောက်!"

ငါနော် စိတ်တိုပါတယ်ဆိုမှ ဒင်းက ဘယ်ကမ္ဘာကိုရောက်နေလို့ ဆက်သွယ်လို့မရတာပါလဲ။ ရန်ကုန်တစ်မြို့တည်း ပြောနေတာတောင်မှ လူကြီးမင်းနဲ့ပဲ တိုးနေရတယ်လို့။ ကောင်းပြီ မင်းထက်သာ။ ညနေ (၅) နာရီကျော်ဆို ရှင် အိမ်မှာတော့ ရှိရမှာပေါ့။ အလုပ်ထွက်ထားတာ တစ်ပတ်မပြည့်ခင် တခြားအလုပ်တော့ မဝင်လောက်သေးပါဘူးနော်။

Message ကိုပြန်ကြည့်ရင်း လမ်းအမည် ဖတ်မိမှ အံ့ဩသွားရလေ၏။ အလို! လင်းတို့ဝယ်ထားပြီးလာနေသည့်အိမ်နှင့် တစ်ရပ်ကွက်တည်းပါလား။ နီးလျက်နဲ့ဝေးဆိုတာ ဒါမျိုးကိုခေါ်တာ ထင်ပါရဲ့။ စိတ်တိုနေရင်းမှ မဲ့ပြုံး ပြုံးလိုက်မိပါ၏။ ပြေးလို့ လွတ်နိုင်ပါ့မလား မင်းထက်သာရယ်။

"ဒီမှာ ကလေးရယ် . . . ဒီလိပ်စာလေးများ ညွှန်နိုင်မလား"





လမ်းဆုံ platform မှာ ကားခဏရပ်ရင်း ကျောင်းသားလေးတစ်ယောက်ကို မေးလိုက်မိ၏။ ကောင်လေးက သူ ကျူရှင်တက်ခဲ့သည့်အိမ်ဆိုပြီး သေချာညွှန်ပေးလိုက်ပါသည်။ ကလေးလက်ထဲကို ချောကလက်တစ်တောင့်ထည့်ပေးကာ ကျေးဇူးတင်ကြောင်း ပြောလိုက်ပါ၏။ ကားကို တစ်ဖက်လမ်းကြောသို့ ကူးလိုက်ပြီး ကုန်းတက်လမ်းပေါ် တက်လိုက်ပါသည်။

သုံးလမ်းမြောက်ဟု ပြောလိုက်သဖြင့် ကားကို ခပ်ဖြည်းဖြည်း မောင်းခဲ့ရပါ၏။ လမ်းထိပ်ပျဉ်းမပင်အောက်မှာ မုန့်ဆိုင်လေးရှိတာမို့ ကားကိုရပ်ခဲ့ရပါသည်။ ဒီဘေးလမ်းကြားထဲ ဝင်ရမှာပေါ့။ ကားဝင်ရခက်သည့် လမ်းထဲမှာမှ နေရတယ်လို့။ မုန့်ဆိုင်မှာထိုင်နေသည့် အစ်မကို ကားခဏထားခဲ့သဖြင့် တစ်ချက်လောက်ကြည့်ပေးရန် မှာကာ လမ်းထဲသို့ ဝင်ခဲ့ပါ၏။

ကြည့်စမ်း . . . သာယာလိုက်တာနော်။ ဘယ်လောက်များ လှပတဲ့ အပင်တွေနဲ့ အပွင့်တွေ၊ အရွက်တွေကြွေပြီး လမ်းခင်းထားသလို ဖြစ်နေပါသလဲ။ အနုပညာသမားသာဆိုရင်ဖြင့် သီချင်းတစ်ပုဒ် (ဒါမှ မဟုတ်) ကာရန်ညီ စကားလုံးလှလှလေး ကဗျာတစ်ပုဒ်လောက် စပ်ဖြစ်မှာအမှန်ပါပဲ။



www.burmeseclassic.com

www.burmeseclassic.com



ဒီလို ကြည်နူးစရာကောင်းလွန်းပါသည့် လမ်းကလေးထဲမှာ နေတဲ့လူက ဘာကြောင့်များ စိတ်မကြည်လင်တဲ့မျက်နှာ ရှစ်ခေါက်ချိုးနဲ့ လေသံမာဆတ်ဆတ်မျိုး ပြောတတ်ရတယ်လို့။ အေးချမ်းပြီး လေသန့်သန့်ရှူရသည့်နေရာ။ မျက်စိကြည်လင်အေးပြီး လှပသည့်မြင်ကွင်းတွေကို နေ့စဉ်မြင်ရသည့်သူက ဘာကြောင့် စိတ်မပျော့ မနူးညံ့ဘဲ မာကျောနေရပါသလဲ။

ရောက်ပါပြီ "မင်းထက်သာ"။

"ဘယ်သူရှိပါသလဲ အိမ်ရှင်တို့"

ခြံရှေ့တံခါးလေးမှာရပ်ကာ အသံပေးလိုက်ပါ၏။ သစ်သားအိမ်တစ်ထပ်သေးသေးလေးက ရေနံသုတ်ဝကာ အေးချမ်းနေသလိုပါပဲ။ အိမ်ရှေ့မှာ ရွက်လှပင်နှင့် နှင်းဆီပင် အနည်းငယ်စီ စိုက်ထားပါသည်။ အိမ်ကိုတော့ လုံခြုံအောင် ပြုလုပ်ပြီး ဆောက်ထားတာဖြစ်သော်လည်း မယ့် ခြံစည်းရိုးကိုဖြင့် သစ်သားချောင်းလေးတွေ စီတန်းလျက် သင်သပ်ရပ်ရပ် ကာထားလေ၏။

"အိမ်ရှင်တို့ ရှိပါသလား"

လူခေါ် Bell လည်း မချိတ်ထားသဖြင့် ကိုယ့်အသံကိုသာ အားကိုးရပါသည်။ ခြံတံခါးက သော့မခတ်ထားဘဲ ဂလန့်လေးသာ



ခပ်လွယ်လွယ်တပ်ထားလေ၏။ ဝင်သွားလို့ဖြစ်ပါ့မလား။ တော်ကြာ အော်လွှတ်ရင်အခက်ပါပဲ။ အိုလေ! ဒီအထိတောင်မှ ရောက်လာပြီပဲ မဟုတ်လား။ ရှေ့တစ်လှမ်းတိုးလိုက်ရုံနဲ့ ပိုနီးဖို့ပဲ အကြောင်းရှိမှာပါနော်။

ဂလန့်ကို အသာဖြုတ်၍ တံခါးဖွင့်ကာ ခြံထဲသို့ ဝင်လိုက်ပါ၏။ အုတ်ခဲကျိုးတွေစီထားသည့်လမ်းလေးပေါ်မှာ သဲဖြူဖြူလေးတွေ ဖုံးထားတာမို့ လမ်းလျှောက်တာ ခြေထောက်မနာပါ။ လမ်းလေးအဆုံးမှာ အိမ်ကလေးဝါရန်တာပေါ်တက်ရန် လှေကားသုံးထစ်ရှိနေလေ၏။ ချက်ချင်းမတက်ဖြစ်သေးဘဲ ခဏမျှ ရပ်မိပြန်သည်။

မတူးတော့ပါဘူး။ သူ့အော်တော့လည်း ပြန်အော်ရုံပေါ့။ ဒီလိုနဲ့ပဲ ကတောက်ကဆဖြစ်ပြီး ရင်းနှီးကြမှာပေါ့နော်။ လူချင်း ပိုနီးအောင် ရှေ့တိုးဖို့မကြံဘဲ ရှောင်ပြေးရတယ်လို့။ တကယ်စဉ်းစားကြည့်ရင် လင်း လွန်တာပါ။ သို့သော် အခုလို အိမ်အထိလိုက်ခေါ်ရတဲ့ အဆင့်ထိဖြစ်လာမည် မထင်ခဲ့။ မိန်းကလေးဘက်ကစရတာ နည်းနည်းတော့အောက်သာ။

အချစ်မှာ အောက်ကျတာတွေ နောက်ကျတာတွေ ရှိလို့လား။ ဘယ်သူ နောက်ဆုတ်ဆုတ် ဘယ်သူပဲရှေ့တိုးတိုး နှစ်ဦးသား ပေါင်းချင်း အပ်မိဖို့သာ အဓိကပါလေ။ ပွင့်လင်းဖို့လိုတယ် မင်းထက်သာ။ တစ်



www.burmeseclassic.com

www.burmeseclassic.com



ယောက်ယောက်ကစပြီး မပြောရင် လင်းတို့တွေ ဒီထက် ခရီးပေါက်မှာ မဟုတ်ဘူး။ ချောင်းကြည့်ပြီးပြန်ဆိုတဲ့ခေတ်က လွန်ခဲ့တဲ့အနှစ်နှစ်ဆယ်မှာ ကျန်ရစ်ခဲ့တာပါလေ။

ရင်ခုန်သံတွေ ရပ်ခဲ့တာ အဘယ်မျှကြာခဲ့ပြီလဲ။ လင်းကို စိတ်တွေ လှုပ်ရှားစေခဲ့သည် မျက်ဝန်းတစ်စုံကြောင့် ယိုင်နဲ့ခဲ့သည် နှလုံးသားကို ငဲ့ညှာသင့်ပါတယ်။ ဂုဏ်တွေ ငွေတွေ ပကာသနတွေ ဘာမှမလိုအပ်ပါဘူး။ ဆင်းရဲတာ ချမ်းသာတာတွေကိုလည်း မေ့ထား ပေးပါ။ တစ်ခုတည်းပါပဲ။ ရင်ထဲမှာ နှင့်နှင့်သည်းသည်းနဲ့ ချစ်ပြရုံပါ။ စစ်မှန်တဲ့ချစ်ခြင်းတွေသာ လင်းကို ပေးစေချင်ပါတယ် မင်းထက်သာ။

"ဒေါက်! ... ဒေါက်!"

"လာပြီ"

မိန်းကလေးသံကြောင့် အံ့ဩသွားရပါ၏။ တံခါးခေါက်လိုက်တာများ မှားလေပြီလား။ ရင်ထဲမှာ ဒိန်းခနဲမြည်သံက အကျယ်ကြီးပါပဲ။ ဘုရားရေ! သူ့မှာ သူ့မှာ အိမ်ထောင်ရှိနေတာများလား။ (၂၄) နှစ်ဆိုတာ အိမ်ထောင်ပြုသင့်တဲ့အရွယ်ပဲမို့ ပြုနိုင်ချေရှိတာပဲ။ ထင်မထားသည့်အခြေအနေမို့ ခြေထောက်တွေက အလိုလို ပျော့လာသည်နှယ်ပါ။ ခက်လေပြီကော "လင်းလက်သန့်စင်" ရယ်။





"ဘယ်သူလဲ"

"မင်း ... မင်းထက်သာ"

"အစ်ကို ပြန်မရောက်သေးဘူးရှင့်"

အစ်ကိုတဲ့။ အစ်ကိုဆိုပါလား။ ရေချိုးရင်း ခေါင်းလျှော်ထားသည့် မိန်းကလေးက ဆံနွယ်တွေ ရေသုတ်နေရင်း တံခါးကို ဖွင့်ပေးဆိုက်လေ၏။ လှလိုက်တာ ချစ်စရာလေး။ ဖြူဖြူသွယ်သွယ် မိန်းကလေးပါလား။ မိန်းကလေးချင်းတောင်မှ ဤမျှ စေ့စေ့စပ်စပ် ကြည့်နေမိရင်ဖြင့် ယောကျ်ားသားတွေဆို ဘယ်လိုများဖြစ်ကြလေမည်လဲ။

လင်း ရင်ကိုထပ်ပြီး အက်စေပြန်ပြီလား မင်းထက်သာ။

□ □ □



www.burmeseclassic.com

www.burmeseclassic.com

## အခန်း (၁၀)

ပါးစပ်အဟောင်းသားဖြင့် ငြိမ်းကို ငေးကြည့်ပြီးကြောင်နေ... သည့် မမလှလှလေးကြောင့် ပြုံးမိသွားရပါ၏။ အစ်ကိုနာမည်... ဒီတိုင်းခေါ်လိုက်တာမို့ အစ်ကို့ထက် အသက်ကြီးမည်ဟု ခန့်မှန်းလို... မိပါသည်။ သို့သော် လောကဓံ၏ နှိပ်စက်သည့်ဒဏ်ကြောင့် အစ်ကို... ဒီမမထက် ရုပ်ပိုရင့်နေတာ အသေအချာပါ။

"သူက"

"ငြိမ်းက အစ်ကို့ညီမလေးပါ မမ"

"ဪ"





"အထဲမှာဝင်ပြီး စောင့်ပါလား။ ခဏနေ အစ်ကိုပြန်လာတော့မှာပါ။ ဝင်ပါ မမ"

မျက်နှာထက်တစ်မျိုးလေးဖြစ်သွားပြီး ခပ်အမ်းအမ်း ဖြစ်သွားပါသည့် မမလှလှလေးက ငြိမ်း ခေါ်လိုက်သဖြင့် အိမ်ထဲသို့ဝင်လိုက်လေသည်။ သစ်သားဆက်တီမှာ အသာဝင်ထိုင်လျက် အိမ်ထဲကို အကဲခတ်လျက် ကြည့်နေလေသည်။ ဘယ်သူလဲ၊ ဘယ်ကလာတာလဲ၊ အစ်ကိုနဲ့ ဘယ်လိုပတ်သက်ပါသလဲ။ မေးခွန်းတွေအများကြီး မေးလိုက်ချင်ပေမယ့် မမေးရဲပါ။ မြင်ရုံဖြင့် ချမ်းသာပြည့်စုံသည့် အသိုင်းအဝိုင်းမှ အမျိုးသမီးမှန်း သိသာစေပါ၏။

ဆံပင်တိုတိုနှင့် ဝတ်စားပုံက မိန်းမ လုံးဝမဆန်ပါဘဲ ယောကျ်ားဆန်သည့် အပြင်အဆင်ပါ။ အပေါ်က blouse ကလည်း shirt နှင့် ခပ်ဆင်ဆင်။ အောက်မှာ style pants ဝတ်ထားပေမယ့် အရပ်မြင့်သူမို့ ကြည့်ကောင်းစေပါသည်။ နိုင်ငံခြားက model များ အိမ်ရောက်လာသလားထင်မိအောင် style ခပ်မိမိနှင့် smart အရမ်းကို ကျပြီး ချောမောလွန်းနေလေ၏။

"သုံးဆောင်ပါ မမ"

"ရပါတယ်၊ အားနာလိုက်တာ"



www.burmeseclassic.com

www.burmeseclassic.com



ကော်ဖီပူပူလေး ဖျော်လာပေးတာကို အမောပြေ တစ်ငုံ သောက်လိုက်လေ၏။ လက်ချောင်းလေးတွေက သွယ်လျနေပြီး မည် သည့် ရွှေတစ်စုမျှ ဝတ်ဆင်ထားခြင်းမရှိပါချေ။ နားပေါက်ပင်မဖောက် ထားသဖြင့် ပို၍ ဘိုဆန်သည်ဟု ထင်ရပါ၏။ ဤသို့သော အမျိုးသမီး လှလှလေးနှင့် အစ်ကို ရင်းနှီးနေရပါသလဲ။

"ငြိမ်းပဲ ရှိတာလား"

"ဟုတ်ကဲ့ . . . ငြိမ်းတို့က မောင်နှမနှစ်ယောက်တည်း ရှိတာ ပါ"

"ကလေးတွေကို ကျူရှင်ပြတာလား။ ငြိမ်းတို့အိမ်ကို ကျောင်း သားလေးတစ်ယောက် လမ်းညွှန်ပြလိုက်လို့ တည့်တည့်မတ်မတ် ရောက်လာနိုင်တာပါ"

"ကျူရှင်ပြခဲ့တာ မှန်ပါတယ်။ အခု မသင်တော့ပါဘူး။ အလုပ် ဝင်မှာမို့ပါ"

"ဘယ်မှာလဲဟင်"

"အဲဒါတော့မသိသေးဘူး မမ၊ Form တွေတင်ထားတာ လေးငါးခုပဲ။ Interview တွေလည်း ဖြေထားတာရှိတယ်"

ပြုံးလိုက်မှ ပိုလှသွားသည်ထင်ပါ၏။ အသံက မချိုဘဲ





ညိုညိုလေးဖြစ်နေတာကို ငြိမ်း သဘောကျမိပါ၏။ သနပ်ခါးရေကျဲ လေ့ရှိသည့် ငြိမ်းမျက်နှာထက် ဘာမှလူးမထားပါသည့် မမမျက်နှာ က ပိုပြီးများ နူးညံ့ချောမွတ်နေသလိုပါပဲ။

"သူက ပေးလုပ်လို့လား"

"ရှင်"

"ညီမလေး တစ်ယောက်တည်းကို စိတ်ချပုံ့မလား"

"အဟင်း . . . အစ်ကိုက ငြိမ်းကို အဲဒီလိုတော့ မပြောပါဘူး။ ကိုယ့်ခြေထောက်ပေါ် ကိုယ်ရပ်နိုင်ဖို့ပဲ သင်ပေးပါတယ်"

ဒီလိုပဲဖြစ်မှာပေါ့။ မင်းထက်သာပဲဟာ။ နာမည်ကိုက စီးပိုးပြီး သူတစ်ပါးလက်အောက်မှာ အောက်ကျို့ပြီး ခေါင်းငုံ့ထားတတ်တဲ့ လူမှ ဟုတ်တာပဲ။ ကိုယ့်ကိုယ်ကိုယ် မာနကြီးလှပြီထင်ထားသမျှ သူနဲ့တွေ့မှ က်မြောက်အရှုံးပေးရတာလေ။ သို့သော် အဲဒီမာနခဲ လေးကိုပဲ လင်း သဘောကျနေမိတော့ ခက်သွားလား။

"တို့နာမည် လင်းလက်ပါ"

"နာမည်နဲ့ အရမ်းလိုက်ဖက်တာပဲ။ မမကိုယ်တိုင်ကို ဝင်း က်တောက်ပနေတာ"

"ဟယ် . . . မြှောက်ပြောနေတာလား"



www.burmeseclassic.com

www.burmeseclassic.com



"တကယ်ပြောတာပါ မမရဲ့"

"ငြိမ်းက ဘာ major နဲ့ ကျောင်းပြီးတာလဲ"

"Maths ပါ"

"ဪ . . . အလုပ်ဝင်ဖို့ အဆင်ပြေပါ့မလား"

"တန်ရုံသင့်ရုံပေါ့ မမရယ်။ ကိုယ့်မှာ တစ်ကျပ်ပိုင်ထား တစ်ကျပ်နဲ့တန်တဲ့နေရာ တစ်ကျပ်တန်ဘိုးရှိတဲ့အရာကိုပဲ ရမှာ ပိုရချင်လို့ ဘယ်ဖြစ်ပါ့မလဲ"

ခေါင်းညိတ်ပြလိုက်မိ၏။ မောင်နှမပီသပါပေ့။ ဆင်းရဲနွမ်း သော်ငြား ညှိုးငယ်ရိပ်တို့ လုံးဝမမြင်ရပါချေ။ တမင်တကာကြီး ကျောပြတာမျိုးမဟုတ်ပေမယ့် ရှိသင့်ရှိထိုက်သည့်မာနကိုတော့ မြင် ရတာပါ။ ရဲရုံ့ပြတ်သားတာ၊ မဟုတ်မခံတာ၊ နည်းနည်းမှ အတင်းအ မခံတတ်တာတွေကို မြင်ရုံနှင့် သိသာစေလေ၏။ ဒီအစ်ကိုနဲ့ ဒီညီ ပီသကြပါပေ့ မင်းထက်သာ။

"တကယ်လို့ အကယ်၍ပေါ့နော်။ ငြိမ်း အလုပ်ရဖို့ အဆ မပြေခဲ့ရင် တို့ကုမ္ပဏီကိုသာ လာခဲ့ပါ"

ငြိမ်း ယဲ့ယဲ့မျှ ပြုံးလိုက်မိ၏။ "စိန်နားကပ်အရောင်နဲ့ ပြောင်" ချင်လို့ ရပါ့မလား။ "ဆင်ဖြူတော်မှီပြီး ကြံစုပ်" ခွင့်ရတာမျိုး





ကျစရာအကောင်းဆုံးပါပဲ။ အထူးသဖြင့် အစ်ကိုမျက်နှာနှင့် နေရာ အဆင်သင့်ဝင်ထိုင်တာမျိုးက ငြိမ်းအတွက် ရင်လေးစရာပါလေ။ တနာနှင့်ပြောတာမှန်း သိသော်ငြား လူဆိုတာ ကိုယ့်နေရာကိုယ် သိတတ်ရမှာမို့ပါပဲ။

"ဟုတ်ကဲ့"

"ဘာလဲ . . . တို့ပြောတာကို မယုံလို့လား။ ငြိမ်းလေသံက အားမရလိုက်တာ"

"ငြိမ်းက အချောင်ရတာမျိုးကို လောဘတကြီးနဲ့ မယူတတ် ဘူးပါ မမ။ တကယ် အရမ်းခက်ခဲနေရင်တော့ မမပြောတာကို စဉ်းစား မယ်"

အာဂမောင်နှမပါပဲ။ အဘယ်သို့သော ပုဂ္ဂိုလ်မျိုး၏ အဆုံး အမကြောင့် ဒီကလေးနှစ်ယောက် အလိုလို ကျောက်လိုသံလို မာကျော နေရပါလိမ့်။ မျက်စိရှေ့ချပြတဲ့ အဝါရောင်ကို ရွှေလို့မမြင်ဘဲ ဝါဝါလေး သာ ရိုးရိုးမြင်တတ်သည့်ဉာဉ်က အံ့သြစရာကောင်းလွန်းနေပါ၏။ အဝတစ်လျှောက် ကိုယ့်ကို မြှောက်ထိုးပင့်ကော်၊ ကပ်ဖားလျက်ဖား ခေါင်းခဲ့ကြသည့် အပေါင်းအသင်းတို့နှင့် လားလားမျှ မသက်ဆိုင် ဆန့်ကျင်နေသည့် လူထူးဆန်းမောင်နှမနှင့်မှ အခုလို ကြုံရတယ်လို့



www.burmeseclassic.com

www.burmeseclassic.com



အံ့သြရပ့်။

Bus ပေါ်မှဆင်းတော့ ညနေ (၆) နာရီထိုးကာနီးနေလေပြီ။ ငြိမ်းတော့ မျှော်နေတော့မှာပဲ။ ခြံထဲဆင်းစောင့်လျှင် မြွေပါးကင်းပါး အန္တရာယ်ရှိတတ်တာမို့ ဝရန်တာမှာတော့ ထွက်ပြီး သူ့ကို မျှော်တတ်လေ့ရှိသူပါ။ ခေါက်ဆွဲကြော် ဖော့ဘူးကို လက်မှာဆွဲရင်းဖြင့် ကုန်းပေါ် တက်လိုက်ပါ၏။ လမ်းထိပ်ပျဉ်းမပင်အောက်မှာ ရပ်ထားသည့် ခဲရောင်ကားလေးကြောင့် အံ့သြသွားရလေသည်။ နေပါဦး။ ဒီကားကို မြင်ဖူးသလိုလိုပါပဲ။

အလို! . . . လင်းလက်သန့်စင်များ သူတို့အိမ်ရောက်လာလေသလား။ မဖြစ်နိုင်တာ။ ဒီလိုရာထူးမျိုးနဲ့ မာနထိပ်ခေါင်တင် ရွှေမင်းသမီးက ရွှံ့တောမြေပေါ်က သူတို့အိမ်ကို ရောက်လာပါ့မလား။ ရှုပ်မင်းထက်သာ။ နေစောင်းနေပြီဖြစ်သည့် ခပ်မှိန်မှိန် လမ်းကြားထဲသို့ ဝင်လာခဲ့ပါ၏။ ခြံတံခါးက ဂလန့်မထိုးဘဲ ဟင်းလင်းပွင့်နေသလို အိမ်တံခါးတွေလည်း ထိုနည်းလည်းကောင်းပါပဲ။

ငြိမ်းတစ်ယောက်တော့ အန္တရာယ်ကို မကြောက်မရွံ့ ဖိတ်ခေါ်နေချေပြီ။

"ငြိမ်း"





စိုးရိမ်ပူပန်စွာဖြင့် လှေကားသုံးထစ်ကို ပြေးတက်စဉ် ဖိနပ်ချွတ်မှာ ရှိနေသည့် Shoe အပါးစားလေးကို မြင်လိုက်ရသဖြင့် ရင်ထိတ်သွားရလေ၏။ ငြိမ်းတော့ ဘယ်ကောင်ကိုများ အိမ်ထဲထည့်ထားပါသလဲ။ ဒီအစ်ကိုကို ခေါင်းပွင့်ထွက်အောင် ပြုလုပ်လေပြီလား။ "ငြိမ်းဆုပန်"။

"ငြိမ်းဆုပန်"

"ရှင်! . . . အစ်ကို"

"ဟင်"

အိမ်ထဲဝင်လိုက်သည်နှင့် ဧည့်ခန်းမှာရှိနေသည့်လူနှင့် တန်းတိုးလေ၏။ အတွင်းခန်းထဲမှ ရေနွေးဇန်းသယ်လာသည့် ငြိမ်းက သူ့ကို နားမလည်ဟန်ဖြင့် ကြည့်လိုက်ပါသည်။ ထင်မထားသည့်သူစိမ်း က ဆက်တီထက်မှာ မိန့်မိန့်ကြီး ထိုင်နေလို့ပါလေ။ ကြည့်စမ်း! . . . သူနဲ့ ဘာဆိုဘာမှ ပြဿနာမှ မဖြစ်ခဲ့သလို ကြည်လင်သည့်မျက်ဝန်းတို့ဖြင့် မော့ကြည့်နေရတယ်လို့။ အံ့သြရပ့် "လင်းလက်သန့်စင်"။

"ဘာလာလုပ်တာလဲ"

"စောင့်နေတာ"

"ဘာကိုစောင့်နေတာလဲ။ ခင်ဗျားနဲ့ကျုပ် ဘာမှ ပတ်သက်ရာအကြောင်း မရှိတာ။ ဘာမှလည်း ပြောစရာမရှိဘူး။ ဒီတော့



www.burmeseclassic.com

www.burmeseclassic.com



လာရာလမ်းအတိုင်း အမြန်ဆုံးကြွပေတော့”

“မင်းထက်သာ”

“အစ်ကို”

ငြိမ်းက ရေနွေးဓာတ်ဘူးကို စားပွဲထက် တင်လိုက်ပြီး သူ့လက်မောင်းကို လာဆွဲလေ၏။ လက်ထဲကိုင်လာသည့် (ဖော့ဘူးထည့်လာသည့်) ကျွတ်ကျွတ်အိတ်ကို စားပွဲထက်တင်ကာ စလွယ်သိုင်းထားသည့် လွယ်အိတ်ကို ခုံပေါ်တင်လိုက်ပါသည်။ မောရသည့်ကြားထဲ ဒေါသက ဆောင့်ထွက်လာရင် သွေးတိုးရောဂါတော့ ဖြစ်တော့မှာပဲ

“ရှင့်ကို တောင်းပန်ချင်လို့ ရောက်လာတာပါ”

“မလိုပါဘူး . . . ခင်ဗျား ပြောချင်သလိုပြော၊ ဆော်ကားချင်သလို ဆော်ကားပြီးမှ လေပြည်လာသွေးမပြနေပါနဲ့။ ခင်ဗျားစကားလုံးတွေက ပါးရိုက်ခံရတာထက်တောင် ဒီရင်ဘတ်ကြီးက ပိုနာတယ် ဒေါ်လင်း လက်ရဲ့ . . . သိရဲ့လား”

“အစ်ကို . . . အစ်ကို”

“နင် ဝင်မပါနဲ့။ ကလေးက ကလေးလိုနေပြီးဖယ်နေစမ်း ငါ့ကိစ္စ ငါ ကြည့်ရှင်းမယ်”

“တိုးတိုးပြောပါ အစ်ကိုရယ်”





ငြိမ်းကို ခပ်သာသာအားဖြင့်တွန်းလိုက်မိပါ၏။ ရုံးခန်းထဲမှာ အရှက်ပြုမ်ပြုမ်းကွဲ သိက္ခာတွေတုန်ဘုန်ကျခဲ့ရတာ ဘယ်သူလဲ။ လူကို တန်ဖိုးမဲ့ သတ္တဝါတစ်ကောင်လို မောင်းထုတ်ခံခဲ့ရတာကရော မျက်နှာကို ရေနွေးပူနဲ့ပက်လိုက်သည့်နှယ် အပြောခံခဲ့ရတာ ဘာများကြာသေးလို့လဲ။ အခုတော့ ဘာမှမဟုတ်သည့်နှယ် လေပြည်လာသွေး ပြနေတာ မဟုတ်လား။

ခံရခက်တဲ့ဒဏ်ရာကို ဆေးမထည့်ပေးပါဘဲ တုတ်နဲ့လာဆွနေပါလား လင်းလက်သန့်စင်။ ခင်ဗျားတို့လိုလူတန်းစားတွေရဲ့ အဆင့်ခွဲခြားဆက်ဆံတာမျိုးခံရတာ တစ်ကြိမ်တစ်ခါနဲ့ လုံလောက်ပါပြီ။ “ဘယ်သူမပြု မိမိမှု” တဲ့။ ဒီကုမ္ပဏီမှာ ဝင်လုပ်မိတဲ့ သူ့အပြစ်ဟု ယူဆပြီး မေ့ပျောက်အောင် နေနေပါလျက်နဲ့ စိတ်ပျက်စရာကြီးပါပဲ။

“ကျွန်မ ဘယ်လိုနည်းနဲ့တောင်းပန်မှ ရှင် ကြေအေးပေးမှာလဲ”

“မလိုပါဘူး”

“အဲဒီနေ့က ကျွန်မ ကိုယ်ရေးကိုယ်တာကိစ္စကြောင့် ဒေါသတို ရှင့်ပေါ်ပုံချခဲ့တာပါ မင်းထက်သာ။ တမင် မရည်ရွယ်ရိုးအမှန်ပါ”

“အပြောတော့လွယ်တာပေါ့ ဒေါ်လင်းလက်ရဲ့။ ခံရတဲ့လူက



www.burmeseclassic.com

www.burmeseclassic.com



တနင့်တပိုးကြီးဗျ။ ခင်ဗျားတို့လို ကားစီးနိုင်၊ ဆီဦးထောပတ်စားနိုင်၊ ရွှေဇွန်းကိုင်နိုင်တဲ့ အဆင့်အတန်းမျိုးက လမ်းဘေးမှာရှိတဲ့ ကျုပ်တို့လို လူစားမျိုးကို သူတောင်းစားအဆင့်လောက်သာ သတ်မှတ်ပြီး မတူမတန်သလို နှိမ်ပြီးပြောတာ ဆန်းပါ့မလား။ ပေဖြစ်ခံရတဲ့ဘဝမျိုး သည်းခံပေးခဲ့ပြီးပါပြီ၊ ကျေနပ်ပါတော့"

"အို!"

"အစ်ကိုကလည်း"

ညမီးရောင်အောက်မှာ သူ့အကြည့်တို့က စူးရှလွန်းနေပါ၏ ပြောချင်သည့်စကားတို့က လည်ချောင်းဝမှာ ပျောက်ကွယ်နေသော သည်။ မာနတွေ အရည်ပျော်ကုန်ပြီလား။ ဘယ်တော့မဆို ပြတ်သားစွာ ဆုံးဖြတ်နိုင်ခဲ့ပါလျက် အခုတော့ ဘာဆက်လုပ်ရမယ်မှန်း မသိဖြစ်နေရလေပြီ။

"ကျွန်မ ဒူးထောက်တောင်းပန်မှ ရှင် ကျေနပ်မှာလား"

"အို! ... မဟုတ်တာ"

ဆက်တီမှထလိုက်ပြီး စားပွဲဘေးမှာထိုင်ချလိုက်စဉ် သူ ပါးစပ် အပေါင်းသားဖြစ်သွားရလေ၏။ ထိုသို့ပြုမူမည်ဟု ထင်မှမထင်ထားတာကို။ ငြိမ်းက သူမကို လက်မောင်းမှ အတင်းပင် ဆွဲထူနေသော





သည်။ ခပ်ပါးပါးနွဲ့နွဲ့လေးဖြစ်သည့်ငြိမ်းက သူမကိုယ်ခန္ဓာကို ဘယ်ထူပေးနိုင်မှာတဲ့လဲ။

"ရင်ထဲက စစ်မှန်တဲ့စိတ်ရင်းနဲ့ တောင်းပန်တာပါ မင်းထက်သာ။ ရှင့်မိဘတွေကို စော်ကားမိသလို ဖြစ်ခဲ့ရတာကိုရော ရှင့်အပေါ် ကိုယ်ထိလက်ရောက် ပြုမူမိခဲ့တာတွေအတွက်ကိုပါ တောင်းပန်ပါတယ်"

"အစ်ကို မမ"

"ကျွန်မကို ခွင့်လွှတ်ပေးပါ"

"ကျစ်!"

"ရှင် ခွင့်လွှတ်နိုင်မယ်ဆိုရင် ကုမ္ပဏီကို ပြန်လာဖို့ တောင်းဆိုပါရစေ"

ကဲ! ... တွေ့လား။ အဘယ်မျှ ဒေါသဖြစ်စရာပါလဲ။ လူကို နေရခက်အောင်လည်း လုပ်ပြနေရတယ်လို့။ ခေါင်းငုံ့နေသည့်သူမကို ငြိမ်းက ထူလိုက်စဉ် မျက်နှာကိုလက်ခုံဖြင့် ဖျတ်ခနဲ သုတ်လိုက်လေ၏။ အလို! လင်းလက်သန့်စင်က သူတို့အိမ်မှာ မျက်ရည်ကျသတဲ့လား။ သူလို အညတရလူသားကို မာန်ချပြီး မျက်ရည်ကျပြရတယ်လို့၊ ခင်ဗျား ရင်ထဲမှာ ဘာတွေဖြစ်နေပါသလဲ "လင်းလက်သန့်စင်"

❑❑❑



www.burmeseclassic.com

www.burmeseclassic.com

## အခန်း (၁၁)

လှေကားသုံးထစ်ကို ဆင်းလိုက်စဉ် အနောက်မှ ခပ်မာမာ အသံဖြင့် ခေါ်သံကိုကြားလိုက်ရပါ၏။ ခွင့်လွှတ်ပေးပါ့မလား။ မာနပြိုင် တာမဟုတ်ပေမယ့် လင်းက သူ့ထက် မာနကြီးခဲ့တာ အမှန်ပါ။ သူ့ရှေ့ မှာမှ ဒူးထောက်တောင်းပန်ရတာကို ရှက်စရာဖြစ်ပေမယ့် တကယ့် စိတ်ရင်းနဲ့ တောင်းပန်ခဲ့တာကိုယုံပါ့မလား။

"မလင်းလက်"

လှေကားသုံးထစ်မြောက် (အောက်ဆုံးထစ်) မှာ ရပ်မိပေ မယ့် သဲမြေပေါ်ထပ်ဆင်းပြီး ခဏမျှ ရပ်လိုက်ပါ၏။ သူက လင်း





နောက်မှလိုက်ဆင်းတာမို့ ကျောဘက်မှာရှိနေလေပြီ။ ကြက်သီးတွေ ဖြန်းခနဲ ထမိလေ၏။ ဘယ်လိုဖြစ်ပြီး ဒီလောက်ထိ နီးကပ်စွာ ရပ်လိုက် တာပါလိမ့်။ ချက်ချင်းကြီးတော့ ခွင့်လွှတ်ပေးမှာမဟုတ်မှန်း သိနေပါ သည်။

"ခဏစောင့်ပါ လိုက်ပို့ပေးမယ်"

"မလိုပါဘူး"

"လိုအပ်လို့ပါ။ ကျွန်တော်တို့လမ်းက ညဘက် မှောင်ပါ တယ်။ အန္တရာယ်ဖြစ်မှာစိုးလို့ပါ"

စိုးရိမ်လို့တဲ့လား။ မလိုက်ပါနဲ့လို့ ပြောချင်ပေမယ့် ရင်မော နေရတာမို့ စကားလုံးတွေက လည်ချောင်းမှ ထွက်မလာတော့ပါချေ။ ဘယ်လိုပြောရပါ့မလဲ။ အားနာပါတယ်လို့ ပြောလိုက်ရင်ဖြင့် လူကို မျက်မှောင်ကျုံ့ပြီး အော်လိုက်ပါက လင်းအဖို့ လိပ်ပြာလွင့်စရာသာ ဖြစ်တော့မှာပါလေ။

"လာ . . . သွားစို့"

ဘေးမှဖြတ်ပြီး သွားတာမို့ ပခုံးချင်း တိုက်မိသွားလေ၏။ Sorry ဟုတောင်မှ မတောင်းပန်ပါချေ။ ပြောသားပဲ မင်းထက်သောက မာနမင်းသားပါလို့။ ငြိမ်းက ဝရန်တာအထိလိုက်လာကာ လင်းတို့ကို

www.burmeseclassic.com



ကြည့်နေသဖြင့် လက်တစ်ဖက် အသားလေးပြလျက် သူနောက်မ
ခပ်မြန်မြန် လိုက်ခဲ့ရပါ၏။ ခြေလှမ်းကျဲကလည်း မြန်လိုက်တာနော်

"ခဏလေး"

"ဘာလဲ"

ခြံတံခါးရှေ့မှာစောင့်ပြီး လှည့်ကြည့်လိုက်လေ၏။ လရောင်က
သစ်ပင်တို့ကြောင့် သိပ်ပြီး လင်းမနေပါချေ။ ဒါကြောင့် မှောင်တယ်လို့
ပြောတာကို။ သူတို့ခြံဝင်းနည်းတူ တခြားခြံတွေကပါ ခပ်သေးသေး
လေးတွေပါပဲ။ သူ့အနီးရောက်စဉ် ကာဘော်လစ်ဆပ်ပြာနံ့ကို ရှူမိလေ
၏။ ဘာလို့များ ဒီဆပ်ပြာကို သူကြိုက်နှစ်သက်ရပါလိမ့်။

"အလုပ်ပြန်ဆင်းမှာလား"

"အခုလည်း ဆင်းနေတာပဲ"

"မဟုတ်ဘူးလေ၊ တက်နေဝန်းကို ပြောတာ"

သူ နှုတ်ပိတ်သွားလေ၏။ ဈေးကလည်း ကိုင်ပုံ။ ဒီလို
ရာထူးကြီးတဲ့လူက အိမ်တိုင်ရာရောက်ခေါ်တာမျိုး ရှိပုံ့မလား။ ရှင်
အပေါ် ပြောဆိုမိတာကို အားနာမိတာအပြင် ရင်ဘတ်ထဲက နှလုံးသား
ကိုပါ သနားနေလို့ အခုလို ကြိမ်စကြာနဲ့ ရိုက်ခေါ်လိုက်သည့်နှယ်
ရောက်လာရတာ အမှန်ပါပဲ။ ဒါကို သူကဖြင့် တွေးမိပုံမပေါ်ပါချေ





တစ်ဖက်သတ်ချစ်ခြင်းမျိုးက တစ်ကြိမ်တစ်ခါသာ ရှိသင့်တာပါ လင်း
လက်သန့်စင်။ နောက်တစ်ကြိမ်ဆိုရင်ဖြင့် အက်ကွဲကြောင်းရှိနေသည့်
နှလုံးသားက ပိုဆိုးတော့မှာပါပဲ။

"ဟင်လို့"

"စဉ်းစားဦးမယ်"

"ဘယ်လောက်ကြာကြာ စဉ်းစားမှာလဲ"

BURMESE CLASSIC

ရော်! . . . ခက်တော့တာပါပဲ။ ပြောနေပုံက ပူဆာနေသလို
ပါပဲလား။ ပြောင်းပြန်ကြီးများဖြစ်နေပြီလား မင်းထက်သာ။ သူများ
တွေ မတော်တဆကြားသွားပါက သူ့ဆီကနေ မိန်းကလေးက (ရည်း
စားစကားပြောအပြီး) အဖြေတောင်းနေသလို ထင်တော့မှာလေ။
ဘယ်လိုလဲ လင်းလက်သန့်စင်။ မာနတွေ မိုးထိအောင်မြှင့်တင်ထားတဲ့
စိတ်က ဘယ်ကိုများ ရောက်သွားပါသလဲ။

ခပ်ညြညြလေသံက တိုးတိုးလေးပြောစဉ် မမာတော့ဘဲ
ပျော့နေတာပါ။ မိန်းမ မဆန်သောမိန်းမတစ်ယောက်နဲ့ အနီးကပ်ဆုံး
အနေအထားမျိုးနဲ့ ရှိနေမိတာ ဒါ ပထမဆုံးအကြိမ်ပါပဲ။ လက်ထဲပြ
ကိုင်လာသည့် ဓာတ်မီးဖွင့်ကာ လမ်းမြင်သာစေရန် ပြလိုက်ပါ၏။
အသက်ရှူထုတ်လိုက်တိုင်း ပန်းရနံ့တို့နှင့်အတူ ရောပါလာသည့် သူမ၏

www.burmeseclassic.com

www.burmeseclassic.com



ကိုယ်သင်းရနံ့ကြောင့် ရင်ခုန်နှုန်းကို ပိုမြန်စေရင်း နေရခက်စေလေသည်။

"အမေ့!"

"ဟာ!"

သူ့ဘက်ကို ယိုင်လာလာသည့် ခပ်ပါးပါးခန္ဓာကိုယ်ကို အမြန်ဖမ်းထိန်းလိုက်မိစဉ် ဓာတ်မီးက မြေထက် လွတ်ကျသွားပြီး လမ်းထဲမှာ မှောင်အတိဖြစ်သွားလေတော့၏။ ပြဿနာပါပဲ။ ဘာကိုမှမကြောက်တတ်ပါသည့် လင်းလက်သန့်စင်တစ်ယောက် သူ့လက်ထဲမှာ ခိုက်ခိုက်တုန်လျက် ကြောက်ရွံ့နေပါရောလား။

BURMESE CLASSIC

"မလင်းလက်"

"မြွေ ... မြွေထင်တယ်"

"ကိုက်မိသွားလို့လား"

"ဟင့်အင်း မသိဘူး။ ခြေ ... ခြေထောက်ကို လာပတ်တာပဲ သိတယ်"

"အေးစက်စက်ပျော့စိစိကြီးလား"

"မသိ ... မသိတော့ဘူး"

"ခဏစောင့်နော်"





"ဟင် ... ဘယ်သွားမလို့လဲ"

အကျီရင်ဘတ်နေရာကို ဆွဲဆုပ်ကိုင်ထားပုံက အားကိုးတကြီးပါပဲ။ မည်သို့ပင် ရဲရင့်ပြတ်သားပါသည်ဟုဆိုဆို နောက်ဆုံးတော့ မိန်းမက မိန်းမပါပဲလား။ နားလည်ရခက်သည့် ပုစ္ဆာတွေထဲမှာ ဤသို့သော ဣတ္ထိယတို့ အပါအဝင်ဖြစ်မည် ထင်ပါ၏။ ဒီလိုကြီး မှောင်မှောင်မည်းမည်း လမ်းကြားထဲမှာ ဆန့်ကျင်ဘက်လူသားနှစ်ဦးက ပွေ့ပွေ့ဖိုက်ပိုက်နဲ့ အကြာကြီးရှိနေလို့ ဖြစ်ပါ့မလား။

သတိရှိသည့်သူက သူမကို အသာဖယ်ထုတ်လိုက်သော်ငြား လူနားကို ပိုတိုးကပ်နေတော့ ခက်သားလား။ ကြောက်ရွံ့ခြင်းက ရှက်ရွံ့ခြင်းကို ဖုံးကွယ်ထားနိုင်ပါသလား လင်းလက်သန့်စင်။ ရင်ခုန်သံတွေ တဒုန်းဒုန်း မြည်ဟီးလာသံကြောင့် ရင်တစ်ခုလုံး ပေါက်ကွဲထွက်တော့မည့်နှယ်ပါ။ ကျေးဇူးပြုပြီး ကျွန်တော့်ကို မပြုစားချင်ပါနဲ့လား။ လင်းလက်သန့်စင်။

"ကျစ်! ... ဓာတ်မီးရှာရမယ်လေ၊ ခဏလေး"

"ထားမသွားနဲ့နော်"

"ခြော် ... ကြိုကြိုဖန်ဖန် တွေးပြန်ပြီ။ နေဦး ... ဒီနားလောက်ပဲ လိမ့်သွားတာ"

www.burmeseclassic.com

www.burmeseclassic.com



လက်က မာတ်မီးကို စမ်းမိသည်နှင့် တစ်ချက်နှစ်ချက်မျှ လှုပ်ခေါက်လိုက်သည်နှင့် ပြန်လင်းသွားပါ၏။ သူက ခြေထောက်နှိုရာ ဆီ မီးရောင်ဖြင့် ကြည့်မိစဉ် နွယ်ကြိုးရစ်ထားတာကို တွေ့လိုက်ရလေသည်။ လမ်းလျှောက်ရင်း ခြေထောက်နှင့် မတော်တဆငြိသွားပုံပါပဲ။ နွယ်ကြိုးမှန်းမသိ မြွေမှန်းမသိရလေအောင် အသည်းငယ်ရပါသလား။

"နွယ်ကြိုးကိုလည်း မြွေထင်လိုက်တာပဲနော်"

"ရှင်နော်"

လက်မောင်းကို ဆုတ်ခနဲထုလိုက်ခြင်းကို ခံရလေ၏။ အနည်းဆုံးတော့ ရင်တုန်တာ သက်သာသွားမည် ထင်ပါသည်။ နွယ်ကြိုးကို ဆွဲယူဖယ်၍ ရှင်းလိုက်ပါ၏။ ခါတိုင်း လမ်းမီးသီးတွေ ရှိပေမယ့် ဒီည မလင်းတာမို့ ကျွမ်းနေပြီထင်ပါရဲ့။ လမ်းထောင့်ချိုး နေရာမှာတော့ ခပ်မှိန်မှိန် အလင်းရောင်ရှိနေလေ၏။

"အိမ်က အဝေးကြီးလား"

"ဟင့်အင်း . . . ဘာဖြစ်လို့လဲ"

"မိုးချုပ်ပြီမို့ပါ"

"စိတ်မချဘူးလား"

"အာ"





"ခါတိုင်းလည်း OT တွေ, ဘာတွေဆင်းရရင် (၈) နာရီ၊ (၉) နာရီလောက်မှ ပြန်နေကျပဲ။ အိမ်အထိ လိုက်ပို့ပေးမလို့လား"

"ဖြစ်နိုင်တာကိုပြောပါ"

သူမ တီးတိုးရယ်လေ၏။ မာယာတွေ ထုတ်သုံးနေတာတော့ မဟုတ်လောက်ပါဘူးနော်။ ပျဉ်းမပင်အောက်သို့ရောက်စဉ် သူက ခြေလှမ်းကို ရပ်လိုက်ပါသည်။ မှန်တိုင်မပိတ်သေးတာမို့ လူနှစ်ယောက် ၈ သုံးယောက်စတော့ ရှိနေသေးပါ၏။ လမ်းပေါ်မှာလည်း ကားတွေ သွားနေတုန်းမို့ စိတ်အေးသွားရပါသည်။

"လမ်းမှာ ဘယ်သူပဲ ကားကိုတားတား မရပ်ပေးမိစေနဲ့ . . . သွားတော့"

ကားတံခါးကို ဆွဲဖွင့်ပေးလိုက်ပါ၏။ သူမက ကားပေါ်တက် မထိုင်ဖြစ်သေးဘဲ လရောင်အောက်မှာရှိနေသည့် သူ့ကို မော့ကြည့်နေလေသည်။ ဘာပြောစရာကျန်နေသေးလို့လဲ။ တကယ်ဆို "သွားပြီနော်" ဆိုတဲ့စကားတစ်ခွန်းသာပြောပြီး ကားစက်နှိုး မောင်းထွက်သွားသင့်တာပါ။ မင်းစိတ်ထဲ ဘာရှိနေတယ်ဆိုတာကို တကယ်မမြင်နိုင်ပါလား။

"မင်းထက်သာ"



www.burmeseclassic.com

www.burmeseclassic.com



"ဗျာ"

"ကျေးဇူးအများကြီးတင်ပါတယ်"

"မဟုတ်တာ"

"ဝရုတစိုက်နဲ့ စိတ်ပူပေးတာကိုပြောတာပါ . . . ပြီးတော့"

ကားတံခါးကို ကိုင်ထားပါသည့် သူ့လက်ခုံပေါ် လာထိကိုင်လိုက်တာမို့ လက်ကို အမြန်ရုပ်လိုက်ရပါ၏။ "မင်းထက်သာ" ဟု သူမခေါ်လိုက်တိုင်း သူ့ရင်ထဲ တစ်မျိုးဖြစ်သွားရတာ ဘယ်လိုလုပ်ရမလဲ။ ညို့ယူဖမ်းစားခြင်းဆိုတာမျိုးက သူ့လိုလူတန်းစားနဲ့ မအပ်စပ်တာကို သူမ သိသင့်တာအမှန်ပါ။ အရွယ်၏တည်ငြိမ်ခြင်းတို့ အပြည့်ရှိထားပါလျက် ရင်ခုန်နှုန်းမြန်ဆန်မှုကိုဖြင့် ဖုံးကွယ်သိုသိပ်လို့ မရပါလား။

"ကျွန်မ မျှော်နေမယ်ဆိုတာကို ရှင် သိထားပါ မင်းထက်သာ"

ကားလေးက ကုန်းဆင်းအတိုင်း ခပ်ဖြည်းဖြည်းဆင်းသွားလေတော့၏။ "မျှော်နေမယ်"တဲ့လား။ ဘာသဘောနဲ့ပါလိမ့်။ လူကကျောက်ရုပ်ကြီးနှယ် အပင်အောက်မှာ ရပ်ကျန်ရစ်ခဲ့ရပါသည်။ ထားခဲ့တာမျိုးလည်း တစ်ကြိမ်မှမရှိ ကျန်ရစ်ခဲ့ရတာလည်း တစ်ခါမှ မဖြစ်ဖူးခဲ့တဲ့ နှလုံးသားနဲ့ လူတစ်ယောက်ပါ။

အချစ်ဆိုတာကို ကြုံဆုံဖို့အတွက် မျှော်လင့်ခြင်းတို့ မဖြစ်ဖူးခဲ့





ရင်ခုန်ခြင်းဆိုတာကို မေ့လျော့ထားရင်း လက်တွေ့ဆန်တဲ့ဘဝကို အရိုးရှင်းဆုံး ဖြတ်သန်းနေသူပါ။ ရင်ရှုပ်ချင်စရာမရှိချင်လို့ အပျော်တမ်းကြည့်ရသည့် ရုပ်ရှင်မျိုးလည်း မကြည့်ဖြစ်ခဲ့ပါ။ စိတ်ကစားလှုပ်ရှားမှုဖြစ်စေသည့် အပျော်ဖတ်ဝတ္ထုတွေကိုလည်း အချိန်ကုန်ခံပြီး မဖတ်ဘတ်ခဲ့တဲ့လူပါပဲ။

ဒီလို မျက်ကွယ်ပြုမေ့ထားခဲ့တဲ့ လူသားတစ်ဦးရဲ့ ရင်ဘတ်ထဲကိုမှ ဤအရာက အဘယ်ကြောင့် အဘယ်သို့သော နည်းလမ်းမျိုးနဲ့ ဝင်ရောက်ခဲ့ပါသလဲ။ ရင်ခုန်ရင်အချစ်ဖြစ်တယ်ဆိုပြီး လွယ်လွယ် သတ်မှတ်ခဲ့ကြတာမျိုးလို မဟုတ်ရပါ။ ဒီမျက်ဝန်းတွေကို စူးစိုက်ကြည့်ပြီး အဖြေရှာခဲ့မိလေပြီကော။ ကျွန်တော်တော့ ခင်ဗျားကို ချစ်နေမိပြီထင်ပါရဲ့ "လင်းလက်သန့်စင်" ရယ်။

မျက်နှာထက် မှဲ့ပြီးထင်လျက် လမ်းကြားထဲသို့ ပြန်ဝင်ခဲ့ပါ၏။ ရင်ခုန်တတ်ဖို့အတွက် သင်စရာမလိုအပ်ဘဲနဲ့ ခံစားချက်ကို ထိန်းချုပ်တတ်ဖို့တော့ လိုအပ်ပါသည်။ အထူးသဖြင့် သူ့အုပ်မိုးကာကွယ်ထားပေးသည့် အရိပ်အောက်မှာ ညီမလေးငြိမ်းကို စိတ်ချမ်းသာ လုံခြုံစေချင်တာပါ။

ရင်ဘတ်ထက် ဦးနှောက်က ပိုပြီးအရေးပါတာပေါ့ "မင်း



www.burmeseclassic.com

www.burmeseclassic.com



ထက်သာ''။ အချစ်တွေ၊ အသက်တွေဆိုတာ ဘဝစာမျက်နှာထက် အလှစာမျက်နှာပေါ်မှာသာ ရှိသင့်တဲ့အရာတွေပါ။ စိတ်ကူးတွေယဉ်ပြီး လျှောက်လှမ်းနေရသည့်အနာဂတ်ကို မမှုန်ဝါးစေချင်ပါ။ ကိုယ်ပိုင် ခွန်အား ကိုယ်ပိုင်အစွမ်းအစနဲ့ ကိုယ့်ခြေပေါ် ကိုယ်ရပ်တည်နေနိုင် အောင် ကြိုးစားနေတဲ့လူပါ။ ❧

ခဏလေးပါပဲ။ အိမ်မပျော်အောင် နှောင့်ယှက်စေတဲ့ အတွေး တွေအဖြစ် လက်တလောတော့ တရစ်ဝဲဝဲဖြစ်စေဦးမှာပါ။ ဘယ် လောက်ကြာမှာတဲ့လဲ။ တစ်ပတ်လား၊ ဆယ်ရက်လား၊ အများဆုံး နှစ်ပတ်လောက်ပေါ့။ ပြီးရင်တော့ မေ့မေ့ပျောက်ပျောက် ဖြစ်သွားမှာ ပါလေ။ ခံစားချက်ထက် ဘဝက သူ့အတွက် ပိုပြီးအရေးအကြီးဆုံး ဆိုတာကို အခြေခံလူတန်းစားဖြစ်သည့် ''မင်းထက်သာ''က ခိုင်ခိုင် မာမာ သိထားသူဖြစ်ပါသည်။

''ပြန်သွားပြီလား''

''အင်း''

''ငြိမ်း ခေါက်ဆွဲပြန်နွှေးထားတယ်။ ဟင်းချိုလည်း ပူပူလေး ပဲ''

''ညီမလေးပဲ စားပါ၊ အစ်ကို စားချင်စိတ်မရှိတော့ဘူး''





''ရင်ပြည့်နေပြီလား အစ်ကို''

မေးခွန်းက လူကို လန့်သွားစေပါ၏။ စားပွဲဝိုင်းထက် ထမင်းပွဲ ပြင်နေပါသည့် ငြိမ်းထံသို့ အကြည့်က ဖျတ်ခနဲရောက်သွားရလေ သည်။ စိုးရိမ်အားငယ်ရိပ်တို့ ရှိမနေပါပဲ ပြုံးမြမြဖြစ်နေတာမို့ စိတ် အေးသွားရပါ၏။ ငြိမ်း စိတ်အားငယ် ဝမ်းနည်းမှုဖြစ်မှာကိုတော့ သူ မလိုလားတာအမှန်ပါ။ ပြေးကြည့်မှ ဒီအစ်ကိုနဲ့ ဒီညီမလေးသာ ရှိတာ ပေါက်ပါလာ။

''ဘာကိုလဲ''

''ငြိမ်း သိပါတယ်''

''ဘာကို သိရပြန်တာလဲ''

''ဒါတော့ အစ်ကိုက ကာယကံရှင်ပဲ။ ပိုသိမှာပေါ့။ တစ်ခု တော့ ပြောမယ်နော်''

''ဘာများလဲ''

''အချစ်က ဗိုက်မပြည့်ဘူး''

''တော်ပြီ . . . တော်ပြီ၊ ဆက်မပြောနဲ့တော့။ ထမင်းစား မယ်''

ထမင်းဝိုင်းသေး ထိုင်ချလိုက်စဉ် ငြိမ်းက သူ့ကို ကော်ခေး



www.burmeseclassic.com

www.burmeseclassic.com



ရေဇလုံ ကမ်းပေးလိုက်လေ၏။ "အချစ်က ဗိုက်မပြည့်ဘူး" ဟုဲ အိပ်ရာထက် ငြိမ်း ဘုန်းဘုန်းလဲခဲ့စဉ်က သူပြောခဲ့သည့်စကားကို မှ မှတ်ရရ ပြန်ပြောရတာယ်လို့။ ဩော် ... ညီမလေးရယ်။

❑❑❑



## အခန်း (၁၂)

အခန်းထဲမှထွက်ခဲ့စဉ် သူ့ရှေ့မှထွက်သွားသည့် မမထံမှ သီချင်း ခပ်တိုးတိုးညည်းသံကို ကြားလိုက်ရပါ၏။ အံ့ဩစရာကြီးပါလား။ မမက ဒီလိုကြည်နူးပြီး သီချင်းညည်းတတ်သည့်သူမှ မဟုတ်တဲ့။ ဘာများပျော်စရာရှိနေပါသလဲ။ မမအတွက် ပျော်ရွှင်ခြင်းတို့ ဆိတ်သုဉ်းခဲ့ရတာ နှစ်ပေါင်းအတော်ကြာနေချေပြီ။

"ရာသီဥတုသာယာသည့် နေသာပါမည်"

"What's means ?"

မေးခွန်း ဆတ်ခနဲလှည့်မေးပုံက မြန်ဆန်လွန်းပါ၏။ သေချာ



www.burmeseclassic.com

www.burmeseclassic.com



ပါတယ်။ မျက်နှာပြောင်နှင့် အမြဲနေတတ်သည့် မမ၏မျက်နှာထက်မှာ ခပ်မှုန်မှုန်ခြယ်သမှုတို့ မသိမသာ ရှိနေလေသည်။ အဝတ်အစားကိုလည်း ခါတိုင်းလိုမဟုတ်ဘဲ match ဖြစ်စေမည့် colour လွင်လွင်လေးဖြင့် တွဲဝတ်ထားပုံပါ။ Blue sky အရောင်ဖြင့် လင်းလက်သန့်စင်တို့ တောက်ပသက်ဝင်နေပါရောလား။

"ဟာ! ... တကယ်မရိုးတော့ဘူးပဲ"

"ဘာပြောတယ်"

"ဘာတွေလုပ်ထားသလဲ၊ မှန်း! ... မွှေးကြည့်ရအောင်"

"မောင်နော် ... ငါ လုပ်မိတော့မယ်"

"ဟိုကလေးတွေ၊ လေ့ကားမှာ မကြီးမငယ်နဲ့ ဆော့နေကြပြန်ပြီ"

"မေမေ ... မေမေ့သမီး"

"နှင်နော်"

လက်က မောင့်ကျောပေါ် အလိုလိုရောက်သွားပါ၏။ ဟိုညကပဲ သူ့လက်မောင်းကို အမှတ်တမဲ့ ထုမိခဲ့သေးတာလေ။ ဘယ်လိုထင်သွားမည်မသိပါ။ အရေးကြီးတာမှ မဟုတ်တာဘဲ။ နှစ်ယောက်သား ပူးပူးကပ်ကပ် ပွေ့ပွေ့ပိုက်ပိုက် အနေအထားနှင့် အမှတ်တ



ဖြစ်စေခဲ့သည့် ကဗျာဆန်သည့် ညလေးတစ်ညပါပဲ။ လင်းရဲ့အိပ်မက်တွေကို တစ်ဖန်ပြန်မက်စေခဲ့သလိုပါပဲ "မင်းထက်သာ" ရယ်။

"သွားပြီ ... သွားပြီ၊ မေမေ့သမီးတော့ ယဉ်ယဉ်လေးနဲ့ ခေါက်သွားတာသေချာပြီ"

"ဟဲ့! ... မပြောကောင်း မဆိုကောင်း၊ ကိုယ့်အစ်မကို"

"နင်တော့ နာဦးမယ်"

မောင်နှမနှစ်ယောက် တွန်းတိုက်ရင်းဖြင့် ထမင်းစားခန်းထဲသို့ ဝင်လာခဲ့ကြ၏။ မေမေက ပဲပြုတ်နှင့်ထမင်းနယ်ထားသည့် ထမင်းပန်းကန်ကို သူ့ရှေ့မှာ လာထားပေးလေသည်။ မမအတွက်က ပေါင်မုန့်ကို မီးကင်ပေးထားတာပါ။ ဖေဖေက သူတို့ထိုင်ပြီးမှ ရောက်လာလေ၏။

"သတင်းထူးတော့ ကြားရပြီထင်ပါရဲ့ ... ဟုတ်လား သမီး"

လင်း ပြုံးစိစိဖြစ်သွားရပါသည်။ နှမ်းထွက်က ဘယ်နှပြည်ထွက်မည်မသိပါ။ မှန်းချက်ကဖြင့် ရာနှုန်းပြည့်ပါပဲ။ ကိုယ့်ဘာသာစိတ်ကြည်လင်နေတာကိုတောင် နေလို့မရပါလား။ ကလေးလည်းမဟုတ်ပါဘဲ မျက်စိဒေါက်ထောက်ကြည့်နေကြရတယ်လို့၊ အထူးအဖြင့် အမွှာလို တရင်းတနှီးနေသည့် မောင်က ပိုဆိုးနေတာပါလေ။



www.burmeseclassic.com

www.burmeseclassic.com



"ရှာရန်ရာနှုန်းပြည့်ပဲလား"

"မဟုတ်ပါဘူး"

"မဟုတ်ဘူးသာ ငြင်းတယ်။ မျက်နှာကတော့ သော် . . . ကြော်ပေးတဲ့ ကြက်ဥ half-fried အတိုင်း ပြည့်လို့"

သူ တဟားဟားရယ်လေတော့၏။ ဖေဖေတောင် မမကို ကြည့်ပြီး ဟာသတွေပြောတတ်နေလေပြီ။ သူ့ခြေထောက်ကို နင်းလိုက်တာမို့ နာသွားပေမယ့် ပြုံးမိသည့်စိတ်က ထိန်းလို့မရသေးပါချေ။ မေမေနှင့်သူက breakfast ကို ထမင်းစားကြပြီး ဖေဖေနှင့်မမကဖြင့် ကော်ဖီနှင့်မုန့်စားကြတာပါ။ နံနက်ခင်းမှာ ရယ်သံတို့ဖြင့် စည်ကားနေသည့် သီရိဂေဟာအိမ်လေးပါပဲလား။

"ဘယ်တော့ခေါ်လာမှာလဲ"

"ဟင်! . . . ဘယ်သူ့ကိုလဲ ဖေဖေ"

"ယောက်ဖလောင်းကိုလေဗျာ"

"ကြည့်! . . . နင်တော့လား"

"သမီးက ရွှေမှာအိမ်ထောင်ကျပြီးမှ သားလည်း အိမ်ထောင်ဖက်ရှာလို့ ရမှာပေါ့"

"ဟုတ်တယ်"





"မောင်နော် . . . နင်လည်း မူမမှန်ဘူး"

"ဘာများ မူမမှန်တာရှိလို့လဲ။ တစ်ခါမှ သီချင်းမညည်းဖူးတဲ့ သူက ညည်းနေပြီးတော့များ။ အိုးမလုံ အုံထပွင့်နေပြီးတော့"

"မေမေ . . . မေမေ့သားကို ကြည့်ပြောပေးပါဦး"

စကားတတ်နေသည့် မောင်ကြောင့် မေမေ့ကို စိတ်ဆူတောင်း လိုက်မိပါ၏။ မေမေက မောင် ထမင်းနှင့်စားရန်အတွက် ကြက်သွန်နီ စိတ်နှင့် ငါးပိကြော်ကို ပန်းကန်ပြားလေးထဲထည့်ကာ လှမ်းပေးလိုက်လေသည်။ မနက်စောစော မေမေ့လို ထမင်းစားကျင့်က မောင့်မှာသာ ရှိနေပါ၏။ လင်းကဖြင့် ထမင်းကို တစ်ရက်နှစ်နပ်ပြည့်အောင်ပင် စားဖြစ်တဲ့သူပါပဲ။

"ဖေ့သမီးဘက်က Yes ဆိုရင် သားအလှည့်က နောက် တစ်ခါပေါ့"

"လင်းက ဘာကို Yes ရမှာလဲ"

"ခုထိ ကောင်လေးကို အဖြေမပေးရသေးဘူးလား"

"အာ"

လင်း မျက်နှာရဲသွားရပါ၏။ ကောင်လေးတဲ့ မင်းထက်သား ဆိုက်အသစ်မှာ အလုပ်ပြန်ဝင်ပြီးဆိုပြီး အသိပေးထားတာမို့ စိတ်က



www.burmeseclassic.com

www.burmeseclassic.com



အလိုလိုပျော်နေမိတာ မှားပြီလား။ ဘယ်တော့မဆို စိတ်ထဲရှိတဲ့အတိုင်း လုပ်တတ်တဲ့အကျင့်က ဖျောက်လို့မှမရသေးတာကို။ ခက်ပဲ့ "ယ… လက်သန့်စင်"။ ရင်ထဲကအပျော်တွေက မျက်နှာထက် ဖုံးမရ ဖိ… ပေါ်လွင်နေလေပြီလား။

"ငယ်လား"

"နှင့်ထက်တော့ကြီးတယ်"

"ဘာကြီးတာလဲ"

"ကောင်စုတ် … အသက်ကိုပြောတာပေါ့ဟဲ့"

"မနဲ့မောင်ဖတ်လမ်းကြီးပေါ့ … မမိုက်ပါဘူး"

လွှတ်ခနဲပြောမိသွားချေပြီ။ မတတ်နိုင်တော့ပါဘူး။ သူ… တိုးတိုး၊ လင်းပဲတိုးတိုး ရှေ့ကိုရောက်ဖို့သာ အဓိကမဟုတ်လား… မိန်းကလေးတွေက အသက် (၂၅) နှစ်မှာ အိမ်ထောင်ပြုမှ အ… အတွက် အကောင်းဆုံးအချိန်တဲ့။ ဒါဖြင့် (၃၀) ပြည့်တော့မယ့်လင်… အချိန်ပင်နှောင်းသလို ဖြစ်နေချေပြီ။ ဘယ်လိုဖြစ်ပြီး လူကို နောက်… နေ တွန်းနေကြတာပါလိမ့်။

"သားရော … အခြေအနေ ဘယ်လိုလဲ"

"ဘာကိုလဲ မေမေ"





"နှံ့သာနဲ့ပေါ့"

"အေးလေ … ဟုတ်သားပဲ။ အခု သားလေးလေးရဲ့ဆေးရုံ မှာပဲ အတူတူ ဝင်လုပ်နေကြပြီ။ အခြေအနေက ဒုံရင်းက ဒုံရင်းပဲ လား"

"နှံ့သာဘက်ကတော့ 45% လောက်ပဲမှာ သေချာပါတယ်။ ဖေဖေ့သားကသာ မတုန်မလှုပ်ဖြစ်နေတာ"

"ဟုတ်လား သား"

"မြင်ဖြင့် မမြင်ဘဲ ရမ်းရှိုးနေပြန်ပါပြီ"

"နှင် တကယ်မကြိုက်ဘူးလား"

"ကြိုက်တာနဲ့ချစ်တာက တူမှမတူတာ"

"အံမယ်မယ် … ခရေစကားတောင် ပြောတတ်နေပါရော လား"

သူ ရယ်လိုက်မိပြန်ပါ၏။ ကိုယ့်ထက်ငယ်သည့်လူငယ်ကိုမှ အစ်မဖြစ်သူက မျက်စိကျရတယ်လို့။ အခေါ်အဝေါ်တွေ ခေါ်ရခက် တော့မှာပဲ။ တကယ်ဆို မမသာ "ဒေါက်တာနိုင်ဇော်" ကိုသာ လက် ထပ်ဖြစ်ရင် အကောင်းဆုံးမဟုတ်ပါလား။ အသက်ကြီးသည့် အဘိုးကို တလေးတစားဖြင့်ခေါ်ရမှာပါ။ အခုတော့ဖြင့် သူနဲ့[illegible]မယိမ်း



www.burmeseclassic.com

www.burmeseclassic.com



လူငယ်ကို ဦးညွတ်ပြရမှာကဖြင့် နည်းနည်းတော့ ပုံစရာကြီးပါပဲ။

"သားရှာလို့မရလည်း ကိစ္စမရှိပါဘူး"

"ဘာဖြစ်လို့လဲ သော်"

"သော် ရှာပေးမယ်လို့ ပြောတာပါ"

"ဟင်! . . . မမေက တွေ့ထားလို့လား"

"ဒါပေါ့"

"ဟာ . . . အိမ်ထဲမှာနေနေတဲ့လူက ဘယ်လိုရှာတွေ့မှာလဲ။ ဟုတ်မှလည်း လုပ်ပါ မမေရာ"

"အမယ် . . . ကျုပ်ကိုများ လျှော့တွက်ရတယ်လို့။ အမြဲတမ်း မျက်စိမှိတ် နားပိတ်နေနေတဲ့လူမှမဟုတ်တာ။ အပြင်ထွက်တာနဲ့ ဇီးကွက်လိုပြူးကြည့်၊ ယုန်လိုနားရွက်ထောင်ပြီး လေ့လာတတ်ပါ့"

"ဟင်း ဟင်း . . . အဲဒါနဲ့ တွေ့လာရောလား"

"တွေ့လိုပဲ ဟိုတစ်လောက အိမ်ကိုလိုက်ပို့ပေးသေးတာ လေ"

"ဘယ်လို"

မမေက သူစားပြီးသည့်ပန်းကန်ကိုယူလိုက်ရင်း ပြုံးလေ၏။ စတာမဟုတ်ဘူးပေါ့။ တကယ်ပြောနေတာပေါ့လေ။ သူတို့မိသားစုက





နှိုသလေးစားတာထက် သူငယ်ချင်းတွေနှယ် တရင်းတနှီးရှိကြသဖြင့် ဘာကိုမှ ဖုံးကွယ်ထားလို့မရပါချေ။ အိမ်ကို လိုက်ပို့သတဲ့။ မဖြစ်နိုင်တာ။

"ဟုတ်လို့လား မမေရဲ့"

"ဩော် . . . မဟုတ်ဘဲ လိမ်ပြောစရာလား။ သားပဲ မမေ့ခြေထောက်ကို ဆေးလူး ပတ်တီးစည်းပေးတာ perfect ဆို။ အဲဒီနေ့ ညစာစားကြတာ ဘာဟင်းမှမကျန်ဘဲ အကုန်ပြောင်သွားတာ မမှတ်မိကြဘူးလား"

"ဟင်! . . . အဲဒါ"

"ဟုတ်ပါ့ရှင်၊ အဲဒီသမီးလေး အကုန်ကူချက်ပေးသွားတာ။ ဘယ်လောက်တော်လိုက်သလဲ။ ဖွက်ပေးသွားတဲ့ မမေ့လုံခြည်ကို တောင်မှ တစ်ခါတည်း လျှော်ပေးသွားတာ"

"မမေ"

"ဘာလဲ"

"ဘယ်လိုပုံစံလဲ"

"ဆံပင်ရှည်ရှည် . . . နေဦး။ ဒါတော့ ပြောလို့ဘယ်ဖြစ်ပါ့မလဲ။ သားရွေးလာတဲ့မိန်းကလေးကို အရင်ဆုံးကြည့်ရမှာပေါ့"



www.burmeseclassic.com

www.burmeseclassic.com



"နာမည်ကရော"

"ဒါလည်း မပြောနိုင်ဘူးရှင်"

"သားအမိချင်းကို စေ့းကိုင်လိုက်တာဗျာ"

"ကဲပါ ... အလုပ်သွားမှာသာသွားစမ်းပါ။ ဘာမှကူမလုပ်တတ်ဘဲနဲ့များ လာရှုပ်နေပြီးတော့"

မေမေ အော်ထုတ်နေပြီမို့ မီးဖိုခန်းဘေဇင်အနီးမှ ထွက်ခဲ့ရပါ၏။ လွှတ်ခနဲပြောထွက်သွားသည့်စကားကို သူ ကြားလိုက်ရတာပါ ဆံပင်ရှည်ရှည်တဲ့။ ဘယ်လောက်များရှည်တာပါလိမ့်။ ကျောလယ်လောက်လား။ ဒါမှမဟုတ် တင်ပါးဖုံးတဲ့အထိများလား။ အာရုံထဲ ကွက်ခနဲမြင်မိသည်က ငြိမ်းကိုသာပါ။

ဘယ်လိုလုပ်ရမှာမလဲ။ ရင်းနှီးခွင့်ရဖို့ကိုတောင် အဝေးကြီးမို့ ဘာဆက်လုပ်ရမလဲ မသိပါ။ နာမည်ကိုတောင်မှ "ငြိမ်း" တစ်လုံးတည်းသာသိခဲ့ရတာ၊ အသက်က (၂၁) နှစ်လား။ ဒါပဲ သိခွင့်ရခဲ့တာမဟုတ်ပါလား။ လိပ်စာမသိ၊ လမ်းမသိ၊ အိမ်မသိ၊ ဘာမသိနဲ့ ကိုယ့်အဖြစ်က တောသားကြီးလိပ်စာပျောက်ရှာနေသည့်နှယ်ပါလေ၊ အခု မေမေ တစ်ခွန်းလေးပြောလိုက်တာနဲ့ သတိတရဖြစ်နေသည့် စိတ်က မြင့်တက်လာရသလိုပါပဲ။





မျက်လွှာချထားပေမယ့် မျက်တောင်ရှည်ကော့ကော့လေးတွေကို စမြင်ရတာပါ ငြိမ်း။ ကန့်လန့်ကာချထားသည့် မျက်ခွံကို နှင့်လိုက်စဉ် မျက်ဝန်းနက်တောက်တောက်လေးတွေကြောင့် ဒိရင်ဘတ်ကြီး အဘယ်မျှ လှိုက်ဖိုခဲ့ရပါသလဲ။ တစ်ကြိမ်တစ်ခါမှ မဖြစ်တည်ဖူးတဲ့ ရင်ခုန်စိတ်လှုပ်ရှားခြင်းတွေက မင်းအပေါ်မှာသာ ရှိဖြစ်ခဲ့တာပါ ငြိမ်းရယ်။

"သော်ရေ ... ကိုယ်တို့သွားပြီ"

"ဟုတ်ကဲ့ အစ်ကို"

"လင်းလည်း သွားပြီ မေမေ"

"အေးပါ ... ပြန်လာရင် နှစ်ယောက်ဘယ်တော့ဖြစ်မလဲ စောင့်နေတယ်"

"ကျွန်တော်ကရော"

"Step by Step"

တစ်ဆင့်ပြီးတစ်ဆင့်ဟု ပြောလိုက်သဖြင့် မမက သူ့ကို လှျာထုတ်ပြလိုက်လေ၏။ လုပ်ထားဦးပေါ့ မမရာ။ မမ Engage လုပ်ထားပြီးရင်တော့ မမရှေ့မှာ ကောင်မလေးလက်ကိုတွဲပြီး အမြင်ကပ်အောင်ကို သည်းသည်းလှုပ်ချစ်ပြလိုက်မယ်မှတ်။ လောလောဆယ်



www.burmeseclassic.com

www.burmeseclassic.com



သက်သေမပြနိုင်သေးတာကြောင့် စိတ်ကိုလျှော့ထားတာပါ။ အလှည့်ဆိုတာ ရှိပါတယ်ဗျာ။

"ကျွန်တော်သွားပြီ မေမေ၊ မောင်ချစ်နဲ့အတူ မြို့ထဲမှာ ပင်ပင်ပန်းပန်း လျှောက်လုပ်မနေနဲ့ဦး"

"ဟုတ်ကဲ့ပါရှင်"

"ကျွန်တော်တော့ ထင်ပါတယ်"

"ဘာကိုလဲ"

"မေမေနဲ့ကျွန်တော် အကြိုက်တူမယ်လို့လေ"

"သူကပဲ ပြောရတယ်ရှိသေး။ လာမည်ကြာမည် ရထားတွဲကြီးကများ"

မေမေက သူ့ပခုံးကို အသာလှမ်းပုတ်လိုက်လေ၏။ တံခါးဖွင့်လျက် ကားပေါ်တက်ကာ စက်နှိုးလိုက်ပါသည်။ မြို့စောင့်ခေါ်ထားသည့် ကောင်လေးက မနက်စောစော ခြံသန့်ရှင်းရေးလုပ်ကာ ပန်းပင်တွေ ရေလောင်းနေလေပြီ။ ကားကို မြို့ထဲမှ ဖြည်းဖြည်းချင်း ထွက်ခဲ့ပါ၏။ ဖေဖေတို့ကားတွေကိုတော့ မတွေ့ရတော့ပါလေ။

လမ်းထိပ်ကားမှတ်တိုင်အနီးမှ ဖြတ်မောင်းစဉ် ရင်ထဲ ထိတ်သွားရပါသည်။ ကျစ်ဆံမြီးကျစ်ထားပါသည့် ဆံနွယ်ရှည်နှင့် မိန်း





ကလေးက Bus အလာကို စောင့်နေလေ၏။ ကားကို အရှိန်လျှော့လိုက်မိစဉ် လိုင်းကားတစ်စီးက ဂိတ်မှာလာရပ်လိုက်လေသည်။ နောက်ကြည့်မှန်ထဲမှတစ်ဆင့် နောက်ကို လှမ်းကြည့်မိစဉ် မျက်စိရှေ့မှ ပုံရိပ်လေးက ပျောက်ခြင်းမလှ ပျောက်သွားလေတော့၏။

မျှော်လင့်ခြင်းက ရင်မောခြင်းအပြည့်နဲ့အတူပါပဲလား ငြိမ်းရယ်။

❑❑❑



www.burmeseclassic.com

www.burmeseclassic.com

## အခန်း (၁၃)

"လာပြီဟေ့"

အလုပ်သမားလေးတွေထံမှ တီးတိုးအသိပေးသံကြောင့် ထမင်းချိုင့်ဖွင့်နေရာမှ လှည့်ကြည့်လိုက်မိ၏။ ဆောက်လက်စတိုက်ရှေ့သို့ ခပ်ကြမ်းကြမ်းမောင်းဝင်လာသည့် ကားခဲရောင်လေးပါပဲ။ ခါတိုင်းညနေ (၄) နာရီလောက်မှ လာတတ်သည့် မရွှေချောက နေ့လယ် (၁) နာရီကြီး ပေါက်ချလာပါရောလား။

"ကိုနေလင်းရော"

"ထမင်းဆိုင်သွားကြပါတယ် အစ်မ"





"ဒါ . . . လူအကုန်ပဲလား"

"မဟုတ်ဘူး အစ်မ . . . တချို့က ဆိုင်မှာသွားစားကြလို့ပါ"

"စားပါ . . . ဆက်စားကြ။ ခဏနေ စားစရာလာပို့မှာမို့ မေးကြည့်တာ"

"ဘာများလဲဟင်"

"ဩော် . . . အထွေအထူးမဟုတ်ပါဘူး။ ထမင်းစားပြီး စားနေအောင် အအေးဘူးနဲ့ မုန့်ပါ"

"ဟာ! . . . ပွတာပဲဟေ့"

ချာတိတ်တွေ ဝမ်းသာအားရ ရေရွတ်လိုက်ကြလေ၏။ သူမက သူ ထမင်းစားနေသည့်ခုံဆီ ဦးတည်လှမ်းလာနေပြီမို့ သက်မကို ခိုးရှိုက်လိုက်မိပါသည်။ ဆရာတွေမရှိလျှင် သူမကို သူပင် ဧည့်ခံပြောဆိုရတော့မှာကို။ အားလုံး၏အကြည့်က သူ့ထံရောက်နေပြီး ပြုံးစိစိဖြစ်နေကြတာမို့ နေရခက်နေတာအမှန်ပါ။

"ဘာဟင်းချက်လာလဲ"

"မြင်တဲ့အတိုင်းပဲ"

"မွှေးလိုက်တာ။ ညီမလေးက ဟင်းချက်ကောင်းမယ့်ပုံပဲ"

စကားမရှိ စကားရှာကာ အနီးရှိခုံမှာ ဝင်ထိုင်လိုက်လေ၏။



www.burmeseclassic.com

www.burmeseclassic.com



ချဉ်ပေါင်နှင့်မျှစ် ရောကြော်ထားတာတစ်ခွံ။ ငါးပိကြော်စပ်စပ် ထ
ခွံကချိုင့်တစ်ဆင့်။ အာလူးနှင့်ပုစွန်ကို အရည်လေးဖြင့် ချက်ထ
တာက တစ်ဆင့်။ ထမင်းကနစ်ဆင့်ထည့်ကာ ဟင်းခတ်ရန်အတွ
ငြိမ်းက ဖွန်းကို သုံးချောင်းထည့်ပေးလိုက်တာပါ။ ထမင်းတစ်ဖွန်း
ချဉ်ပေါင်ကြော်ဖြင့် ရောစားလိုက်သည့်သူက သူမရှေ့မှာ ဘယ်
ဆက်စားလို့ဖြစ်ပါ့မလဲ။

လူကို စေ့စေ့ထိုင်ကြည့်နေတာမို့ မသိချင်ယောင်ဆောင်
တာက ပိုခက်ခဲလွန်းတာပါ။ ပြောကြတာဖြင့် "သိသာသိစေ မမြင်
နဲ့" ဆို။ သူအလုပ်ပြန်ဝင်လာကတည်းက ဒီကို တစ်ချောင်းချော
လာနေတာက သိသာလွန်းတာမဟုတ်လား။ ဘယ်လိုရာထူး
ရောက်လာပါစေ ဒီလို နေ့စဉ်လာကြည့်ဖို့မှ မလိုအပ်တာလေ။

"ဟယ် . . . လောက္ကပ်လေးနဲ့တောင်မှ စားပါဦး မပြော
လား"

"ရေလုံပြုတ်ဟင်းကို မျိုကျမှာမှ မဟုတ်တာ။ ကျွန်တေ
အပိုမပြောတတ်ဘူး"

"တကယ်ပဲ နည်းနည်းလေးတောင် မကျွေးချင်တာလာ"

"မလင်းလက်"





"ရှင်"

ကောင်းရော! . . . သတိပေးသည့်အနေနဲ့ ခေါ်လိုက်တာကို
သည့်ယည့်ကျေးကျေးနဲ့ ပြန်ထူးပြနေတာလေ။ ငါနော် အခုမှ ပန်းရုံစ
ကိုင်ထားတဲ့ အုတ်နံရံကိုသာ ခေါင်းနဲ့ပြေးဆောင့်လိုက်ချင်တော့တာပါ
ပဲ။ လူကို မထိတထိ လာကလိတာက အကြောင်းမဟုတ်။ အလုပ်
သမားတွေရှေ့ သိက္ခာကျမှာကို မတွေးဘူးတဲ့လား . . . ခက်ပါ့ လင်း
လက်သန့်စင်။

"စားပြီးပြီ မဟုတ်လား"

"ဟင့်အင်း"

"တကယ်"

"အင်းပေါ့ . . . ဒီမှာ သယ်လာတာ မမြင်ဘူးလား"

ကျွတ်ကျွတ်အိတ်အတွင်းမှ ဖော့ဘူးတွေနှင့် ရေသန့်ဘူးကို
ထုတ်လိုက်လေ၏။ အဲဒါမှ ဒုက္ခပါ။ သူနဲ့အတူတူ လာစားတာကို
စားနဲ့လို့ ဘယ်လိုပြောရပါ့မလဲ။ သူမဘက်က ဘာမှမဟုတ်ပေမယ့်
သူက မှုမမှန်သလိုဖြစ်တာကမှ အန္တရာယ်ပါ။ ဖော့ဘူးတွေထဲမှာ
အစိမ်းကြော်၊ လက်ဖက်သုပ်နှင့် ကြက်သားကြော်က အပြည့်ပါပဲ။
ကြည့်ရတာ ဆိုင်မှာ ဆင်းဝယ်လာတာပဲထင်ပါရဲ့။



www.burmeseclassic.com

www.burmeseclassic.com



"ကျွန်တော်"

"ဖွန်းခဏယူလို့ရလား"

"အင်း . . . ရပါတယ်"

သေစမ်း! . . . သူ့ဟင်းခွက်ထဲမှ ဖွန်းကိုယူ၍ စားလက် ထမင်းချိုင့်ထဲသို့ အစိမ်းကြော်နှင့် ကြက်သားကြော်ကို ခပ်ထည့် လေတော့၏။ ဒီလိုတွေလုပ်မှာစိုးလို့ ထပ်ငြင်းကာမှ ခက်တော့တာပါ သင့်မသင့်ဆိုတာကို ဒီအမျိုးသမီး မတွေးတာပဲလား။ သို့တည်းမဟုတ် တမင်ပင် သူ့အပေါ် စေတနာနှင့် ပြုမူလေသလား မသိနိုင်တော့ ချေ။

"ဒီထမင်း ယူစားလိုက်လို့ ဖြစ်ပါတယ်နော်"

သူ ဘာမှ ပြန်မပြောရသေးခင် သူ့ထမင်းတစ်အံကို သူမ ရောက်သွားလေပြီ။ လက်ကလည်းမြန်ပါ့။ ဝယ်လာသည့် ဟင်းများ တွေကို မစားဘဲ ငြိမ်းချက်ပြီးထည့်ပေးလိုက်သည့် ဟင်းတွေကို ပို စိုးပိုင်နင်းဖြင့် ယူစားနေပြန်လေ၏။ မင်းတော့ နာပြီ မင်းထက်သာ အခုမှပဲ ဆိုက်ထဲ Picnic ထွက်တဲ့ပုံစံ ဖြစ်နေတာလေ။

"မလင်းလက်"

"ဟင် . . . ပြောလေ"





"ဘာမှမဟုတ်တော့ဘူး စားပါ"

"ဝပြီမို့လို့လား"

"အင်း"

"ဒါတွေ ယူစားပေးလေ။ လင်းတစ်ယောက်တည်း စားလို့မှ ကုန်တာ"

ဗုဒ္ဓေါ! . . . လင်းတဲ့။ လွှတ်ခနဲပြောမိတာလား။ ဒါမှမဟုတ် အိမ်မှာ ပြောနေကျမို့ပဲ ပြောမိတာပဲလား။ သူ မသိပါ။ ရေစီးစေချင် သို့ပဲ မြောင်းဖောက်ပေးနေတာများလား။ ပဋိပက္ခတွေနဲ့ စတင်ခြင်းက သံယောဇဉ် ရေသောက်မြစ်ဟု အမည်တပ်လို့ရပါ့မလား။ မြေကြီးနဲ့ ကောင်းကင်ဆိုတာက ဘယ်တုန်းကများ ဆုံစရာရှိပါသလဲ။ စိတ်ကူး ယဉ်ချင်စမ်းပါနဲ့ မင်းထက်သာရယ်။

"ကျွန်တော် စားလို့ပြီးပါပြီ"

"ဘာမှလည်း ဟုတ်တိပတ်တိမစားဘဲနဲ့များ။ ဘာလဲ . . . လင်း ရောက်လာလို့ ထမင်းစားပျက်သွားရလို့လားဟင်"

"မဟုတ်ပါဘူး"

"ဒါဖြင့် ဒါလေးတော့ စားပေးပါ။ ခဏနေ အအေးတွေ လာပို့လိမ့်မယ်"



www.burmeseclassic.com

www.burmeseclassic.com



"မလင်းလက်"

"ပြော"

"စိတ်မဆိုးရင် ပြောချင်တယ်"

"ဒီကလည်း နားထောင်နေပါတယ်"

အလိုလေး! . . . သူတော့ ကောင်းကောင်းကြီး ဒုက္ခတွေ့လေပြီ။ ဟိုနေ့ညက ပူပူကပ်ကပ်၊ ပွေ့ပွေ့ပိုက်ပိုက်ကိစ္စကို အိပ်မက်တစ်ခုလို မေ့မေ့ပျောက်ပျောက် သဘောထားလိုက်ပြီဆိုကာမှ အတွေးတွေ ထပ်ရှုပ်အောင် လုပ်ပြန်ပြီလား။ ကျွန်တော့်ကို အဲဒီလိုမပြောပါနဲ့လို့ စိတ်ထဲက အခါခါပြောသမျှ ကြားပေးပါလား "လင်းလက်သန့်စင်"။

"ဘာပြောမလို့လဲ ပြောလေ"

"ဒီနေ့ ဒီကိုလာတာ ကိစ္စရှိလို့လား"

"အင်း . . . ဆိုပါတော့"

"ဒါဖြင့် . . . အအေးတွေ ဘာတွေ ဟယ်တိုက်တာကရော"

လင်း နှစ်ခြိုက်စွာ ပြုံးလိုက်မိတော့၏။ သူ အဘယ်မျှ နေရခက်နေသလဲဆိုတာကို တဖြည်းဖြည်းချင်း ပန်းရောင်သန်းလာသည့် မျက်နှာပြင်က သိသာစေပါသည်။ မတတ်နိုင်ဘူး မင်းထက်သာ





ဒီလိုမှ မရဲတင်းရင် ရှင်နဲ့လင်း ဒီထက်ပိုပြီး ရင်းနှီးစရာအကြောင်း ရှိတော့ဘူးလေ။ ပြီးတော့ ပြဿနာ တစ်စုံတစ်ရာဖြစ်တာနဲ့ တာ့တာ ဘိုင့်ဘိုင်ဆိုပြီး လင်းကို ရှင်က ထားချင်ထားခဲ့မှာမဟုတ်လား။

"မလိမ်တတ်တော့ ခက်တယ်တဲ့။ အမှန်အတိုင်း ပြောရမှာလား"

သူ မျက်လုံးပြူးလျက်ကြည့်လေ၏။ အတော်လန့်နေပုံပါပဲ။ နေရာတကာ ပွင့်လင်းတတ်တဲ့ အကျင့်စရိုက်ရှိတာမှန်ပေမယ့် လင်းကိုယ်လင်း မိန်းကလေးဆိုတာတော့ မမေ့ပါဘူးရှင်ရယ်။ "သစ္စာတွေ၊ မေတ္တာတွေ၊ ချစ်တာတွေမှန်သမျှ သေတ္တာနဲ့ထုပ်ပိုးပြီး ပေးပါရစေ" လို့ ပြောချလိုက်မယ်များ ထင်နေပါသလား။ စိုးရိမ်တတ်ပ။

"ရှင် အလုပ်ပြန်ဆင်းတဲ့ အထိမ်းအမှတ်နဲ့ ဝယ်ကျွေးတာလေ"

"ကျစ်!"

"ဘာလဲ . . . မကျေနပ်ပြန်ဘူးလား"

"ခင်ဗျားလုပ်ပုံက ဟုတ်မှမဟုတ်တာ"

"လူကို ခင်ဗျား . . . ခင်ဗျားနဲ့ ရင့်ရင့်သီးသီး မသုံးပါနဲ့"

"ခက်တာပဲ"



www.burmeseclassic.com

www.burmeseclassic.com



“ဘာခက်လို့လဲ။ အလုပ်ပြန်ဝင်တဲ့ အထိမ်းအမှတ်နဲ့ လုပ်ပေးတာ။ စေတနာကို အလေးမထားချင်ဘူး”

မျက်ရည်ဝဲလျက် အသံပါ တုန်လာလေ၏။ ဘယ်လိုဖြစ်တာပါလိမ့်။ ခါတိုင်းလို သူက ဒေါင်ဆို ကိုယ်ကာဒင်ဆိုပြီး အပြိုင်ကြိတ်ခဲ့ပါလျက် နောက်ပိုင်းမှာ လင်းစိတ်က သူ့ကိုမြင်တာနဲ့ အရည်ပျော်ချင်နေပြီ မဟုတ်ပါလား။ လမ်းထိပ်စတိုးဆိုင်မှ အအေးကတ်တွေ လာပို့ပြီးနှစ်ဦးသားစကားက ခဏမျှ ရပ်သွားရပါ၏။ ချာတိတ်လေးတွေက လင်းတို့ထိုင်နေတသည့် ခုံ (စားပွဲ) ပေါ် အအေးနှင့်မုန့်တွေ လာတင်ပေးကာ အလိုက်တသိ ရှောင်ပေးကြလေသည်။

“နောက်တစ်ခါ အဲဒီလိုမလုပ်ပါနဲ့။ ကျွန်တော် တောင်းပန်နေတာပါ”

“_____”

“စိတ်ဆိုးသွားတာလား”

“စိတ်မကောင်းဖြစ်တာ”

“မဟုတ်သေးပါဘူး။ လူဆိုတာ အလုပ်တစ်ခုလုပ်မယ်ဆိုရင် အဆုံးကို တွေးပြီးမှ လုပ်သင့်တာကို လုပ်ရတာဗျ”

“လင်းကရော မစဉ်းစား မဆင်ခြင်ဘဲ လုပ်နေမိလို့လား”





“ခင်ဗျား”

“ပြောပြန်ပြီ ဒီခင်ဗျား”

မုန်းလိုက်တာနော်။ မုန်းစရာကြီး။ ခါးခါးသီးသီးကြီးကို မုန်းလိုက်ချင်ပါရဲ့။ သို့သော် လင်းရဲ့နှလုံးသားက အားနာမှုတွေပြည့်နေပြီး စေတနာတွေဖြစ်တည်လာတော့ ခက်သားလား။ မကြွင်နာရင်လည်း နေပါ “မင်းထက်သာ”။ နာကျင်ခြင်းတွေကိုတော့ ကျေးဇူးပြု၍ မပေးလိုက်ပါနဲ့။

“လာရင်လည်း ခါတိုင်းလို အလုပ်ဆင်းကာနီးလာပေါ့။ ဒီအချိန် လူတွေရှိတုန်း ရောက်လာတော့”

“အဲဒီတော့ ဘာဖြစ်လဲ”

“ကျစ်! . . . ပြောရခက်လိုက်တာ”

“မမြင်ချင်ဘူးပေါ့လေ၊ ဟုတ်လား”

“အဲဒီလိုမဟုတ်ပါဘူး။ မမြင်ချင်မှတော့ ဒီကို အလုပ်ပြန်ဝင်ပါ့မလား”

“ဒီလိုတော့ ဝန်ခံတယ်ပေါ့လေ”

“မလင်းလက်”

“ရှင်”



www.burmeseclassic.com

www.burmeseclassic.com



ကြည့်စမ်း! . . . အတော် လက်ပေါက်ကပ်သည့် အမျိုးသမီးပါပဲလား။ မျက်လုံးနဲ့ အရိပ်ပြလည်း မမြင်၊ နှုတ်မှထုတ်ပြောနေလည်း မရနဲ့ သူ့ကို ချောင်ပိတ်ဖမ်းနေတာလေ။ အသံကျယ်လျှင် အားလုံးသတိထားမိသွားမှာမို့ ခပ်အုပ်အုပ် ကပ်ပြောတာကို သဘောကျနေပုံပါပဲ။ ခက်ပြီကော မရွှေချောရယ်။

"တော်ပြီ . . . နောက်မှပဲ ပြောတော့မယ်"

"ဖုန်းဆက်မှာလား"

"ဘာလို့ဆက်ရမှာလဲ၊ မဆက်ပါဘူး"

"ကောင်းသားပဲ၊ လူချင်းတွေ့ရုံပေါ့"

"လုပ်ပြန်ပြီ"

"အခုပြန်စေချင်သလား"

"ပြန်ဆိုရင်ရော ပြန်မှာမို့လို့လား"

"ဒါလည်း သိတာပဲ"

ရှုံပြနေလေပြီ။ လေသံမာမာပြောတာနှင့် မျက်ရည်ဝဲပြတာလင်းလက်သန့်စင်မှ ဟုတ်ပါရဲ့လားဟု မေးရမလိုပါ။ အလိုက်အထိုက်ပြောပြန်တော့လည်း အထာပေးတယ် ယူဆပြီး ရဲတင်းလာတော့ခက်သားလား။ ဟိုနေ့က မတော်တဆ တရင်းတနှီးဖြစ်သွားတာကို





အလေးအနက်ထားမိရင် သူက အခွင့်အရေးယူတတ်တဲ့ကောင် ဖြစ်တော့မှာလေ။

"ကျွန်တော် ဘယ်လိုပြောမှရမှာလဲ။ အလုပ်ဆက်လုပ်ရမှာလား။ စကားထိုင်ပြောနေရမှာလား"

"လုပ်စရာရှိတာလုပ်ပေါ့။ ဘာလဲ အနှောင့်အယှက်ဖြစ်လို့လား"

"ဟုတ်တယ်"

ခုံမှ ဆတ်ခနဲထရပ်လိုက်မိ၏။ အဲဒီလို ပတ်ပတ်ခါခါပြောတတ်တာ ဘာကြောင့်လဲ၊ မိန်းကလေးတိုင်းကို ဤသို့ပင် ပြောတတ်လေသလား။ မင်းထက်သာ၊ ရင်ကိုစိုက်တဲ့ မြားတံလို ရှင့်နှုတ်ထွက်စကားတို့က ခံရခက်စေတာအမှန်ပါပဲ။ သူက သူမနောက်မှ ခပ်သွက်သွက်လိုက်လာလေ၏။ ကားတံခါးဖွင့်လိုက်စဉ် လက်ကောက်ဝတ်ကို ဆုပ်ကိုင်ခြင်းခံလိုက်ရလေသည်။

"ပိုက်ဆံအိတ် ကျန်ခဲ့ပြီ။ မျက်နှာက အဲဒီလိုနဲ့ပြန်သွားရင် ဘယ်စိတ်ကောင်းပါ့မလဲ။ ကလေးလည်းမဟုတ်ဘဲ စိတ်မကောင်းပါနဲ့"

"စိတ်ကောက်တာမဟုတ်ဘူးလို့ ပြောပြီးပြီလေ"



www.burmeseclassic.com

www.burmeseclassic.com



"မငိုနဲ့နော် . . . မငိုချလိုက်မိစေနဲ့။ ပြဿနာ ပိုကြီးသွားမယ်"

"ဘာပြဿနာလဲ"

"ကျစ်! . . . နောက်မှပြောမယ်"

"နောက်မှ . . . နောက်မှနဲ့ မစောင့်နိုင်ဘူးဆိုရင်ကော"

"ဒါနဲ့ပဲ ဒေါသဖြစ်ပြီး အိပ်မပျော်တာဖြစ်တော့မှာပဲ။ ဖုန်းဆက်လိုက်မယ်ဗျာ"

သူမ အောက်နှုတ်ခမ်းကို သွားဖြင့် အသာဖိကိုက်ထားလိုက်မိတော့၏။ မပြုံးမိအောင်လို့ပါပဲ။ "လင်းလက်သန့်စင်"က ဖြစ်ချင်တာကို မဖြစ်ဖြစ်အောင် လုပ်တတ်တာ ရှင်အသိပါ "မင်းထက်သာ"။

❑❑❑

## အခန်း (၁၄)

"ငြိမ်း သွားပြီအစ်ကို။ ထမင်းစားရင် ဟင်းရည်အိုးနွေးပြီးမှ စားနော်"

မျက်စိမဖွင့်ချင်သေးသည့်အစ်ကိုက ငြိမ်းကို လက်ဖြင့်သွားရန် အချက်ပြကာ စောင်ခြုံအောက်မှ ထွက်မလာသေးပါချေ။ နားရက်ရတုန်းလေး နားပါစေသဘောဖြင့် ဘာမှမပြောတော့တဲ့ ထမင်းချိုင့်ခြင်း ယူလျက် ထွက်ခဲ့ပါ၏။ မနက်စောစောမို့ စိတ်မချဘူးမပြောတော့ပါ။ လမ်းကြားလေးထဲမှ ကားဂိတ်ရှိရာသို့ ခပ်မြန်မြန်လေး လျှောက်ခဲ့ရပါသည်။

www.burmeseclassic.com

www.burmeseclassic.com



အစမ်းခန့် (၃) လအတွက် ဝန်ထမ်း (၁၀) ဦးထဲမှာ ပါဝင်ခဲ့ရတာပါ။ တစ်လလုံးလုံး အချိန်မှန်မှန်ဖြင့် နောက်မကျဘဲ အလုပ်ဆင်းပေးတာမို့ မန်နေဂျာရော Supervisor ပါ ငြိမ်းကို သဘောကျနေလေ၏။ လစာအများကြီးပေးတာ မဟုတ်သော်ပေမယ့် ထမင်းဖိုးနှင့်ကားခလောက်ရုံကိုတွက်ပြီး ပေးပါသည်။ ဒီနေ့ လစာထုတ်ရမယ့်ရက်မို့ လူကပိုပျော်နေသည့်နှယ်ပါ။

ကိုယ်ပိုင်ဝင်ငွေရှာတတ်တာမှန်ပေမယ့် ရထားသည့် ဘွဲ့လေးနှင့် တန်သည့် ဂုဏ်ပုဒ်လေးဖြင့် ကျခြေ့ရှိရှိ နေရာလေးမှာတော့ လုပ်ချင်တာ အမှန်ပါ။ Uniform လေးဝတ်ပြီး ရုံးထိုင်အလုပ်လုပ်ရတာက ဘယ်လောက်များ ဂုဏ်ရှိပါသလဲ။ ကားဂိတ်မှာ ခဏစောင့်ပြီး Bus ပေါ်တက်စီးဖြစ်ခဲ့ပါ၏။ ရုံးချိန်မို့ ခပ်စောစောထွက်ခဲ့ပေမယ့် မှတ်တိုင်ရပ်ရင်း ကားကကြပ်တော့တာ ထုံးစံဖြစ်နေလေသည်။

"ရှေ့မှတ်တိုင်ပါတယ်နော်"

"တိုးထားလိုက် ညီမရေ့ မြန်မြန်လေး"

"နည်းနည်းလောက်"

လောလောဆယ် အပြင်ဝတ်စုံနဲ့သာ အလုပ်ဆင်းရတာမို့ ကိစ္စမရှိပါ။ Uniform သာဝတ်ရရင် ကားတိုးစီးပုံနဲ့ ကြေမွကုန်မှာ





မဟုတ်လား။ တိုးဝှေ့ထွက်ကာဖြင့် ကားပေါ်မှဆင်းလိုက်ပါ၏။ ဝင်ပေါက်ရှိရာဆီသို့ ခပ်သွက်သွက်လေး လှမ်းလိုက်ရလေသည်။ အားတင်းထား "ငြိမ်းဆုပန်"။ တစ်သက်လုံး အစ်ကို့ကိုပဲ အားကိုးနေလို့ ဘယ်ဖြစ်မှာလဲ။

အပေါက်စောင့်လုံခြုံရေးဦးလေးကြီးကို အပြုံးဖြင့် နှုတ်ဆက်ကာ ကုမ္ပဏီထဲသို့ ဝင်လိုက်ပါ၏။ Hall ခန်းထဲရောက်စဉ် ဝန်ထမ်းတွေအသီးသီး ရောက်လာကြလေသည်။ ငြိမ်းတို့အလုပ်သင်ဝန်ထမ်းတွေက နေရာမယ်မယ်ရရ မရှိသေးပေမယ့် တောက်တိုမယ်ရ အလုပ်တွေကဖြင့် အများကြီးရှိနေသဖြင့် လုပ်ပေးရလေ၏။

"ငြိမ်းရေ"

"ရှင် . . . မမသက်"

"မနေ့က ကွန်တိန်နာဝင်ထားတာ ဂိုဒေါင်မှာ ပစ္စည်းတွေချတယ်။ အဲဒါ သွားစစ်ပေးပါ"

"ဟုတ်ကဲ့ . . . မမသက်"

"List သေချာလုပ်လာခဲ့နော်၊ မမှားစေနဲ့"

"ဟုတ်!"

ရုံးထဲမှာ လက်မှတ်ထိုးခဲ့ပြီးနောက် ကုမ္ပဏီဘေးဝင်းထဲသို့



www.burmeseclassic.com

www.burmeseclassic.com



ထွက်ခဲ့ရပါ၏။ ဂိုဒေါင် (၅) ရှေ့မှာ ပစ္စည်းတွေချနေတုန်းပါပဲ။ အထဲမှာ စီမှာမို့ တစ်ခါတည်း စစ်လို့ရရန် အပြေးတစ်ပိုင်း ရောက်သွားရလေသည်။ အရင်က စာသင်တဲ့ကျူရှင်ဆရာမမို့ ဆရာလုပ်ခွင့်ရသော်ငြား အခုတော့ဖြင့် သူများတွေဆရာလုပ်သမျှ နာခံရသာ ရှိတော့တာသေး။

"ဂိုဒေါင်သော့ရော"

"ဒီမှာပါ . . . ခဏလေးစောင့်ပေးပါ။ ပစ္စည်းစစ်ပြီးမှ ထည့်ရမှာ"

"ကျစ်! . . . အကြာကြီး စောင့်ရမှာလားကွ"

"သိပ်မကြာပါဘူး"

အလုပ်ကြမ်းသမားတွေက မကျေနပ်သည့်မှုယ် ငြိမ်းကို အုကြည့်ကြည့်လိုက်လေ၏။ လူကြီးပိုင်းတာကို မလုပ်လို့ ဘယ်ရပါ့မလဲ။ စက္ကူပုံးတွေရှိ စာရွက်တို့ကိုဖတ်ကာ Code number တွေနှင့်အတူ စာရင်းလုပ်ရပါ၏။ နေက စပူနေပြီ။ ဂိုဒေါင်ရှေ့မှာ လုပ်နေရသဖြင့် ချွေးတွေ စထွက်တော့လေသည်။

"ငြိမ်း!"

"ဗြော် . . . ကျော်ကျော်"

"ငါ့ကိုတောင် မစောင့်ဘူး။ မြန်လိုက်တာ ဘာကူပေးရမလဲ"





"ဟိုဘက်အပုံကို စစ်ပေးပါ။ ကျေးဇူး . . . ရော့! . . . ဒီမှာ စာရွက်"

ကျော်ကျော်က ရှပ်အင်္ကျီအိတ်ကပ်ထဲမှ ဘောပင်ကိုယူလိုက်ပြီး ငြိမ်းလှမ်းပေးလိုက်သည့် စာရင်းစာရွက်အချို့ကို ယူသွားပါ၏။ Interview အတူဖြေပြီး အောင်ခဲ့သည့်ဝန်ထမ်းအသစ်မို့ ကူညီပေးသည့်သူငယ်ချင်းလေးပါပဲ။ ပစ္စည်းသယ်ကြတော့မှာမို့ စစ်ပြီးသည့်ပုံးတွေကိုပြကာ ဂိုဒေါင်တံခါးကို ဖွင့်ပေးလိုက်ရလေသည်။

ပြီးနောက် ကျော်ကျော်စစ်နေသည့် ပုံးတွေရှိရာဘက်သို့ လိုက်သွားရပါ၏။ ကျော်ကျော့်ဆီမှ စာရွက်နှစ်ရွက်ကို ယူကာ ကျော်ပေးထားသည့် ပုံးအထပ်တွေကို စစ်ရလေသည်။ ပုံးအရေအတွက် နံပါတ်စဉ်ကို ဆော့ပင်အဖုံးဖွင့်ကာ တပ်စဉ် မမီသည့်အတွက် ကျော်ကျော်က ကူညီပေးရပြန်လေ၏။ ယောကျ်ားလေးက မိန်းကလေးတွေထက် အရပ်မြင့်ကြတာကိုး။

"Pay Day လည်း မချောင်ပါလားကွာ"

"Pain and gain တဲ့။ အနာခံမှ အသာစံရမှာပေါ့"

"ဒီနေ့ လစာပေးမှာမို့ GM လာမယ်တဲ့"

"ဟုတ်လား"



www.burmeseclassic.com

www.burmeseclassic.com



"နိုင်ငံခြားက ပြန်ရောက်တာ မကြာသေးဘူး။ အသက်ငယ်ငယ်လေးပဲတဲ့၊ ပြောကြတယ်"

"ဪ"

အံ့ဩရုံထက် ဘာမှမပိုပါ။ GM မကလို့ MD ကြီးပဲ လာလာ ငြိမ်းတို့ဝန်ထမ်းပေါက်စတွေက တွေ့ဖို့မှ မလွယ်တာလေ။ ပစ္စည်းတွေ ဂိုဒေါင်ထဲစီထည့်တာကိုပါစစ်ရင်း ဘယ်နံပါတ်က ဘယ်စင်မှာဆိုတာကိုပါ သေချာမှတ်ရပါ၏။ နို့မို့ ရှာရမလွယ်ကူမှာမို့ ကြိုးစီစဉ်ထားရလေသည်။

"ငြိမ်း"

"အင်း"

"လစာထုတ်ရင် ဘာလုပ်ဖို့ အစီအစဉ်ရှိလဲ"

"ဟင့်အင်း . . . မရှိပါဘူး"

"မိဘတွေအတွက် တစ်ခုခု ဝယ်သွားဖို့ရော"

"ငြိမ်းတို့မောင်နှမက မိဘတွေမှ မရှိတော့တာ ကျော်ကျော်ရဲ့။ အစ်ကို့အတွက် အင်္ကျီ၊ ပုဆိုး တစ်စုံလောက်တော့ ဝယ်ပေးမှာပေါ့။ အိမ်ပြန်ချိန်စောရင်လေ"

"OK! . . . ငါလည်း Father နဲ့ Mother အတွက် တစ်ခုခု





သွားရှာမယ်။ အတူသွားကြတာပေါ့"

နှစ်ယောက်သား တိုင်ပင်ကာ ဂိုဒေါင်တံခါးပိတ်စဉ် အချိန်က (၁၁) နာရီခွဲနေလေပြီ။ ဒီလောက်တောင် ကြာသွားတာပါလား။ နေ့လယ်က ထမင်းစားချိန်မို့ Locker ထဲမှ ထမင်းချိုင့်သွားထုတ်ကာ ထမင်းစားဆောင်ဘက်သို့ လျှောက်ခဲ့၏။ ငြိမ်းတို့ လူသစ်အငယ် (၆) ဦးက တစ်ဝိုင်းတည်းစားကြတာမို့ မိန်းကလေးနှစ်ယောက်နှင့် ယောကျ်ားလေး (၄) ယောက် ဖြစ်လေသည်။

"ငြိမ်းရေ . . . လာဟေ့။ ဘာဟင်းချက်လာလဲ"

"တို့ကတော့ မြန်မြန်ကျက်တဲ့ ရွှေခေါင်းပြောင်ဟင်းပဲဟေ့"

"ငါက Vitamin အပြည့်ပါတဲ့အရွက်ပါ"

တစ်ယောက်တစ်ပေါက် ပြောရင်း ဆူညံနေကြလေ၏။ ငြိမ်း ထမင်းချိုင့်ကိုဖွင့်တော့ ခေါင်း ငါးလုံး ပြူကြည့်ကြပါသည်။ အုပ်စုထဲမှာ ကိုယ်တိုင် ဖွယ်ဖွယ်ရာရာ ချက်လာတတ်တာက ငြိမ်းတစ်ဦးတည်းသာ ရှိတာကို။ ကင်ပွန်းချဉ်ရွက်ကို ကြက်ဥခေါက်ပြီး ရောကြော်ထားတာတစ်မျိုး၊ အာလူးအစိပ်ကျွတ်ကျွတ်ကြော်နှင့် ရွှေပဲကြော်ကတစ်ပုံး၊ အချဉ်သယ်ရခက်ပေမယ့် ကြက်တောင်ပံနှင့် မုန်ညင်းရွက်ဟင်းချိုကို Plastic ဖြင့် သေချာအုပ်ကာ ချိုင့်အသေးလေးနှင့် ထည့်ခဲ့ပါ၏။



www.burmeseclassic.com

www.burmeseclassic.com



ထမင်းကတော့ ခပ်နည်းနည်းသာ ပါလေသည်။

"ငြိမ်းတာတော့ ဘယ်တော့မဆို ဟင်းအစုံချက်လာတာပဲ"

"အတူတူစားရလို့ပါ ချိုရဲ့။ စားကြနော်"

"နင့်ကိုရတဲ့ယောကျာ်းတော့ အတော်ကံကောင်းမှာသိလား"

"ဘာဖြစ်လို့လဲ"

"အချက်အပြုတ်တော်လို့လေ"

"အဟွတ်! . . . အဟွတ်!"

ယောကျာ်းလေးတွေရှေ့ ဘွင်းဘွင်းကြီးပြောချလိုက်သဖြင့် ထမင်းသီးလေတော့၏။ ကျော်ကျော်က ရေသန့်ဘူးအသေးလေး လှမ်းပေးလိုက်သဖြင့် ယူမော့လိုက်ရပါသည်။ အားလုံးမျက်နှာက ပြုံးစိစိနှင့်ပါပဲ။ ချိုသဲက ဘာရယ်မဟုတ် ပြောလိုက်တာဖြစ်ပေမယ့် ယောကျာ်းလေးတွေရှေ့မှာ ငြိမ်းအဖို့ နေရခက်စရာပါ။

"ဖြည်းဖြည်းသောက်"

"စေတနာတွေ . . . စေတနာတွေ"

"မင်းတို့ကလည်းကွာ။ သူငယ်ချင်းအချင်းချင်း အဲဒီလိုတော့ မစကြပါနဲ့"

"သူငယ်ချင်းဖြစ်တော့ ပိုပြီးနီးစပ်တာပေါ့ ကျော်ကျော်ရ





မဟုတ်ဘူးလား"

"ဪ . . . ခက်တော့တာပဲ။ သူငယ်ချင်းဆိုမှတော့ စည်းတွေ ဘောင်တွေက အလိုလိုတားပြီးသားဖြစ်နေတာ။ ဘယ်လို ကျော်လို့ ရပါတော့မလဲ။ စဉ်းစားပြီးလဲ ပြောဦး။ နော် ငြိမ်းရယ်"

ကျော်ကျော်က ငြိမ်း အနေမခက်စေရန် ပြောပေးပါ၏။ စားနေသည့် ထမင်းချိုင့်ထဲသို့ ကြက်သားတုံးဟင်းလာထည့်ပေးသဖြင့် ချိုသဲထံမှ မျက်စောင်းက ဒိုင်းခနဲ ရောက်လာလေသည်။ "ပြောတော့ တစ်မျိုးလုပ်တော့ တလွဲ" ဟု မြင်နေကြပြီ မဟုတ်ပါလား။

"အဲဒါက ဘာသဘောလဲ"

"Lady First လေ"

"ဒါဆို ငါ့ဖို့ရော"

"ချိုင့်ထဲ နှိုက်စားပေါ့ . . . လက်ရှိတဲ့ဟာပဲကို"

"ကောင်းစုတ်! . . . မျက်နှာကိုလိုက်တယ်"

"အေးလေ . . . ပြောတော့ မဟုတ်ဘူးဆို"

"တော်ပါတော့ဗျာ"

သူငယ်ချင်းတဲ့လား။ အဲဒီလို သူငယ်ချင်းကိုပဲ First year မှာ ငြိမ်းအဖြေပေးဖြစ်ခဲ့တာပါလေ။ အကြောင်းသိချင်းမှ တစ်ယောက်



www.burmeseclassic.com

www.burmeseclassic.com



အကြောင်းကိုတစ်ယောက် လှေလာနေစရာမှ မလိုအပ်တာကို။ ဘယ်သွားသွား တပူးတွဲတွဲဖြင့် အပျော်ကြီးပျော်ခဲ့ခြင်းရဲ့ အဆုံးသတ်က အလွမ်းတဲ့လား။ လုံးဝထင်မထားခဲ့သည့်အရာပါလေ။

သူ့အပြုံး၊ သူ့မျက်လုံး၊ သူ့အတွေး၊ သူ့အပွေ့မှာ ငြိမ်းနှလုံးသားအစုံ နှစ်မြုပ်ခဲ့ရတာအမှန်ပါ။ ဘာစားစား၊ ဘာသောက်သောက် "ငြိမ်းအရင်" ဟု ဦးစားပေးလေ့ရှိတာ ကန်တောင်သွားထိုင်တိုင်း ငြိမ်းထိုင်မယ့်နေရာကို ဖုန်သုတ်ပေးပြီး သူ့လက်ကိုင်ပဝါ ခင်းပေးလေ့ရှိတာတွေက အိပ်မက်တစ်ခုနှယ်ပါပဲ။

မလိမ်မိုး မလိမ္မာအရွယ်လေးမို့ အချစ်ကို ကိုးကွယ်မိခဲ့တာပါ အစ်ကို။ မိခင်အဆုံးအမ မရှိခဲ့လို့ မိုက်မဲခဲ့တာတဲ့လား။ အသည်းတွဲဝေဒနာကြောင့် မချိမဆံ ဒဏ်ရာတွေနဲ့ မစားနိုင် မသောက်နိုင် အိပ်မပျော်နိုင်ခဲ့တာ အတော်ကြာခဲ့ရတာပါ။ တက်ခေါက်ပြီး နံရံကို လက်သီးနဲ့ထိုးပြီး ဒေါသကျိတ်ဖြေခဲ့ရသည့်အစ်ကိုက ဒီညီမလေးကို ချစ်ရှာလွန်း၍ လက်ဖျားနှင့်ပင် မထိမတို့ မရိုက်ရက်ခဲ့ပါလေ။

ကြာတော့လည်း လွမ်းဖို့မေ့သွားမှာပါဆိုတဲ့စကားက မှန်မမှန်တာပဲ၊ မတွေးဖြစ်လျှင် ဘာမှမဖြစ်ပေမယ့် တိုက်ဆိုင်မှုရှိလာတိုင်း ရင်ထဲမှာ နင့်နင့်သည်းသည်း ခံစားချက်က ကုစားလို့ မရတာကို



ဘယ်သူကများ သိကြလို့လဲ။ ချစ်မှုသူတိုင်း ဒဏ်ရာဆိုတာ အနည်းအကျဉ်းမျှ ရနိုင်တာကို ကြိုသိ ကြိုမြင်ထားရမှာပါ။

"ငြိမ်း"

"ဟင်"

"ဘာဖြစ်လို့လဲ"

"ဟင့်အင်း . . . ဘာမှမဖြစ်ပါဘူး"

ထမင်းစားခြင်းပြီးပြီမို့ လုပ်ငန်းခွင်ပြန်ဝင်ရန် ထရပ်လိုက်ကြပါ၏။ လစာ ဘယ်အချိန်ပေးမှန်း မသိပေမယ့် မျှော်နေလို့ ဘယ်ဖြစ်ပါ့မလဲ၊ လုပ်စရာရှိသည့် တာဝန်ကိုတော့ မဖြစ်မနေ လုပ်ရမှာပါလေ။ ကုမ္ပဏီရုံးခန်းထဲ ပြန်ဝင်လျက် Hall ခန်းမကြီးမှာ ငြိမ်း အလုပ်ရှုပ်နေမိတော့၏။

"ငြိမ်းရေ"

"ရှင်"

"ဒါလေး Photo ဆွဲပေးပါ။ အားလုံး (၅) စုံစီနော်။ တစ်ခါတည်း stapter ပါ တွဲချုပ်ခဲ့ပေး"

"ဟုတ်ကဲ့"

File (၅) ခုစာ ဆွဲရမှာမို့ အချိန်ကြာကြီးပါပဲ။ စာရွက်



www.burmeseclassic.com

www.burmeseclassic.com



တစ်ထပ်ကြီးကို ပွေ့ပိုက်လျက် ကော်ပီကူးစက်ရှိရာအခန်းဆီ လှမ်းခဲ့ရပါ၏။ အခန်းကျဉ်းလေးမို့ အသံတိတ်ကာ အလုပ်လုပ်ရတာ အဆင်ပြေပါသည်။ File တစ်ထပ်စီ အရင်ခွဲကာ ချုပ်စက်ဖြင့် တွဲချုပ်ပြီးမှ နောက်တစ်ထပ်ကို စက်ထဲ ထည့်ရပါ၏။ မမှားအောင်လည်း ဂရုစိုက်စစ်ကြည့်ရပါသည်။

လက်နှစ်ဖက်ကို တစ်ဖက်စီဆန့်ကာ လက်ညောင်းတာကို ဖြေရလေ၏။ မတ်တတ်ရပ်လုပ်နေရသဖြင့် ခြေထောက်ပါ ညောင်းရတာပါ။ အင်းပေါ့လေ၊ သူတစ်ပါးအလုပ်မှာ လုပ်ရတာမို့ ဒီလောက်တော့ အပင်ပန်းခံနိုင်ရမှာပေါ့။ အားလုံးပြီးမှပဲ အသက်ကို ရှိုက်ထုတ်လိုက်မိတော့၏။

Original File ကိုသပ်သပ် copy ကူးထားတာကို သပ်သပ်စီထပ်၍ ပိုက်လိုက်ပါသည်။ အခန်းမီးကို ပိတ်လိုက်ပြီးမှ အခန်းတံခါးကို တွန်းလျက် ထွက်လိုက်၏။ Supervisor ရှိရာစားပွဲတထောင့်စွန်းမို့ Hall ခန်းမအလယ်မှ လျှောက်လာခဲ့ပါသည်။

"GM လာပြီ"

ရုတ်တရက် လူတစ်စုဝင်လာသဖြင့် လမ်းအလယ်မှ ဘေးသို့ကပ်၍ ရပ်ပေးလိုက်ရပါ၏။ ဘေးမှဝန်ထမ်းတစ်ဦးက ငြိမ်းပခုံးကို





တိုက်မိသွားသဖြင့် အပေါ်မှတင်ထားပါသည့် စာရွက်အထပ်က လက်ထဲမှ လျှောကျသွားလေသည်။ နေရာမှာ ထိုင်ချလျက် စာရွက်အဖြူထပ်ကို လှမ်းကောက်စဉ် Shoe ဖိနပ်အနက်တစ်စုံက စာရွက်အနီးမှာ ရပ်တန့်သွားလေ၏။

"ဟင်!"

စာရွက်ကိုကောက်ပြီး ထရပ်လိုက်မိစဉ် ရင်ထဲ ဒိန်းခနဲ မြည်လျက် မှင်တက်သွားရတော့သည်။ အကြည့်တစ်စုံက ငြိမ်းကို စူးစိုက်ကြည့်နေလို့ပါပဲ။ ကြာတော့ ကြာခဲ့ပါပြီ၊ သုံးနှစ်ဆိုသည့်အတိုင်းအတာမှာ ဒီမျက်ဝန်းတစ်စုံကို အဘယ်ကြောင့် သူမ မှတ်မိနေရပါသလဲ။

❑ ❑ ❑



www.burmeseclassic.com

www.burmeseclassic.com



## "ရင်တွင်းကဗျာ"

အချစ်တွေ...
ရင်ထဲမှာရှိသမျှ
အကုန်ပုံပြီးပေးလိုက်ချင်တယ်...
နွေးနွေးလေးအကြည့်
အေးအေးလေး အပြော
ချိုချိုလေးပြုံးပြီး
အမုန်းမရှိတဲ့ကမ္ဘာမှာ
ကဗျာတွေ စီလိုက်ချင်ပါရဲ့...
နှလုံးသားကိုသိမ်းပိုက်
ခပ်မိုက်မိုက်လည်း ချစ်ပြမယ်...
အသည်းကို ပိုက်ထွေး
ခပ်အေးအေးလည်း ချစ်ကြမယ်...
သူများတွေနဲ့မတူအောင်
ခထာပဲ စိတ်ကောက်ပြချင်တယ်...

www.burmeseclassic.com

www.burmeseclassic.com

သူများတွေထက် ပိုပြီးလည်း
　　မခွဲနိုင်အောင် ချုပ်ပြချင်တယ်…
ဝေဒနာတွေမပေး
　　အကြင်နာတွေပဲ ပေးပုံမယ်…
ဒဏ်ရာတွေမပေး
　　တယုတယ ပိုက်ထွေးပုံမယ်…
အနာဂတ်ကို ရည်မှန်း
　　ပန်းပွင့်လမ်းမှာ
　　　　လက်တွဲလို့ ပေးကာ
　　　　　　တို့အတူလျှောက်လှမ်းကြမယ်…
နှစ်နှစ်ကာကာနဲ့
　　တစ်သက်တာအတွက် ရည်ရွယ်
　　　　အချစ်ဦးလည်း ဖြစ်ရမယ်။
အချစ်တွေ
　　ရင်ထဲမှာ သိမ်းထားသမျှ
　　　　မင်းကို ပုံပြီး ပေးချင်တယ်။

## အခန်း (၁၅)

"တီ!"

ကားဂိတ်မှာ ကားရပ်စောင့်နေစဉ် ကားဟွန်းသံနှင့်အတူ ဆားမှာရပ်သွားသည့်ကားကြောင့် လှည့်ကြည့်လိုက်မိပါ၏။ ကား ပြတင်းပေါက်မှ ပြလိုက်သည့် လက်ချောင်းလှလှလေးနှင့် ခဲရောင်ကား ကြောင့် သူမျက်မှောင်ကျုံ့သွားရလေသည်။ ပိတ်ရက်မှာတောင် ကြိုကြို ဇန်ဖန် ဆုံရပြန်တယ်လို့။

"ဘယ်သွားမလို့လဲ"

"မြို့ထဲ"


www.burmeseclassic.com

www.burmeseclassic.com



"လိုက်ခဲ့လေ . . . လမ်းကြုံတယ်"

"မလိုက်ပါဘူး"

"လုပ်ပြန်ပြီလား . . . ကတိလည်း မတည်ဘူးနော်"

"ဘာကတိလဲ"

"Phone ဆက်မယ်ဆို"

မျက်ခုံးပင့်ပြလိုက်သဖြင့် သူ ရင်မောရပြန်လေ၏။ မီးမှန် သိပ်ပါလျက် ကိုင်မိပါက ပူတတ်မှန်းသိရမှာကို ဒီမိန်းကလေး မေ့ထား လေသလား။ ကားပေါ်မှပင် ဆင်းလာပြီမို့ ရှောင်ရခက်သည့် အခြေ အနေမျိုး ဖန်တီးတော့မလား "လင်းလက်သန့်စင်"။ ဂိတ်မှာ ကိုယ်ပိုင် ကားမှ ရပ်လို့မရတာလေ။

"ဘာလုပ်တာလဲ"

"ကားပေါ်တက်လေ"

"ဒီမှာ ကြာကြာရပ်လို့မရတာ မသိဘူးလား"

"အဲဒါကြောင့် မြန်မြန်တက်ဖို့ ဆင်းပြောတာပေါ့"

ကဲ! . . . ဖွဲ့ကတော့ ဩချရလောက်သူပါပဲ။ ဖွင့်ပေးလိုက် သည့် တံခါးပေါက်မှ ကားပေါ်တက်လိုက်ရတော့၏။ ဒါမှသာ ကား ချက်ချင်းထွက်မှာကိုး။ နေ့လယ်ပိုင်းမို့ ကားလိုင်းရှင်းနေတာပဲ တော်





သေးသည်။ ကားအသစ်နံ့နှင့် သူမထံမှ ရေမွှေးနံ့လား Roll on နံ့လားပင် မသိ၊ ခပ်သင်းသင်း ရှူမိတာမို့ လေပူတစ်ချက် မှုတ်ထုတ် လိုက်မိတော့၏။

"ဘာလဲ . . . ကိုက်စားခံရမှာစိုးလို့လား"

ပြန်မဖြေမိ။ လူကို မခံချိ မခံသာစကားမျိုး ပြောပါက ဒေါသဖြစ်ပြီး အော်မိမှာစိုးလို့ပါ။ အလုပ်ကိစ္စနှင့် စကားများရတာက ပြဿနာမရှိ။ အခုလို အပြင်မှာ ပဋိပက္ခဖြစ်ပါက ဖြေမရ ရှင်းမရဖြင့် ရှုပ်ကုန်တော့မှာပါ။ စကားပြိုင်ပြောလျှင်လည်း ဤအမျိုးသမီးလောက် သူက စကားမကြွယ်တော့ ခက်သားလား။

"တစ်ခါတလေလေး မျက်နှာကို ကြည်ကြည်လင်လင် ထား ပါလား။ အမြဲ ရှုပုပ်နေတာပဲ"

"ဒီလိုပဲ နေတတ်တယ်"

"ငြိမ်းနဲ့လည်း ဒီလိုပဲလား"

"ဘယ်တူပါ့မလဲ"

"အခု ဘယ်သူနဲ့ Date ထားလို့ ထွက်လာတာလဲ . . . ဟင်"

"ဘယ်သူနဲ့မှ မ Date ဘူး။ ဒီလိုပဲ ဝယ်စရာရှိလို့ ထွက် လာတာ။ အားအားလျားလျား ချိန်းစရာလား"



www.burmeseclassic.com

www.burmeseclassic.com



ဟောကြည့်! . . . ပြောရင်းနဲ့ကို ဒေါ်သက ဖြစ်လာပြီလေ။ ဘယ်လိုဖြစ်ပြီး အမေးအမြန်းထူလွန်းရပါသလဲ။ ကိုယ့်ဘာသာ သွားစရာရှိတာ လွတ်လွတ်လပ်လပ် မသွားပါဘဲ လူကို လမ်းကြုံတင်ရတယ်လို့ သူစိမ်းမိန်းမတစ်ယောက် မောင်းသည့်ကားပေါ်မှာ အခန့်သားထိုင်စီးပြီး လိုက်ရတာလောက် သိက္ခာကျတာ မရှိတော့ပါဘူး။

"ဒါဖြင့် . . . ချစ်သူမရှိဘူးဆိုတဲ့ သဘောပေါ့လေ"

တွေ့လား။ သူပြောသွားပုံ။ ဒီအမျိုးသမီးလောက် ရှာကြံတွေးပြောတတ်တာမျိုး သူ မတွေ့ဖူးပါလေ။ စကားမပြောဘဲ တိတ်တိတ်နေပြန်တော့လည်း အကြောင်းမရှိ အကြောင်းရှာပြီး ဆက်ပြောနေတော့ ခက်လေပြီ။ မင်း ဘယ်လိုပါလဲ လင်းလက်သန့်စင်၊ လူကို နေရခက်အောင် လုပ်ပြန်ပြီလား။

"မလင်းလက်"

"ရှင်"

"ကျေးဇူးပြုပြီး ကိုယ်ရေးကိုယ်တာကိစ္စတွေ မပြောပါနဲ့လား"

"ဘာဖြစ်လို့လဲ၊ အလုပ်မှာ အလုပ်အကြောင်းတွေချည်း ပြောခဲ့တာမဟုတ်လား။ အပြင်မှာ တခြားအကြောင်းတွေပဲ ပြောရမှာပေါ့။ ဒါလေးတောင် မပြောချင်ဘူးလား"





"မပြောချင်ဘူး"

"ဘာဖြစ်လို့"

"ကျွန်တော်က စကားများလွန်းတဲ့မိန်းမတွေကို ကြည့်မရဘူး"

လင်း တဟားဟား အော်ရယ်မိလေတော့၏။ အဘယ်မျှ ဖွင့်လင်းလိုက်သည့်ယောက်ျားပါလဲ။ နဂိုကတည်းက ပျော်ပျော်နေတတ်၊ ဖော်ရွေတတ်၊ ရယ်စရာတွေပြောတတ်သည့် အကျင့်က လင်း ထံမှာပါခဲ့တာပါ။ ဒါကို စကားများသည့် မိန်းမဟု ပျစ်ပျစ်နှစ်နှစ် ပြောရဲရတယ်လို့၊ အံ့ပါရဲ့။

"ဘာရယ်တာလဲ"

"သဘောကျလို့ပါ။ နောက်ထပ် မုန်းတာတွေရှိရင် ပြောပါဦး . . . သိထားရအောင်"

"ကျစ်!"

"စိတ်တိုတတ်ရင် အသက်တိုတတ်တယ်ဆိုတာရော သိရဲ့လား"

"လူဆိုတာ သေတစ်နေ့ မွေးတစ်နေ့ပဲ။ စိတ်ပူနေစရာမှ မလိုတာ"



www.burmeseclassic.com

www.burmeseclassic.com



"ကြိုက်တယ်"

"ဘာပြောတယ်"

"အဲဒီလို ရဲ့ပြတ်သားတာကို ပြောတာလေ"

ကြိုက်တာတွေကို တန်းစီပြီးပြောရရင်ဖြင့် ကုန်တော့မှာ မဟုတ်ပါချေ။ ဆံပင်ပုံစံထားတာကိုလည်း ကြိုက်တယ်၊ မေးရိုးကျ ပုံကိုလည်း ကြိုက်တယ်။ မျက်နှာချော နှာတံပါ မက ဒီလိုပြတ်သား စကားတွေပြောလေ့ရှိတဲ့ နှုတ်ခမ်းတွေကိုလည်း ကြိုက်တာပဲ။ လူ ရူးစိုက်ပြီးကြည့်တတ်တဲ့မျက်ဝန်းတွေပါမက ယောကျ်ားပီသတဲ့ ကိုယ် ခန္ဓာမှာ ဒီနေ့လို ရှပ်အကျီနဲ့ပုဆိုးကို သပ်သပ်ရပ်ရပ်လေးဝတ်လာ ကြည့်ကောင်းတာကိုလည်း ကြိုက်တာပါ။

တစ်ခုခုကို အားမနာတမ်းပြောချတတ်တာ၊ မှန်တယ်လို့ ခံ ထားရင် အဲဒီခံယူချက်ကို မပျက်သုဉ်းအောင် လက်ထဲ မြဲမြဲစွာ ဆုပ် ကိုင်ထားတတ်သည့် အကျင့်ကိုလည်း ကြိုက်တယ်။ လူကို မျက်မှောင် ကျုံ့ကြည့်တတ်ပြီး မာနကြီးတစ်ခွဲသားနဲ့ နေတတ်တဲ့ style ကိုလည်း ကြိုက်တော့ ဘာဖြစ်လဲရှင်။

"ငြိမ်းသာဆို"

"ငြိမ်းဆိုရင် ဘာဖြစ်လဲ"





"အရိုက်ခံရပြီလို့ပြောတာ"

"တကယ်ရော ရိုက်ရက်လို့လား"

"မလိုမှာရင် ညီမကိုလည်း ရိုက်သင့် ရိုက်ပြီးဆုံးမရမှာပေါ့။ အစ်ကိုတာဝန်ပဲဟာ"

"ငြိမ်းကိုပြောတာ မဟုတ်ဘူး။ လင်းကို ပြောတာရှင်ရဲ့"

"ဟာဗျာ"

သူ့မျက်နှာ ရဲခနဲဖြစ်သွားလေ၏။ တော်ရုံအသားယူ (အခွင့် အရေးယူ) တတ်သည့်ယောကျ်ားဆိုပါက အထာပေးလို့ကဖြင့် လာထားဆိုပြီး ရောချတော့မှာပါ။ တည်ကြည်ဖြောင့်မတ်လွန်းသည့် သူ့အပေါ် အခုလို ဆက်ဆံမိတာကို ပေါ့ပျက်ပျက်ထင်သွားလေမလား။ မိန်းမသားမို့ ရင်ခွင်တံခါးကို ကွယ်ဝှက်ထားသင့်တာ မှန်ပေမယ့် အချစ်မှာ သတ္တိရှိဖို့လည်း လိုအပ်ပါတယ်လေ။

"ဘယ်အထိ သွားနေမှာလဲ"

"သူက ဘာဝယ်မှာမို့လို့လဲ ပြောမှပေါ့"

"ငြိမ်းအတွက် မွေးနေ့လက်ဆောင်"

"စိန်လား"

"ကြိုကြိုဖန်ဖန် . . . မနှစ်က ဆွဲကြိုးဝယ်ပေးထားလို့ အခု



www.burmeseclassic.com

www.burmeseclassic.com



လောကတ်လေးပဲဖြစ်ဖြစ် ဝယ်ပေးဖို့ စိတ်ကူးထားတယ်''

''Good Idea ပဲ''

''မလင်းလက်ကရော''

''ရင်းရင်းနှီးနှီး လင်းလို့ပဲ ခေါ်ပါလား''

''ဘယ်ရပါ့မလဲ။ ကုမ္ပဏီ GM ကို ဒီလို နာမည်ခေါ်ပြီး ပြောတာပဲ လွန်လှပြီ''

''လင်းက ခွင့်ပြုတယ်ဆိုရင်ကော''

''ခွင့်ပြုတယ် ခွင့်လွှတ်တယ်တွေ နောက်မှပြော။ အခု ကား ရပ်ပေးတော့။ Plaza ရောက်ပြီ။ လမ်းကြိုခေါ်တဲ့အတွက်တော့ ကျေးဇူးပဲ။ နားငြီးအောင်ပေါက်ပေါက်ဖောက်သမျှ သည်းခံပေးရတာနဲ့ ကျေပေးပေါ့''

လင်း ရယ်မိပြန်တော့၏။ ဒီလိုတော့ လွယ်လွယ်နဲ့ ရှုန်းထွက် လစ်သွားလို့ ဘယ်ရပါ့မလဲ။ ကားပေါ်မှဆင်းပြီး Plaza ထဲသို့ သူနှင့် အတူ ယှဉ်ပြီးဝင်စဉ် စိတ်ပျက်နေပုံရသည့် မင်းထက်သာကြောင့် ပြုံးမိ ဖြစ်နေရပါသည်။ ပုဆိုးဝတ်လာသည့် သူနှင့် စကပ်အရှည် ဝတ်လာသည့် လင်းပုံစံက အမြင်မှာတော့ လိုက်ဖက်မည်မထင်ပါချေ။

''လိုက်ဦးမှာ''





''ဒါပေါ့ . . . လင်းလည်း ဝယ်စရာရှိတာ''

''Lady's Wear တွေရှာဖို့လား''

''မဟုတ်ပါဘူး . . . လန့်ရန်ကော။ တကယ်ပါပဲ''

နှစ်ယောက်သား စက်လှေကားဖြင့် အပေါ်ထပ်တွေကို တက်လိုက်ကြပါ၏။ ပိတ်ရက်မို့ Plaza မှာ လူအတော်များနေရပါသည်။ နေရာစုံလျှောက်ကြည့်ကြပေမယ့် သူဝယ်ချင်သည့် ရွှေဆိုင်က ရှာဖို့လွယ်ပါ၏။ ညီမလေးဖို့တဲ့။ မောင်နှမနှစ်ယောက်သာရှိသည့် ဒီ ညီမကိုသာ ပုံပြီးချစ်တဲ့ သူမို့ထားပါတော့။ နှလုံးသားချင်း ဖလှယ်ပေး မယ့် သူချစ်သူကိုဆိုလျှင်ဖြင့် အဘယ်မျှ ချစ်မြတ်နိုးလိုက်ပါ့မလဲ။

အတွေးဖြင့် တစ်ယောက်တည်း ပြုံးလိုက်မိပါ၏။ သူက ရွှေစင်ဆိုင်မှာ လောကတ်ရွေးနေပြီမို့ မနှောင့်ယှက်ချင်သဖြင့် နောက် ကျောဘက်မှ အရုပ်ဆိုင်ကို လှည့်ကြည့်လိုက်မိလေသည်။ မွေးပွရုပ် တွေက အများကြီးပါပဲ။ ရုတ်တရက် ကလေးလေးတစ်ယောက်က ခွေးရုပ်ကြီးပိုက်လျက် ဆိုင်ထဲမှ ထွက်လာလေ၏။

အပေါက်ဝနားရောက်နေသည့် လင်းကို လာတိုက်မိသွား သည့် ကလေးမလေးကို ငုံ့ကြည့်လိုက်မိပါသည်။ ကလေးထွက်လာ တာကို လူကြီးတွေ မတွေ့လိုက်ဘူးထင်ပါရဲ့။ လေးနှစ်အရွယ်လေးမို့



www.burmeseclassic.com

www.burmeseclassic.com



စကားတော့ ကောင်းကောင်းတတ်သည့် အရွယ်လေးပါပင်။

"နာသွားလားသမီး ... ဦးဖွ"

ကလေးက သူ့ပခုံးကို အသာဖွဖွကိုင်လိုက်သည့်လင်းကို တအံ့တဩ မော့ကြည့်လိုက်လေ၏။ အရုပ်မြင့်လွန်းပါသည့် လင်းကပင် ကလေးနှင့် အရပ်ညီစေရန် ဆောင့်ကြောင့်အနေအထားဖြင့် ထိုင်လိုက်ရပါသည်။ အို! ဒီမျက်ဝန်း။ ဒီမျက်ခုံးတန်းမျိုးကို တရင်းတနှီး မြင်ဖူးနေသလိုပါပဲလား။

"မီးမီးနာမည် ဘယ်လိုခေါ်လဲ"

"တာရာ"

"လှလိုက်တာ ... တာရာဆိုတော့ ကြယ်ကလေးပေါ့"

"တာရာလင်းလက်ရွှန်းပါရှင့်"

"ဟင်! ... ဘယ်လို"

မူကြိုကလေးအရွယ်လေး၏နာမည်ကြောင့် လင်း ရင်ထိတ်သွားရပါ၏။ "တာရာလင်းလက်ရွှန်း" တဲ့လား။ ဘယ်လိုဖြစ်ပြီး ကလေးရဲ့နာမည်မှာ လင်းနဲ့ဦးရဲ့နာမည်က တွဲလျက်ပါနေရပါသလဲ။ မေ့သလောက်နီးပါးဖြစ်နေသည့် အမည်ကို ရုတ်တရက်ကြားလိုက်ရသဖြင့် အံ့ဩမှင်တက်သွားရတာ အမှန်ပါ။ မင်း ဘယ်သူဘယ်ဝါရဲ့





သမီးလေးပါလဲကွယ်။

"သမီးရေ ... တာရာ"

"မီး, ဒီမှာ ဒယ်ဒီ"

နောက်ပါးဆီမှခေါ်သံကြောင့် လူက တစ်ကိုယ်လုံး အေးခဲသွားရသည့်နှယ်ပါ။ နှစ်ပေါင်းများစွာကြာခဲ့ပြီဖြစ်ပေမယ့် ဒီလေသံက လင်းရဲ့နှလုံးသားကို ဟိုးတုန်းကအတိုင်း နွေးထွေးမှုတွေနဲ့ အခုန်မြန်စေတုန်းပါပဲ။ ရင်ခွင်မှာ အဦးဆုံးနေရာယူခဲ့ပါသည့် အချစ်ဦးနဲ့ မထင်မှတ်ဘဲ တည့်တည့်ကြီးတိုးရတယ်လို့။ ဘုရားရေ ! ရှောင်လွှဲမရနိုင်အောင် လင်းရဲ့ကမ္ဘာက ကျဉ်းမြောင်းလှချည်လား။

"သမီးက မစောင့်ဘဲနဲ့ ... ဟင်!"

နှစ်ဦးသား မတ်မတ်ရပ်လျက် တငေးတမောကြည့်နေမိသည်က ဝန်းကျင်ကို မေ့လျော့သွားသည့်နှယ်ပါ။ ဟိုးတုန်းကလို ချောမောခန့်ထည်နေတုန်းပါပဲ။ ဟိုးတုန်းကအတိုင်း တည်ကြည်ခန့်ညားနေဆဲပါပဲ။ ဟိုးတစ်ချိန်ကအကြည့်နွေးနွေးနဲ့ အပြုံးချိုချိုတွေ ယခုတိုင်ရှိနေပြီပါလော။

"ကလေး"

"ဦး"



www.burmeseclassic.com

www.burmeseclassic.com



"တစ်ယောက်တည်းလား"

"ဒါ . . . ဦးသမီးလေးလား"

မေးခွန်းက ပြုံးတူထွက်သွားပါ၏။ နှစ်ယောက်သား ပြောစရာစကား မရှိသည့်နှယ် ရင်တွင်းမှတစ်ဆို့လာလေသည်။ ဦး နောက်မှ ခေတ်မီလှပသည့် အမျိုးသမီးတစ်ဦး လိုက်လာပြီမို့ အခြေအနေကို ထိန်းမတ်ရန် စိတ်ကိုထိန်းမတ်လိုက်ရပါ၏။ ရင်တွင်းမှ ကြေကွဲဆို့နင့်နေတာမို့ လေသံက လည်ချောင်းထဲမှ ထွက်မလာပါချေ။

"မိတ်ဆက်ပေးရဦးမယ်၊ ဒါ . . . ဦးဇနီးပါ ကလေး။ ရွှေစင်သွန်းတဲ့"

"ဘယ်သူလဲ ကိုကို"

"ရှင်းသန့်ရဲ့တူမလေးလေ"

"ဪ . . . လင်းလက်ဆိုတာလား"

လက်များကို လာဆုပ်ကိုင်လိုက်သဖြင့် မော့ကြည့်လိုက်မိပါ၏။ ဦးက ဘယ်သူဘယ်ဝါဆိုပြီး မိတ်ဆက်ပေးပေမယ့် လင်းမှာက လင်းမှာက အနီးဆုံးလူမှ မရှိတာလေ။ အားပေးနှစ်သိမ့်ပြုံးဖြင့် ကြည့်လိုက်ပါသည့် မင်းထက်သာကြောင့် မျက်ရည်ဝဲရင်းမှ ဣန္ဒြေဆည်ကာ အားတင်းပြုံးလိုက်ရပါသည်။





"လင်းရဲ့မောင်ပါ ဦး။ အလုပ်လည်း အတူတူတွဲလုပ်နေပါတယ်"

"မင်းထက်သာပါ ခင်ဗျာ"

အမျိုးသားနှစ်ဦး၏အကြည့်ကြားမှာ ဘာအဓိပ္ပာယ်ရှိနေမှန်း လင်းမသိတော့ပါ။ အံ့ဩရိပ်တို့ ပြည့်နေသည့်အကြည့်များအောက်မှ သူ့လက်ကိုဆွဲ၍ စက်လှေကားရှိရာဆီ အမြန်လျှောက်ခဲ့ရပါ၏။ မတွေ့လျှင် ဘာမှမဖြစ်ပါဘဲ ကန့်ရပြင်နှယ်ငြိမ်သက်နေမှာ မှန်ပေမယ့် အခုလို မထင်မှတ်ဘဲ လာဆုံမှ မျက်နှာပျက်စရာ ဖြစ်ရတယ်လို့။

"ဖြည်းဖြည်းလျှောက်လေ၊ ချော်လဲတော့မှာပဲ"

Plaza ထဲမှာ လူတွေ ရှုပ်နေတာကို မမြင်ဘဲ ဝင်တိုက်နေမိတာက လင်းပါပဲ။ သူက သူမကို ခဏမျှ ရပ်စေရန် လက်ကို ဆတ်ခနဲဆွဲ၍ တံ့ကာ ရပ်စေလေ၏။ ပြီးမှ ရှေ့ကဦးဆောင်ကာ အပြင်ကို ထွက်လိုက်လေသည်။ ကားဆီကိုရောက်တော့ လက်ထဲမှာ ဆုပ်ကိုင်ထားပါသည့် ကားသော့ကို ယူလိုက်ပါ၏။ စိတ်နှင့်လူ မကပ်သည့်နှယ် ဖြစ်နေပါသည့် လင်းကိုလည်း ခပ်တိုးတိုးခေါ်နေလေသည်။

"ကျွန်တော် မောင်းမယ်နော်"

"အင်း"



www.burmeseclassic.com

www.burmeseclassic.com



ဇဝေဇဝါဖြင့်သာ ပြန်ပြောမိပါ၏။ သူက ကားပေါ်တက်စေရန် လင်း၏လက်မောင်းကို ကိုင်ကာ ကားတံခါးဖွင့်ပေးလိုက်သေသည်။ မည်သို့မည်ပုံဖြင့် ကားပေါ်ထိုင်ပြီးပါလာသည် မသိတော့ပါ။ ရင်ထဲမှာ လှိုက်တက်လာပါသည့် တနင့်နင့်ခံစားချက်ကို ထိန်း၍မရနိုင်တော့တာသာ သိလေတော့၏။

"လင်း"

ကားကို လမ်းရှင်းသည့်နေရာမှာ ရပ်ပေးလိုက်ပါ၏။ သူ့ခေါ်သံ ခပ်တိုးတိုးအောက်မှာ ဘာကိုမှ မစဉ်းစားဖြစ်ဘဲ ငိုချလိုက်မိစဉ် မထင်မှတ်သည့်အဖြစ်အပျက်ကို ဖြစ်သွားစေလေသည်။ အဲဒါကတော့ လင်းလက်သန့်စင်ရဲ့ ခန္ဓာကိုယ်ပါးပါးလေးက မင်းထက်သာရဲ့ ရင်ခွင်ထဲ အလိုလိုရောက်သွားခြင်းပါပဲ။ လင်း သတိထားမိချိန်မှာတော့ အဖြူရောင် သူ့ရှပ်အင်္ကျီရင်ဘတ်မှာ လင်းရဲ့မျက်ရည်တွေ ရွှဲရွှဲစိုနေခဲ့တာ အမှန်ပါပလေ။

❑❑❑

## အခန်း (၁၆)

ကားပေါ်မှဆင်းလိုက်ပြီးနောက် လက်ပြနှုတ်ဆက်လိုက်ပါ၏။ မျက်ရည်တို့ စွတ်စိုနေပါသည့် မျက်နှာထက်မှာ အပြုံးက ယှဲ့ယှဲ့လေးမှ ပေါ်လာလေသည်။ သူ ခြေလှမ်းကို ရွှေ့လိုက်ပေမယ့် သူမက ကားကို ချက်ချင်းမမောင်းသေးပါချေ။ ဘယ်လိုလဲ၊ ခဏတာအငိုက်မိပြီး အချစ်ကိုတွေ့ရှိတာက မိုက်မဲခြင်းတစ်ခုလေလား။

"ည ဖုန်းဆက်မှာလား"

"အင်း ... ဆက်မယ်"

"ဘယ်အချိန်လဲ"





www.burmeseclassic.com

www.burmeseclassic.com



"အားတဲ့အချိန်ပေါ့"

ဖင်ယော်တောင်မျက်ခုံးတို့ တွန့်ချိုးသွားကြလေ၏။ ဤ တစ်လောအတွင်း နေ့စဉ်နှင့်အမျှ မြင်ဖူးခဲ့သည့် ဒီမျက်နှာက ဒီနေ့မှပဲ (သူ့စိတ်ထဲမှာ) အလှဆုံးဟု ထင်နေရတယ်လို့။ အဲဒီမျက်နှာ အမ်းတမ်းတမ်းလေးကို ကြည့်မဝဖြစ်နေရပါသလား မင်းထက်သာ။

"သွားတော့လေ"

"အဲဒီလိုမနှင်ပါနဲ့"

"နှင်တာ မဟုတ်ပါဘူး။ အိမ်ပြန်နောက်ကျနေရင် မျှော်နေကြမှာစိုးလို့ပါ"

ကျေနပ်စွာ ပြုံးလိုက်လေ၏။ စကားလုံးလှလှတွေက ဘယ်က ဘယ်လို ပြောမိတာပါလိမ့်။ မျက်ဝန်းလဲ့လဲ့တို့က ညနေဆည်းဆာနေရောင်အောက်မှာ ပိုမိုတောက်ပ သက်ဝင်နေသည့်နှယ်ပါ။ ရေတော်တွန်း ရေတွင်းထဲကျတာ မဟုတ်ပါ။ ရေတွင်းကို မမြင်မိဘဲ ခြေချော်ကျခဲ့ရတာပါ။ မမိတဲ့ပန်းကို တံချူနဲ့ လှမ်းချူမိတာလည်း မဟုတ်ရပါ။ သူ့လက်ထဲမှာ ပန်းကလေးက အလိုလို ကြွေကျလာတာမို့ ဆုပ်လိုက်မိခြင်းပါပဲ။

"မောင်ကရော"





"တော်ပြီ . . . တော်ပြီ ညမှ"

သူမ သဘောကျစွာ ရယ်လေတော့၏။ လက်က သွားရန် အချက်ပြလိုက်မှ ကားကို ဆက်မောင်းသွားတော့သည်။ ပျော်ရွှင်နေပါသည့် မျက်နှာကို ပြန်တည်လိုက်မိပါ၏။ ငြိမ်းရှေ့မှာ အစ်ကိုဖြစ်သူက ပြုံးပျော်နေတာကို ပြလို့ရပါ့မလား။ ကုန်းတက်ကို ခြေလှမ်းသွက်သွက်ဖြင့် လှမ်းတက်လိုက်ပါသည်။ ညနေစောင်းလေပြည်က ရင်ထဲထိတိုင် အေးမြသွားစေလေ၏။

လမ်းကြားတွင်းသို့ ဝင်လိုက်စဉ် လက်ပတ်နာရီမှ ညနေ(၆) နာရီ အချက်ပြသံက ခပ်တိုးတိုး မြည်လာလေသည်။ ပိတ်ရက်ဖြစ်ပြီး အိမ်မှာ မရှိသည့် အစ်ကိုဖြစ်သူကို ငြိမ်းတစ်ယောက် မျှော်နေလေမလား။ အလုပ်စဝင်သည့်ငြိမ်းက sunday မှာ နေ့တစ်ဝက် Over Time ဆင်းရသဖြင့် နေ့လယ် (၂) နာရီလောက် အိမ်ပြန်ရောက်နေမှာ ဖြစ်လေ၏။

ခြံတံခါးအသေးလေးမှ ဂလန့်ကို ဖွင့်ဝင်လိုက်ပြီး တံခါးကို ပြန်ပိတ်လိုက်ပါသည်။ သဲခင်းထားပါသည့် လမ်းထက် ဖုတ်သိပ်နေတာမို့ ငြိမ်းတစ်ယောက် ညနေဘက် အပင်တွေရေလောင်းပြီးပြီမှန်း သိလိုက်ပါသည်။ ဝရန်တာလှေကားသုံးထစ်ကို တက်လိုက်ပြီး အိမ်

www.burmeseclassic.com



တံခါးကို ခေါက်ရန်ပြင်လိုက်စဉ် တံခါးက အလွယ်တကူပင် ပွင့်သွားလေ၏။ ဒီကောင်မလေး အိမ်တံခါး မပိတ်ထားပါလား။

"အား!"

"ဂလွမ်!"

မီးဖိုခန်းဆီမှ အာမေဋိတ်သံနှင့် တစ်ခုခုပြုတ်ကျသွားသံကြောင့် ရင်ထိတ်သွားရလေ၏။ ဘာတွေဖြစ်ကုန်တာလဲ။ စိုးရိမ်တကြီးဖြင့် မီးဖိုခန်းဘက်သို့ အမြန်ပြေးဝင်လိုက်ပါ၏။ မီးသွေးဖိုပေါ်မှ ပဲအိုးက ဆူပွက်နေသလို အိုးအဖုံးက ကြမ်းပြင်ထက်ကျနေလေသည်။ လက်ခုမပါဘဲ ကိုင်မိပြန်ပြီထင်ပါရဲ့။

"ငြိမ်း"

"အစ်ကို"

"ဘယ်လိုဖြစ်ရတာလဲ"

"ပဲအိုးအဖုံး ဖွင့်လိုက်တော့ အပူဟပ်သွားလို့ပါ"

"မှန်း! . . . ပြစမ်း"

"ရပါတယ် . . . ဘာမှမဖြစ်ပါဘူး"

"ဘာလို့မဖြစ်ရမှာလဲ။ ဒီလောက်နီရဲနေတာကို ဆေးလူးရမှာပေါ့"





"နေပါစေ . . . ဟင်းဆက်ချက်စရာရှိသေးတယ်"

"ဘာနေပါစေလဲ . . . အဲဒါထားလိုက်။ ငါ ဆက်ချက်ပေးမယ်"

"မဟုတ်တာ"

"ဘာလို့မဟုတ်ရမှာလဲ။ ဟင်းအိုးက အရေးကြီးသလား။ ညီမလေးက အရေးကြီးသလား"

ပူလောင်နေသည့်ကြားမှ မျက်ရည်ဝဲသွားရပါ၏။ ဒဏ်ရာထက် ရင်ထဲကပိုပြီးပူနေရတာကို အစ်ကိုသိပါ့မလား။ မလိမ္မာသည့် ညီမလေးအတွက် အစ်ကို့ကို စိတ်မပူစေချင်ပါ။ ဒီလိုပဲ တစ်ကြိမ်တစ်ခါ နာကျင်ခဲ့သည့် နှလုံးသားကိုလည်း နောက်တစ်ခါ ထပ်မနာကျင်စေချင်တာအမှန်ပါ။ သို့သော် သူ့ကို ဒီလို ဒီနေရာမှာ ကိုယ့်အထက်လူကြီးအဖြစ် နောက်တစ်ကြိမ် ပြန်တွေ့ရလိမ့်မယ်ဟု ထင်မထားခဲ့ပါချေ။

"ငြိမ်း"

"ရှင်"

"ဘာဖြစ်လို့လဲ"

"ဟင့်အင်း"



www.burmeseclassic.com

www.burmeseclassic.com



ခေါင်းကိုသာ ခါပြလိုက်၏။ အစ်ကိုက ငြိမ်းလက်ကို ပန်းကန်ဆေးသည့်နေရာမှ ဇလုံထဲထည့်ကာ ရေအေးအေးဖြင့် လောင်းပေးလေသည်။ ဘဝမှာ တစ်ကြိမ်လောင်ခဲ့သည့်မီးက ပြာအဖြစ် အဆုံးမသတ်နိုင်ဘူးလား။ စိတ်ပျံ့လွင့်တာနှင့် မတော်တဆ ထိခိုက်မှုတို့ဖြစ်လာနိုင်မှန်း သိသိကြီးဖြစ်ပါလျက် သတိမေ့လျော့စွာ ငြိမ်းနေမိခဲ့တာ အမှန်ပါ။

"ဆေးလူးရမယ်"

နီရဲနေပါသည့်နေရာမှာ ဆေးပြာလေးလူးပေးရင်း ပါးစပ်မှလည်း လေတဖူးဖူးမှုတ်ပေးနေပါသည့် အစ်ကိုကြောင့် ရင်တွင်းမှ အလိုလို ဝမ်းနည်းလာရလေ၏။ အလွမ်းဆိုတာတွေကို တစ်ဖက်ကမ္ဘာမှာ ထားနိုင်ခဲ့ပါလျက် လက်တွေ့ကြုံရသည့် တဒင်္ဂအခြေအနေမှာ အထိတ်တလန့်ဖြစ်ခဲ့ရတာက အဘယ်ကြောင့်ပါနည်း။

"ငြိမ်း"

"ရှင်"

"အလုပ်မှာ ဘာဖြစ်လာတာလဲ"

မေးလေပြီကော။ အစ်ကိုရှေ့မှာ ငြိမ်းရင်ထဲ ဘာဖြစ်နေလဲဆိုတာကို ဖုံးကွယ်ထားလို့မရပါချေ။ ငြိမ်းမျက်နှာကို အရိပ်တကြည့်





ကြည့်ဖြင့် ကြည့်တိုင်း ဘာဖြစ်နေတယ်ဆိုတာ ဖွင့်မပြောပါဘဲ အလိုလိုသိတတ်တာက အစ်ကိုပင်မဟုတ်ပါလား။ အမှုကိစ္စမို့ မပြောလိုပေမယ့် အစ်ကို့အပေါ် လိမ်ညာထားလို့မှ မရတာ မဟုတ်လား။

"ငြိမ်း ဘယ်လိုလုပ်ရမလဲ"

"ဘယ်လို"

"အလုပ်မှာ . . . အလုပ်မှာ"

ပြောလက်စ စကားက ရှေ့မဆက်နိုင်ဘဲ ရင်ဝမှာဆို့နင့်လာလေတော့၏။ ရစ်ဝဲခိုသီလာပါသည့်မျက်ရည်တို့ကြောင့် အမြင်ကမှုန်ဝါးလာလေသည်။ မျက်ရည်ကျလို့ မဖြစ်ဘူးငြိမ်း။ စိတ်ဓာတ်ပျော့ညံ့တာကို လုံးဝမကြိုက်ဘူးဟု အစ်ကို ထပ်တလဲလဲ ပြောခဲ့ဖူးတာကို အမှတ်ရနေသဖြင့် မျက်တောင်ပုတ်ခတ်ကာ မျက်ရည်ကို သိမ်းလိုက်ရပါ၏။

"ငြိမ်း"

"ဗိုလ့်ကို ငြိမ်းတွေ့ခဲ့ရပါတယ် အစ်ကို"

"ဘာ"

ဗိုလ့်ကို တွေ့ပြန်သတဲ့လား။ မေ့နိုင်အောင်လို့ အရင်အမြဲ အရင်နေရာက ပြောင်းရွှေ့ခဲ့တာ ဘယ်နှနှစ်ရှိနေပြီလဲ။ အားနည်း



www.burmeseclassic.com

www.burmeseclassic.com



ညှိုးငယ်နေပါသည့် ပန်းကလေးကို လန်းဆန်းတက်ကြွလာအောင် သူ မနည်းကြီး ပြန်ပြုစုပေးခဲ့ရတာလေ။ အခုတော့ ဘယ်လိုဖြစ်ပြီး အနာဟောင်းကို တူးဆွသည့် ဆူးတစ်ချောင်းက ပြန်ပေါ်လာရပါ သလဲ။ ဒါကြောင့် ငြိမ်းမျက်နှာ ဒီလောက်မကောင်းဖြစ်နေတာကိုး။

"ဘယ်မှာလဲ"

"ငြိမ်း အခုဝင်တဲ့ကုမ္ပဏီမှာပါ"

"သူက"

"GM ရာထူးနဲ့"

ဖြစ်ရလေ။ ဘဝရှေ့တက်လမ်းအတွက် ရှေ့ကို စလျှောက်သည့်ငြိမ်းကိုမှ လမ်းပိတ်အောင် ကံကြမ္မာက ဘာကြောင့်များ ဖျက်ချင်နေတာပါလိမ့်။ ငဲ့ညှာစာနာသည့် စိတ်ကောင်းမှ မရှိတော့သလိုပါပဲလား။ နုနယ်လွန်းပါသည့် နှလုံးသားကို ထပ်မံမနာကျင်စေချင်တာ အမှန်ပါပဲ။

"အလုပ်မှာ Bond ထိုးထားလား"

"ဟင့်အင်း ... ငြိမ်းက အစမ်းခန့် (၃) လနဲ့ပဲ အလုပ်စဝင်နေတာပါ အစ်ကို"

"ကောင်းပြီ ... ဒါဖြင့် နောက်နေ့ကစပြီး မသွားနဲ့တော့"





"အစ်ကိုရယ် ... ဘယ်ဖြစ်ပါ့မလဲ။ လိုချင်တုန်းက သွားလျှောက်တာ အယောက် (၅၀) ကျော်။ အလုပ်ရတာက (၁၀) ယောက်တည်းပါ"

"ဘာပဲဖြစ်ဖြစ် မသွားတော့တာ အကောင်းဆုံးဖြစ်မှာပေါ့ ငြိမ်းရဲ့။ အန္တရာယ်ဆိုတာ မဖြစ်ခင် ကြိုမြင်တတ်ရမယ်လေ"

"အစ်ကိုစိတ်ပူတာ ငြိမ်း သိပါတယ်။ ဒါပေမဲ့ ... ပြီးခဲ့တာကြာပြီ မဟုတ်လား။ ငြိမ်းက လက်အောက်ဝန်ထမ်းမို့ သူနဲ့ အမြဲတွေ့စရာမှ မလိုတာ"

"ကျစ်! ... ခေါင်းမာလိုက်တာ"

မျက်နှာလေး ငယ်သွားလေေ၏။ ဆူချင်လို့မဟုတ်ရပါ။ အစ်ကိုကြီးတော့ အဖအရာဖြစ်သလို မိဘတွေကိုယ်စား စုပုံချစ်ခဲ့ရပါသည့် ညီမလေးကို သူစိမ်းယောက်ျားတွေ လာထိမှာကိုတော့ မလိုလားပါချေ။ တန်ဖိုးထားမြတ်နိုးနိုင်မယ့် လူမျိုးရဲ့လက်ထဲကိုတော့ သူ လိုလိုချင်ချင် ပေးအပ်နိုင်မှာပါ။

"အစ်ကို"

"ကောင်းပြီလေ ... ဘယ်လောက်ခံနိုင်ရည်ရှိမလဲ စောင့်ကြည့်ရုံပေါ့။ သူတို့ လက်ထပ်ပြီးပြီလား"



www.burmeseclassic.com

www.burmeseclassic.com



"ငြိမ်း မသိဘူး"

"မသိရင် မသိသလိုသာ ဆက်နေပါ ငြိမ်း။ အဆင်မပြေတဲ့ တစ်နေ့ ချက်ချင်းထွက်ခဲ့၊ ကြားလား"

"ဟုတ်ကဲ့"

"နားတော့ . . . ကျန်တာ အစ်ကို ဆက်ပြီးချက်ပေးမယ်"

ခေါင်းကို အသာအယာပုတ်လိုက်မိပါ၏။ မွေးနေ့ရောက်ခါနီးမှ အနာတရဖြစ်ရတယ်လို့၊ အပြင်ကအနာဖြစ်တာ အကြောင်းမဟုတ်ပါဘူး ငြိမ်းရယ်။ အတွင်းမှာ အနာထပ်ဖြစ်မှာကို စိုးရိမ်ရလို့ပါ။ အစ်ကို့စေတနာကို နားလည်ပေးနိုင်မှာပါနော်။

ညနေစာကို စောစောစားဖြစ်ပြီး အခန်းထဲမှာ လဲလျောင်းရင်း နားနေမိ၏။ မျက်ရည်ကျတာ မိန်းကလေးတိုင်းပဲလား။ မနက်ကပဲ သူမက သူ့ရင်ခွင်ထဲမှီလျက် ငိုခဲ့သေးတာလေ။ အဘယ်မျှ နာကျင်ခဲ့ရပါသလဲ။ မြင်နေရသည့်လူ့ရဲ့ ရင်ဘတ်ထဲမှာပါ ဆုပ်ညှစ်ချေလိုက်သည့်နှယ် ခံစားရလျှင် ကာယကံရှင်ဖြစ်သည့် သူမရင်ထဲမှာ အဘယ်မျှ နာကျင်ရှာပါမည်နည်း။

အချစ်ဆိုတာ ဘာလဲ၊ သေသေချာချာ ဘာဆိုတာမျှ မသိခင် ရုတ်တရက်ဖြစ်သွားရပါသည့် အခြေအနေမှာ ချစ်သူတစ်ယောက်





ကောက်ရခဲ့မိတာလေ။ ကိုယ်က ကျေနပ်ကြည်နူးခြင်းတွေနဲ့ ပျော်နေပေမယ့် ညီမဖြစ်သူက မျက်ရည်ကျနေတာမို့ အပျော်ကတစ်ဝက် တစ်ပျက်ဖြင့် ပျောက်ကွယ်သွားသည့်နှယ်ပါ။

မျက်ရည်တွေကြားမှ မျက်ဝန်းလက်လက်လေးနှင့်အတူ အပြုံးနုနုက သူ့နှလုံးသားအစုံကို သိမ်းကျုံးယူငင်သွားတာလေ။ 'မောင်' တဲ့။ တစ်ကြိမ်တစ်ခါမှ မကြုံခဲ့ဖူးသည့်အဖြစ်ပါပဲ။ လက်ကို ဆွဲပြီး မိတ်ဆက်ပေးခဲ့သည့် ပုဂ္ဂိုလ်နှင့် အကြည့်ချင်းဆုံစဥ် နားလည်လိုက်တာအမှန်ပါ။ ယောက်ျားချင်းမို့ အကြည့်တို့နှင့် အဓိပ္ပာယ်ကို ရှာနိုင်တာလေ။

မကျေနပ်သလို၊ မနှစ်မြို့သလို၊ ဝန်တိုသလို အဓိပ္ပာယ်တို့နှင့် ပြည့်နေပါသည့် ဒေါက်တာကြည်လင်ရွှန်းကို သူမက 'မောင်' ဆိုပြီး သူ့ကိုပြောခဲ့စဥ် ရင်ထဲမှာ တစ်မျိုးကြီးဖြစ်သွားရလေ၏။ သူနှင့် ဘာဆို ဘာမှ မဟုတ်သေးပါပဲ ခပ်ပိုင်ပိုင်ဟန်ဖြင့် မိတ်ဆက်ပေးရတယ်လို့။

"ဒေါက်! . . . ဒေါက်!"

"အစ်ကို . . . ဖုန်းမြည်နေတယ်လေ"

နံရံကိုခေါက်ကာ ငြိမ်း သတိပေးလေမှ လွယ်အိတ်ထဲမှ ဖုန်းကို ထယူရလေ၏။ အလို! (၁၀) နာရီလောက်မှပြောသည့် ကတိပေး



www.burmeseclassic.com

www.burmeseclassic.com



ထားပြီး မေ့နေရတယ်လို့။ လိုက်ကာကို အသာဖွင့်ထွက်လိုက်ပြီး အိမ်ရှေ့ဝရန်တာမှာ ထွက်ရပ်လိုက်မိ၏။ အိမ်ထဲမှာပြောလျှင် ငြိမ်း ကြားနိုင်တာမို့ပါပဲ။

"ဟယ်လို"

"Phone ခေါ်မယ်ဆိုပြီး မောင် ကတိမတည်ဘူးကွာ။ စိတ်ကောက်လိုက်ရမလား"

"Sorry ပါ လင်းရယ်။ အိမ်မှာ ပြဿနာနည်းနည်းဖြစ်နေလို့"

"ဟင်! . . . ငြိမ်းနဲ့ စကားများကြတာလား"

"မဟုတ်ပါဘူး"

"ဒါဆို . . . ဘာလဲ"

"ဒီလိုပါပဲ နည်းနည်းပါးပါး"

"ပြောလိုက်ရင် အဲဒီလိုချည်းပဲ။ မောင်က လင်းချစ်သလောက်မချစ်တာ အသိသာကြီး"

"ဟောဗျာ! . . . မဟုတ်ပါဘူး"

"ဒါဖြင့် ချစ်လား"

"အင်း"



"ဘယ်လောက်ချစ်လဲ"

"ရှူး! . . . ငြိမ်း မအိပ်သေးဘူး။ ကြားသွားမယ်"

ဆည်းလည်းသံနှယ် ရယ်သံခပ်မြူးမြူးလေး ထွက်လာလေ၏။ ဘဝမှာ ပြီးပြည့်စုံသည့်လူက အချစ်ဆိုတာကို အပျော်သဘောမျိုးနဲ့ ရှာတတ်ကြပေမယ့် သူလို ဘဝသမားနဲ့က မအပ်စပ်သည့်နှယ်ပါ။ ရင်မောရပါလား လင်းရယ်။

❑ ❑ ❑



www.burmeseclassic.com

www.burmeseclassic.com

## အခန်း (၁၄)

မှတ်တိုင်မှာ ကားစောင့်နေစဉ် ဘေးနားလာရပ်သည့် ကားဖြူလေးကြောင့် အံ့သြသွားရပါ၏။ အလိုလေး!... ဒီဒေါက်တာနှင့် စောစောစီးစီး လာတိုးပြန်ပါရောလား။ သူက ကားကို ဂိတ်ခပ်လှမ်းလှမ်းမှာ သွားရပ်လိုက်ပြီး ကားပေါ်မှ ဆင်းလျှောက်လိုက်ပါသည်။

"ငြိမ်း"

လူတွေရှိနေသဖြင့် မသိယောင်ဆောင်လို့ မဖြစ်ပြန်ပါ။ အားနာသမှုဖြင့် အနည်းငယ်မျှ ပြုံး၍ နှုတ်ဆက်လိုက်ရပါ၏။ ဒေါက်တာက ငြိမ်းအနားထိ လျှောက်လာတာမို့ အလိုလို လန့်သွား





ရတာ အမှန်ပါ။ ပိုရင်းနှီးချင်တယ်ဆိုပြီး ပြောခဲ့ဖူးတာမို့ ရင်ထဲမှာ အထိတ်တလန့်ဖြစ်နေတာက ငြိမ်းပါပဲ။ သူစိမ်းက သူစိမ်းလို ခပ်စိမ်းစိမ်းမနေခဲ့ အဘယ်ကြောင့် ငြိမ်းနှင့်လာပတ်သက်ချင်နေတာပါလိမ့်။

"အလုပ်သွားမှာ မဟုတ်လား"

"ဟုတ်ကဲ့"

"လမ်းကြုံလိုက်ပို့ပေးမယ်လေ"

"နေပါစေ"

"ဘာဖြစ်လို့လဲ"

ခော်!... ခက်တော့တာပဲ။ မပတ်သက်ချင်လို့ဟု ပြောလိုက်ချင်ပေမယ့် သူရထားသည့် ဂုဏ်ပုဒ်ကြောင့် အားနာစိတ်ဖြင့် ပြောမထွက်ပါချေ။ သူ ရိုင်းပျနေရင်တောင်မှ ကိုယ်က ယဉ်ကျေးပြရမှာပါလေ။ ခါတိုင်းလို Sport Shirt နှင့် Style pants ဝတ်ထားတာမျိုး မဟုတ်ပါဘဲ ပုဆိုးနှင့်ရှပ်အင်္ကျီ ဝတ်ထားသဖြင့် သူ့ပုံစံက ပိုသန့်ပြီး ပိုကြည့်ကောင်းနေလေသည်။

"အားနာလို့ပါ ဒေါက်တာ"

"အားနာစရာလား ငြိမ်းရယ်။ ဒီအချိန် လိုင်းကားတွေ ကြပ်တဲ့ဟာ။ ကိုယ်က စေတနာနဲ့ လိုက်ပို့မှာကို"



www.burmeseclassic.com

www.burmeseclassic.com



"လမ်းမှမကြုံတာ ဒေါက်တာရဲ့"

"လမ်းမကြုံလည်း တကူးတက တမင်လိုက်ပို့ပေးမှာပေါ့"

ငြိမ်း မျက်လုံးကျယ်သွားရပါ၏။ စေတနာ ပရမ္မနှင့်ပြောနေတာက အကြောင်းမဟုတ်။ ဘေးမှာ ကားစောင့်နေကြသည့် လူတွေထံမှ ပြုံးစိစိအကြည့်တို့က ငြိမ်းတို့နှစ်ယောက်ဆီ ရောက်နေတာလေ။ ဒုက္ခပါပဲ။ ဘေးဘီကိုမကြည့်ဘဲ ပြောချင်ရာ စွတ်ပြောနေတာကို။

"ကိုယ့်ဘာသာ ဆေးရုံ duty ဝင်ရမှာ သွားပါလားလို့"

"ငြိမ်းကလည်း သိပ်စိမ်းတာပဲ"

"ဪ ... ခက်တော့တာပဲ"

"ခက်အောင်လုပ်တာ ငြိမ်းလေ။ ကိုယ့်ဘက်က ဒီလောက် နီးကပ်အောင်လုပ်နေပေမယ့် ငြိမ်းက မီးနီချည်း စွတ်ပြနေတာ ကောင်းလား"

"ဒေါက်တာ"

"အဲဒီဒေါက်တာကြီး မခေါ်ပါနဲ့"

ရယ်သံသဲ့သဲ့မျှ ထွက်လာလေ၏။ ကလေးဆိုးကြီးနှယ် ပြောနေတော့ ခက်သားလား။ မျက်လုံးပြူးပြလည်း မရ၊ မျက်နှာအမူအရာဖြင့် ပြလည်းမမြင့်သည့်သူပါပဲ။ ဘယ်လိုပြောမှ သိမှာပါလိမ့်။ ဒီလိုပဲ



ဆက်နေရင် ငြိမ်း မျက်နှာပို့ပူပြီး နီလာတော့မှာ အမှန်ပါ။ ကိုယ့်ထက် အသက်ကြီးပါသည့် လူကို ဆရာလုပ်ရမှာက ခက်သားလား။

"ဒေါက်တာမို့ ဒေါက်တာခေါ်တာပေါ့"

"အခု ကိုယ်က ငြိမ်းကို ဆေးကုပေးနေတာမှမဟုတ်တာ။ မခေါ်ပါနဲ့"

"စိတ်ရှုပ်လိုက်တာ"

"ကိုယ်ပြောပြီးလေ၊ ဘယ်နှစ်ခါခေါ်ခေါ် တစ်ခါမှ မလိုက်တာ ဘာကြောင့်လဲ။ ကိုယ်က ငြိမ်းကို တစ်ခုခုလုပ်မှာစိုးပြီး မယုံကြည်သလို ခံရခက်တာ အမှန်ပဲ"

"အခုလိုက်ရင်ပြီးရော မဟုတ်လား"

"ဟင်!"

"လိုက်မယ်လို့ ပြောတာလေ"

သူ အံ့သြသွားရာမှ ပြုံးလိုက်လေ၏။ ကိုယ့်ထက်အငယ်ပေါ် ဂျစ်တိုက်သလိုများ ဖြစ်သွားမလား မစဉ်းစားမိပါ။ အခါခါခေါ်တိုင်း အကြိမ်ကြိမ် အငြင်းခံခဲ့ရတာမို့ စိတ်ထဲမှာ အလိုလို မခံနိုင်သဖြင့် ပြောမိပြောရာ ဖွတ်တရွတ် ပြောလိုက်မိတာပါ။

လိုက်မယ်တဲ့။ ရင်ထဲမှာ ဒိတ်ခနဲ ခုန်ပြီး ကားရှိရာဆီ ပြန်

www.burmeseclassic.com

www.burmeseclassic.com



လျှောက်ကာ ရေခန်းတံခါးကို ခွဲဖွင့်ပေးပြီးသားဖြစ်သွားရပါ၏။ "ဘုန်းမြတ်သန့်စင်" တော့ ဒီနေ့ ကံဇာတာတက်ပြီထင်ပါရဲ့။ အတွေးဖြင့် မရယ်မိအောင် မနည်းကြီးထိန်းထားရင်း ကားပေါ်တက်ကာ စက်နှိုးမောင်းထွက်လိုက်ရပါသည်။

ကားထဲမှာ Aircon အနည်းငယ်လွှတ်ထားပေမယ့် ရှင်မတောင် သနပ်ခါးရနံ့ကြောင့် သူတစ်ကိုယ်လုံး အေးစက်သွားသည့်နှယ်ပါ။ မမက မိန်းမ မဆန်ပေမယ့် မေမေက သနပ်ခါးကို နှစ်သက်စွာလိမ်းတတ်တာမို့ ဒီအနံ့ကို သူ ကောင်းကောင်းကြီးသိနိုင်တာပေါ့။ မီးပွိုင့်မှာ ကားရပ်လိုက်စဉ် သူမကို လှည့်ကြည့်လိုက်မိပါ၏။

အလို!... မျက်နှာက မှုန်နေပါရောလား။ အဆင်ပြေစေချင်တဲ့ ဆန္ဒကြောင့် အခုလိုလုပ်မိတာက အမှားဖြစ်နေပြီလား ဘုန်းမြတ်သန့်စင်။ မမသာသိရင် သူ့ကိုလှောင်တော့မှာပါပဲ။ ရင်ထဲမှာ အလိုလိုပူလာရလေ၏။ နီးစပ်ဖို့အတွက်က သူ့အဖို့ ဝေးသည်ထက် ဝေးနေတုန်းပါပဲလား။

"ငြိမ်း"

"ရှင်"

"တစ်ခုလောက် မေးလို့ရမလား"





"ရပါတယ်"

"ချစ်သူရှိလားဟင်"

"ရှင်!"

အော်များအော်လိုက်လေမလားဟု တွေးလိုက်ပေမယ့် သူမ မအော်ပါချေ။ တော်ပါသေးရဲ့။ မဆီမဆိုင်မေးခွန်းက ရိုင်းရာကျသော်ငြား သိချင်သည့် အဓိကအချက်မို့ ဒဲ့ပင်မေးလိုက်မိတာပါ။ ငြိမ်းနားလည်နိုင်မည် ထင်ပါ၏။

"ဘာတွေမေးနေတာလဲ"

"သိချင်လို့ပေါ့ ငြိမ်းရဲ့"

"ခက်တာပဲ"

"ဘာလို့ ခက်တယ်ချည်း ထပ်ခါထပ်ခါ ရေရွတ်နေတာလဲ"

"ဒေါက်တာက မဆိုင်တာတွေ မေးနေတာကိုး"

"ဆိုင်ချင်လို့ဆိုရင်ကော"

ကဲ!... အတင်းကြီး လိုရာပြောနေပြန်ပါရောလား။ အလုပ်မှာ စိတ်ညစ်နေရတယ်ဆိုကာမှ နောက်ထပ်စိတ်ညစ်ရမည့်အကြောင်းအရာက ထပ်တိုးလာချေပြီ။ လူကို စနောက်နေတာများလားဟုလည်းကြည့်မိစဉ် ခပ်နွေးနွေးအကြည့်တွေကြောင့် မျက်နှာလွှဲကာ ခေါင်းငုံ့



www.burmeseclassic.com

www.burmeseclassic.com



ထားလိုက်ရလေ၏။ ငြိမ်းရင်ထဲ ငြိမ်သက်နေခဲ့တာ ကြာပါပြီရှင်။

"ပြောလေ ငြိမ်းရဲ့"

"ဘာပြောရမှာလဲ"

"ချစ်သူရှိလားလို့"

"ဟုတ်ကဲ့"

"ဟင်! . . . တကယ်လား"

"ရှိခဲ့ဖူးတယ်"

"ရှိခဲ့ဖူးတယ်ဆိုတော့ အခုရော"

တိတ်ဆိတ်သွားရလေ၏။ မျက်လွှာချငြိမ်သက်နေပါသည့် မျက်နှာလေးကို ငေးမျှော်မဝပါလေ။ လက်ဖောင်းအကျီအပြာလေး ဝတ်လာတာမို့ ခပ်ပါးပါးလေးလှုလာသည့် သနပ်ခါးတို့က လက်မောင်းတို့မှာ စင်းစင်းလေးရှိနေလေသည်။ ဝင်းဖန့်ဖန့်အသားအရေက အမည်နှင့် ပို၍လိုက်ဖက်သည့်နှယ်ပါ။

"ရောက်တော့မယ် . . . ရှေ့မှာရပ်ပေးပါ"

"အဲဒီကမှုတ်ဘီလား"

"ဟုတ်ကဲ့"

"ကိုယ်မေးတာ မဖြေသေးဘူးနော်"





"နောက်မှ"

နောက်မှတဲ့။ ဒါဖြင့် သူနှင့် ထပ်တွေ့ဖို့ အစီအစဉ် ရှိနိုင်သေးတယ်ပေါ့လေ။ ကားကို Platform ဘေးမှာရပ်ပေးလိုက်ပါ၏။ သူမက ကားတံခါးဖွင့်၍ ဆင်းကာ သူ့ကိုငုံ့ပြောလိုက်လေသည်။

"ကျေးဇူးပါရှင်"

"တီ! . . . တီ! "

အခုပဲ ပြန်ထွက်ဖို့ ကားနောက်မီးပြထားတာတောင်မှ ဘယ်လိုဖြစ်ပြီး လောနေတာပါလိမ့်။ နောက်ဘက်မှကားက သူ့ကားကို ကျော်တက်ကာ ရှေ့မှပိတ်ရပ်လိုက်လေသည်။ ရော်! ဒီလူတော့ ပြဿနာရှာတာပါလား။

"ငြိမ်း! "

ကားတံခါးကို အသံကျယ်မြည်အောင်ပိတ်ခါ ဆင်းလာသည့် လူငယ်က ငြိမ်းကို လေသံမာနှင့် ခေါ်လိုက်တာပါလား။ မျက်နှာ ရဲခနဲဖြစ်သွားပါသည့်ငြိမ်းက ခြေလှမ်းရှေ့ကာ ရှောင်ရန်ပြင်လိုက်လေသည်။ သို့သော် ဟိုလူငယ်က ငြိမ်းရှေ့မှာ ပိတ်ရပ်ထားလိုက်ပါ၏။

"ငြိမ်း"

"အလုပ်နောက်ကျနေပြီ"



www.burmeseclassic.com

www.burmeseclassic.com



"နေဦး … ကိုယ်ပြောစရာရှိတယ်"

"ငြိမ်းမှာ ပြောစရာ ဘာမှမရှိဘူး။ ဖယ်ပါ"

"အဲဒါ … ဘယ်သူလဲ၊ ဘယ်ကကောင်လဲ"

"ဘာပြောတယ်"

"မင်းဆင်းလာတဲ့ကားပေါ်က ကောင်ကိုပြောတာလေ"

"နှင် မရှိုင်းနဲ့နော်, မိုလ်"

"ဒါလေး မေးမိတာ ရှိုင်းတာလား"

"ဘာဖြစ်လို့လဲ, ငြိမ်း"

ကားပေါ်မှ ဒေါက်တာပါ ဆင်းလာပြီမို့ အတော် စိတ်ညစ်သွားရပါ၏။ ခဏတစ်ဖြုတ်လေးသာ မြင်လိုက်ရတာ ဘယ်နှစ်ကြိမ်များရှိလို့လဲ။ အခုမှ နာမည်ခေါ်ပြီး တွေ့ရတယ်လို့၊ တကယ်ဆို ကုမ္ပဏီအထက်လူကြီးမို့ လက်အောက်ဝန်ထမ်းကို လာတွေ့စရာလား။ မြင်ရင်လည်း မမြင်ယောင်ဆောင်ပြီး ရှောင်သွားသင့်တာလေ။

"ခင်ဗျားက ဘာလဲ"

"မိုလ်"

ရန်လိုသည့်အကြည့်ဖြင့် ရှေ့တိုးလာသည့်အတွက် သူ့ရှေ့မှ ငြိမ်း ကွယ်ပြီးရပ်လိုက်မိပါ၏။ ကိုယ့်ထက်အသက်ကြီးသူ။ ပြီးတော့





ဂုဏ်လည်းရှိသည့် ပုဂ္ဂိုလ်အပေါ်မှာ ရိုင်းပျစွာဆက်ဆံလို့ ဘယ်ဖြစ်ပါ့မလဲ။ ဟိုးအရင်ကတည်းက စိတ်ဆတ်သည့်အကျင့်က အခုထိ မပျောက်သေးပါလား ထက်မြက်မိုလ်။

"ဖယ်စမ်းပါ ငြိမ်းရဲ့"

"နှင် ရန်ရှာစရာမလိုပါဘူး, မိုလ်။ အလုပ်မှာ လူကြီးနေရာ နေရင် ကိုယ့်ရာထူးအတိုင်း နေပြရမှာပေါ့"

"ကျစ်! … အခုက အပြင်မှာပါ ငြိမ်း။ မဆိုင်တာမပြောချင်ပါနဲ့"

"မဆိုင်တာဆို နှင်နဲ့ပါလည်း ဘာမှ မဆိုင်တော့မှန်း သိသင့်တာပေါ့, မိုလ်။ မပတ်သက်တော့တာ ဘယ်လောက်ကြာခဲ့ပြီလဲ"

"ဘာ"

သူ တအံ့တသြဖြစ်နေရပါ၏။ ရှိခဲ့ဖူးပါသည်ဆိုသည့် ချစ်သူက ဒီကောင်လေးတဲ့လား။ ရာထူးကြီးနေရာမှာ နေနေပေမည့် မရင့်ကျက် မတည်ငြိမ်သည့် ပုံရိပ်တို့က ရှိနေတုန်းပါပဲ။ လမ်းခွဲခဲ့သည့် ရည်းစားဟောင်းကို ဥပေက္ခာပြုဖို့ထက် သက်ဆိုင်သေးသူဟု ယူဆထားပုံပါ။

ကိုယ့်လက်ထဲက ပစ္စည်းကိုလည်း မလွှတ်၊ မျက်စိရှေ့က



www.burmeseclassic.com

www.burmeseclassic.com



ပစ္စည်းကိုလည်း ပိုင်ချင်သည့်စိတ်ကို လောဘဟု အမည်ပေးလို့ရမှာပါလော။

"ဘယ်လိုပြောလိုက်တာလဲ ငြိမ်း။ မင်းနဲ့ကိုယ်က ငယ်ငယ်တုန်းကတည်းက သူငယ်ချင်း ဖြစ်ခဲ့ကြတာပါ"

"မှန်ပါတယ်၊ သူငယ်ချင်းအဆင့်နဲ့ ရပ်ခဲ့ရင်လည်း နှုတ်ဆက်ရုံပဲ လိုအပ်မှာပါ။ Over တွေ မလုပ်ပြချင်ပါနဲ့"

"ဒီလူက မင်းနဲ့ ဘာများပတ်သက်နေလို့ ရှေ့က ကာဆီးပြီး ပြောနေရတာလဲ။ တကယ်ဆို မင်းနဲ့ဆက်နွယ်ခဲ့ဖူးတဲ့ ကိုယ့်ဘက်မှာသာ ရပ်တည်ပေးသင့်တာပေါ့ ငြိမ်းရဲ့"

ပြောပြောဆိုဆိုဖြင့် ထိုချာတိတ်က ငြိမ်းလက်များကို ဆွဲကိုင်လိုက်တာမို့ ငြိမ်းက ဆတ်ခနဲ ခါထုတ်ဖယ်လိုက်လေ၏။ နှုတ်ရဲနေတာထက် လက်ကပါရဲတင်းလာပါရောလား။ ငြိမ်းက ရှောင်ချင်နေတာမို့ ခြေလှမ်းတွေ နောက်ဆုတ်လိုက်စဉ် နောက်မှရပ်နေသည့် သူ့ရင်ခွင်ထဲသို့ အလိုလိုရောက်သွားရလေ၏။ ကောင်လေး၏မျက်လုံးတို့က ဒေါသတို့ ပြည့်လာလေပြီ။

ဒီလိုဖြစ်လာလိမ့်မည်ဟု သူ ထင်မထားမိတာအမှန်ပါ။ ချစ်သူရှိနေပါက သူ့ဘက် နှုတ်ဆိတ်ပြီး နောက်ဆုတ်ရပ်နေလိုက်ရုံသာ။





သူ ချစ်မြတ်နိုးနေမိသည့် မိန်းကလေး၏ စိတ်ချမ်းသာမှုကိုသာ အဓိကဦးစားပေး စဉ်းစားထားတာပါ။ အခုတော့ဖြင့် ငြိမ်းရဲ့ရင်ကို ခွဲထားသည့် တရားခံက ဒီကောင်လေး ဖြစ်နေပါရောလား။ ကံကြမ္မာဆိုတာ ဘယ်သူမှ ကြိုမမြင်နိုင်သည့် အရာတစ်ခုဖြစ်မှန်း သူ လက်ခံလိုက်ရလေသည်။

"ဒါတော့ ဘယ်တရားမျှတပါ့မလဲ ညီ"

"ဘာ"

"ငြိမ်းက ကိုယ့်ရဲ့ fiancee မို့ပါ။ ဒီထက်ပိုပြီး ထပ် မနှောင့်ယှက်ပါနဲ့လို့ သတိပေးပါရစေ"

"ဘာရယ်"

ထင်မထားသည့်စကားမို့ ကာယကံရှင်ဖြစ်သည့် ငြိမ်းပင် ဘာမှမပြောနိုင်ဘဲ ကြောင်တောင်တောင်ဖြင့် ရပ်နေမိပါ၏။ လူကို အံ့ဩမှင်တက်စွာ ကြည့်နေရမှ တက်ခေါက်လျက် ကားပေါ်တက် မောင်းသွားသည်က ထက်မြက်ပိုလိပါပဲ။ ဆက်ရန်မရှိတော့သည့် ဇာတ်လမ်းကို ပြည့်ဖုံးကား ကန့်လန့်ကာချရတော့မှာပါလော။

❑ ❑ ❑



www.burmeseclassic.com

www.burmeseclassic.com

## အခန်း (၁၈)

Meeting ပြီးသည်နှင့် ခပ်မြန်မြန်ထရပ်လိုက်သည့် လင်းကို ဖေဖေက မျက်စောင်းခဲလိုက်လေ၏။ ကြည့်မရတော့ဘူး ထင်ပါရဲ့။ အိမ်မှာလည်း မေမေကအစ "ကြည့်လုပ်နော်" ဆိုပြီး အမြဲတမ်း သတိပေးသလို ပြောနေတာပါ။ မောင်ဆိုလျှင်ဖြင့် "မျက်စိနောက်သည်" ဟု မကြားတကြား ပြောသည်အထိပါ။

အချစ်က လူကိုပြောင်းလဲစေပါသလား။ ခါတိုင်းဆို မှန်ရှေ့ထိုင်ဖို့ထက် ဖြစ်သလိုသာ ခပ်တိုတို ဆံပင်ကို ဖြီးလေ့ရှိသည့် "လင်းလက်သန့်စင်" တစ်ယောက် ခုတော့ဖြင့် ဆံပင်ကို အရှည်ထားဖြစ်သလို





မှန်ရှေ့ ကြာကြာထိုင်ကျင့်ဖြစ်နေလေပြီ။ ဘောင်းဘီရှည်တွေ၊ စကပ်ရှည်တွေသာ အမြဲဝတ်ခဲ့ပါလျက် ခုနောက်ပိုင်းမှာဖြင့် လုံချည်ကို သပ်သပ်ရပ်ရပ်ဖြင့် ဝတ်တတ်နေတာပါ။

ဒီတော့ တခြားကမ္ဘာကရောက်လာသည့်နှယ် လူကို ထူးထူးဆန်းဆန်း ကြည့်ကြတာက နေရခက်စေပါ၏။ လွတ်လပ်စွာ ချစ်ခွင့်ရပါရစေလား။ လွယ်လင့်တကူ မရခဲ့သည့်သူ့ထံမှ ချစ်ခြင်းကြောင့် "လင်းလက်သန့်စင်" ရဲ့ဘဝ အလင်းတွေဖြာပြီး တောက်ပရှင်သန်စေခဲ့တာ အမှန်ပါ။ မလှချင်တော့သည့် အမျိုးသမီးလေး၏ လန်းဆန်းတက်ကြွနေသည့် အလှတရားက အခုမှပြည့်စုံနေတာမဟုတ်ပါလား။

"ဘယ်လိုဖြစ်ပြီး ပျာယာခတ်ပြနေတာလဲ။ လူကြားထဲ ကိုယ့်လုံချည် ကိုယ်ပြန်နင်းမိပြီး အရှက်ရနေပါဦးမယ် သမီးရာ"

"လင်း လုံချည်မြဲအောင် ဝတ်တတ်နေပါပြီ ဖေဖေရာ။ Don't worry"

"ပြောလိုက်ရင်တော့ ဖြူးနေတာပဲ။ ဘယ်မလဲ . . . ငါ့ Son-in-law"

"ခေါ်လာပြမှာပေါ့ . . . မကြာမီ"

"ငါ့ကို Korea series ကြည့်ရသလို ခန့်တင့်င့် လာ



www.burmeseclassic.com

www.burmeseclassic.com



မလုပ်ပြန်နဲ့ စိတ်မရှည်ဘူး''

လင်း ရယ်ချလိုက်မိတော့၏။ ဖေဖေတောင်မှ စိတ်မရှည်တော့ဘူးတဲ့လေ။ အမြဲတစေ စိတ်ဆတ်တတ်သည့် လူက လင်းရဲ့ လေသံခပ်ဖျော့ဖျော့ဖြင့် ''မောင်'' ဟု တစ်ခွန်းခေါ်လိုက်တိုင်း အလိုလို ပျော်ကျသွားတာ မဟုတ်ပါလား။ မီးဝေးနေတဲ့ ချိတ်လေး မောင့်အတွက် လင်းက အရှည်ပျော်စေမယ့်မီးလေးဖြစ်ပေမယ့် အပူတွေကို ပေးချင်တာတော့ မဟုတ်ရပါလေ။

''ဒီနေ့ လင်း နေ့တစ်ပိုင်းပဲ ဆင်းမှာနော်''

''အင်း ... ကုမ္ပဏီတော့ ရှေ့လျှောက် တိုးတက်ဦးတော့မှာပဲ''

''ဖေဖေ့စီးပွားရေးကိစ္စက ဆိုင်းငံ့ထားလို့ ရပါတယ်နော်''

''ဩော်! ... ဒါဖြင့် ညည်းရဲ့ရင်ဘတ်ထဲကကိစ္စက ရပ်ထားလို့ မရဘူးပေါ့လေ။ ငါ မပြောလိုက်ချင်ဘူး''

ဖေဖေ ဒေါ်ပွလာပြီမို့ ဖက်ပုကာ Meeting room ထဲမှ ထွက်လာခဲ့ပါ၏။ ပြောတော့ဖြင့် သမက်လောင်းကို အမြန်ဆုံး ခေါ်လာပြပါဆိုပြီး လူကို နည်းနည်းမှ အလစ်မပေးတော့ ခက်သားလား။ ကိုယ်တော်ချောကလည်း အလုပ်ချိန်အတွင်း ဖုန်းခေါ်ရင်း မကြိုက်



တတ်သလို ဖုန်းသံမပြည်အောင် ပိတ်ထားတာမို့ ဘယ်လို ဆက်သွယ်လို့ရပါ့မလဲ။ မျက်နှာလေးမြင်ရဖို့ အသံလေးကြားရဖို့အတွက် အခွင့်က လင်းအတွက် ခက်ခဲနေတာ အမှန်ပါပဲ။

(၆) လပြည့် အမှတ်တရအဖြစ် တစ်ခုခုဝယ်ပေးဖို့ တစ်နေရာရာ သွားပြီး တစ်ခုခုစားသောက်ဖို့ မနည်းကြီးပြောထားရတာပါ။ ချိန်းထားပြီး မေ့သွားရင် စိတ်အတော်ဆိုးပြီး ''အလေးအနက် မထားဘူး'' ဟု ခပ်ပြတ်ပြတ်ပြောသံက လင်းရင်ကို အဘယ်မျှ အောင့်သက်နာကျင်စေပါသလဲ။ ကိုယ်က ပိုချစ်လို့ ပိုသည်းခံ ပိုခွင့်လွှတ်တတ်ဖို့ တာဝန်က လင်းလက်သန့်စင်အတွက်ပါလေ။

''ဝင့်ဝါ''

''ရှင် ... မမ''

''မနေ့က စစ်ဖို့ စာရင်းတွေ အကုန်ယူလာပေး။ ငါ နေ့လယ် (၂) နာရီပြန်မှာ''

''ဟင်! ... ဘယ်ကိုပြန်မှာလဲ''

''ဘယ်ကိုပြန်ပြန်ပေါ့ ... နင့်အပူလား''

''မဟုတ်ပါဘူး ... ဒါ ယောင်ပြီး မေးလိုက်မိတာပါ မမရဲ့''

နှိုင်ရာလူကို မဲလိုက်ပြီး ရုံးခန်းထဲမှ ခုံမှာ ထိုင်လိုက်ပါ၏။

www.burmeseclassic.com

www.burmeseclassic.com



အလုပ်က ရှုပ်လိုက်တာနော်။ နှစ်သစ်မှာ အချစ်သစ်နဲ့ဆုံပြီး မောင်နဲ့ Date ချင်နေကာမှ စိတ်တိုရပါလားနော်။ ရွှေတိဂုံစေတီကို မနက်စောစော သွားဖူးဖို့ပြောထားတဲ့ ကတိက ခုထိ မပြည့်သေး။ မောင့်ညီမလေးကိုလည်း အဲဒီနေ့မှာပဲ ဖွင့်ပြောကြဖို့ တိုင်ပင်ထားကြတာပါ။

လင်းအတွက် နှလုံးသားရေးရာက ဘယ်အချိန်ထိ ခက်ခဲနေမှာပါလိမ့်။ ဦးနဲ့တုန်းကလည်း ဘာမှ ဟုတ်တိပတ်တိ မဖြစ်ပါဘဲ ပြီးပြတ်သွားခဲ့ရတာ။ အခုတစ်ခါ မောင်နဲ့ဆက်နွယ်ပြီး ငြိမ်းထံမှ သဘောမတူဘူးပြောမှာကိုလည်း စိုးရိမ်နေရပြန်လေ၏။ လူကြီးတွေ မကန့်ကွက်ပါဘဲ အငယ်က ကန့်ကွက်လာရင် အသက်ထက် ပိုချစ်ရသည့်ညီမဖြစ်သူရဲ့ဆန္ဒကို သူက လိုက်လျောဖို့ အခွင့်သင့်ပင် မဟုတ်ပါလား။

မောင့်အတွက်၊ မောင့်ဖို့၊ မောင့်အကြိုက်၊ မောင်နှစ်သက်သည့် အစားအစာ၊ မောင် အမြဲစွဲလန်းတတ်သည့် အရာဝတ္ထုအားလုံး အားလုံးတို့ကို လင်းလက်သန့်စင်ဟူသည့် အမျိုးသမီးလေးက ကိုယ် စိတ်နှလုံး သုံးပါးအစုံနှင့် လိုက်လျောပေးချင်တာ အမှန်ပါလေ။

ချစ်တယ်ဆိုတာကို နှုတ်ဖျားက လွယ်လွယ်နဲ့ပြောထွက်ခဲ့တာမှ မဟုတ်ဘဲ၊ အရိပ်တကြည့်ကြည့်ဖြင့် ဒွေခွင့်ရဖို့က ခက်ခဲလွန်းပြီး





မောင်ရဲ့မျက်နှာပြင် ခပ်မာမာနှင့် လေသံပြတ်တို့က နားဝင်ဆိုးခဲ့ရပေမယ့် ဒီရင်ထဲ ကျေနပ်နှစ်သိမ့်နေနိုင်ခဲ့တာ မဟုတ်လား။ ပလီပလာစကား ပြောဖို့ထက် နားရွက်ဖျားရော မျက်နှာပါ နီရဲလာပြီး ရှက်တတ်သည့် ကောင်လေးကို လင်း အဘယ်မျှ ချစ်ခဲ့ရပါသနည်း။

“အမလေး!”

ဖုန်းမြည်သံကြောင့် အာရုံလွင့်နေရာမှ လန့်သွားရပါ၏။ အချိန်တွေ ဤမျှ ကုန်မြန်စေလေသလား။ ဖုန်းနံပါတ်ကိုကြည့်မိစဉ် မျက်နှာက အလိုလိုပြုံးမိသွားရလေ၏။ သူ့အကြောင်းတွေးနေတုန်း တိုက်တိုက်ဆိုင်ဆိုင် ဆက်လာတာပါလေ။ အဘယ်မျှ ကြည်နူးဖွယ်ရာ အဖြစ်ပါလဲ။

“ဟဲလို”

“လာမယ်ဆို”

တွေ့လား။ နာမည်ကို အရင်မခေါ်ဘဲ ပြောချင်ရာ တုံးတိ ပြောချတတ်တာ သူ့အကျင့်ပါပဲ။ ချစ်သူဖြစ်တာပဲ ဤမျှကြာနေပြီး သူ့ဘက်က စပြီး ကြင်နာယုယတာမျိုး တစ်ကြိမ်မျှ မရှိခဲ့။ သူ့များ တကာ သမီးရည်းစားတွေလို လူချင်းတွေ့လျှင်ပဲ ဖြစ်ဖြစ်၊ ဖုန်းဆက် လျှင်ပဲ ဖြစ်ဖြစ် ‘ချစ်တယ်’ ဆိုတာကို အခါတစ်ရာ၊ အကြိမ်တစ်ထောင်



www.burmeseclassic.com

www.burmeseclassic.com



လည်း မပြောတတ်ပြန်ပါ။

သူအများဆုံးပြောသည့်စကားက "ဒီနေ့ ဝတ်လာတဲ့ ဝတ်စုံနဲ့ လိုက်ဖက်တယ်"၊ "ဒီအရောင်လေးနဲ့ လှတယ်" ဆိုရုံမျှသာ။ သို့သော် ဤမျှ ဖောဖောသီသီစကားမပြောတတ်သော ကောင်လေးကို လင်းကသာ ပိုချစ်၊ ပိုမြတ်နိုး၊ ပိုတွယ်တာ၊ ပိုသံယောဇဉ်ရှိနေတော့ ခက်သားလား။

"အင်း ... လာမှာပေါ့"

"ဒီမှာ အဆင်သင့်ဖြစ်နေပြီ"

"ခဏစောင့်မှပေါ့ ... လင်းလည်း အလုပ်လက်စသတ်နေလို့ပါ"

"မအားရင်လည်း နောက်နေ့ ပြန်ချိန်းလိုက်လေ။ ဒီနေ့ အိမ်စောစောပြန်လည်း ဖြစ်တာပဲ"

ကြည့်စမ်း! ... နားလည်မှုရှိတာပဲလား။ ဒါမှမဟုတ် တမင်ပင်ရွဲ့ပြောလေသလား လင်းမသိပါ။ နဂိုကတည်းက ယောကျ်ားဆန်ပြီး ဘွင်းဘွင်းရှင်းရှင်း ပြောတတ်သူမို့ ဖဲ့ဝိုက်ပြောသမျှ နားမလည်နိုင်ပါ။ တစ်ခုခုပြောတိုင်း ညီမဖြစ်သူကိုသာ first ပေးတတ်သည့် သံယောဇဉ်ကြောင့် လင်းစိတ်ကို လျှော့ချထားရတာပါလေ။





"အို! ... လင်းနဲ့အရင် date ပြီးသားကို အိမ်ပြန်စရာလား"

"မဟုတ်ပါဘူး ... ကျွန်တော်က လင်းမအားရင်လည်း တကူးတကကြီး လာမတွေ့ဖို့ သဘောအနေနဲ့ ပြောတာပါ"

"ဘယ်က ကျွန်တော်လဲ"

"အဲ! .. အာ စကားကောင်းပြောနေတာကို မနောက်နဲ့လေ"

ကိုယ့်တက် ဦးစားပေးစဉ်းစားပေးတာမို့ ကျေနပ်သွားရပါ၏။ ခုချိန်ထိ မောင်လို့မသုံးဘဲ ကျွန်တော်ဟူသည့် နာမ်စားကို သူသုံးနေတုန်းပါ။ မောင်လို့ပြောရမှာ လှုာယားသလို ကျောချမ်းသလို ဖြစ်လာတယ်ဆိုလား။ သေချာတာကတော့ သူ့ အရှက်အကြောက်ကြီးတာပဲဖြစ်မှာပါ။

"လာမယ်လေ ... ဒါဖြင့် နာရီဝက်လောက်ပဲ ထပ်စောင့်ပေးနော်"

"အင်းပါ ... ရပါတယ်"

ကဲ! ... အဘယ်မျှ ကြည်နူးစရာကောင်းလိုက်ပါသလဲ။ လုပ်လက်စအလုပ်ကို မြန်မြန်လက်စသတ်ကာ ခုံမှထရပ်လိုက်ပါ၏။ အံဆွဲထဲထည့်ထည့်ပါသည့် slimbag အိတ်ကို ယူလိုက်ပြီး စားပွဲထက်မှ ဖုန်းကို အိတ်ထဲထည့်ကာ ရုံးခန်းတွင်းမှ ထွက်ခဲ့ပါသည်။ ဝင်္ဂါတစ်



www.burmeseclassic.com

www.burmeseclassic.com



ယောက်ကဖြင့် အလုပ်လက်ကျန်ရှင်းလင်းရင်း ကျန်ရစ်ခဲ့လေ၏။

ကားကို စက်နှိုးလိုက်ရင်း ထွက်ခဲ့ရပါသည်။ နာရီဝက် ပြော ထားပြီး ရောက်တော်မှ အချိန်မီရောက်နိုင်ပါ့မလား။ ရှေ့မှာ မီးပွိုင့် ရှိတာမို့ မမိချင်ပေမယ့် ကံက မကောင်းပါ။ တန်းစီရပ်နေကြပါသည့် ကားတန်းနောက်မှာ စီလိုက်ရင် ဘေးမှာလာရပ်သည့် ကားဖြူလေးကို သတိထားမိသွားရပါသည်။

ဘုရားရေ!. . . မောင့် (ဘုန်းမြတ်) ကားများလား။ ခုတင်လော မျက်နှာမကြည်လင်ဘဲ ခပ်ငိုင်ငိုင်ဖြစ်နေပါသည့် မောင့်ကို ဘာများ ဖြစ်လို့လဲဟု မမေးဖြစ်ပါလေ။ အလုပ်မှာလည်း အဆင်ပြေပါလျက် ဘာကြောင့်များပါလိမ့်။ မောင် သဘောကျနေပါသည့် ကောင်မလေး က ခုထိ အဖြေမပေးသေးဘဲ တင်းခံနေသည့် မာနခဲလေးတဲ့လေ။ မိန်းကလေးဆိုတာ Love ပြောရုံနဲ့ Yes လုပ်ရတာမှ မဟုတ်တာဘဲ။

"တီ!"

ဟွန်းသံတစ်ချက်ပေးလိုက်စဉ် မောင်းသူနေရာမှ ချာတိတ် လေးက လှည့်ကြည့်လိုက်လေ၏။ မျက်နှာကလည်း ပြုံးစိစိဖြစ်သွား တာမို့ လင်း တစ်ဖက်ကို မျက်ခနဲလှည့်လိုက်ရပါသည်။ အထာပေးမိ သလိုများ ဖြစ်သွားလေသလားမသိပါ။ ခေတ်ကိုက မိန်းကလေးတွေ





က ရှေ့ပြေးနေတတ်တာ မဟုတ်လား။

လင်းရော ဘာများထူးလို့ပါလဲ။ သူနဲ့ စဆုံစဉ်က မကြည် သလိုနဲ့ ဘုဘောက်ကျခဲ့ရတာပါ။ လေသံမာကျောနေပေမယ့် လူကို ဂရုစိုက်ပြီး Cap ဆောင်းပေးစဉ်ကတည်းက ရင်ထဲမှာ ဒိတ်ခနဲခုန်ခဲ့ သည့် ရင်ခုန်သံကစပြီး သူ့အပေါ် တစ်ဖက်သပ်စိတ်ဝင်စားခဲ့မိတာ မဟုတ်ပါလား။ မိန်းကလေးဘက်က စတာမျိုးတော့ မဟုတ်ပေမယ့် သူ့ရင်ခွင်ထဲ အခွင့်မရှိ ခိုဝင်ပိုကျွေးခဲ့သည်က လင်းဆိုသည့် လင်းလက် သန့်စင်ပါပဲ။

"တီ!"

ကားကို လက်စသပ်နေပြီဖြစ်သည့် တိုက်ခြံဝင်းထဲ ကွေ့ဝင် လိုက်စဉ် လက်ပိုက်လျက်သားဖြင့် ရပ်နေပါသည့် သူ့ကို အခန့်သား မြင်လိုက်ရလေ၏။ စိတ်တိုနေပြီလားဟု စိုးရိမ်စိတ်ဖြင့် လှမ်းကြည့်မိ ပေမယ့် ပုံမှန်မျက်နှာပဲမို့ စိတ်အေးသွားရပါသည်။ ရွှေမျက်နှာညို့မှာ စိုးတယ်ဆိုတာက မောင့်ကိုပါပဲ။

"စိတ်တိုနေပြီလား"

"ဟင့်အင်း . . . မတိုပါဘူး"

"တက်လေ . . . ဘယ်ကိုအရင်မောင်းရမလဲ"



www.burmeseclassic.com

www.burmeseclassic.com



"တစ်ခုခုအရင်စားမယ်လေ။ ပြီးမှပဲ Plaza ပတ်ကြတာပေါ့"

"ဗိုက်ဆာလို့လား"

"အင်း"

"ဒါနဲ့များ ပြောကြတာ ချစ်သူမျက်နှာမြင်ရုံနဲ့ ဗိုက်ပြည့်သလိုပဲ ဆို။ မောင်ကျတော့ မတူပါလား"

သူ ပြုံးလေ၏။ ကားပေါ်မှဆင်းကာ မောင်းသူနေရာကို ဖယ်ပေးလိုက်ပါသည်။ မိန်းကလေးမောင်းသည့်ကားကို လိုက်စီးရတာ ပွဲသည်ဟု ပြောကတည်းက လင်းနှင့်အတူ စီးတိုင်း မောင်ပင်မောင်း လေ့ရှိပါ၏။

"အဲဒါတွေက ယုံတမ်းစကားနဲ့ ညာပြောတာပါများ။ ဗိုက်ဆာတာက ဆာတာပဲ။ အချစ်က သီးသန့်ပါ"

အံမယ်! . . . ဒါတော့ ပြောရဲသားပါလား။ သူမောင်းသည့် ဘေးမှာ ထိုင်လိုက်ပြီး သူ့မျက်နှာကိုငေးကာ စကားတွေအများကြီး ပြောရသည့်အခွင့်က မနည်းမနောကြီးပါပဲ။ စကားများတဲ့မိန်းမတွေကို ကြည့်မရဘူးဟုပြောခဲ့သည့်လူက ဘေးမှာ တတွတ်တွတ်ပြောရင်း လိုက်လာသည့် လင်းကို ဘာတစ်ခုမှ မပြောပါဘဲ ခပ်ပြုံးပြုံးဖြင့်သာ နေတတ်တာ ကြာခဲ့ပါပြီ။





'အရင်ဆုံး စားကောင်းသည့် Restaurant တစ်ခုမှာ ဝင်စားပြီးမှ Plaza ထဲ ဝင်မွှေကြပါ၏။ သူ့လက်မောင်းကို ပိုင်ပိုင်ကြီးချိတ်ကာ လျှောက်ပေမယ့် သူ့တစ်ချက်မငြင်းခဲ့ပါ။ မှတ်မှတ်ရရ ရုပ်ရှင် ဝင်ကြည့်ချင်ပေမယ့် မောင်သွားပါက အိမ်မှာ ငြိမ်းတစ်ယောက်တည်း စိတ်ပူနေမှာစိုး၍ မကြည့်ဖြစ်တော့ပါချေ။

အပြန် အင်းလျားကန်ဘောင်မှာ ညနေခင်းရှုခင်းကို ငေးရင်း လမ်းလျှောက်ဖြစ်ပါ၏။ သူများစုံတွဲငယ်ငယ်အရွယ်လေးတွေက တွတ်ထိုးကာ ခိုးခိုးခစ်ခစ်ရယ်ကြပေမယ့် လင်းနဲ့မောင်ကဖြင့် ဘာစကားမှ မပြောဘဲ လေညင်းခံလမ်းလျှောက်ရုံပါလေ။

မောင့်လက်မောင်းကို ပါးအပ်ခွင့်၊ မောင့်လက်ဖျားကို ဆုပ်ကိုင်ခွင့်၊ မောင့်ရင်ခွင်မှာ မှီခိုခွင့်၊ မောင့်မေးဖျားကို နမ်းရှိုက်ခွင့် ရခဲ့သည့်ကာလက အဘယ်မျှ ကြာခဲ့ပါသလဲ။ စက္ကန့်ပေါင်းထောင်ချီ ချိန်တိုင်း ရင်ခုန်စိတ်လှုပ်ရှားခဲ့ရသည့် ချစ်ခြင်း၏ အဆုံးသတ်က ရင်နင့်ခြင်းဖြင့် လမ်းခွဲရလိမ့်မည်ဟု လင်း မမျှော်လင့်ထားတာအမှန်ပါ။

အသည်းဆိုတာ တစ်ခါကွဲရုံနဲ့ တော်သင့်ပါလျက် လင်းလင်း သန့်စင်အတွက် နှစ်ထပ်ကွမ်း ကွဲအက်ခြင်းကိုနှစ်ခါကို အဘယ်ကြောင့်သော နတ်ဆိုးကများ တိုက်ခဲ့ရတာပါလိမ့်။

www.burmeseclassic.com

www.burmeseclassic.com

## အခန်း (၁၉)

Hall ထဲဝင်လိုက်ပြီး ကိုယ့်အလုပ်စားပွဲကို ကိုယ့်အလုပ်စားပွဲကို သန့်ရှင်းရေးလုပ်လိုက်ပါ၏။ ကုမ္ပဏီ GM က ဒီကိုနေ့တိုင်းမလာတာမို့ တော်ပါသေးရဲ့။ ဟိုတစ်လောက ပြဿနာရှာခဲ့တာက ပူပူနွေးနွေးသာ ရှိသေးသဖြင့် စိတ်အနှောင့်အယှက်ဖြစ်ခဲ့ရတာအမှန်ပါ။

'စေ့စပ်ဖို့ ရည်ရွယ်ထားတဲ့သူ'' တဲ့။ ဘာကြောင့်များ ဤသို့ ပြောရပါသလဲ။ မထင်ထားတဲ့ အခြေအနေမှာမို့ ရုတ်တရက် ပြောထွက်ခဲ့တာများလား။ ချစ်သူရှိလားဟု မေးခဲ့တာ ဘာများကြာသေးလို့ပါလဲ။ နောက်မှ ပြောပါရစေဆိုပြီး အဲဒီနေ့မှာပဲ ဗိုလ်နဲ့ပတ်သက်မှုကို မျက်မြင်





သိရှိသွားတာပါလေ။

"ငြိမ်းရေ"

"ရှင် . . . မမသက်"

"ဒီနေ့ကစပြီး ဒီနေရာမှာ မလုပ်ရတော့ဘူး"

"ရှင်!"

"GM ရဲ့ ရုံးခန်းထဲမှာ တာဝန်ယူရမယ်"

"ဟင်! . . . ငြိမ်းက ငြိမ်းက အဲဒီနေရာကို လျှောက်ထားတာမှ မဟုတ်တာ။ မဖြစ်နိုင်တာ"

"ဒါတော့ မသက်လည်း မသိဘူး။ Centre Broad မှာ ဒီလအတွက် ရာထူးအပြောင်းအလဲ ကပ်ထားတာ ဖတ်ခဲ့ရလို့ပြောတာ။ မယုံရင် သွားကြည့်လေ"

တကယ် မယုံရဲတာမို့ အောက်ထပ်သို့ ပြန်ဆင်းခဲ့ရပါ၏။ ကုမ္ပဏီဧည့်ခန်းနံရံရှေ့ရှိ board အနီးမှာ ဝန်ထမ်းအနည်းငယ် စုရုံးနေလေသည်။ ခြေလှမ်းကို သွက်သွက်လှမ်းတာ စာရွက်တွေကပ်ထားတာကို ဖတ်လိုက်မိ၏။ ရာထူးအပြောင်းအလဲက အများကြီးရှိမနေဘဲ သုံးဦးသာ ဖြစ်ပါသည်။ တကယ့်ကိုပဲ လက်ထောက်အတွင်းရေးမှူး ရာထူးဖြင့် GM ၏ရုံးခန်းတွင်း တာဝန်ယူရန် အမိန့်ပေးထားပါ



www.burmeseclassic.com

www.burmeseclassic.com



ရောလား။

မတရားသဖြင့် စီမံပြန်ပြီလား မိုလ်။ ပြီးခဲ့သည့်အတိတ်ကို အတိတ်မှာပဲထားခဲ့ပါတော့လား။ ဘာလို့ ပစ္စုပ္ပန်အထိ ဆွဲယူချင်ရပါသလဲ။ မေ့လက်စအနာကို ဒဏ်ရာထပ်ဖြစ်အောင် လုပ်ချင်ရတယ်လို့။

"ကိုယ့်နာမည် ကိုယ်မမြင်ဖူးလို့လား"

"ဟင်!"

နောက်နားမှာကပ်ပြီးရပ်ကာ ပြောလိုက်သည်က အတော်နီးကပ်လွန်းပါ၏။ လူက အလိုလို သတိအနေအထားဖြင့် ခပ်တောင့်တောင့်လေး ဖြစ်သွားရပါသည်။ ကုမ္ပဏီ Uniform က အပေါ်မှာ ဆင်စွယ်ရောင် blouse ဖြစ်ပြီး အောက်က နက်ပြာရောင် ဒူးဖုံးရုံစကပ်မို့ ခပ်ပါးပါး ကိုယ်ခန္ဓာကို fit ဖြစ်နေပြီး နေရခက်စေလေ၏။ စကပ်နှင့်လိုက်ဖက်စေရန် ဆံပင်ရှည်ကို ကျစ်ဆံမြီးကျစ်ကာ ခေါင်းထက်ခွေတင်လျက် ကုံးပြီးပန်ထားပါသည့် ခရေကုံးသုံးခုက ခေါင်းထက် ခပ်ကွေးကွေးလေး ဖြစ်နေပါသည်။

"သွားကြမယ်လေ"

"ကျွန်မ"

"အခုမှ ရုံးရောက်တာလား"





"မဟုတ်ပါဘူး"

"ဒါဖြင့်လည်း လာ"

စိတ်ညစ်ပါရဲ့။ ဦးဆောင်ခေါ်နေပြီမို့ အနောက်မှ လိုက်ခဲ့ရလေသည်။ အစ်ကို့ပြောစကား နားမထောင်မိတာ မှားနေပြီလား။ အမြဲတစေ တွေ့ပြီး ပတ်သက်စရာမလိုတာမို့ ဒီအလုပ်ကို ဆက်လုပ်ဖြစ်ခဲ့တာပါ။ အခုလိုမျိုး အနီးမှာခေါ်ထားလိမ့်မည်ဟု ဘယ်ထင်ထားပါ့မလဲ။

GM ရုံးခန်းထဲ ဝင်လိုက်စဉ် မည်သည့်အတွင်းရေးမှူးကိုမျှ မမြင်ရပါချေ။ ပြောတော့ဖြင့် Assistance Secretary ဆို၊ လူကို ဘာသဘောမျိုးနဲ့ အနားကိုခေါ်ထားချင်ရပါသလဲ။ သူ့ဦးနှောက်ကိုတော့ ငြိမ်း လိုက်မမီပါလေ။ သေချာတာတစ်ခုကဖြင့် အန္တရာယ်၏ အချက်ပေးသံကို အလိုလိုကြားရခြင်းပါပဲ။

"ဒီခုံမှာ ထိုင်ရမှာ၊ ကိုယ့်ဆီလာသမျှ ဖုန်းတွေကို အရင်ဆုံးကိုင်ပြီး ဘယ်သူပြောတယ်၊ ဘာပြောတယ်ဆိုတာ အရေးကြီးသလို အတိုမှတ်ပြီး Note ရေးထားရမယ်။ ပြီးရင်"

သူက ငြိမ်းထိုင်ရမည့်ခုံနှင့် စားပွဲကို လက်ဖြင့်ပြကာ တာဝန်ကို နှုတ်မှ တရစပ်ပြောနေရာမှ လှည့်ကြည့်လိုက်လေ၏။ စိတ်ရှုပ်မှ



www.burmeseclassic.com

www.burmeseclassic.com



တို့ဖြင့် မှန်ကုပ်ကုပ်ရပ်နေပါသည့် ငြိမ်းပုံစံကြောင့် အံ့ဩသွားရပါသည်။ မတုန်မလှုပ်ဟန်ပန်ကြောင့် ထင်မထားပုံပါပဲ။

“ဘာဖြစ်လို့လဲ ငြိမ်း”

“Hall နဲ့ Store ထဲမှာ မလုပ်ရရင် ကျွန်မ resign တင်မှာပါ GM”

သူက နှုတ်ခမ်းတွန့်ရုံ ပြုံးလိုက်လေ၏။ ဘာကို သဘောကျလို့ပါလိမ့်။ ငယ်နုစဉ်က စိတ်ကစားခဲ့တဲ့အဖြစ်က ထားပါတော့။ တည်ငြိမ်ရင့်ကျက်ရမည့်အရွယ်မှာတော့ ကလေးကလားမျိုး မလုပ်သင့်ပါချေ။ အလုပ်ကို အလေးအနက်ထားသလို လူအပေါ်မှာလည်း အလေးအနက်ထားသလို လူအပေါ်မှာလည်း အလေးအနက်ရှိစေချင်တာကို သိသင့်ပါ၏။

“ဒီကုမ္ပဏီက ဝန်ထမ်းတိုင်းပေးတဲ့တာဝန်ကို မငြင်းသင့်တာ ငြိမ်းသိမှာပါ”

“မှန်ပါတယ် . . . ကျွန်မ တတ်ထားတဲ့ပညာ၊ ဘွဲ့ရာထူးနဲ့ ထိုက်သင့်တဲ့နေရာမှာပဲ နေသင့်လို့ပါ GM။ မလျှော်ကန်တဲ့ရာထူးကို ယူမိရင် ကျွန်တဲ့ဝန်ထမ်းတွေ အမြင်မကြည်လင်ကြမှာကို မလိုလားလို့ပါ”





“ဘယ်လို”

စိတ်ထဲရှိသည့်အတိုင်း ပြောချလိုက်မိပါ၏။ အမြင်ကပ်လည်း ကပ်ပါစေတော့။ မတတ်နိုင်ပါလေ။ အလုပ်တစ်ခုရဖို့ ခက်ခဲလွန်း၍ ဒီကုမ္ပဏီမှာ ရေရှည်လုပ်ရန် ရည်ရွယ်ထားခဲ့သမျှ အချည်းနှီးဖြစ်တော့မှာပါလား။ စာချုပ်မှာ လက်မှတ်ထိုးစဉ်က ငွေကြေး (၃) သိန်းပေးလျော်ရမှာကို မြင်ပေမယ့် လက်မှတ်ထိုးခဲ့မိတာက အမှားကြီးဖြစ်ခဲ့ချေပြီ။ အစ်ကို သတိပေးခဲ့တာကို ဂရုမစိုက်မိခဲ့တာ ငြိမ်းရဲ့ အပြစ်ကြီးဖြစ်ခဲ့လေ၏။ ဘယ်လိုများလုပ်ရမလဲ “ငြိမ်းဆုပန်”။

“ငြိမ်း”

ငြိမ်းဘက်ကို ခြေလှမ်းရွေ့လိုက်တာမို့ ရင်ထဲမှာ ထိတ်ခနဲဖြစ်ကာ ခြေထောက်ကို နောက်ဘက်ရွှေ့လိုက်မိပါ၏။ တံခါးပိတ်ထားသည့် ရုံးခန်းထဲမှာ သူ့ကို ငြိမ်းက ဘယ်လိုများ ရှောင်ရှားနိုင်ပါ့မလဲ။ အန္တရာယ်ဆိုတာက အနီးဆုံးမှာ ရှိနေလေပြီ။

“GM ရဲ့ Secretary က”

“ကိုယ့်မှာ PA ပဲရှိတာပါ ငြိမ်း”

“အဲဒီ . . . အဲဒီ PA ကရော”

“အပြင်က ခုံမှာလေ”



www.burmeseclassic.com

www.burmeseclassic.com



"ဟင်"

ကိုယ်ရေးကိုယ်တာ ဝန်ထမ်းကိုတောင်မှ အပြင်က စားပွဲမှာ ထားပြီး ငြိမ်းကိုမှ အခန်းထဲမှာမှ ထားရတယ်လို့။ ဒီလို ဒီလိုတွေနဲ့ စက္ကန့်တိုင်း မြင်တွေ့နေရရင် နောက်ဆက်တွဲပြဿနာတွေက ဖြစ်တော့မှာ မဟုတ်ပါလား။ ငြိမ်းအတွက် စိတ်ဆင်းရဲစရာတွေက ဘယ်အချိန်အထိ ဆက်ဖြစ်နေဦးမှာပါလိမ့်။

"ငြိမ်း . . . ကိုယ်"

"ဘာလုပ်တာလဲ"

လက်မောင်းကို လှမ်းဆွဲခြင်းခံလိုက်ရသဖြင့် ရုန်းလိုက်မိပါ၏။ သူက လွှတ်သွားသည့် ငြိမ်း၏လက်မောင်းနှစ်ဖက်ကို ပြန်၍ ဆုပ်ကိုင်လိုက်သဖြင့် လွတ်လမ်းမရှိတော့ပါချေ။ ရဲတင်းလွန်းလှချည်လား။ တက္ကသိုလ်တက်စဉ်အချိန် ချစ်သူဖြစ်စဉ်ကဖြင့် လက်ဖျားကိုကိုင်တာ၊ ပခုံးကိုဖက်တာမျိုးကိုသာ ထိတွေ့တတ်သည့် လူက အခုဖြင့် ပြောင်းလဲနေလေပြီကော။

"လွှတ်နော်"

"ကိုယ်ပြောစရာရှိတယ်"

"ပြောစရာရှိရင် ပါးစပ်နဲ့ပြောပေါ့။ ဘာလို့လက်ကပါရတာလဲ"





"ကိုယ်နဲ့ Rose က"

"ရှင်တို့လက်ထပ်ပြီးပြီ မဟုတ်လား"

"No!"

"ဘာရယ်"

"Engage ပဲ လုပ်ဖြစ်တာပါ ငြိမ်း"

"ဒါနဲ့များတောင်မှ"

"မဟုတ်သေးဘူး ငြိမ်း။ စကားကို ပြီးအောင်နားထောင်ပေးပါ"

ဘေးနံရံက ငြိမ်းရဲ့ကျောနှင့်နီးနေပြီမို့ သူ့ကိုရှောင်လို့ မရတော့ပါချေ။ လက်မောင်းကို လွှတ်ပေးလိုက်ပေမယ့် ငြိမ်း လက်ဖျားကို ဆုပ်ကိုင်ထားတာက မလွှတ်တမ်း ကျစ်ကျစ်ပါပဲလား။ နှလုံးသားရေကန်ပြင်က ငြိမ်သက်နေတာ ကြာခဲ့ပါပြီ ဗိုလ်။ အမုန်းတွေ၊ အငြိုးတွေဆိုတာတွေ ဘာမှ မကျန်ရစ်တော့တဲ့ ဥပေက္ခာရပ်ဝန်းမှာ မွေ့လျော်နေပါသည့် လူကို အဘယ့်ကြောင့် လှုပ်ခတ်စေပါသလဲ။

"ကိုယ်တို့ Engage လုပ်ထားတာကို ဖျက်သိမ်းလိုက်ပြီ"

"ဟင်!"

"ကိုယ်နဲ့ Rose လူငယ်ချင်းချစ်တာထက် မိတ်ဆွေကြောင့်

www.burmeseclassic.com



အဲဒီအဆင့်ထိ ဖြစ်သွားရတာပါ''

''ဒါပေမဲ့''

''ငြိမ်းကို သစ္စာမဲ့ခဲ့လို့ ကိုယ့်အပေါ် စိတ်နာနေတုန်းပဲလား''

ဘယ်လိုပြောရမှာလဲ။ ဟုတ်တယ်လို့ ပြောမိပြန်ရင်လည်း ရင်ထဲမှာ တတိတိနဲ့ သတိရနေတယ်လို့ ထင်ဦးမှာပါ။ မေ့တာထက် ဥပေက္ခာပြုသည့်နည်းက ပိုလွယ်ကူသဖြင့် ဤသို့ပင် ငြိမ်း ခေါင်းစဉ် ပြောင်းခဲ့ရတာပင်။ အခုတော့ လူကို မရမက မေးနေတာကြောင့် အခက်တွေ့နေရချေပြီ။ စိတ်မပျော့နဲ့ ငြိမ်းဆုပန်။

''ပြီးခဲ့တာတွေကို ပြန်သတိမရချင်တော့ဘူး''

''မှန်ပါတယ် ... အတိတ်က ငြိမ်းအပေါ် နှိပ်စက်တဲ့တရွေ့ပဲ ဟာ''

အတိတ်က နှိပ်စက်တာ မဟုတ်ပါဘူး ဗိုလ်။ နှင်နဲ့နှင်းဆီ ကြောင့်သာ ငါ နှိပ်စက်ခံခဲ့ရတာပါ။ ရက်စက်တယ်ဆိုတာ ပြုသူထက် ခံရတဲ့လူအတွက်သာ နာကျင်ခြင်းအပြည့်ပါပဲ။ အသာစီးရခဲ့တဲ့လူက လွယ်လွယ်နဲ့ မေ့ပစ်နိုင်ပေမယ့် အရှုံးပေးခဲ့ရတဲ့လူအတွက်က ခက်ခက် ခဲခဲ ကူးဖြတ်ရတဲ့ ပင်လယ်ကြီးနှယ် ပင်ပန်းလွန်းခဲ့တာပါလေ။

သိပါတယ် ... သိလျက်နဲ့တောင်မှ နှင်းဆီရဲ့လက်ကို နှင်





တွဲလိုက်တာပါ ဗိုလ်။ အခုမှ ပူလို့ဆိုပြီး လွှတ်ချလိုက်မှ ငရဲမီးလို့ မြင်နေတာများလား။ အတုံ့အလှည့်တွေ၊ အာဃာတတွေဆိုတာတွေနဲ့ ငြိမ်းရဲ့ဘဝ စာမျက်နှာကို ရှုပ်ယှက်ခတ်အောင် မလုပ်ပါရစေနဲ့။ အဖြူ ရောင်ကို အဖြူရောင်လေးအတိုင်း သီးသန့်ရှိပါစေတော့လား။

''အဲဒီမိန်းကလေးကိုပဲ နှင် မေတ္တာစစ်နဲ့ ချစ်ခဲ့တာပါ ဗိုလ်''

''ဘယ်လို''

''ဒါကြောင့်မို့ ငါ့ကို လမ်းခွဲကြရအောင်ဆိုတဲ့ စကားကို နှင့်နှုတ်က လွယ်လင့်တကူ ပြောထွက်ခဲ့တာပေါ့''

''ငြိမ်း''

''ကျန်ရစ်ခဲ့တဲ့လူရဲ့စိတ်ကို စာနာတတ်ပါရဲ့လား ဗိုလ်''

''ကိုယ် ... ကိုယ် ... တကယ်နောင်တရခဲ့တာအမှန်ပါ ငြိမ်း။ အချိန်ကြာလာတာနဲ့အမျှ ကိုယ် အချစ်စစ်နဲ့ တကယ်ချစ်ခဲ့တာ ဘယ်သူ့ကိုဆိုတာမှန်း သေချာသိလာတယ်''

မျက်နှာကိုမဲ့လိုက်မိပါ၏။ စိတ်ဆိုတာ ယိုင်တတ်တာ မှန်ပေ မယ့် အဲဒီအရွယ်ကို ကျော်လွန်ခဲ့ပြီပဲ။ အချစ်ဆိုတာတွေ ရင်ထဲမှာ ဘာမှမကျန်တော့ဘူးဗိုလ်။ ဒီရင်ကိုခွဲကြည့်ရင် အက်ကြောင်းရာထင်နေ တဲ့ နှလုံးသားတစ်ခုကိုသာ နှင်မြင်ရမှာအမှန်ပါ။ အလိမ်ပြာခံရတယ်



www.burmeseclassic.com

www.burmeseclassic.com



ဆိုတာ ပထမအကြိမ်မှာ လိမ်တဲ့လူရဲ့အပြစ်ဖြစ်ပေမယ့် ဒုတိယအကြိမ်ဆို အလိမ်ခံရတဲ့လူရဲ့အပြစ်သာ ဖြစ်တော့မှာပါ။

"မယုံဘူးလား ငြိမ်း"

"ကဗျာရွတ်ကျက်တဲ့အရွယ်မှ မဟုတ်တော့တာပဲ, ဗိုလ်။ ယုံတာ,မယုံတာက ငါ့အပိုင်းပါ"

"ဒါဖြင့် ကိုယ့်ကို နောက်ထပ်တစ်ကြိမ် ပြန်စဉ်းစားပေးနိုင်မလား"

ရင်ထဲ အောင့်သက်သွားရပါ၏။ ချစ်တမ်းကစားခဲ့မိတဲ့ အမှား၏အရိပ်က ငြိမ်းအပေါ်မှာ ဘယ်အချိန်ထိ အုပ်မိုးကာဆီးထားဦးမှာပါလိမ့်။ မိန်းကလေးဆိုတာ တစ်ကြိမ်မှာ တစ်ပွင့်သာပန်သင့်ရိုး ထုံးစံသာရှိတာပါ။ သို့သော်၊ မပန်ချင်လို့ စွန့်ပစ်ခြင်းခံခဲ့တာကို သင်ခန်းစာတစ်ခုအဖြစ် နောင်တမရပါက အမိုက်မဲဆုံးသာ ဖြစ်တော့မှာပါလေ။

"အချိန်တွေအများကြီး ကုန်ခဲ့ပါပြီ ဗိုလ်။ နင့်တစ်ယောက်တည်းကိုပဲ ပြန်လာနိုး မျှော်ကိုးပြီး စောင့်နေရင် ငါ့ကို အရူးလို့ပဲ မြင်ကြတော့မှာပေါ့"

"ငြိမ်း"

"ရူးလည်း ရူးခဲ့ပါတယ်။ ငါက မိုက်မဲခဲ့မိတာကို၊ အဲဒီအချစ်





ဆိုတဲ့အဆိပ်က ငါ့ကို သေလုမျောပါး အခြေအနေအထိဖြစ်အောင် အဆိပ်သင့်စေခဲ့တာပါ"

"ကိုယ် အနူးအညွတ်တောင်းပန်ပါတယ် ငြိမ်းရယ်။ ကိုယ့်ကို ခွင့်လွှတ်ပေးပါ"

ရုတ်တရက်မို့ ထင်မထားသည့်အဖြစ်အပျက်က ဖြစ်သွားပါ၏။ ငြိမ်းကို သူ ထွေးပွေ့ဖက်လိုက်စဉ်မှာပင် ရုံးခန်းတံခါးက ပွင့်သွားပြီး အခန်းထဲကို တစ်စုံတစ်ယောက် ဝင်လာလေသည်။

❑❑❑



www.burmeseclassic.com

www.burmeseclassic.com

## အခန်း (၂၀)

"ဩော်! . . . ရုံးခန်းထဲမှာတောင် ဒီအခြေအနေအထိဖြစ်အောင် အရှက်အကြောက် မဲ့လှချည်လား"

"ဟင်!"

"နှင်းဆီ"

ဟိုတုန်းကအတိုင်း ခေတ်မီသည့်အပြင်အဆင်တို့ဖြင့် တောက်ပချောမောနေတုန်းပါပဲ။ လူမြင်လျှင် ငေးမောကြည့်ရလောက်အောင် လှနေပါသည့် "နှင်းဆီခိုင်" ကို အဆက်ဖြတ်ချင်ပါသည်ဟူသည့် ဗိုလ်ဆန္ဒက မှန်ကန်နိုင်ပါ့မလား။ ခန္ဓာကိုယ်နှစ်ခု ခွာလိုက်ချိန်မှာပင်





နှင်းဆီခိုင်၏လက်ဝါးက ငြိမ်း၏ပါးပြင်ထက် ခပ်ပြင်းပြင်း ရောက်လာလေ၏။

"ငြိမ်း!"

"ဟာ! ... Rose မင်း ဘယ်လိုလုပ်လိုက်တာလဲ"

"ရိုက်လိုက်တာလေ၊ သူများပိုင်တဲ့ပစ္စည်းကို အရှက်မရှိ ကြောင်တောင်နှိုက်ရဲတာကြောင့် ပြစ်ဒဏ်ပေးလိုက်တာ။ ဘာလဲ . . . မကျေနပ်ဘူးလား မောင်"

"မင်းလုပ်ပုံတွေ ဟုတ်ကိုမဟုတ်သေးဘူး"

"ဟုတ်အောင် မောင်က လုပ်ပြနေတာကရော မဟုတ်လို့လား"

"ဘယ်လိုဖြစ်ပြီး ကိုယ်နဲ့ပတ်သက်သမျှ မိန်းကလေးတွေကို"

"ဟုတ်တယ်လေ။ မောင်ပတ်သက်ခဲ့တဲ့ မိန်းကလေးတိုင်းကို သူတို့လိုချင်တဲ့၊ လိုအပ်တဲ့ငွေတွေ ပစ္စည်းတွေနဲ့ ပစ်ပေါက်ပြီး ဖြေရှင်းလို့ရခဲ့တာပါ။ ဒါပေမဲ့ . . . သဲထဲကျနေတဲ့ ငါးကင်ကိုပြန်ကောက်စားချင်တာကတော့ အတော့်ကို လွန်တယ်လို့ မောင်မထင်ဘူးလား"

"ဘာ!"



www.burmeseclassic.com

www.burmeseclassic.com



အတော့်ကို ပြင်းထန်စွာစော်ကားလွန်းလေပြီ။ လူက ရှက်တာရော၊ ဒေါသဖြစ်လာတာတို့ပါ ရောပြွမ်း၍ ရင်ထဲ လှိုက်တက်ကာ ဘာစကားမှ ပြောမထွက်နိုင်ဘဲ တစ်ကိုယ်လုံး တဆတ်ဆတ်တုန်ရီလာလေ၏။ သိက္ခာချတဲ့လူကရော ဘယ်လောက်များ အကျင့်သိက္ခာမြင့်လို့ပါလဲ။ အဆင့်အဆန်းဆိုတာကိုရော နားလည်ပါရဲ့လား နှင်းဆီခိုင်။

"မင်း! . . . မင်း"

"အနာထိတော့ နာတတ်တာပါလား။ ဘယ်လိုပဲ ငြိမ်းဆုပန်း ခုချိန်မှာ ထက်မြက်ဗိုလ်ကို ဇွဲဆီက လုလည်း နံပါတ် One တော့ ဖြစ်မှာမဟုတ်ဘူး"

"တော်တော့ . . . Rose! မင်းလွန်နေပြီ"

"အဲဒီလို လွန်တတ်,လုပ်တတ်အောင် မောင် သင်ပေးခဲ့တာပဲလေ"

"တောက်!"

"Rose ကို ဒေါသမဖြစ်ပြနဲ့မောင်။ အမှားလုပ်တာက မောင်ပါ"

"အေး . . . ငါလုပ်တာ မှားရင်တောင်မှ အဲဒါက ငြိ





တစ်ယောက်တည်းရဲ့အမှားပဲဖြစ်မယ်။ ငြိမ်းရဲ့အမှား မဟုတ်ဘူးကွ"

သူမမျက်ဝန်းတောက်တောက်တို့က ငြိမ်းထံ ပြန်ရောက်လာပြန်လေ၏။ အထင်သေးရှုံ့ချသော၊ သရော်သော၊ ရွံရှာမုန်းတီးသည့် အဓိပ္ပာယ်တို့က ထိုအကြည့်တို့ထဲမှာ ပျော်ဝင်နေသည့်နှယ်ပါ။ ခုချိန်မှာ သူစိမ်းဖြစ်ပေမယ့် ယယ်သံယောဇဉ်က ခပ်ပါးပါးလေးတောင် မကျန်တော့ပါလား နှင်းဆီခိုင်။

"ကျွတ် . . . ကျွတ်! အသည်းအသန် ကာကွယ်နေလိုက်တာနော်။ လက်ခုပ်ဆိုတာ နှစ်ဖက်တီးမှ အသံမြည်တာ မဟုတ်ဘူးလား။ ငြိမ်းဆုပန်း။ မောင်ကတောင် ဝန်ခံသေးတာ၊ နင်က အပြစ်အတော်ကြီးလို့ နှုတ်ဆိတ်နေတာ မဟုတ်လား"

"မဟုတ်ဘူး!"

လွှတ်ခနဲထွက်သွားသည့် လေသံက ဗလုံးဗထွေးပါပဲ။ မျက်ရည်တို့ရစ်ဝဲခိုသီလာပေမယ့်စိတ်ကို တင်းထားလိုက်ရပါသည်။ ငိုလို့မဖြစ်ဘူး။ ငြိမ်း။ အလုညို့ဆိုတာက တစ်ကျော့ပြန်လည်တတ်ရိုးမှန်ရင် တစ်ကြိမ်ရှုံးဖူးတဲ့လူအတွက် အနိုင်ဆိုတာ ရှိလာနိုင်မှာပါ။ ပါးပါးလေးလာထိတဲ့ ဂုဏ်သိက္ခာအတွက် တူညီတဲ့ တုံ့ပြန်မှုကိုဖြင့် အနည်းအကျဉ်းမျှ ပြန်ပေးသင့်တာလေ။



www.burmeseclassic.com

www.burmeseclassic.com



"ဘာမဟုတ်တာလဲ"

"နင် ထင်နေတာကိုပြောတာပါ နှင်းဆီ"

"ထင်တာ၊ ဟင်း ဟင်း . . . မြင်တာကိုပြောနေတာပါ ငြိမ်းရဲ့။ နင်တို့နှစ်ယောက် ရုံးခန်းထဲမှာ အိကြာကွေးလို နှစ်ချောင်းယှူနေတာကို ပက်ပင်းတွေ့နေရတာတောင်မှ ပြောင်ညာချင်နေတာလား"

"Rose!"

"မောင် အသာအေးဖယ်နေစမ်းပါ"

"ရမလားကွ . မင်းနဲ့ Engage လုပ်ထားတာကို ဖျက်သိမ်းဖို့"

"အဲဒါ မောင့်ဘက်က တစ်ဖက်သပ်လုပ်တဲ့လုပ်ရပ်ပါ။ ထည့်ပြောစရာလား"

"ပြောရမှာပဲ . . . မင်းကို စိတ်ကုန်နေတဲ့ယောက်ျားတစ်ယောက်အပေါ် ဒီလောက်နဲ့ စိတ်လျှော့သင့်ပြီလို့ ယူဆပါတယ် Rose!"

"ဘာ"

နှင်းဆီခိုင်၏မျက်နှာက ဖြတ်ရိုက်ခံလိုက်ရသည့်နှယ် မဲ့သွားရလေသည်။ တူတစ်လှည့် ပေတစ်လှည့်မှ တရားသဖြင့် ဖြစ်ပေမပေါ့ နှင်းဆီရယ်။ လက်ထဲမှာရှိနေတဲ့အရာကို လွှတ်ထွက်မသွားရလေ





အောင် သတိရှိဖို့တော့ မရှိမဖြစ် လိုအပ်မှန်း နင်သိသင့်တာပါ။

"ဒါဖြင့် . . . ဒါဖြင့် . . . နင်က သူများအကျန်ကိုစားဖို့ မျှော်နေတာ အမှန်ပေါ့လေ"

"စကားကိုကြည့်ပြောပါ နှင်းဆီ"

"ဘာပြောတယ်"

"နှင်ပြောတဲ့စကားက တကယ်တမ်း ငါပြောရမယ့်စကားပါ"

"နင် . . . နင်"

"ငြိမ်းဆုပနိုက သူများသုံးပြီးသားပစ္စည်းကို ကောက်ယူသုံးရအောင် အသိဉာဏ်မမဲ့သေးဘူး နှင်းဆီ။ အဲဒီလိုပဲ ငါကိုယ်တိုင်မလိုချင်လို့ လွှင့်ပစ်လိုက်တာကိုလည်း ဘယ်တော့မှ ပြန်မကောက်ဘူး"

"ဘာ"

"မေတ္တာနဲ့အတ္တကို ခွဲခြားနားလည်အောင် ကြိုးစားသင်လိုက်ဦး။ နင့်တစ်ကိုယ်လုံး အမှောင်တွေ ဖုံးနေဦးမယ်"

"အရှူးမ!"

နောက်တစ်ကြိမ်ရောက်လာသည့်လက်ကိုတော့ ငြိမ်း အချိန်မီဖမ်းလိုက်နိုင်ပါ၏။ အထက်လူကြီးနဲ့ဝန်ထမ်းဆိုတာတွေကို ဘေးဖယ်ပြီး ပြောနေမှတော့ အဲဒီဝတ်ရုံကို ခဏချွတ်ထားရုံပေါ့။ Action



www.burmeseclassic.com

www.burmeseclassic.com



ရှိရင် Reaction ကို ပြန်လုပ်ရုံပါ နှင်းဆီခိုင်။

"ငါ မရူးဘူး နှင်းဆီခိုင်၊ အမှားအမှန်ကို တိတိကျကျ ခွဲခြား နိုင်ပါသေးတယ်။ တကယ်တမ်း ရူးနေတာကမှ နင်ပါ"

"နင် . . . နင်"

"ဘာအရူးမျိုးလဲ သိရဲ့လား။ ယောကျ်ားတစ်ယောက်ကြောင့် ဘာကိုမှ မမြင်နိုင်တော့တဲ့ လင်တရူးမျိုးပါ"

"ဘာ!"

"ကျွန်မကို အခုပဲ ကုမ္ပဏီက နုတ်ထွက်ခွင့်ပြုပါ GM။ Resign တင်တာနဲ့ စာချုပ်ငွေအလျော်အစားကိစ္စကို ဒီတစ်ပတ်အတွင်း ပြေလည်အောင် ဖြေရှင်းပေးပါ့မယ်၊ ခွင့်ပြုပါဦး"

"ငြိမ်း!"

"ငြိမ်းဆုပန်!"

မြှင်တုခေါ်လိုက်သည့်အသံတို့ကို ကျောပေးကာ ရုံးခန်းထဲမှ အပြေးထွက်လာခဲ့ပါ၏။ မျက်ရည်တို့က အတားအဆီးမဲ့စွာ တစ်ပေါက်ပေါက် စီးကျလာလေတော့၏။ မဟာအရှက်ကွဲခန်းပါပဲ။ အဖြူရောင်ကို အဖြူရောင်လေးအတိုင်း မထားဘဲ ဆေးအပြာသုတ်မိခြင်းရဲ့ရလဒ်တဲ့ လား။ ရင်နင့်နင့် အလွမ်းရေကျည်တို့ရဲ့ အဆုံးသတ်က ဒီမှာပင် ရပ်





တန့်သင့်ချေပြီ။

လက်ထဲမှာ ဘာမှပင် မပါလာလဲ ကုမ္ပဏီဝင်းထဲမှ ပြေးထွက်ခဲ့မိ၏။ လမ်းပေါ်မှာ ကားတွေရှိပေမယ့် လိုင်းကားက တစ်စီးမှမရှိသလို နေ့လယ်ခင်းလူရှင်းနေပါသည့် ကားမှတ်တိုင်မှာ တစ်ယောက်တည်း ထိုင်ချလိုက်ပါသည်။ မွေးနေ့ပြီးတာ သိပ်မကြာသေးခင် ဒဏ်ချက်က ထပ်ဖြစ်ရတယ်လို့ ကံကြမ္မာရယ်။

"တီ! . . . တီ! . . . တီ!"

ကားဟွန်းသံကြားသော်ငြား မော့မကြည့်ဖြစ်ပါချေ။ တစ်ပေါက်ပေါက်ကျနေပါသည့် မျက်ရည်တို့ကို လက်ဝါးဖြင့် အနိုင်နိုင်သုတ်နေမိတော့၏။ အစ်ကိုပြောစဉ်က အဲဒီနေ့မှာကျတဲ့မျက်ရည်က နောက်ဆုံးပဲဆို၊ အခုလို နောက်ထပ်ကျလာမည်ဟု ဘယ်ထင်ထားပါ့မလဲ။ ဒီဘဝမှာ လူဖြစ်ခွင့်ရခဲ့သည့် ငြိမ်းဆုပနအတွက် မျက်ရည်ဆိုတာက မွေးချင်းအမွှာနှယ် ပါလာခဲ့တာများလား။

ပေါ်ပေါ်တင်လာသည့် ယောကျ်ားကိုင်လက်ကိုင်ပဝါကြောင့် ငိုကျွေးနေရာမှ အထိတ်တလန့် ဖြစ်သွားရပါ၏။ ခေါင်းငုံ့ထားတာမို့ အောက်တက်မြင်ကွင်းက ထင်ထင်ရှားရှားပါပဲ။ ဒီကတ္တီပါဖိနပ် အနက်ရောင်၊ ဒီခြေဖမိုး ဖွေးဖွေး၊ ဒီမင်းကြီးကြိုက်ပိုးပုဆိုးမျိုး ဝတ်လေ့ရှိ



www.burmeseclassic.com

www.burmeseclassic.com



သူက ဘယ်သူများလဲဆိုတာ ငြိမ်းအသိပင် မဟုတ်ပါလား။ မျက်ရည်တို့ဖြင့် မော့ကြည့်လိုက်မိစဉ် နှစ်သိမ့်ပြုံးဖြင့် မျက်နှာကြည်ကြည်လင်လင်ကို မြင်လိုက်ရလေ၏။

"အိမ်ပြန်မှာမဟုတ်လား"

ခေါင်းကို အနိုင်နိုင်ညိတ်ပြလိုက်ရပါ၏။ သူက ငြိမ်းကို ချက်ချင်းမခေါ်သေးပါဘဲ အငိုတိတ်ချိန်အထိ ရပ်စောင့်ပေးလေသည်။ မျှော်လင့်ခြင်းတွေ ပျက်သုဉ်းရတာမဟုတ်ပါ။ အနာဂတ်လမ်း ပျောက်ကွယ်သွားရတာလည်း မဟုတ်ရပါဘူး။ သို့သော် ရင်တွင်းမှ နာကျင်မှုကြောင့် ဤသို့သော ဝမ်းနည်းမျက်ရည်တို့က စီးကျလာခြင်းပါပဲ။

"ကိုယ်ပြန်ပို့ပေးမယ်"

ဖြည်းဖြည်းချင်း ထရပ်လိုက်ပါ၏။ သူက ငြိမ်းလက်မောင်းကို ထိန်းကိုင်လျက် ကားတံခါးကို ဖွင့်ပေးကာ တက်စေလေသည်။ မည်သည့်စကားကိုမှ မပြောပါလေ။

လက်ထဲသို့ Tissue ဘူးလေးထောင့်လေးနှင့်အတူ ရေသန့်ဘူးကိုပါ အဖုံးဖွင့် ပိုက်တပ်ပြီးပေးလိုက်သဖြင့် အငိုတိတ်သွားပါသည့် ငြိမ်းက လှစ်ခနဲ ရှက်ပြုံးပြုံးလိုက်မိလေသည်။

"အခုမှပဲ ကလေးက ငိုတာတိတ်တော့တယ်"





ကားကို ခပ်မှန်မှန်ပင် မောင်းထွက်ခဲ့လေ၏။ မောလည်း တကယ်ပင်မောလွန်းသဖြင့် ရေနှစ်ငုံမျှ ဆက်တိုက်သောက်လိုက်မှပင် အမောပြေသွားရလေသည်။ ဒီအချိန်ကြီး ဘယ်လိုဖြစ်ပြီး လာခဲ့ရတာပါလိမ့်။ ဂိတ်မှာထိုင်နေသည့် ငြိမ်းကိုလည်း မြင်ရုံနဲ့ မှတ်မိနေတာပါလေ။

"Night duty ထွက်လာတာ။ မေမေမှာလိုက်တဲ့ပစ္စည်းတွေ ရှာဝယ်နေတာနဲ့ နောက်ကျသွားတာ ကံကောင်းတာပဲ"

အလို! ငြိမ်းစိတ်ထဲပြောသမျှ သူ အဘယ့်ကြောင့် အလိုလို သိနေတာပါလိမ့်။ တအံ့တသြဖြင့် ငုံ့ကြည့်စဉ် သူက သဘောကျသည့် နှယ် ခပ်တိုးတိုးရယ်လိုက်လေသည်။ အမှတ်တမဲ့မို့ မှင်တက်စွာ ကြည့်နေမိလေ၏။ Night duty ထွက်လာသည့်လူက နွမ်းလျမနေပါဘဲ တက်ကြွလန်းဆန်းနေသည့်နှယ်ပါလေ။

"ရော့ . . . ကလေးကို မုန့်ပေးကြိုက်တယ်လို့ မထင်လိုက်နဲ့နော်။ မုန့်ကျွေးပြီး ချော့တာပါ"

လက်ထဲရောက်လာသည့် ချော့ကလက်တောင့်ကို ယောင်ယမ်းယူလိုက်မိပါ၏။ စကားက အနှောင့်အသွားမလွတ်သလိုပါလား။ ခဲမှန်ဖူးသည့်ငှက်က နောက်ထပ်အစာကောက်ဖို့ ခက်ခဲကြောက်ရွံ့တတ်မှန်း ဒေါက်တာသိမှာပါနော်။ ချစ်ခြင်းကြောင့် အနာရဖြစ်သည့်

www.burmeseclassic.com



နှလုံးသားကို ပျောက်ကင်းအောင် ကုသပေးနိုင်တာမှ မဟုတ်တာပဲ။

"အစ်ကို ဆူလိမ့်မယ်"

"ဟင် ... ကိုယ့်ကိုလား"

ခေါင်းကို ဆတ်ခနဲညိတ်ပြတော့ သူ အားပါးတရ ရယ်လေတော့၏။ ငိုထားပါသည့် ရင်ထဲမှာ အနည်းငယ်မျှ ပေါ့ပါးသက်သာသွားရသည့်နှယ်ပါ။ အမှန်ဆို အလုပ်မှာ လူနာတွေနှင့် အချိန်ပြည့်နေခဲ့ပါသည့် သူက စိတ်ရှုပ်ထွေးနေရမှာ ဖြစ်ပေမယ့် အခုတော့ ဆန့်ကျင်ဘက်တွေဖြစ်နေတာ မဟုတ်လား။

"ဆူလည်း ငြိမ်ခံလိုက်မှာပေါ့ ငြိမ်းရဲ့။ ကိုယ်က အပြစ်လုပ်မိတဲ့သူကိုး"

"ဘာအပြစ်လဲ"

"နောက်မှပြောပြမယ်။ ကိုယ်က ငြိမ်းကို အလုပ်ထွက်ပြီး လောက်ပြီ ထင်နေတာ။ ဒီရှေ့ကဖြတ်ရင်း မြင်လိုက်တာ ထင်တောင် မထင်မိဘူး"

"အခု တကယ်ထွက်လာပါပြီ ... ဒါပေမဲ့"

"ဒါပေမဲ့ ... ဘာဖြစ်လဲ"

"Bond ထိုးထားလို့ပါ"





"ဘယ်လောက်လျော်ရမှာတဲ့လဲ"

"အများကြီးပဲ ... သုံးသိန်းတောင်မှ"

"ဒါများ ကိုယ်လျော်ပေးမှာပေါ့။ မပူနေနဲ့"

"မလိုပါဘူး ... သူများဆီက အကူအညီယူတာကို အစ်ကိုက ကြိုက်တာမဟုတ်ဘူး"

"ရော် ... အလကားပေးတာမှ မဟုတ်တဲ့။ ငြိမ်းကို ကိုယ်က အလုပ်ပြောင်းလုပ်ခိုင်းမှာပဲဟာ"

"ဟင် ... ဘာအလုပ်လဲ"

"အိမ်ရှင်မ"

"အစ်ကိုနဲ့ ပြန်တိုင်ပြောမှာနော်"

မျက်စောင်းခဲလျက်ပြောလိုက်ပေမယ့် သူက သဘောကျသည့်နှယ် ရယ်မောနေပြန်ပါ၏။ ခက်လိုက်တာနော်၊ တစ်ကြိမ်တစ်ခါ ချစ်သူရှိခဲ့ဖူးတဲ့ ငြိမ်းကို အပြစ်မတင်ခဲ့သည့်အစ်ကိုက နောက်ထပ် တစ်ကြိမ် ချစ်သူထားဖြစ်တာကို ခွင့်လွှတ်ပါ့မလား။ ညီမဖြစ်သူအပေါ် အစ်ကိုတစ်ယောက်ထက် ပိုတဲ့စေတနာမေတ္တာတွေ ပုံအပ်ထားပါသည့် အစ်ကို့ကရုဏာတရားတို့ကို ဒီတစ်ကြိမ်တော့ ငြိမ်း ဦးစားပေးပြီးသွားရမှာပါလေ။

❑❑❑

www.burmeseclassic.com

www.burmeseclassic.com

## အခန်း (၂၁)

ခြံလေးထဲမှာ မြက်နုတ်နေပါ၏။ ငြိမ်းက ချက်ပြုတ်ပြီးပြီမို့ ရေချိုးနေလောက်ပြီ။ ပိတ်ရက်လေးရတုန်း အိမ်အလုပ်တွေကို အပတ်စဉ် လုပ်ကျင့်ရှိခဲ့တာ ကြာပါ၏။ အိမ်လေးကို ရေနံထပ်သုတ်ထားသဖြင့် လေအငွေ့မှာ ရေနံနံ့ခပ်သင်းသင်းကို ရှူလိုက်ရလေသည်။ နုတ်ပြီးပုံထားပါသည့် မြက်ပုံကို ကျုံး၍ အမှိုက်ဝါးခြင်းထဲထည့်နေစဉ် ခြံတံခါးလေးရှေ့မှာ လူရိပ်ထင်လေ၏။

"အစ်ကို"

"ဟင်!"





မနက် (၉) နာရီလောက်သာရှိပါလျက် စောစောစီးစီး ညှော်သည်ရောက်လာလေပြီ။ လက်မှသဲတို့ကို ခါချကာ တံခါးဆီ လျှောက်ခဲ့ပါ၏။ ရင်ထဲမှ တဒိတ်ဒိတ်မြည်သံက အဆက်မပြတ်ပါပဲ။ ကျွန်တော်စိုးရိမ်နေမိတဲ့ နေ့ရက်က မြန်မြန်ကြီးရောက်လာပါပြီ လင်းရယ်။ တကယ်ဆို လင်းရှိနေပါသည့် အိမ်ဆီ သူ အရင်ဆုံး သွားရမှာဖြစ်ပါလျက် အခုတော့ လင်းလက်သန့်စင်ရဲ့ မောင်ဖြစ်သူ ဘုန်းမြတ်သန့်စင်က သူ့ထံသို့ ရောက်လာလေပြီ။

"ဝင်ပါ"

"ကျေးဇူးပါ အစ်ကို၊ ငြိမ်း ရှိရဲ့လား"

"အင်း . . . ရေချိုးနေပြီ ထင်တယ်။ ခဏနော်"

"မခေါ်ပါနဲ့ အစ်ကို၊ ကျွန်တော် အခုလာတာ အစ်ကို့ဆီကိုပါ"

ရင်ဘတ်ထဲမှ ဒိန်းခနဲခေါင့်မြည်သံက အကျယ်ကြီးပါပဲ။ သူ့ဆီကိုတဲ့။ ဒါဖြင့် ပြောစရာရှိလို့ပေါ့။ ညီမဖြစ်သူအပေါ် တွန့်တိုတတ်ပေမယ့် ငြိမ်းရဲ့ဘဝ ခရီးလမ်းကို ဖြောင့်ဖြူးစေချင်သည့် စေတနာက ရင်ထဲမှာ အပြည့်ပင် မဟုတ်ပါလား။ စဉ်းအိုးအပဲ့ထဲမှ ရေဖြင့် ခြေလက်တို့ကို အမြန်ဆေးရင်း အိမ်ပေါ်သို့ ဒေါက်တာ့ကိုတက်ခေါ်ပါ၏။

"ထိုင်ပါ"



www.burmeseclassic.com

www.burmeseclassic.com



ငြိမ်းကိုမခေါ်နဲ့ဆို၍ ဆက်တီမှာပင် မျက်နှာချင်းဆိုင်ထိုင်လိုက်ရပါ၏။ စိတ်လှုပ်ရှား၍ထင့် ဆရာဝန်လေးမျက်နှာက အနည်းငယ်မျှ နီနေသလို လက်ဝါးနှစ်ဖက်ကိုပါ အကြောင်းမဲ့ ပွတ်သပ်ဆုပ်နယ်နေလေသည်။ ချစ်ခြင်းက ရှက်ရွံ့ခြင်းကို ဖြစ်စေသတဲ့။ ဖွင့်မပြောသေးပါဘဲ ငြိမ်းအပေါ်မှာ အဘယ်မျှ မေတ္တာသက်ဝင်နေသည်ဆိုတာကို ကြည့်ရုံဖြင့် သိသာစေပါ၏။

"ပြောပါ ... ဒေါက်တာ"

"အာ ... ကျွန်တော့်ကို အဲဒီလိုမခေါ်ဖို့ အရင်ဆုံးပြောပါရစေ အစ်ကို"

"အင်း"

"ကျွန်တော်"

စကားက ရပ်သွားပြန်လေ၏။ ပြောရခက်နေပါသလား။ ရင်ကွဲနာကျခဲ့ဖူးသည့်ငြိမ်းကို ဒဏ်ရာထပ်မရစေချင်ပေမယ့် ဤဆရာဝန်လေးကဖြင့် ငြိမ်းအပေါ်မှာ ထိုသို့သော နာကျင်မှုမျိုး ပေးမည် မဟုတ်မှန်း အလိုလိုယုံကြည်နေသည့်နှယ်ပါ။ ကြည်လင်ဖြူစင်လွန်းပါသည့် မျက်ဝန်းတို့က အတွင်းစိတ်ကို သိသာလွန်းစေတာ မဟုတ်ပါလား။





"နားနဲ့မနာ ဖဝါးနဲ့နာပေးပါအစ်ကို၊ ကျွန်တော် ငြိမ်းအပေါ် မေတ္တာရှိနေတယ်ဆိုတာကို ပြောချင်တာပါ"

သူ့မျက်နှာ ဖျတ်ခနဲပျက်သွားရပါ၏။ သို့သော် ဘာမှ မဖြစ်သည့်နှယ် ကြွေခြွေဆည်ထားလိုက်ရပါသည်။ ငြိမ်းကို လင်းရဲမောင်လေးက ချစ်နေပြီတဲ့။ လင်းသိပါရဲ့လား။ ဤဆရာဝန်လေးကို စတွေ့စဉ်ကတည်းက ရင်ထိတ်ခဲ့သည့်မြင်ကွင်းက အခု တကယ်ဖြစ်နေပြီလေ။

"အဲဒါ အစ်ကို့သဘောထား ဘယ်လိုဆိုတာ သိချင်ပါတယ်ခင်ဗျာ"

"ငြိမ်းက ငြိမ်းက အခုမှ အသက် (၂၂) နှစ်ပဲ ရှိသေးတယ်"

လှစ်ခနဲ ပြုံးလိုက်လေ၏။ ဘာလဲ အူတိုသည့်အစ်ကိုမို့ပဲလား။ မောင်နှမနှစ်ယောက်စီရှိကြတာမှန်ပေမယ့် အစ်မဖြစ်သူက မောင်အပေါ် အူတိုတာထက် အစ်ကိုဖြစ်သူက ညီမဖြစ်သူကို အူတိုတာ ပိုတတ်ပါ၏။ နားလည်နိုင်ပါ့မလား။ အချစ်ဆိုတာကို တစ်ကြိမ်တစ်ခါသာ ကြုံခဲ့ပြီး တစ်ခါရင်ကွဲခဲ့ဖူးသည့် ညီမလေးကို အသည်းကွဲခြင်းဆိုတာနဲ့ နောက်ထပ်မဖြစ်စေလိုပါ။

ကံကြမ္မာဆိုတာ လူသားတွေအတွက် ဖန်ဆင်းပေးတဲ့ နတ်သားပဲဆို။ ဒါဆိုရင်လည်း အားလုံးကို စိတ်ချမ်းသာခြင်းမျိုးနဲ့ပဲ

www.burmeseclassic.com

www.burmeseclassic.com



ကမ္ဘာကို အလှဆင် ခြယ်သပေးပါတော့လား။ အပြုံးတွေ၊ အပျော်တွေ၊ ပျော်ရွှင်ဝမ်းသာမှုတွေနဲ့သာ ပြည့်နှက်နေခဲ့လျှင်ဖြင့် ဒီလောကကြီးက လှပသာယာအေးချမ်းသွားရမှာပါ။ အခုတော့ အလွမ်းတွေ၊ အဆွေးတွေ၊ ကြေကွဲခြင်းဇာတ်တွေနဲ့ ဝမ်းနည်းပူဆွေးမှုတွေနဲ့သာ ဖြည့်တင်းပေးလာရတယ်လို့။

"ကျွန်တော်က ငြိမ်းကို ချက်ချင်းလက်ထပ်မှာမှ မဟုတ်ဘဲ အစ်ကို။ အစ်ကိုကြီးအဖအရာထားပြီး ရိုသေသမှုနဲ့ အလေးအနက်ခွင့်လာတောင်းတာပါ"

ကဲ!... ဤမျှ ယဉ်ကျေးစွာပြောနေပါသည့် လူငယ်လေးကို မာမာထန်ထန် ကန့်ကွက်လို့ဖြစ်ပါတော့မလား။ "မင်းအစ်မနဲ့ကိုယ်က ချစ်သူဖြစ်နေတာ (၆) လကျော်ပြီ" ဆိုပြီး ပြောချလိုက်ဖို့ နှုတ်မရဲတာထက် ကိုယ့်လိပ်ပြာ ကိုယ်ရှက်နေမိတာအမှန်ပင်။ ဖွင့်ပြောကြဖို့ အားယူနေတာက လူကြီးတွေကို မဟုတ်ပါဘဲ အငယ်ဖြစ်သည့် ငြိမ်းရဲ့ ခံစားမှုကို အလေးထားနေမိလို့ပါပဲ။

"အစ်ကိုနဲ့မခွဲနိုင်ဘူး" ဟုပြောလာမှာကို စိုးစိတ်ကြောင့် တကယ်တမ်းမှာလည်း ဒီညီမလေးကို မခွဲနိုင်လွန်းတာမို့ စဉ်းစားချင့်ချိန်နေမိခဲ့တာပါ။ နောင်တဆိုတာ နောက်ကျမှ ဖြစ်ပေါ်လာတာ



မှန်ပေမယ့် ညီမလေးဓါရင်ကို ရိုက်ချိုးပစ်သည့်အဖြစ်ဆိုးမျိုးကိုဖြင့် သူ မဖန်တီးရဲပါချေ။ ကြော် ညီမလေးရယ်။

"ကိုယ့်သဘောထက် ကာယကံရှင်ဖြစ်တဲ့ ငြိမ်းရဲ့ဆန္ဒကသာ အဓိကပါ"

"ငြိမ်းရဲ့ဘဝမှာ အစ်ကိုသာ ပထမဦးစားပေးနေရာမှာ ရှိနေခဲ့တာပါ အစ်ကို။ အစ်ကို့သဘောထားကိုပြောမှသာ ငြိမ်းက ကျွန်တော့်အတွက် စဉ်းစားပေးမှာမို့ပါ"

ပထမဦးစားပေးတဲ့လား။ တစ်ခါအမှားဖြစ်ခဲ့တာမို့ နောက်တစ်ကြိမ် ထပ်မမှားစေရန် စောင့်ကြပ်ပေးရုံကလွဲပြီး ဘာမှ မတတ်နိုင်တာဘဲ။ သံကွန်ခြာ (၇) ထပ်နဲ့အုပ်ထားရအောင်လည်း ငြိမ်းက တော်ဝင်တဲ့ဘုရင့်သမီးတော်မှ မဟုတ်တာလေ။ စဉ်းစားပေးရမယ်တဲ့။

အဖြေကအရှင်းလေးပါပဲ။ ကံကြမ္မာက သူ့ကို အပြင်းထန်ဆုံး ရိုက်ချက်နဲ့ ကျီစယ်လေပြီ။ နှစ်ယောက်ထဲက တစ်ယောက်ကိုရွေးဖို့ ပေါ့နော်။ ဒါဆိုရင် (၁၅၀၀) နဲ့ (၅၂၈) လွန်ဆွဲပွဲရဲ့ ရလဒ်မှာ သူက ဘယ်ဘက်ကို အလေးသာပေးရမှာပါလိမ့်။ တစ်ဖက်က သူ့ကိုချစ်မြတ်နိုးလွန်းပါသည့် လင်း။ နောက်တစ်ဖက်က သူတန်ဖိုးထား ကျွေးမွေးသက်ရပါသည့် ငြိမ်းရယ်လေ။

www.burmeseclassic.com

www.burmeseclassic.com



မောင်လှယ်၊ နှမလှယ်ဆိုတာ ရှေးရိုးစဉ်ဆက်ရှိခဲ့တာမှန်ပေမယ့် ဆင်းသက်ပေါက်ဖွားလာမည့် မျိုးရိုးစဉ်ဆက်အတွက် စိတ်အနှောင့်အယှက်ဖြစ်စေမယ့် ဖယားအရုပ်တော်ပုံပါပဲ။ အထူးသဖြင့် ကံလုံကြွယ်ဝလွန်းပါသည့် လင်းတို့မိဘတွေက တစ်ဦးကိုသာ အလေးပေး ရွေးစေချင်မှာ အမှန်ပါ။ ဘယ်သူက လောဘရှိစေချင်ပါ့မလဲ။

နောက်ဆုံးတော့ အကြီးဖြစ်တဲ့သူကပဲ အနစ်နာခံ အလျှော့ပေးရမှာပေါ့ မင်းထက်သာ။ ယောက်ျားမို့ ပိုပြီး ရင်အနာခံတတ်ရမှာပေါ့။ ဘယ်ဘဝက ဆုတောင်းမှားခဲ့လို့ ဒီလိုအဖြစ်မျိုးနဲ့မှ လာကြုံရပါသနည်း။ ငြိမ်းကို တစ်သက်တာ ပျော်ရွှင်စေချင်တဲ့စေတနာကြောင့် လင်းကို တစ်ဘဝစာ စွန့်လွှတ်ခဲ့ရတာကို နားလည်စေချင်ပါတယ်လေ။

"ကိုယ်က ငြိမ်းကို ကိုယ့်အသက်နဲ့ထပ်တူ တန်ဖိုးထားတာပါ ညီ။ ငြိမ်း စိတ်ဆင်းရဲမှာ၊ ဝမ်းနည်းငိုကြွေးမှာ၊ ပူဆွေးသောကရောက်မှာကို သေရတာထက် ကိုယ်က ပိုပြီးကြောက်ပါတယ်"

"____"

"ငြိမ်းသာ စိတ်ချမ်းသာနိုင်မယ်ဆိုရင် ဘာမဆို ကိုယ် ခွင့်ပြုနိုင်ပါတယ်"

"တကယ်လား အစ်ကို"





"တကယ်ပါ . . . ငြိမ်းသာ စဉ်းစားရွေးချယ်မယ်ဆို ညီကို ငြင်းစရာ ဘာမှမရှိပါဘူး"

"ဟာ! . . . ဝမ်းသာလိုက်တာ အစ်ကိုရာ။ ကျွန်တော်တော့ သိန်းထီကြီးပေါက်သလိုပါပဲ"

ဝမ်းသာအားရဖြင့် သူ့ကို ထဖက်လိုက်ပါသည့် ဆရာဝန်လေးကြောင့် လန့်သွားရပါ၏။ အကြီးဆိုတာတွေ၊ လေးစားရတာတွေက ဝမ်းသာမှုကြောင့် မေ့လျော့သွားတာထင်ပါရဲ့။ ဧည့်ခန်းလိုက်ကာကို ဖွင့်၍ ထွက်လာပါသည့်ငြိမ်းက ခေါင်းလျှော်ထားပါသည့်ဆံပင်တို့ကို ခြောက်အောင်သုတ်နေရင်း သနပ်ခါးပါးကွက်ကြားက ဖွေးနေလေ၏။

"ဟင်! . . . အစ်ကို"

"ငြိမ်း"

"ဟာ, ငြိမ်း! . . . အစ်ကိုက ကိုယ်တို့နှစ်ယောက်ကို သဘောတူတယ်တဲ့ကွ"

"ဟင်!"

ဘာကိုမှ နားမလည်နိုင်ပါပဲ ပါးစပ်အဟောင်းသားဖြင့် ဖြစ်နေသည့်ငြိမ်းထံ အပြေးရောက်သွားသည်က ဘုန်းမြတ်သန့်ဖြစ်ပါ၏။ ရင်ထဲမှအပျော်တို့က ပြည့်လျှံကုန်ပြီ မဟုတ်ပါလား။ အေးစက်စက်



www.burmeseclassic.com

www.burmeseclassic.com



လက်ဖျားလေးကို ဆုပ်ကိုင်လိုက်မိစဉ် ငြိမ်း၏လှတစ်မျက်နှာလေးက ရဲရဲနီသွားလေတော့၏။

"အို! . . . ဘာလုပ်တာလဲ"

"ကိုယ့်ကို အဖြေပေးတော့လေ ငြိမ်းရဲ့"

"ဘာလို့ပေးရမှာလဲ . . . အစ်ကိုနဲ့ တိုင်ပြောမှာနော်"

"ပြောပြီးပြီလေ . . . အစ်ကိုက ခွင့်ပြုလိုက်ပါပြီလို့"

"ဒါပေမဲ့ . . . ငြိမ်းမှ မစဉ်းစားရသေးတာ"

"ဒါဆိုလည်း မြန်မြန်စဉ်းစားလေ ငြိမ်းရဲ့"

"ခက်တာပဲ . . . ခုမှ သန်ချာလာတွက်ခိုင်းနေပြန်ပါပြီ"

ငြင်းခုန်နေသံတို့ကို ကျောပေး၍ အိမ်လေးပေါ်မှ သူ ဆင်းလိုက်ပါ၏။ ငြိမ်း၏ ငြင်းဆန်သံက အားမှမပြည့်တာလေ။ ဝမ်းသာပါတယ် ညီမလေးရယ်။ အစ်ကို့အရိပ်ထက် ဒီဆရာဝန်လေးရဲ့အရိပ်က လည်း ပိုပြီး အေးမြလုံခြုံစေမှာ အမှန်ပါ။ ငြိမ်းအပေါ်မှာ သစ္စာရှိရှိနဲ့ ချစ်သွားနိုင်မယ့်ကတိမျိုးလည်း ဒီလူငယ်လေးပေးနိုင်မည်ဟု သူ ယုံကြည်ရင်း လက်ထဲပါလာသည့်ဖုန်းကို သူဖွင့်လိုက်မိလေတော့သည်။

အသည်းကွဲတယ်ဆိုတာ မျက်စိရှေ့မှာ ငြိမ်းဖြစ်ခဲ့မှုတော့ ခံရခက်မည်ဟု သူ ခန့်မှန်းမိပါ၏။ ငြိမ်းနဲ့ထပ်တူ ခံစားဝိုကြွေးခဲ့တာ





ခံပြင်းနာကြည်းခဲ့ရတာတွေကို ပြည်ဖုံးကားချထားခဲ့ပြီပဲ။ အချစ်ဆိုတာ တူနှစ်ကိုယ် အတူနေရမှ နှစ်ဦးသားနီးစပ်မှသာရှိတာ မဟုတ်မှန်း မင်းလည်းသိနိုင်မှာပါ လင်းလက်သန့်စင်။ ကိုယ်တို့ကံက ဤမျှသာပါပဲ။

❑

"မေမေရေ! . . . ဒီမှာ ဘယ်သူပါလာလဲ ထွက်ကြည့်ပါဦး"

အောက်ထပ်မှ မောင့်အသံခပ်ကျယ်ကျယ်ကြောင့် လှေကားမှ လှမ်းကြည့်လိုက်မိပါ၏။ လက်ကို တင်းတင်းဆုပ်ကိုင်ထားခြင်း ခံနေရပါသည့်ကောင်မလေးက ရှုန်းဖယ်ရင်း ဧည့်ခန်းထဲပါလာလေသည်။ Sunday ပိတ်ရက်မို့ ဖေဖေရော လင်းပါ အိမ်မှာရှိနေပါ၏။ ဧည့်ခန်းဆီမှ မေမေ့အံ့သြသံက ထွက်လာပြန်လေသည်။

"ဟယ်! . . . သမီးလေးပါလား။ မေမေပြောတဲ့သမီးလေးပဲ သားရဲ့။ အံ့သြစရာကြီးတော်။ မေမေ့အကြိုက်နဲ့ သားအကြိုက် တစ်ထပ်တည်းဖြစ်နေရတယ်လို့။ လာလေ သမီးလေးရဲ့"

"ဒါ . . . ကိုယ့်ဖေဖေနဲ့မေမေပါ ငြိမ်း"



www.burmeseclassic.com

www.burmeseclassic.com



ညှော်ခန်းထဲမထွက်ခင်မှာ လင်း ခြေအစုံက ရပ်တန့်သွားရလေတော့၏။ ဓာခန်းစည်းနောက်ကွယ်မှမြင်ကွင်းက မျက်စိရှေ့မှာ ထင်ထင်ရှားရှားပါပဲ။ ဒီခပ်ပါးပါးကိုယ်ခန္ဓာ၊ ဒီခပ်ရှည်ရှည်ဆံနွယ်များ၊ ဒီခပ်သင်းသင်း သနပ်ခါးရနံ့တို့က လင်းရဲ့ချစ်လှစွာသော မောင်၏ ရှုမငြီးသည့် နှမလေးပါပဲ။

ဘုရားရေ! ... ကံကြမ္မာက လင်းအပေါ် လှည့်စားပြန်လေပြီလား။ မောင့်ညီမလေးက လင်းရဲ့မောင်ဖြစ်သူ ဘုန်းမြတ်ကို နှစ်သက်နေပါလျှင် နောက်ဆက်တွဲပြဿနာက အဖြေရှာစရာမလိုတော့ပါလေ။ ငြိမ်းအပေါ် သူ့အသက်ထက် ပိုပြီးချစ်သည့် မင်းထက်သာက မင်းထက်သာဆိုသည့် မောင်က –

Vibration ဖြစ်ပြီး ခပ်တိုးတိုးမြည်လာသည့် ဖုန်းကြောင့် ကြည့်လိုက်မိပါ၏။ ထင်ထားသည့်အတိုင်း မောင့်ထံမှ ခေါ်သံပါပဲ။ ကိုင်ရမှာလား။ မကိုင်ရဘူးလား။ အခြေအနေနဲ့ အချိန်အခါက လင်းထံကို ရုတ်တရက်ကြီး ပြောင်းလဲခြင်းတို့ဖြင့် ရောက်လာချေပြီ။

မငြင်းလိုက်ပါနဲ့မောင်။ လင်းရဲ့အသည်းက မခိုင့်တခိုင် တည်းတည်းလေးရှိနေရုံလေးမို့ပါ။ တစ်ကြိမ်တစ်ခါ ဒဏ်ရာပေးခြင်းက မောင့်ရဲ့အချစ်နဲ့ ကုသပေးမှုကြောင့် သက်သာပျောက်ကင်းခဲ့တာလေ။ အဲဒီ





ဒဏ်ရာကို သွေးစိမ်းရှင်ရှင်ထွက်လာအောင် ကျေးဇူးပြုပြီး မောင် မရက်စက်ပါနဲ့လား။

"ဟယ်လို"

"ကျွန်တော်ပါ"

"မောင်"

"လင်း"

တော်တော်နှင့် စကားမပြောဖြစ်သေးပါချေ။ အလယ်ခန်းနံရံမှာ ကျောကိုကပ်နေအောင်မှီထားပေမယ့် မတ်မတ်ရပ်နေပါသည့် ခြေထောက်တို့က အလိုလို အားလျော့တုန်ရင်လာရလေသည်။ မောင် လင်းကို အမုန်းမီးတိုက်ထဲမှာ ပစ်ထားခဲ့ဖို့ မရည်ရွယ်ပါနဲ့။

"ကျွန်တော်တို့ နောက်ဆုတ်လိုက်ကြပါစို့"

"ဟင်! "

"အခြေအနေက ဒီလိုဖြစ်လာလိမ့်မယ်လို့ ထင်မှမထင်ထားတာ။ လင်းလည်း သိပါတယ်။ ကျွန်တော့်ညီမလေးအပေါ်မှာ ကျွန်တော် ဘယ်လောက်ထိချစ်သလဲဆိုတာ"

"မောင်"

"ကံကြမ္မာကို ယိုးမယ်မဖွဲ့ပါနဲ့ လင်း။ ကျွန်တော်တို့ ဆုံစည်း



www.burmeseclassic.com

www.burmeseclassic.com



ခွင့် မရှိဘူးလို့ပဲ ယူဆသတ်မှတ်ပေးပါ။ အသေချာဆုံးတစ်ခုကို ကျွန်တော် နောက်ဆုံးပြောလိုက်ပါမယ်"

"-----"

"အဲဒါက လင်းကို မောင်သိပ်ချစ်ခဲ့တယ်ဆိုတာပါပဲ"

ဖုန်းအသံက တိခနဲပိတ်သွားလေတော့၏။ ယိုင်ကျလာသည့် ခန္ဓာကိုယ်ကြောင့် နံရံကို မှီ၍ ထိုင်ချလိုက်ရပါသည်။ ရင်တွင်းမှ လှိုက်ဖိုတက်လာသော်ငြား မျက်ဝန်းမှ မျက်ရည်တို့ ထွက်ကျမလာပါချေ။ ကွဲနေတဲ့ရင်ကို သားရေနဲ့ အပက်ခံလိုက်ရသလိုပါပဲ။ အသက်ရှူခြင်းတွေ ရပ်တန့်တော့မည့်နှယ် ခက်ခဲလွန်းလှလေ၏။ အမြင်အာရုံက မျက်စိရှေ့မှာ တဖြည်းဖြည်း မှုန်ဝါးလာလေတော့သည်။ အားယူ၍ ရှိုက်လိုက်စဉ် ညှို့ခန်းဆီမှ ရယ်သံတွေ သဲ့သဲ့မျှ ကြားလိုက်ရသလို လင်းကို အမှောင်ထုက ရုတ်တရက် ဖုံးလွှမ်းခြင်းခံလိုက်ရလေ၏။

"မင်းထက်သာ" ဆိုသည့် လူတစ်ယောက်ကို ဒီကမ္ဘာမှာ "လင်းလက်သန့်စင်" ချစ်မြတ်နိုးခဲ့တာ ဘယ်သူများ သိခဲ့ပါသလဲ။

❑❑❑



"သူရို . . . အသည်းကိုခွဲရက်တယ်"

အချစ်ဆိုတာ
သက်သေပြစရာ မရှိဘူးတဲ့ . . .
ဟုတ်နိုင်ပါ့မလား . . .
မျက်စိနဲ့မြင်
ရင်ဘတ်နဲ့ငြိ
နှလုံးသားချင်းသိပြီး
ချစ်ခြင်းတွေ ဝိပြင်ခဲ့ကြတာပါ။

ကြုံခဲ့ဖူးပါတယ်
ရင်ခုန်ခြင်းတွေနဲ့ပေါ့
စိတ်ကူးနဲ့ရှုးသွပ်ရင်း
ပေးဆပ်တွေးမွေ့ခြင်းတွေက
လေအလျင် လေလွင့်ငှက်လို
ဝေးလွင့်ပျောက်ကွယ်သွားတာလေ။

www.burmeseclassic.com

www.burmeseclassic.com

ကျန်ရစ်ခြင်းလမ်းဆုံမှာ
တစ်ကိုယ်တည်း ရပ်တည်နေစဉ်
ကြေကွဲခြင်းများစွာနဲ့
ရင်နင့်နင့်အလွမ်းတွေကို
ချွေးသိပ်ဖေးကူပေးရင်း
ချစ်ခြင်းသစ်ဖန်တီး
တို့အနီး သူရောက်လာခဲ့တာပါ။

ကံကြမ္မာက
တို့နှစ်ယောက်ကို
ဆုံစည်းခွင့် မပြုနိုင်အောင်
အပြုံးထား မသက်ညှာပြန်တော့
ဒုတိယအချစ်
ဒုတိယအသည်း
ဒုတိယနှလုံးသားနဲ့
ဒုတိယမြောက်ရင်ခုန်သံကို
ရက်စက်ခြင်းတွေနဲ့
တို့ရင်ကို ကွဲစေပြီး
အသည်းကိုခွဲရက်တယ်...
သူမို့...
တို့အသည်းကို ခွဲရက်ခဲ့တယ်လေ...

BURMESE CLASSIC

လေးစားလျက်

4th August 2015
PM 5:15

www.burmeseclassic.com

www.burmeseclassic.com

# နောက်လထွက်မည့်စာအုပ်

"အမုန်းဓါးနဲ့ရုံတစ်ဖက်အခြား"

၂၀၁၅
စက်တင်ဘာလတွင် ဖတ်နိုင်ပါပြီ

**မမသဒ္ဒါမောင်**

သူမို့ အသည်းကိုခွဲရက်တယ်

**ကြယ်စင်မှူးဝေ**

ကောင်းကင်ပြို့ တိမ်တွေငိုမယ့်အချစ်

**မယဉ်ခိုင်**

တမန်တော်

**မိုးစက်ပွင့်**

တောလိုက်မှားတဲ့ မုဆိုးများ

**အလင်းသစ်**

မာနစေရာ

**လှိုင်းကြာဖြူ (လားရှိုး)**

မိုးညက်ကြမ္မာ

BURMESE CLASSIC
www.burmeseclassic.com